www.burmeseclassic.com

# လုံမ

အနမ်းနစ်သိမ့်ဆု




အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ မတ်လ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၉၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅.၈ ၀၃

လုံမ

အနမ်းနှစ်သိမ့်ဆု / လုံမ။ — ရန်ကုန်၊
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၄၀ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) အနမ်းနှစ်သိမ့်ဆု

# လုံမ

အနမ်းနှစ်သိမ့်ဆု

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ရှူး • • • ဟူး"

လေယာဉ်ပေါ်က ခြေလှမ်းစဆင်းတာနှင့် ဘုန်းရတုက မြန်မာပြည်လေကို တဝကြီးရှူရှိုက်ပြီး တဝကြီးမှုတ်ထုတ်ပစ်လိုက်သည်။ အမိမြန်မာပြည်ကို ပြန်ရောက်လာပြီဆိုသောအသိကြောင့် ရင်ထဲမှာဖြစ်ပေါ်နေသည့် ကြည်နူးမှုတွေက ပြောမပြတတ်အောင်ပင်။ ရှစ်နှစ်လောက် ဝေးကွာနေသော အမိမြန်မာပြည်ကို ပြန်ရောက်ပြီ။

ရှစ်နှစ်ဆိုသောအချိန်သည် သိပ်မကြာလိုက်ဘူးဆိုပေမယ့် ချစ်ခင်သူတွေနှင့် ခွဲခွာနေရသော ဘုန်းရတုအဖို့ကတော့ ရှစ်ကမ္ဘာလောက်တောင် ထင်ရသည်။ ဟိုမှာနေရသည့်အချိန်တွေဆို တစ်စက္ကန့်လေးတောင် အကြာကြီးဟု ထင်မိသည်။

သူ သွားတုန်းကအတိုင်းပင် ဖေဖေ၊ မေမေနှင့် သူငယ်ချင်းတွေ လာကြိုကြသည်။

"ဖေဖေ • • • မေမေ"

"သား • • • သားလေး"

"ဖေဖေနဲ့မေမေ နေကောင်းတယ်နော်"

"ကောင်းပါတယ် သားရယ်၊ သားက အရမ်းကိုခံ့ညားလာတာပဲ"

သူ့ကို ပွေ့ဖက်ထားရာကခွာပြီး ဖေဖေ့အားရပါးရ ချီးမွမ်းနေသည်။ သူကျေနပ်ပြုံးလေးပြုံးလိုက်ကာ

"ဖေဖေက ကိုယ့်သားကိုယ် မြှောက်နေပြန်ပါပြီ"

"တကယ်ပါသားရဲ့၊ တကယ်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်နေသောမျက်နှာကြီးနှင့် သူငယ်ချင်းတွေကို မျက်စိမှိတ်ပြ လိုက်သည်။ သူငယ်ချင်းတွေကလည်း သူ့ကိုနှုတ်ဆက်ချင်နေကြပြီ။ အခု ထိ မနှုတ်ဆက်သေးတာက သူ့ကိုဖက်ထားသောမေမေက အခုထိမလွှတ် သေးသောကြောင့်ပင်။ သူ သတိရပြီး မေမေ့ကိုယ်လေးကို ဖြည်းဖြည်းချင် ခွဲခွာလိုက်သည်။

"မေမေ"

ဟောဗျာ မေမေက တိတ်တိတ်ကလေး ငိုနေတာကို။

"မေမေ၊ ဘာဖြစ်လို့ ငိုရတာလဲ မေမေရဲ့"

ဒီတော့မှ ဖေဖေ ပျာရိပျာယာဖြစ်သွားပြီး

"မေကြီးကလည်း…သားပြန်လာတဲ့ဟာ။ ဝမ်းသာရမှာကို ဘာဖြ လို့ ငိုရတာလဲ"

မေမေ ဘာမှမပြောဘဲ ငိုမြဲတိုင်းငိုနေ၏။ ဒီတော့မှ သူပြုံးလိုက်ပြ

"ဘာမှမဟုတ်ဘူး။ မေမေငိုတာ ဝမ်းသာလို့ ဖေဖေရဲ့၊ ဟုတ်တယ် မဟုတ်လား မေမေ"

ဒီတော့မှ မေမေခေါင်းညိတ်ပြသည်။ အခုမှပင် အားလုံးအပြုံးကိုယ် နှင့်။

"အန်တီမပြောနဲ့၊ ငါတောင် ငိုချင်စိတ်ပေါက်တယ် ရတုရယ်"

သူငယ်ချင်း တိုးအောင်က ငိုသံပါကြီးနှင့် အရွှန်းဖောက်သလို နွယ်မာ ကလည်း

"ဟုတ်တယ် ရတု၊ နောက်တစ်ခါ ငါတို့ကို အခုလိုအကြာကြီး ခွဲ မသွားပါနဲ့ ဟာ"

နွယ်မာ ဝမ်းနည်းသံလေးနှင့်အပြောကို ညိုညိုကလည်း မျက်နှာငယ် လေးနှင့် ခေါင်းညိတ်ထောက်ခံနေသည်။

ဖေဖေ၊ မေမေနှင့် သူငယ်ချင်းတွေကိုကြည့်ပြီး သူ အခုမှပင် ဝမ်းနည်းစိတ်တွေ တလိပ်လိပ်တက်လာသည်။

"စိတ်ချပါ သူငယ်ချင်းတို့ရယ်၊ ဖေဖေ မေမေနဲ့ သူငယ်ချင်းတို့ရှိတဲ့ အဲဒီမြန်မာပြည်ကြီးကနေ တဖဝါးတောင်မခွာတော့ဘူး"



"ဟေး…ဒါမှ တို့သူငယ်ချင်းကွ"

သူငယ်ချင်းတွေက ကလေးတွေအတိုင်း ခုန်ပေါက်ပျော်ရွှင်နေသလို ဖေဖေနှင့်မေမေရဲ့ ကျေနပ်ပီတိမျက်နှာတွေကလည်း သူ့ရင်ကို ယခု အခင်း ပေါင်းများစွာ သာနေသလို အေးမြလိုက်တာ။

"ဖေဖေနဲ့ မေမေက နည်းနည်းပိန်သွားတာကလွဲရင် လုံးဝမပြောင်း လဲဘူး"

"သားကို လွမ်းတာကို"

မေမေချက်ချင်း ပြန်ချေပပေမယ့် ဖေဖေကတော့ သားမျက်နှာကိုပဲ ချစ်မဝစွာ တကြည့်ကြည့်ရှိနေသည်။ သူက သူငယ်ချင်းတွေဘက်လှည့် လိုက်ပြီး

"ဟေ့ကောင်ကြီး၊ မင်းက မန်နေဂျာကြီးဖြစ်နေပြီဆိုတော့ အရမ်းခံ့ နေတာပေါ့လေ။ နွယ်မာနဲ့ ညိုညိုလည်း တကယ်ကို လေဒီစတိုင်ကြီးတွေပဲ"

"အံမယ်…ငါတို့တော့ ပြောတယ်။ နင်လည်း အရမ်းအရမ်းကိုလှ ပြီး လူကြီးလူကောင်းပုံပေါက်သွားတယ်"

ညိုညိုက သူ့ကိုခေါင်းကနေခြေဖျားအထိ အပြန်အပြန်အလှန်လှန် ကြည့်ပြီး အားကျမခံ ပြန်ပြော၏။

"သိပ်မမြှောက်နဲ့၊ နင်တို့ဖို့ အပြည့်အစုံပါတယ်"

"မြှောက်တာမဟုတ်ဘူး ရတုရဲ့၊ တကယ်ပြောတာ"

"အေးပါဟာ…အေးပါ"

တိုးအောင်ကြည့်မရသလို ပွစိပွစိပြောနေတော့ ဖေဖေနှင့်မေမေ ရယ်နေ ကြသည်။ တိုးအောင် ပခုံးကို သူလှမ်းဖက်လိုက်ပြီး

"မင်းလည်း အရမ်းသားနားပါတယ်လို့ ပြောတယ်လေ"

"နိုင်ငံခြားပြန်မဟုတ်လည်း သားနားပါတယ်"

တိုးအောင်က သူ့အင်္ကျီကော်လံကိုကိုင်ပြီး ဟန်ပါပါပြောတော့

"ဟုတ်ပါတယ်"

"ဒါပေမဲ့ မင်းကိုတော့ မမီဘူးပေါ့"

"မီပါတယ် သူငယ်ချင်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ငေါ့ပြောနေသည့်အထင်နှင့် တိုးအောင်မကြည်သလို ကြည့်၏။

လေယာဉ်ကွင်းတစ်ကွင်းလုံး သူတို့ရယ်သံတွေနှင့် ဆူညံနေသည်။

လေယာဉ်ကွင်းကနေ အိမ်ကိုသွားနေသည့် လမ်းတစ်လျှောက်လုံး သူ့မျက်နှာကိုပဲ မေမေအငိုတကြည့်ကြည့်ရှိနေသည်။ မေမေ့ပခုံးကိုဖက်ပြီး နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြလိုက်သည်။

သူလည်း အရမ်းကိုပျော်ပါတယ်။ ကိုယ့်မွေးရပ်မြေကို အပြီးအပိုင်ပြန်ပြီး ခြေချရသည့်အတွက်ရော သူသိပ်ချစ်သည့်ဖေဖေနှင့်မေမေကို ကျန်းကျန်းမာမာ နှင့် ပြန်တွေ့ရသည့်အတွက်ရောကြောင့်ဖြစ်သည်။ ဖေဖေနှင့်မေမေပြီးလျှင် သူ့သံယောဇဉ်အရှိဆုံးသူတွေကတော့ သူငယ်ချင်းတွေဖြစ်သည်။ ဒီသူငယ်ချင်းတွေသည် ငယ်ငယ်လေးကတည်းက ပေါင်းခဲ့သည့် သူငယ်ချင်းတွေမဟုတ်ပေမယ့် ငယ်ပေါင်းတွေအတိုင်းပင် ချစ်ခင်ကြသည်။ သံယောဇဉ်ရှိခဲ့ကြသည်။

BURMESE CLASSIC .com

သူ လေယာဉ်ပေါ်ကဆင်းပြီး လာကြိုသူတွေကို လှမ်းကြည့်လိုက်တော့ မိဘနှစ်ပါးနှင့် သူငယ်ချင်းသုံးယောက်သာ လက်ပြနေသောအခါ တစ်ခုခု လိုအပ်သလို ခံစားသွားရသည်။ သူ အမျှော်လင့်ဆုံး သူငယ်ချင်းလေး မပါနိုင်ဘူးဆိုတာ သိပေမယ့် ပါလိုပါငြားဆိုပြီး ရှာနေမိသေးသည်။

နင် ဘယ်မှာလဲ စောငယ်ငယ်။

ရင်ထဲက သူတိုးတိုးလေး ညည်းလိုက်တာကိုသိသော သူငယ်ချင်းတွေ အကြည့်က သနားကြည့်တွေနှင့်

အိမ်ရောက်တော့ မေမေကြိုတင်စီစဉ်ထားသော သူ့အကြိုက်နှိုခေါက်ဆွဲကို အပီအပြင်ဆွဲပစ်လိုက်တော့ အားလုံးမျက်လုံးအပြူးသားနှင့် တအံ့တသြကြည့်ကုန်ကြ၏။

"ဘာကြည့်နေကြတာလဲ၊ သားက မေမေ့လက်ရာ မစားရတာကြာပြီလေ၊ ဒါကြောင့် စားကောင်းကောင်းနဲ့ ဆွဲပစ်လိုက်တာ"

"ဆွဲပါသားရယ်၊ စားစေချင်လို့ပဲ ချက်ထားတာ၊ ဒါပေမဲ့ သားစားတာများနေတော့ စိုးရိမ်လို့ပါ"

"အန်တီပြောတာတော့ ဟုတ်တယ်ရတု၊ စားကောင်းတိုင်း နင်း



တန်စားမနေနဲ့"

"နောက်ကျသွားပြီ ညီညီ၊ ငါ အခု ဗိုက်တအားတင်းပြီး ထလို့တောင်မရတော့ဘူး"

ဘုန်းရတု အဖြစ်ကိုကြည့်ပြီး အားလုံးဝိုင်းရယ်ကြသည်။

မေမေ အစာကြေလျက်ဆားပုလင်းယူပြီး

"ရော့ သား၊ ဒီလျက်ဆားလေးကို လျက်လိုက်၊ ခဏကြာရင် ချောင်သွားလိမ့်မယ်။ မေမေ့မေတ္တာတွေ အပြည့်အဝထည့်ပြီး ချက်ထားတဲ့အတွက် သားဘာမှမဖြစ်ဘူး၊ သူငယ်ချင်းတွေ အေးအေးဆေးဆေး စကားပြောကြ"

"ဟုတ်ကဲ့ မေမေ"

ဖေဖေနှင့်မေမေက သားဖြစ်သူနှင့်သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး အနားယူဖို့အိမ်ထဲဝင်သွားကြပြီ။ သူကလည်း သူငယ်ချင်းတွေနှင့် လွတ်လွတ်လပ်လပ်စကားပြောချင်နေတာပါ။

ဦးလေး၏ စားသောက်ကုန်လုပ်ငန်းတစ်ခုမှာ တိုးအောင်မန်နေဂျာဖြစ်နေပြီး တိုးအောင်မျက်နှာနှင့်ပင် ညီညီနှင့်နွယ်မာလည်း ထိုလုပ်ငန်းမှာပင် နေရာအသီးသီးရထားကြတော့ သူနိုင်ငံခြားမသွားခင်တုန်းကလို ကလေးမဆန်ကြတော့။ ခံ့ညားမှုတွေနှင့် ဣန္ဒြေရနေသော သူငယ်ချင်းတွေကို ပြုံးပြီးကြည့်လိုက်သည်။

"မင်း ဘာပြောချင်လို့လဲ ဟော့ကောင်"

သိလျက်နဲ့ တိုးအောင်မေးနေသလို ကျွန်နှစ်ယောက်လည်း မသိဟန်ဆောင်နေတော့ သူမနေနိုင်တော့ပါ။

"ငါ ဘာပြောချင်သလဲဆိုတာ မင်းတို့သိပါတယ်"

"မိငယ်အကြောင်း မဟုတ်လား"

နွယ်မာ့အမေးကို သက်ပြင်းလေးပဲ သူချလိုက်သည်။

သုံးယောက်လုံး၏အကြည့်တွေကို သူရင်မဆိုင်ရဲစွာ မျက်လွှာချလိုက်သည်။

"နင်အခုထိ သူ့ကိုမမေ့သေးဘူးလား ရတု"

www.burmeseclassic.com

www.burmeseclassic.com



"သူပေးခဲ့တဲ့ အမှတ်တရလေးတွေကို ငါတစ်သက်လုံး မေ့လို့ရမှာ မဟုတ်ဘူး။ သူနဲ့ပတ်သက်ပြီး အစအနလေးတောင် သတင်းမရဘူးလား"

"မတွေ့ချင်လို့ အစအနတောင်မကျန်အောင် ခြေရာဖျောက်သွားတာကို ဘယ်သတင်းက ရမှာလဲ ရတုရယ်"

အားအင်တွေ ကုန်ခမ်းသွားသလို ခံစားရသည်။

"ခြေရာဖျောက်သွားတာတော့ ဟုတ်မယ်မထင်ပါဘူးဟာ"

"မဟုတ်ရင် ဒီလောက်နှစ်တွေအကြာကြီး ငါတို့ဘာလို့ အဆက်အသွယ်မလုပ်တာလဲ၊ သူစိတ်နာစရာ ဘာတစ်ခုမှလည်း ငါတို့မလုပ်မိဘူး။ ငါတို့ကတော့ မိငယ်ကို စိတ်နာချင်နေပြီ ရတု"

"သူ့မှာ အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပါဟာ"

"ဘာအကြောင်းလဲ၊ ဘယ်လိုအကြောင်းမျိုးမို့ ဒီလိုဖြေရာဖျောက်သွားရတာလဲ။ နင်ကသာ သူ့ဘက်လိုက်ပြီးပြောပေးနေတာ။ မိငယ်ကတော့ ငါတို့အားလုံးကို ခေါင်းထဲမှာရှိမှာမဟုတ်တော့ဘူး။ အခုလောက်ဆို ယောက်ျားတောင်ရနေပြီလား မသိဘူး"

ညိုညိုရဲ့ မဆင်မခြင်စကားက ဘုန်းရတုနှလုံးသားကို တည့်တည့်ထိသွားသည်။

"ဖွ…လွှဲပါစေ၊ နင်ကလည်းဟာ မဦးမချွတ်။ ပြောစရာရှားလို့ သူရည်းစားတောင် ရမှာမဟုတ်သေးဘူး"

စောငယ်ငယ်နှင့်ပတ်သက်လျှင် အဖြစ်သည်းလွန်းသော သူ့ကို သူငယ်ချင်းတွေ ပွစိပွစိပြောကုန်ကြပြီ။ သူမနှင့်ပတ်သက်ပြီး ဘယ်လောက်ပြောပြော သူက အပြုံးမပျက်။

ညိုညိုက သူ့တစ်ကိုယ်လုံး အပြွန်ပြွန်အလှန်လှန်ကြည့်ပြီး

"နင် ဒီလောင်ချောလှပြီး သားနားနေတာ၊ နိုင်ငံခြားမှာ ချစ်ရမယ့် ကောင်မလေး တစ်ယောက်တလေတောင် မတွေ့ဘူးလား"

"ငါက မြန်မာပြည်က မြန်မာမပဲ ယူမှာဆိုတော့ မိန်းမဆိုရင် မျက်စိတစ်ချက်တောင် မဝေ့ဘူး"



မျက်စောင်းတွေက ဘုန်းရတုဆီရောက်လာကြပြန်ပြီ။

"တော်တော် အမြင်ကပ်စရာ ကောင်းနေပြီနော်"

"ဟုတ်မှ"

သူ ရယ်ပြန်သည်။

"ဒါနဲ့ ရတု၊ နင် တကယ်ပဲ မြန်မာပြည်မှာ အပြီးနေတော့မှာနော်"

"အေးလေ၊ငါ ဟိုမှာကတည်းက နင်တို့ကို ပြောထားသားပဲ"

"စိတ်ပြောင်းသွားမှာ စိုးလို့ပါဟာ"

"စိတ်ချ၊ ဘယ်တော့မှ စိတ်မပြောင်းဘူး"

သူငယ်ချင်းတွေမျက်နှာက အခုမှပင် ကျေနပ်မှုနှင့် ဝင်းထိန်သွားကြသည်။

"ဒါနဲ့ မင်း ဘာလုပ်မယ် စိတ်ကူးထားလဲ"

တိုးအောင်အမေးကို ညိုညိုနှင့်နွယ်မာကလည်း စိတ်ဝင်စားစွာ သူ့အဖြေကို နားစွင့်နေသည်။

"စားသောက်ကုန်လုပ်ငန်းတစ်ခုခု စက်ရုံလုပ်ဖို့တော့ လျာထားတာပဲ။ ငါနဲ့ဟိုမှာခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်က လွန်ခဲ့တဲ့ ရှစ်လလောက်ကတည်းက မြန်မာပြည်ကို ပြန်ရောက်နေတာ။ သူက ဆေးကုမ္ပဏီဖွင့်မှာ။ အခုပြီးသလောက်နီးပါး ဖြစ်နေပြီ။ သူ့လုပ်ငန်းကို နည်းနည်းအချိန်ယူလေ့လာပြီး ငါလည်း လုပ်ငန်းစမယ်၊ ငါက မင်းတို့သုံးယောက်ကို အားကိုးထားတာ၊ အခုတော့…"

ဘုန်းရတုစကားကို တစ်ပိုင်းတစ်စနှင့် ရပ်ထားတော့ တိုးအောင်က

"အခုတော့ ဘာဖြစ်လို့လဲ"

"ဩော်…မင်းတို့က အသီးသီးနေရာ ရထားပြီဆိုတော့"

"အဲဒါ ဘာဖြစ်လဲ၊ မင်းလုပ်မယ်ဆို မင်းဆီမှာပဲ ဝိုင်းလုပ်မှာပေါ့"

"ကောင်းပါ့မလား၊ အခု လုပ်နေတာ ဦးလေးဆိုတော့ မျက်နှာပျက်စရာတွေ ဖြစ်ကုန်မှာစိုးတယ်"

"ဘာမှ မစိုးရိမ်နဲ့၊ ငါနေရာမှာ လုပ်ချင်နေတဲ့ ညီအစ်ကိုဝမ်းကွဲတွေ အများကြီးရှိတယ်၊ဦးလေးကလည်း ပြောပြရင် နားလည်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



တိုးအောင်စကားကိုကြားရတော့ သူအရမ်းဝမ်းသာပြီး တိုးအောင်လက်မောင်းကို ပုတ်လိုက်ကာ

"ဒါဆိုရင်တော့ ဝမ်းသာစရာပဲကွာ၊ မင်းတို့အလုပ်ကိုယ်စီအပြင်၊ ဦးလေးဆီဆိုတော့ ငါစိတ်ခါတ်ကျနေတာ၊ နွယ်မာနဲ့ ညှိညှိရောပေါ့နော်"

"အေးပေါ့၊ တိုးအောင်ပါတဲ့နောက် ငါတို့နှစ်ယောက်မပါလို့ ဖြစ်မလား"

"အေးပါဟာ၊ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

"အချင်းချင်းတွေပဲဟာ။ ဒီစကားမပြောပါနဲ့"

တကယ်ကို သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲကြီး ဝမ်းသာကြည်နူးနေသည်။ စောငယ်ငယ်သာပါလျှင် ဒီထက်ပိုပျော်စရာကောင်းမှာ။

တော်တော်ကြာကြာ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလို့မှ တိုးအောင်တို့သုံးယောက် ပြန်သွားကြသည်။ တစ်ယောက်တည်း ကျန်ခဲ့တော့မှ စောငယ်ငယ်ကို ပိုပြီးသတိရသွားသည်။ စောငယ်ငယ်ရဲ့ သူငယ်ချင်းအရင်းအချာတွေတောင် သူမကို မေ့နေကြပြီ။ သူကတော့ သူမကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး။ရ

ငါ နှင့်ကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး စောငယ်ငယ်။

❀ ❀ ❀

## အခန်း (၂)

စက်မှုဇုန်ထဲမှာ အသစ်ဖွင့်မည့်ဆေးဝါးထုတ်လုပ်ရေးစက်ရုံနှင့် ကုမ္ပဏီအတွက် ဝန်ထမ်းတွေခေါ်တော့ ရှင်မထီ ပျာယာခတ်နေသည်။ သမီးဖြစ်သူကို ကြည့်ပြီး ဒေါ်မြနိုင် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"ပြည့်စုံပါတယ်နော် မမလှိုင်"

"ပြည့်စုံပါတယ်"

ရှင်မထီနှင့် ကေသီလှိုင်က လျှောက်လွှာစာရွက်မှာ ကိုယ်ရေးရာဇဝင်အပြည့်အစုံရေးထားတာကို တစ်ယောက်တစ်လှည့်စီ အခါခါစစ်ဆေးနေကြသည်။

"အဆင်ပြေပါစေလို့ ဆုတောင်းရလွန်းလို့ ဘုရားတောင်နားငြီးနေပြီလားမသိဘူး မမလှိုင်ရယ်"

ကေသီလှိုင်ပြုံးလိုက်ပြီး

"ပြေမှာပါ မထီရယ်။ မပြေတော့လည်း နောက်တစ်ခုပေါ့"

"မထီကတော့ ဒီအလုပ်ပဲ သဘောကျတယ်။ အခုမှ အသစ်ဆိုတော့ ဝန်ထမ်းတွေကို ဦးစားပေးမှာပဲ။ လစာကလည်း မက်မောစရာကောင်းနေတော့ ဒီအလုပ်အဆင်မပြေမှာပဲ စိုးရိမ်နေရတယ်"

ကေသီလှိုင်က အလုပ်လျှောက်လွှာဖောင်လေးကို အောက်သို့ချလိုက်ပြီး

"ကဲပါ မထီရယ်၊ ဒီလောက်လည်း စိုးရိမ်မနေပါနဲ့၊ နလုံးရောဂါရနေဦးမယ်၊ သတ်မှတ်ထားတဲ့ အချက်အလက်တွေနဲ့လည်း ပြည့်စုံနေတာပဲ။ ကံကောင်းဖို့ပဲလိုတယ်။ ကံကောင်းအောင် ဘုရားများများရှိခိုး။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ကို အင်တာဗျူးမယ့်သူကိုလည်း မေတ္တာပို့။

"ဟုတ်ကဲ့ မမလှိုင်"

"ကဲ...မမလှိုင်လည်း သွားမယ်"

"သွားတော့မလို့လား မမလှိုင်ရဲ့"

"သွားမယ်လေ၊ မဏီလည်း နားလိုက်ဦး"

ကေသီလှိုင် မတ်တတ်ရပ်ပြီး အင်္ကျီ လုံချည်ကို ဆန့်ဆန့်ရန့်ရန့်ဖြစ်အောင် ဆွဲချပြီးမှ ရှင်မဏီ အမေဒေါ်မြခိုင်ကို အပြုံးလေးနှင့် လှမ်းနှုတ်ဆက်လိုက်သည်။

"အန်တီ...သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ သမီးရယ်"

မဏီ့ကို လက်ချောင်းလေးတွေလှုပ်ခတ်ပြီး နှုတ်ဆက်ကာ မမလှိုင်ထွက်သွားသည်။ ကျော့ရှင်းနေသော မမလှိုင်၏ နောက်ပိုင်းအလှလေးကို မဏီငေးကြည့်နေမိသည်။

"သမီးကိုကြည့်ရတာ ပင်ပန်းလိုက်တာကွယ်"

မေမေ အနားလာထိုင်ပြီးပြောလိုက်မှ သတိဝင်သွားပြီး မဏီအပြုံးလေးနှင့်မေမေ့နား ပိုတိုးကပ်လိုက်သည်။

"မပင်ပန်းပါဘူး မေမေရဲ့"

"လခကို သိပ်မမက်ပါနဲ့ သမီးရယ်။ ကိုယ့်အပေါ်ကောင်းတဲ့ အလုပ်ရှင်ဖြစ်ဖို့လည်း လိုသေးတယ်လေ"

"မေမေရယ် အလုပ်သမားကောင်းမှ အလုပ်ရှင်ကောင်းတာပါ"

"ဟိုပြောင်း ဒီပြောင်းနဲ့ သမီးမပင်ပန်းဘူးလား"

"ဘယ်က ပင်ပန်းရမှာလဲ မေမေရဲ့၊ ပျော်ဖို့တောင် ကောင်းသေးတယ်။ အတွေ့အကြုံ ဗဟုသုတလည်း ရတယ်။ အသစ်ဖွင့်တဲ့ကုမ္ပဏီဆိုတော့ အရင်ဝင်တဲ့ ဝန်ထမ်းတွေကို ပိုအခွင့်အရေးပေးတယ်"

"အေးလေ...သမီးအဆင်ပြေရင် ပြီးတာပါပဲ၊ မေမေကတော့



သမီးအလုပ် လုပ်နေတာကိုမကြည့်ရက်ဘူး"

ပြောရင်းကပင် မေမေမျက်ရည်တွေဝဲလာတော့ ဘာလုပ်ရမှန်းမသိအောင် မဏီပျာယာခတ်သွားသည်။

"မေမေရယ်...ဘာဖြစ်လို့ စိတ်မကောင်းဖြစ်နေရတာလဲ၊ လူမှန်ရင် အလုပ်လုပ်ရမှာပေါ့၊ အလုပ်လုပ်မှ အဓိပ္ပါယ်ရှိတာပေါ့၊ မေမေ မငိုပါနဲ့နော်၊ သမီးကိုချစ်ရင် မေမေမငိုရဘူး"

ဒေါ်မြခိုင် ကျတော့မည့်မျက်ရည်တွေကို မျက်တောင်တွေနှင့် ပုတ်ခတ်ထိန်းလိုက်သည်။ သမီးဖြစ်သူ မျက်နှာလေးကိုလည်း ချစ်မဝစွာကြည့်ပြီး

"သမီးလေး"

"ရှင်...မေမေ"

"သမီးအလုပ် လုပ်တာလည်း လုပ်ပေါ့၊ ရှိတာလေးတွေကိုတော့ သမီးထုတ်ဝတ်သင့်ပြီ"

"စောပါသေးတယ် မေမေရယ်"

"ဒီအချိန်မှ မဝတ်ရင် ဘယ်အချိန်ကာမှ ဝတ်မှာလဲ သမီးရဲ့၊ မေမေကတော့ အမေဆိုတော့ အမေ့စိတ်ပဲရှိတယ်။ ကေသီလှိုင် လှလှပပလေး ဝတ်စားထားရင် အဲဒီလိုမဝတ်ရတဲ့ သမီးလေးအတွက် မေမေအရှမ်းခံစားရတယ်"

"မေမေရယ်၊ သမီးက မဝတ်ဖူး၊ မစားဖူးတာမှ မဟုတ်တာ၊ သမီးနဲ့အမေ နှစ်ယောက်တည်းရှိတဲ့ ဒီလိုနေရာမျိုးမှာ လူအထင်သေးလေလုံခြုံလေပဲ။ အချိန်တန်တော့လည်း သမီးဝတ်မှာပေါ့ မေမေရယ်"

သမီး စိတ်ချမ်းသာအောင် ခေါင်းညိတ်လိုက်ရပေမယ့် ဒေါ်မြခိုင်သိပ်ဘဝင်မကျ။ ရုပ်ရော ခန္ဓာကိုယ်ရော အပြစ်ပြောစရာမရှိအောင် လှရက်သော သမီးလေးကို လူတွေ အထင်ကြီးစေချင်သည်။ အနုဆိုသမီးလေးက အစွမ်းကုန်ပွင့်တော့မည့် ပန်းလေးအတိုင်းပင်။ သမီးကိုဒီကြုပ်နှံကြသော ဆန့်ကျင်ဘက်ယောကျ်ားတွေ၏ အထင်သေးအမြင်သေး

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေကို ပို၍ပင်မလိုလား။

ဒါပေမဲ့ သမီးဖြစ်သူက ဘယ်လိုမှ ဆွယ်လို့မရအောင် အလှအပကို လှည်း စိတ်မဝင်စား။ ဒေါ်မြနိုင် သက်ပြင်းချရုံကလွဲပြီး မတတ်နိုင်တော့ပါ။

ကလေးလေးတစ်ယောက်လို မိခင်ကို ဖက်တွယ်ထားသော သမီးလေး ရှင်မဏီကိုမိခင်မေတ္တာဓါတ်တွေနှင့် ပြန်ဖက်ထားမိသည်။

❀ ❀ ❀

## အခန်း (၃)

ဓါတ်ပုံထဲက စောငယ်ငယ်ရဲ့ ပြောင်စပ်စပ်မျက်နှာလေးကိုကြည့်ပြီး ဘုန်းရဲတု ပြုံးလိုက်သည်။ ကိုးတန်းစာမေးပွဲနောက်ဆုံးနေ့က အခန်းပိုင် ဆရာမနှင့် ကျောင်းသူကျောင်းသားတွေ အမှတ်တရ ရိုက်ထားသောဓါတ်ပုံဖြစ်သည်။ ထိုဓါတ်ပုံထဲကမှ စောငယ်ငယ်တစ်ယောက်တည်းပုံကို ကွန်ပျူတာနှင့် ဆွဲထုတ်ထားသော ထိုပုံလေးကို သူအနှစ်နှစ်အလလ သိမ်းထားတာဖြစ်သည်။

ငါ နှင့်ကိုအရမ်းလွမ်းတယ် စောငယ်ငယ်ရယ်။

ဒီပုံလေးကို ထုတ်ကြည့်တိုင်း သူ့နှလုံးသားထဲက နှင့်နှင့်သီးသီးပြောနေကြစကားပါ။ အဖြူအစိမ်းလေးနှင့် အပြစ်ကင်းစင်ပြီး အပူအပင်မရှိ ပျော်ပျော်နေတတ်သော စောငယ်ငယ်ပုံလေးက သူ့မျက်စိထဲက ဘယ်တော့မှ မျောက်ပျက်မသွား။

ဆရာမနှင့် အားလုံးစုရိုက်ထားသော ဓါတ်ပုံထဲက သူ့ပုံကိုသူကြည့်ပြီး စိတ်ညစ်နေသည့်ကြားက ပြုံးလိုက်မိသေးသည်။ ပိန်ပိန်ရှည်ရှည် ကလန်ကလားသူသည် အားလုံးထဲမှာ ထင်းနေသည်။ ဒါကြောင့်လည်း သူက ကျောင်းသူကျောင်းသားတွေ၏ စစရာ၊ နောက်စရာကောင်လေး ဖြစ်ခဲ့သည်။ အဲဒီထဲမှာ စောငယ်ငယ်ဆိုသော ကောင်မလေးက အဆိုးဆုံးပဲ။

"စောငယ်ငယ်. . .ငါ့ကိုတွေ့ရင် နှင်အရမ်းအံ့ဩသွားမှာ"

အခု ဓါတ်ပုံတွေနှင့် အရင်တုန်းက ဓါတ်ပုံကိုယှဉ်ကြည့်ပြီး ဘုန်းရဲတု နှုတ်ကထွက်ပြီး ပြောလိုက်သည်။

မမေ့နိုင်ပါ။ လွန်ခဲ့သော ကိုးနှစ်ကျော် ဆယ်နှစ်က အကြောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



သည် သူ့စိတ်ထဲမှာတော့ လွန်ခဲ့သော ရက်ပိုင်းလောက်ကအတိုင်းထင်နေသည်။

ဒီတုန်းက သူက ဆယ်တန်းကျောင်းသားကြီးအဖြစ် ကျောင်းစတက်သည့်နေ့။

လူပျို စဖြစ်ကတည်းက ဘုန်းရတု အရပ်သာ တစ်နှစ်ထက်တစ်နှစ် ပိုရှည်လာသည်။ ခန္ဓာကိုယ်ကတော့ ပိန်ပိန်ခြောက်ခြောက်။ သူ့ရဲ့အဖေက အစိုးရဝန်ထမ်းတစ်ယောက်ဖြစ်သည့်အတွက် နယ်မကြာခဏ ပြောင်းရသည်။ ဖေဖေပြောင်းတော့ မေမေနှင့်သူက မဖြစ်မနေပါရသည်။ အခေါ်တွေက ခေါ်ထားပေမယ့် ဖေဖေနှင့်မေမေက တစ်ဦးတည်းသော သူ့ကို မခွဲနိုင်ပါ။ ဒါကြောင့်လည်း ဖေဖေပြောင်းတိုင်း ပါရသည်။

"လာပြီဟေ့…တို့ရဲ့ ဗလကြီးလာပြီ"

"ဘုန်းရတု ကားပေါ်ကဆင်းကတည်းက ကျောင်းဝင်းရှေ့ အုတ်ခုံပေါ်မှာ ထိုင်နေသော စောငယ်ငယ်တို့ အုပ်စုဆီ မျက်လုံးရောက်သွားသည်။ ထင်သည့်အတိုင်းပင် သူလှမ်းလာတာနှင့် စောငယ်ငယ်ရဲ့ ခပ်စာစာအသံ အော်ရင်ထွက်လာသည်။

ဘုန်းရတု သူမတို့ရှေ့မရောက်ခင်မှာပဲ စောငယ်ငယ် မတ်တတ်ထရပ်လိုက်ပြီး

"မလာတော့ဘူး ထင်နေတာ၊ ပြန်လာသားပဲနော်၊ အခုလို တို့ကျောင်းကြီးကို ပြန်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ပြောင်စပ်စပ် မျက်နှာလေးနှင့်ပြောအပြီး စောငယ်ငယ်က ခေါင်းငုံ့ခါးကိုင်းပြီး အရိုအသေပေးသည့်ပုံ လုပ်ပြနေသည်။ တစ်ခုခု ပြန်ပြောချင်တာ အသည်းတွေယားနေပေမယ့် သူကြိတ်မှိတ်မြိုသိပ်ရင်း ကိုယ်လမ်းကိုယ်ဆက်လျှောက်လာသည်။

"ဟေ့…သူငယ်ချင်းတို့ ပြန်လာတဲ့သူကို နှုတ်ဆက်လိုက်ကြဦးလေ"

"မင်္ဂလာပါ ဗလကြီး"

ခပ်စာစာအသံနှင့် စောငယ်ငယ်နှုတ်ဆော်အပြီးမှာတော့ အုတ်ခုံပေါ်ထိုင်နေကြသော ကျောင်းသူတွေအားလုံး တညီတညွတ်တည်း သံပြိုင်ရွတ်ဆိုကြသည်။

"တောက်"

တောက်တစ်ချက်ခေါက်ပြီး သူဆက်လျှောက်တော့

"ဘိုင်…ညာ…ဘိုင်…ညာ"

သူ ကျောင်းခန်းထဲကိုဝင်သည်အထိ အသံတွေရပ်မသွားသေး။ ရယ်သံတွေလည်း ကြားနေရသည်။ ဒေါသတွေတန့်နှံ့ထွက်ပြီး လွယ်ထားသော ကျောပိုးအိတ်ကို ဘုန်းကနဲပစ်ချလိုက်သည်။ စောငယ်ငယ်နှင့် သူမသူငယ်ချင်းတွေကို စိတ်ရှိလက်ရှိ လက်သီးနှင့်ဆွဲထိုးပစ်ချင်နေသည်။

"မိန်းကလေးဖြစ်ပြီး ဣန္ဒြေကိုမရှိဘူး"

ဒေါသဖြစ်ဖြစ်နှင့် သူပြောတော့ ကျောင်းသူတစ်ချို့ စပ်ဖြဲဖြဲနှင့် လှည့်ကြည့်ကြသည်။ သူ့ရဲ့တစ်ဦးတည်းသော သူငယ်ချင်း တိုးအောင်ကလည်း အခုထိမလာသေးတော့ စိတ်ညစ်နေတာပဲ သိသည်။

ဟော…ကျောင်းတက်ဖို့ ဘဲလ်တီးနေပြီ။

ဆရာ မဝင်မချင်း စောငယ်ငယ်တို့အုပ်စု သူ့ကိုအမျိုးမျိုး မခံချင်အောင် စကြဦးမည်။ ထိုအခါ အတန်းသားတွေဝိုင်းရယ်ကြမည်။ သူအတွေးနှင့် သက်ပြင်းတွေပဲ ကြိတ်ချနေမိသည်။

"ဟိုင်း…သူငယ်ချင်း ရောက်နေတာကြာပြီလား"

နှုတ်ဆက်သံနှင့်အတူ တိုးအောင်ဝင်လာတော့ သူအားတက်သွားသည်။

"စောစောထွက်ခဲ့ပါလို့ ဖုန်းဆက်ထားတာတောင်"

တိုးအောင် ဝင်မထိုင်ရသေးခင်ပဲ သူဆီးပြီးအပြစ်တင်တော့ သဘောကောင်းသော တိုးအောင်က တဟဲဟဲရယ်ပြီး

"ဘာလဲ…ဟိုဟာမလေးတွေ မင်းကိုနောက်လိုက်ပြန်ပြီ မဟုတ်လား"

"ဟုတ်တယ်"

မျက်နှာထားတင်းတင်းနှင့် ခပ်စောင့်စောင့်သူပြောတော့ တိုးအောင်က အရယ်မပျက်

"မင်းကို ခင်လို့စတာပါကွာ"

"တော်စမ်းပါ၊ မင်းဟာမတွေဘက်က ကာမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ၊ မင်းကို ဒီနှစ်ပြန်လာမတက်တော့ဘူးချည်း ထင်နေတာ။ ငါက နင်တို့ကို ဂရုမစိုက်လို့ ဒီကောင်ပြန်လာမှာလို့ပြောတော့ မယုံကြဘူး။ အဲဒါ မင်းကိုမယုံမရဲနဲ့ စောင့်နေကြတာ။ မင်းကိုလည်းတွေ့ ရော သူတို့အရမ်းဝမ်းသာသွားကြတာ"

"ဘာလဲ...ငါဒီကျောင်းကို ပြန်လာတဲ့အတွက် သူတို့စဖို့နောက် ဖို့ ဝမ်းသာသွားတာလား"

"မင်းကလည်းကွာ အကောင်းဘက်ကတွေးစမ်းပါ"

သူစိတ်ဆိုးနေတာ သိသောတိုးအောင်က လေသံပျော့ပျော့လေးနှင့် ပြော၏။

"မင်းကလည်း စချင်နောက်ချင်စရာကို၊ နည်းနည်းပါးပါးလေးတောင် ဝမလာဘဲ အရပ်ကပိုရှည်ထွက်လာတော့ ပိုပြီးစချင်စရာဖြစ်သွားတာပေါ့"

"ဘာပြောတယ်"

သူ ဒေါသနှင့်လက်သီးရွယ်တော့ တိုးအောင် ဖက်ကလေးပုပြီး

"အဟဲ...ချစ်လို့စတာပါ သယ်ရင်းကလည်း"

တိုးအောင်ကိုပါ တင်းပြီး မျက်နှာလွှဲလိုက်သည်။

ထိုအချိန်မှာပဲ သူကြည့်မရသော စောငယ်ငယ်တို့အုပ်စု ဆူညံစွာ အတန်းထဲဝင်လာကြသည်။ သူမတို့ကို မျက်နှာလွှဲနေသောသူ့ကို ဆရာ မလာသေးသည့်အတွက် အမျိုးမျိုးမခံချင်အောင် နောက်ပြောင်နေကြ သည်။ အတန်းထဲရှိ ကျောင်းသူကျောင်းသားတွေ မျက်နှာကလည်း ပြုံးစိစိ။ သူပိန်တာကိုပဲ ပြောင်စရာနောက်စရာတစ်ခုလို မပြီးနိုင်တော့ဘူး။ အဆိုးဆုံးကတော့ စောငယ်ငယ်နှင့် သူမ၏ဘယ်လက်ရုံး၊ ညာလက်ရုံး ဖြစ်သည့် နွယ်မာနှင့် ညိုညိုဖြစ်သည်။

သူမတို့ ပြောင်စရာ၊ နောက်စရာဖြစ်အောင်လည်း သူက ပိန်သည့် အပြင် အရပ်ကလည်းရှည်သေးသည်။ ဘယ်လောက်လေ့ကျင့်ခန်းတွေ လုပ်လုပ်၊ အားရှိသည့်အစာတွေစားစား တိုးတက်မလာတော့ ဒီနှစ်ဆယ် တန်းတက်ရမှာကို ဝန်လေးနေခဲ့သည်။

ကျောင်းပြောင်းဖို့ အတွေးရောက်ပြီးမှ



"တို့ကိုကြောက်ပြီးတော့ ကျောင်းပြောင်းမသွားနဲ့နော်"

ကိုးတန်းနောက်ဆုံးနေ့ စာမေးပွဲဖြေအပြီးမှာ စောငယ်ငယ်ပြောင် ပေါ်စပ်ပြောသွားတာကို ပြန်ကြားပြီး စိတ်ကိုတင်းကာ ဒီကျောင်းကို ပြန်ရောက်လာခြင်းဖြစ်သည်။

"မင်း ဘယ်ကျူရှင်တက်မှာလဲ ရတု"

သူ့အတွေးတွေကို သိသောတိုးအောင်က စကားလမ်းကြောင်းပြောင်း ပေးသည်။ သူ ဘာစကားမှ ပြန်မပြောတော့။ တိုးအောင် သူ့နားကပ်ပြီး

"ဒီမှာ ရတု၊ မင်းကို ငါမနှစ်ကတည်းက ဘာပြောထားလဲ၊ သူတို့ ဘာပြောပြော မသိဟန်ဆောင်နေစမ်းပါ၊ ကိုယ့်ကိုပြောတာမဟုတ်ဘူးလို့ သဘောထားလိုက်"

"ကိုယ့်ကိုပြောတယ်သဘောမထားလို့ ရမလားကွ၊ ငါ့ကိုပြောနေတာ ချည်းကို"

ခပ်ဆတ်ဆတ်သူ့အပြောကို တိုးအောင် ကျွတ်ခနဲစုပ်သပ်လိုက်ပြီး

"မင်းကတော့ ခက်နေပါပြီ။ အဲဒီလို မင်းက မခံချင်ဖြစ်လေ၊ ဟိုက ပိုစ,စရာဖြစ်လေပဲ"

သူ စိတ်ကိုထိန်းပြီး ဒေါသကိုလျှော့ချပစ်လိုက်သည်။

"လောလောဆယ်တော့ ဘယ်ကျူရှင်မှ မတက်သေးဘူး။ မင်းကရော"

"ငါကတော့ တက်ရမယ်၊ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ချင် တယ်။ မင်းက တော်တဲ့သူဆိုတော့ ကျူရှင်မတက်လည်း ဘာမှမဖြစ် ပါဘူး"

"အခု လောလောဆယ်ပါ။ နောက်တော့ တက်မှာပေါ့"

ထိုအချိန်မှာပဲ ဆရာဝင်လာပြီး

"အားလုံး တိတ်စမ်း။ ဆရာမရှိရင် မရှိသလို ဆူညံနေတာပဲ၊ ဆယ်တန်းကျောင်းသားကြီးတွေပဲဖြစ်နေကြပြီ၊ စည်းကမ်းမရှိကြဘူး"

စောငယ်ငယ်တို့ဘက် တည့်တည့်ကြည့်ကာ ဆရာပြောနေတော့ စွာ သားမ စောငယ်ငယ်က ပါးစပ်ပိတ်သွားပြီး သူ့ဘက်လှည့်ကြည့်၏။ ...သာလွန်းလို့ ကောင်းတယ်ဆိုသည့်အကြည့်နှင့် ပြုံးပြုံးကြီး ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဒါတောင် မျက်နှာတစ်ချက်မပျက်ဘဲ သူ့ကိုတောင်လှမ်းထုတ်ပြီး ပြောင်ပြလိုက်သေးသည်။

"ဘယ်လို ဟာမလေးလည်း မသိဘူး"

သူ ခပ်တိုးတိုး ရေရွတ်တော့ ဘေးက တိုးအောင် ဆရာမမြင်အောင် ကြိတ်ရယ်နေသည်။

အတန်းပိုင်ဆရာက ခုံးမစကားပြောပြီး သူသင်ကြားရမည့် ဘာသာရပ်ကို သင်ကြားကာ အချိန်ပြောင်း ဘဲလ်တီးတော့ ထွက်သွားသည်။ ဆရာ့အရိပ်တောင် မပျောက်ခင် အသံတွေဆူညံစွာထွက်လာပြန်သည်။ ထိုအသံတွေထဲတွင် စောငယ်ငယ်အသံ အကျယ်ဆုံးဖြစ်သည်။

"ဒီငလောက် ဆရာပြောသွားတာတောင် မမှတ်ဘူး။ သူ အဆိုးဆုံးပဲ"

"ဘယ်သူလဲ"

သိလျက်နှင့် အကြောင်းလာရိုက်နေသော တိုးအောင်ကို ခပ်ချဉ်ချဉ်ရှိတာနှင့်

"စွာတေးလန် အာကျယ်မ စောငယ်ငယ်"

ဟု နားနားသို့ ကပ်အော်လိုက်သည်။ ဆူညံနေသောအသံတွေကြောင့် သူ အော်သံကို မကြားကြ။

"အဟင်း...အဟင်း မင်း ငယ်ငယ့်ကို တော်တော်မေတ္တာရှိပုံပဲ"

"အပြန့်အလှန်ပေါ့၊ မေတ္တာဆိုတာ သူထားမှ ကိုယ်လည်းထားနိုင်မှာပေါ့"

"မင်းကို ငယ်ငယ်က မမုန်းပါဘူး"

"သူမုန်းလည်း ဂရုမစိုက်ဘူး"

"ဒေါသချည်းပဲကွာ၊ စတယ်၊ နောက်တယ်ဆိုတာ ခင်လို့မင်လို့ပါ"

"ငါကတော့ သူ့ကိုမခင်ချင်ဘူး"

"ငယ်ငယ်က သဘောကောင်းပါတယ်ကွာ"

သူ့ရဲ့ အကြည့်စူးစူးတွေကြောင့် တိုးအောင်ပခုံးတွန့်လိုက်သည်။

"ဟိုမှာ မင်းကိုကြည့်နေတယ်"

တိုးအောင် ရုတ်တရက်အပြော သူယောင်ရမ်းပြီး စောငယ်ငယ်ကို



လှမ်းကြည့်တော့ ဖိုးထုတ်စားရင်းက စားမလားဟု ထောင်ပြသည်။ ချက်ချင်းပင် ခပ်တည်တည်နှင့် သူမျက်နှာလွှဲလိုက်သည်။

"ဟိုက အကောင်းကျွေးပြန်တော့ မင်းက ခပ်တည်တည်ကြီးနဲ့"

"ဟော့ကောင်...တော်ကွာ၊ သူ့အကြောင်း ဆက်မပြောနဲ့"

သူတကယ် စိတ်ဆိုးနေတာသိတော့ တိုးအောင်ဆက်မပြောတော့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

လှေကျင့်ခန်းလုပ်ရတာ မောသွားတော့ ဘုန်းရတု အနားယူရင်း မျက်နှာနှင့် တစ်ကိုယ်လုံးရှိ ချွေးတွေကိုသုတ်နေမိသည်။

"နင် အုံ့ညြသွားအောင် ငါလုပ်ပြမယ် စောယယ်ငယ်"

နှုတ်က အသံထွက်ကြိမ်းဝါးရင်း စောယယ်ငယ်ဆိုသော ကောင်မလေးကို မြင်ယောင်လာမိသည်။

မနှစ်ကထက်ပိုပြီး အရပ်ရှည်လာသလို ခန္ဓာကိုယ်အစိတ်အပိုင်းကလည်း အချိုးအစားကျကျနှင့် ပိုလှလာတာ သူမငြင်းနိုင်ပါ။ စောယယ်ငယ်လိုပင် သူမ သူငယ်ချင်းနှစ်ယောက်ဖြစ်သော နွယ်မာနှင့်ညိုညိုလည်း ပိုကြည့်ကောင်းလာကြသည်။ သူ၏တစ်ဦးတည်းသော သူငယ်ချင်းဖြစ်သည့် တိုးအောင်ကလည်း ထွားထွားကြိုင်းကြိုင်းနှင့် လူကြီးပုံပေါက်လာသည်။

အားလုံးက တစ်နှစ်အတွင်းမှာ မသိမသာ နည်းနည်းဆီပြောင်းလဲလာပေမယ့် သူကျတော့ ဘာဖြစ်လို့ ခန္ဓာကိုယ်က မဖွံ့ဖြိုးလာရတာလဲမသိ။

ဘုန်းရတု ကိုယ့်ကိုယ်ကို ငုံ့ကြည့်ပြီး ငိုချင်စိတ်ပေါက်သွားသည်။

"သားလေး...ဘာလုပ်နေတာလဲ"

"မေမေ"

မေမေအမေးနှင့်အတူ အနားမှာလာထိုင်ပြီး သားဖြစ်သူမျက်နှာကို ပြုံးစိစိနှင့် ကြည့်နေ၏။

"သား စိတ်ညစ်နေတယ် မေမေရယ်"

"ဘာဖြစ်လို့လဲ သားရဲ့"

မေမေ မျက်လုံးအပြုံးသားလေးနှင့်မေးတော့ ဘုန်းရတု ကိုယ့်ကိုယ်



ကိုယ်ငုံ့ကြည့်လိုက်ပြီး

"သား အရမ်းဝချင်တယ်"

အခုမှပင် စိတ်အေးသွားပုံနှင့် မေမေသက်ပြင်းချပြီး

"ဘာများလဲလို့ သားလေးရယ်၊ သားက အခုမှ တစ်ဆယ့်ငါးနှစ်ကျော်ရုံရှိသေးတယ်။ ဝလာမှာပေါ့ သားရဲ့"

"ဟုတ်ပါ့မလား မေမေရယ်၊ ဒီအတိုင်းသွားမယ်ဆိုရင်တော့ သားသေသွားမှာပဲ"

"ဟာ...မဟုတ်ပါဘူး သားရယ်၊မေမေပြောတာ မယုံရင် ဒီတစ်နှစ်လောက်ပဲ သားစောင့်ကြည့်"

"တစ်နှစ်တောင်"

သူ့ရဲ့ တအံ့တညြအမေးကို မေမေရယ်ပြီး သားဖြစ်သူပါးလေးကို ချစ်စနိုး နမ်းလိုက်သည်။

"ပိုပိုမိုမိုပြောထားတာပါ သားရဲ့၊ ဒီနှစ် လပိုင်းအတွင်းမှာ သားကိုယ်သားတောင် အံ့ညြသွားအောင် လှလာလိမ့်မယ်"

"မလှချင်ပါဘူး မေမေရယ်၊ ဝရင် တော်ပါပြီ"

"သားကလည်း လှပါပြီဆိုတဲ့နောက် ဝလာလို့ပေါ့"

ဟုတ်တ်ဟုတ် မဟုတ်ဟုတ် လောလောဆယ်မှာတော့ မေမေ့အားပေးစကားက သူ့အတွက် ကျေနပ်စရာပါ။

"သားလေး"

"ဗျာ...မေမေ"

"ဒီလောက် လှချင်နေရင် မဟုတ်မှလွဲရော သဘောကျတဲ့ကောင်မလေး တွေ့နေပြီလား"

"ဟာ...မတွေ့ပါဘူး မေမေကလည်း"

သူ မျက်နှာကြီးနီပြီး ခါးခါးသီးသီးငြင်းတော့ မေမေသဘောကျမဆုံး။

"သားက လှချင်လို့မဟုတ်ပါဘူး မေမေရဲ့၊ သားပိန်တာကိုပဲ မခံချင်အောင် လိုက်စနေတဲ့ကောင်မလေးကို ဒေါသဖြစ်လို့ပါ"

"ကောင်မလေး"

www.burmeseclassic.com



မေမေ သံယောင်လိုက်တော့ သူခေါင်းညိတ်လိုက်သည်။

"သားကို ဘယ်လိုစလို့လဲ"

"ဗလကြီးတို့ ဘာတို့ စုံနေတာပဲမေမေရယ်"

"မိန်းကလေး စတာပဲသားရယ်၊ ဘာမခံချင်စရာရှိလဲ၊ ဟုတ်တယ် ငါ့ဟာငါပိန်တာ ဘာဖြစ်လဲဆိုတဲ့ပုံစံနဲ့ ဂရုမစိုက်သလို နေလိုက်စမ်းပါ"

"ဂရုမစိုက်မချင်းကို လိုက်စနေတာ မေမေရဲ့"

"တော်တော်ဆိုးတဲ့ ကောင်မလေးပါလား။ အဲဒီကောင်မလေးက ချောလား သား"

မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံစင်းစင်းလေးနှင့် စောငယ်ယက သိပ်ကိုလှသည့် ကောင်မလေးတစ်ယောက်ပါ။ အသားအရည်ကလည်း ဝင်းဝါစိုလက်ပြီး သူမအရပ်အမောင်းနှင့် ခန္ဓာကိုယ်အချိုးအစားက လုံးဝအပိုအလိုမရှိ၊ ပန်းကျော့လောက်ရှိသည့် ဆံပင်ပျော့ပျော့ပျောင်းပျောင်းလေးတွေကလည်း သူမစကားပြောတိုင်း လှုပ်ခါနေသည်။

ဦးခေါင်းမှ ခြေဖျားအထိ အပြစ်ပြောစရာမရှိအောင် လှပနေသည့်ထဲတွင် သူမ၏နှုတ်ခမ်းလေးက စွဲဆောင်မှုအရှိဆုံးဖြစ်သည်။ အောက်နှုတ်ခမ်းထူထူလေး၏အလယ်မှာ အက်ကွဲကြောင်းလေးသဖွယ် တွဲတွဲလေးဖြစ်နေတာသည် အထူးပင် စွဲမက်စရာကောင်းသည်။

ပန်းသွေးရောင်စိုလက်လက်နှင့် ထိုနှုတ်ခမ်းလေးက သူစိတ်တိုအောင် စတတ်ပေမယ့်လည်း မေ့လို့မရ။

စောငယ်ယက တစ်ကျောင်းလုံးမှာ အလှဆုံးဟု တိုးအောင်ပြောသည်။ ရုပ်ချော၊ စာတော်ပြီး ပိုက်ဆံချမ်းသာသော စောငယ်ယကို အတန်းထဲက သူငယ်ချင်းတွေအားလုံး မျက်နှာသာပေးကြသည်။ ဒါကြောင့် ဆရာစာသင်ချိန်မှလွဲလျှင် သူမအသံစာစာသည် တစ်ခန်းလုံးမှာ အကျယ်ဆုံးဖြစ်သည်။

"ဟော့ သား၊ မေမေ မေးတာကိုမဖြေဘဲ ဘာတွေ တွေးနေတာလဲ"

လက်မောင်းကို ကိုင်လှုပ်ပြီးမေမေမေးမှ သူအတွေးလွန်တာ သတိရသွားသည်။



မလုံမလဲ မေမေ့ကိုပြုံးပြလိုက်ပြီး

"မေမေက လှလားဆိုလို့ အတွေးလွန်သွားတာပါ"

"ဘာလဲ ,မလှလို့လား"

"လှပါတယ်။ ဒါပေမဲ့ သားကတော့ သူ့ကိုကြည့်မရဘူး။ သားကို စတဲ့အထဲမှာ သူအဆိုးဆုံးပဲ၊ မနှစ်က စရောက်တည်းကကို စတာ"

"ချစ်လို့စတာ နေမှာပေါ့သားရယ်"

"သားကတော့ သူ့ကိုမုန်းတယ်"

သူ့ကိုအတိုက်အခံမပြောပေမယ့် မေမေရယ်နေသည်။

"ကဲ...သားလေး လုပ်စရာရှိတာ ဆက်လုပ်၊ ပြီးရင် ခဏနားပြီး ရေချိုး၊ ထမင်းစားဖို့ စောင့်နေမယ်"

"ဟုတ်ကဲ့ မေမေ"

သူ ခေါင်းလေးကိုပုတ်ပြီး မေမေအနားက ထသွားသည်။

သူ့ကို စတဲ့ကောင်မလေးက ချောလားဟု မေမေဘာလို့ မေးတာလဲ မသိဘူး။

ရုပ်ကလေးလှသလောက် မိန်းမတန်မဲ့ တော်တော်ကို အစအနောက်သန်သော စောငယ်ယကို တစ်ခုခုလုပ်ပစ်ချင်သည်။

"ငယ်ငယ့်ဘဝက အစစပြည့်စုံတော့ အပူအပင်မရှိဘူး။ သူက ပျော်ပျော်ပဲ နေတတ်တယ်"

တိုးအောင်ပြောစကားကို ပြန်ကြားနေမိသည်။ ဟုတ်တော့ ဟုတ်သည်၊ အမြဲတမ်း ပထမရသည့်သူမက သူရောက်လာတော့ သူမ ဒုတိယဖြစ်သွားပေမယ့် နည်းနည်းလေးမှ အပြုံးမပျက်ပါ။ သူ့ကို အစအနောက်တောင် မပျက်ပါ။

နင် ဘယ်လိုကောင်မလေးလဲ စောငယ်ယရယ်။

******

သူ ကားပေါ်ကဆင်းတော့ စောငယ်ယတို့ အုပ်စုက ထုံးစံအတိုင်း ကျောင်းရှေ့အုတ်ခုံပေါ်မှာ ထိုင်နေကြသည်။ လုံးဝ သူ လှည့်မကြည့်ဘဲ သူမတို့ရှေ့မှာ ခြေလှမ်းမမှားအောင်သာ သတိထားလျှောက်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းရတု"

စောငယ်ငယ်အသံမှန်းသိတော့ မကြားဟန်ဆောင်ပြီး ဆက်လျှောက် မြဲလျှောက်လာသည်။

"ဘာလဲ သွေးကြီးသွားတာလား၊ နင့်ကို ဝ,ဆေးပေးမလို့ပါ"

"ဟဲ့ . . . ဘာဆေးလဲ မိငယ်"

"အာယုဗောဓနံ အမှတ်(၂)လေ"

"ဘယ်ကလာ လူပျိုတော်ပတ္တမြားသွေးဆေးပါ"

"အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"ကေသီပန် သွေးပုပ်ချဆေး"

အနားမှာ ကျောင်းသူ ကျောင်းသားတွေ တော်တော်များများရှိပြီး အားလုံးရယ်သံတွေ ဘုန်းရတု နောက်မှာကျန်ခဲ့သည်။

"တောက်"

သွေးတွေ ပွက်ပွက်ဆူသည်အထိ ဒေါသတွေထွက်နေသည်။ အသားလွတ်ကြီး လိုက်လျှောက်နေသော စောငယ်ငယ်နှင့် အပေါင်းအဖော်နှစ်ယောက်ကို အစိမ်းလိုက်ဝါးစားချင်စိတ်ပေါက်နေသည်။

ထုံးစံအတိုင်း သူဒေါသဖြစ်တိုင်း သူငယ်ချင်းတိုးအောင်က နှစ်သိမ့်ပေးတတ်သည်။

"တော်တော်ဆိုးတဲ့ ဟာမလေးတွေ။ ဝဋ်လည်မှာ သူတို့မကြောက်ဘူး"

သူ့ ဒေါသနည်းနည်းပြေစပြုမှ တိုးအောင်က

"မင်း ဒီကျောင်းမှာပြန်လာတက်လို့ ငယ်ငယ်တို့က အံ့သြဝမ်းသာနေကြတာ"

မယုံဘူးဆိုသည့်ပုံနှင့် သူကမဲ့ပြလိုက်သည်။

"တကယ်ပြောတာ ရတုရဲ့၊ မိငယ်အကြောင်း မင်းကမသိလို့။ သူက ပျော်ပျော်နေမယ်။ သူငယ်ချင်းတွေနဲ့ ပေါးလားဝါးလား လုပ်မယ်။ စားမယ်၊ ဘာကိုမှ အလေးအနက်မထားဘူး။ သဘောလည်း အရမ်းကောင်းတယ်။ သူနဲ့ မရင်းနှီးသေးလို့ပါ"



"မရင်းနှီးချင်ပါဘူး"

သူ့အပြောကြောင့် တိုးအောင်ရယ်ပြီး

"ငယ်ငယ့်ကို မခင်ချင်တာ မင်းတစ်ယောက်ပဲ ရှိတယ်"

တိုးအောင်ကို ပြန်လည်ချေပမနေတော့ပါ။

ကြာလာတော့လည်း စောငယ်ငယ်တို့ပြောင်တာ နောက်တာကို သူခံနိုင်ရည်ရှိလာသည်။ နှစ်နှစ်နီးပါးလောက်ရှိပြီဆိုတော့လည်း မတုန့်လှုပ်ချင်တော့။ ဒီ့အပြင် စောငယ်ငယ်ကို ဘယ်သူမှမသိအောင် ခိုးကြည့်မိသော အကျင့်တစ်ခုလည်း တက်သွားသည်။ စောငယ်ငယ်ရဲ့ စွာကျယ်လှသော အသံလေး မကြားရလျှင်တောင် မနေနိုင်ဖြစ်သွားသည်။

လူကြီးစိတ်၊ လူကြီးအတွေးတွေ ဝင်သွား၍ပဲလား မသိ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျောင်းတစ်ခါမှ မပျက်ဖူးသော စောငယ်ငယ် ကျောင်းမတတ်သည့် တစ်နေ့မှာတော့ သူ့ကိုယ်သူတောင် မယုံကြည်နိုင်လောက်အောင် သူမ ဘာဖြစ်လို့လဲ စိုးရိမ်သွားသည်။

ဆရာမကြီးစောငယ်ငယ်မရှိသည့်အတွက် တပည့်နှစ်ယောက်ဖြစ်သော နွယ်မာနှင့် ညိုညိုတို့ ငြိမ်ချက်သား ကောင်းနေကြသည်။

"ဆရာမကြီးမရှိတယ်ဆို တပည့်နှစ်ယောက်ဆိုတာ အသံတောင် မထွက်တော့ဘူး"

သူပြောမှ တိုးအောင်လှည့်ကြည့်လိုက်ပြီး အခုမှ သတိထားမိသွားပြီး

"ဟုတ်ပ၊ ငယ်ငယ်ကျောင်းမတက်ဘူးထင်တယ်။ နေများမကောင်းလို့လား မသိဘူး။ သူက ကျောင်းပျက်ခဲပါတယ်"

တိုးအောင်ပြောလိုက်မှပင် သူ့ရဲ့စိုးရိမ်စိတ်တွေပိုကြီးသွားသည်။ တိုးအောင်ကလည်း စောငယ်ငယ်အကြောင်း ဆက်မပြောတော့ဘဲ သူလုပ်စရာရှိတာလုပ်တော့ သူစိတ်တိုသွားသည်။ စောငယ်ငယ်သူငယ်ချင်းတွေဘက် လှည့်ကြည့်တော့ နှစ်ယောက်သား စကားပြောနေကြသည်။ စနေကျအသံလေးမကြားရ၊ တွေ့နေကျမျက်နှာလေး မတွေ့ရတော့ တစ်ခုခုလိုသလို ခံစားနေရသည်။

တကယ်ပဲ သူမ ရောက်မလာတော့ တစ်နေ့ကုန်နေရတာ ဘဝင်မကျ။ စိတ်ချည်းတိုနေသည်။ ကျောင်းဆင်းသွားသည်အထိ တိုးအောင်ကိုတောင် စကားသိပ်မပြောဖြစ်။

နောက်တစ်နေ့မှာတော့ သူ ကျောင်းကိုစောစောရောက်လာခဲ့သည်။



နွယ်မာနှင့် ညိုညို ရှေ့ဆင့်နောက်ဆင့် ရောက်လာပြီး တိုးအောင်လည်း သိပ်မကြာခင် ရောက်လာပြီးနောက်မှာ ကျောင်းခေါ် လျှပ်စစ်ဘဲလ်သံ ထွက်လာသည်။

ဒီနေ့တော့ တိုးအောင်သဘောကောင်းစွာ သူ့တောင်နှုတ်မဆက်ဘဲ လွယ်အိတ်ချပြီးတာနှင့်

"နွယ်မာ ငယ်ငယ် ဘာလို့ကျောင်းမတက်တာလဲ"

သူ ဝမ်းသာသွားပြီး နွယ်မာဘာပြန်ပြောမလဲ နားစွင့်လိုက်သည်။

"မသိဘူး၊ နှစ်ရက်ဆက်ပြီး တစ်ခါမှ မပျက်ဘူးတော့ နေများမကောင်းလို့လားမသိဘူး။ ညနေကျမှ သွားမေးလိုက်မယ်"

"သူက ကျောင်းပျက်ခဲပါတယ်"

"အေး"

နွယ်မာက ဒါပဲပြောပြီး တစ်ဖက်လှည့်သွားသည်။ သူ့စိတ်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းကို မသိတော့ပါ။ တိုးအောင် သူ့ဘက်လှည့်လိုက်ပြီး

"ငယ်ငယ် ကျောင်းမတက်တော့ မင်းစိတ်ချမ်းသာနေတယ်မဟုတ်လား"

သူ ဘာစကားမှပြန်မပြောဘဲ မချိပြုံးလေးပဲ ပြုံးနေလိုက်သည်။ တိုးအောင်တော့ စောငယ်ငယ်ကျောင်းမတက်သည့်အတွက် သူပျော်နေတယ်ပဲ ထင်နေသည်။ သူ့ရင်ထဲ တကယ်ဖြစ်နေတာကိုတော့ ပြောမပြနေတော့ပါ။

နောက်တစ်နေ့ သူကျောင်းကို အစောကြီးရောက်လာသည်။ ဒီနေ့တော့ စောငယ်ငယ် ကျောင်းတက်လျှင် တက်၊ ကျောင်းမတတ်လျှင်လည်း ဘာ့ကြောင့် ကျောင်းမတတ်တာလဲ ဆိုတာသိရမည်။

ခဏကြာ နွယ်မာနှင့် ညိုညို စကားပြောရင်း အတန်းထဲဝင်လာကြသည်။ သူ့ကိုလည်းတွေ့ရော စကားပြောရပ်သွားပြီး ကိုယ့်နေရာကိုယ် ပြန်ငြိမ်လေးတွေ ထိုင်နေကြသည်။ နှစ်ယောက်လုံး မျက်နှာလည်းမကောင်းကြသည့်အပြင် သူ့ကိုလည်း တစ်ခုခုပြောချင်သည့်ပုံနှင့် ခဏခဏလှည့်ကြည့်ကြသည်။ သူ မသိဟန်ဆောင်ပြီး စာအုပ်တွေစီသည့်လိုနှင့် တိုး

www.burmeseclassic.com

www.burmeseclassic.com



အောင် အလာကို စောင့်နေလိုက်သည်။

တိုးအောင် အတန်းထဲဝင်လာတော့ ညိုညိုတို့ဘက်တန်းသွား၏။ တိုးအောင်ကို ခေါ်လိုက်ပုံပင်။ နွယ်မာနှင့် ညိုညို့ လက်ဟန်ခြေဟန်နှင့် တိုးအောင်ကိုပြောနေသည့်အကြောင်းက စောငယ်ငယ်အကြောင်းကလွဲပြီး တခြားမဖြစ်နိုင်။ စောငယ်ငယ်တာဖြစ်လို့လဲ သူ့အရမ်းသိချင်နေသည်။ အခုထိလည်း ရောက်မလာသေး။ အခန်းပေါက်ဝကို လှည့်လှည့်ကြည့်သောကြောင့် လည်ပင်းတွေတောင် ညောင်းနေပြီ။

တိုးအောင် တိတ်တိတ်ဆိတ်ဆိတ်ပင် သူ့ဘေးမှာဝင်ထိုင်တော့ စောင်းငဲ့ကြည့်ပြီး

"ဘာဖြစ်နေကြတာလဲ"

"ငယ်ငယ်တို့သားအမိ ဘာဖြစ်လို့လဲ မသိဘူး။ သူတို့အိမ်မှာ မရှိတော့ဘူးတဲ့"

"ဘယ်လို"

တိုးအောင် ပြောလိုက်သောစကားကို သူနားမလည်။

"ငယ်ငယ်တို့သားအမိ အိမ်သော့ခတ်ပြီး ဘယ်ပြောင်းသွားကြလဲ မသိဘူးတဲ့"

"စောငယ်ငယ်က သူပြောင်းမယ့်နေရာကို သူ့သူငယ်ချင်းတွေကို ပြောမသွားဘူးလား"

"ပြောမသွားလို့ သူတို့လည်း ခေါင်းစားနေကြတာပေါ့ကွ"

"အရေးတကြီးပြောင်းသွားလို့ ဖြစ်မှာပေါ့။ စောငယ်ငယ်က သားအမိနှစ်ယောက်ဆိုတော့ အဖေမရှိဘူးလား"

"ရှိတယ်၊ သူတို့အဖေက ခရီးသွားနေတာများတယ်။ ငယ်ငယ့်အကြောင်းကို နွယ်မာနဲ့ ညိုညိုတောင် သိပ်မသိကြဘူး။ မနေ့ကညနေကျောင်းဆင်းတော့ နွယ်မာတို့ ငယ်ငယ်တို့အိမ်သွားကြတယ်၊ သော့ခတ်ထားတော့ ဘေးအိမ်ကမိန်းမကို မေးကြည့်ရင်း အဲဒီအိမ်က အပေါင်ဆုံးသွားလို့ ငယ်ငယ်တို့သားအမိ ချက်ချင်းဆင်းပေးရတယ်လို့ပြောတယ်။ ဘယ် ပြောင်းသွားလဲဆိုတာတောင် ဘယ်သူ့ကိုမှ ပြောမသွားဘူးတဲ့"



"ဘာတွေလုပ်လို့ အိမ်ကအပေါင်ဆုံးသွားရတာလဲ"

"မသိဘူးလေ၊ အခုတောင် ဘေးအိမ်က မိန်းမပြောလို့ သိရတာပါဆို"

နှစ်ယောက် ပြောစရာ စကားမရှိသလို တိတ်သွားသည်။ နွယ်မာတို့ဆီ အကြည့်ရောက်တော့ သူမတို့နှစ်ယောက်ကြည့်နေတာနှင့် အကြည့်ချင်းဆုံသွားသည်။ ဘာအကြောင်းမှ မသိရသေးပေမယ့် စောငယ်ငယ်ကို သူ သနားနေမိသည်။

"စောငယ်ငယ် ကျောင်းပြန်တက်ရင် သိရမှာပေါ့"

"ကျောင်းတောင် ပြန်တက်ပါ့မလား မသိဘူး။ ညိုညိုတို့လည်း အဲဒါပဲ စိတ်ပူနေကြတာ"

တိုးအောင်အပြောကို သူလက်မခံချင် ဖြစ်သွားသည်။

"ဘာဖြစ်လို့ မတက်ရမှာလဲ၊ ပြောင်းသွားတဲ့နေရာ အတည်တကျဖြစ်ရင် ပြန်တက်မှာပေါ့၊ စာမေးပွဲကလည်း သိပ်လိုတော့တာမှ မဟုတ်တာ"

"အေးလေ၊ မင်းပြောသလို ငယ်ငယ်ကျောင်းပြန်တက်ပါစေလို့ ငါတို့အားလုံး ဝိုင်းဆုတောင်းရမှာပဲ"

"တက်မှာပါ"

အားတင်းပြီးသာ သူပြောလိုက်ရပေမယ့် စိတ်ထဲမှာတော့ တစ်မျိုးပဲ။

ဒါပေမဲ့ သူတို့အားလုံး မျှော်လင့်ထားသလို စောငယ်ငယ်က ပေါ်မလာတော့ပါ။ တစ်နေ့ပြီးတစ်နေ့ ကုန်သွားပြီး စာမေးပွဲကြီးတောင်နီးလာပြီ။ သူနှင့်နွယ်မာတို့နှစ်ယောက်တောင် တော်တော်ခင်နေပြီ။ သူမတို့သူငယ်ချင်း စောငယ်ငယ်အကြောင်း နေ့တိုင်းပင် ပြောနေတာကို ငြိမ်ငြိမ်လေးပဲ သူနားထောင်နေမိသည်။

******

"ဘာလိုလို့နဲ့ တို့စာမေးပွဲဖြေဖို့ တစ်လပဲ လိုတော့တယ်နော်"

"ဟုတ်တယ်...မိငယ် သတင်းလည်း ဘာမှမကြားရဘူး"

"မိငယ်က တို့ကို ရက်စက်လွန်းပါတယ်ဟာ။ သူ ဘယ်မှာရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အဆက်အသွယ်လေးတောင် မလုပ်ဘူး"

ညိုညို ဝမ်းနည်းသံလေးနှင့်ပြောတော့ သူ့ရင်ထဲ ဘယ်လိုကြီးဖြစ်သွား မှန်းမသိ။

"ရန်ကုန်မှာတောင် ရှိပါဦးမလားမသိဘူး"

"သူစာမေးပွဲတော့ လာဖြေမှာပါ"

"ဘာများဖြစ်သွားတာလဲ မသိဘူးနော်"

"သူ့ကိုကြည့်ရတာတော့ ဘာမှမဖြစ်သလို ပျော်ပျော်ပါးပါးနေနေတာ နှင်တို့လည်း မြင်တာပဲ။ နောက်ဆုံး ကျောင်းတတ်တဲ့နေ့ကတောင် ရတု ကို နောက်နေသေးတာပဲ"

အားလုံး တစ်ယောက်တစ်မျိုးပြောနေကြပေမယ့် သူကတော့ နား ထောင်သမားသက်သက်။ ညိုညိုပြောသလို စောငယ်ငယ် နောက်ဆုံး ကျောင်းတက်သည့်နေ့က ကျောင်းဆင်းခါနီး သူ့ကိုစသွားသေးသည်။

"အေးဟာ...ချက်ချင်းကြီး ဘယ်လိုဖြစ်သွားတာလဲ မသိဘူး"

"မိငယ်အကြောင်း ခေါင်းစားနေတာနဲ့ နင့်ကိုပြောဖို့ မေ့နေတယ်ရတု"

"ဘာလဲ ညိုညို"

"နင် ဝလာတယ် သိလား"

ညိုညိုပြောတော့ ကျန်နှစ်ယောက်က်ပါ သူ့ကိုအပြုံးအပြုံကြည့်ကြ သည်။ ရှက်သလိုလိုကြီးဖြစ်နေပေမယ့် တော်တော်တော့ ကျေနပ်သွား သည်။ တကယ်လည်း သူပေါင်ချိန်တက်လာသည်။

"ဟုတ်တယ် ရတု၊ နင်ဘာဆေးတွေ စားလို့လဲ"

"နင်ကလည်း ဟာ"

နွယ်မာ့အမေးကို တိုးအောင်က အားရပါးရအော်ရယ်သည်။

"နင်က ဘာရယ်တာလဲ တိုးအောင်။ ငါက အကောင်းမေးတာပါ အရင်လို နောက်ချင်ပြောင်ချင်စိတ်နဲ့ မေးတာမဟုတ်ပါဘူး။ နင်ရယ်တာ နဲ့ ရတုက သူ့ကိုနောက်တယ်ထင်နေဦးမယ်"

"မထင်ပါဘူးဟာ"

"ဘယ် ထင်မလဲ။ ငါက အမှန်ပြောတဲ့ဟာကို"



"ဘာပဲဖြစ်ဖြစ် မင်းကို ဝလာတယ်လို့ပြောတဲ့အတွက် ငါတို့ကို တစ်ခုခုကျွေးရမယ် ရတု။ ဟုတ်တယ် ငါလည်း အခုမှသတိထားမိတယ်"

"ဖြေး"

တိုးအောင် သူ့ကိုအပြန်ပြန်ကြည့်ပြီးပြောတော့ နွယ်မာထောမနာ ပြုသည်။ သူကလည်း တစ်ခုခုကျွေးချင်နေပြီ။

"ဘာစားကြမှာလဲ ပြော"

"နင် စေတနာရှိတာကျွေးပေါ့"

"ငါက စေတနာရှိပြီးသားပါ။ နင်တို့ ကြိုက်တာသာ စား"

"တရုတ်တန်းမှာ တစ်ခုခုသွားစားမလား"

"အေး...ကောင်းတယ်"

လေးယောက်သား တရုတ်တန်းဘက် ထွက်လာခဲ့ကြသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သူနှင့် သူငယ်ချင်းတွေထင်သလို စာမေးပွဲဖြေသည့်နေ့အထိ စောငယ်ငယ်ရောက်မလာခဲ့ပါ။ နောက်ဆုံးနေ့ စာမေးပွဲဖြေပြီးသည့်အထိ စောငယ်ငယ်ရဲ့ အရိပ်အယောင်တောင် မတွေ့ရတော့ စာမေးပွဲကို ကောင်းစွာဖြေနိုင်ကြပေမယ့် မပျော်နိုင်ကြဘဲ ကိုယ်စီမျက်နှာပျက်နေကြသည်။

နေ့ဝါအပူက သူ့ရင်ထဲက အပူကိုမမီပါ။ နောက်ဆုံးနေ့ဖြေပြီး အအေးဆိုင်တစ်ဆိုင်မှာထိုင်ရင်း ညိုညိုက စတင်ကာ စောငယ်ငယ်အကြောင်းကို ပြောသည်။

"ဘယ်လို စုံစမ်းရမှန်း မသိအောင်ကို မိငယ်က တို့ကိုခြေရာဖျောက်သွားတယ်"

"သူ ဖျောက်တာမဟုတ်ပါဘူး၊ သူ့အမေစီစဉ်တာကို သူလိုက်ရတာနေမှာပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ သူတို့ကိုယ်ရေးကိုယ်တာအကြောင်း မပြောချင်ဘဲနဲ့တောင် သူဘယ်မှာရှိတယ်ဆိုတာတော့ အကြောင်းကြားသင့်ပါတယ်"

နွယ်မာနှင့်တိုးအောင်ကလည်း သူတို့ထင်မြင်ချက်တွေကိုပြောကြသည်။ သူကတော့ စောငယ်ငယ်ကိုမတွေ့ရတော့ဘူးဆိုသည့်အသိက စာမေးပွဲ ပထမနေ့ကတည်းက ခြောက်လှန့်နေသည်။ သူ့ကိုယ်သူတောင် မယုံကြည်နိုင်အောင် စောငယ်ငယ်ရဲ့ ငယ်ပေါင်းသူငယ်ချင်းတွေထက်ကို သူမ ကို သတိရနေသည်။

"ရတု နင်လည်း တစ်ခုခုပြောဦးလေ"

"ငါက ဘာပြောရမှာလဲ"



နွယ်မာပြောတော့ ညိုညိုက

"ရတုက ဘာပြောရမှာလဲ နွယ်မာရဲ့၊ သူက ငယ်ငယ့်ကိုမုန်းနေတဲ့ဟာ"

ညိုညိုထင်မြင်ချက်ကြောင့် သူပျာယာခတ်သွားပြီး

"မဟုတ်တာဟာ၊ ငါစောငယ်ငယ်ကို မမုန်းပါဘူး။ ကလေးအတွေးတွေးပြီး ဒေါသဖြစ်တာကလွဲရင် ငါသူ့ကိုမမုန်းပါဘူး။ တိုးအောင်ကလည်း သူ့အကြောင်းပြောပြပါတယ်"

"ဟုတ်တယ် ရတုရဲ့၊ နင့်ကို နစ်နာစေလိုတဲ့စိတ်နဲ့ စတာမဟုတ်ပါဘူး။ သူ့အကြောင်းသိရင် သူ့ကိုနင် အရှုံးခံသွားမှာပါ"

"ငါ သူ့ကိုသတိရတယ်၊ သူ့ကိုမတွေ့တဲ့နေ့ကစပြီး တစ်ခုခုလိုနေသလိုပဲ။ တစ်နေ့မှလည်း မေ့လို့မရဘူး။ စာမေးပွဲလာဖြေမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ခဲ့ပေမယ့် သူရောက်မလာတော့ ငါ အရှုံးခံစားသွားရတယ်။ ငါ့ကိုယ်ငါတောင် အံ့ဩမိတယ်"

"မင်း ဒီလောက်အထိ ငယ်ငယ့်အပေါ် ဖြစ်သွားတယ် ဟုတ်လား"

သူ့ရဲ့ ရင်ဖွင့်စကားကြောင့် တိုးအောင် တအံ့တဩကြည့်ပြီးမေးသလို နွယ်မာတို့နှစ်ယောက်ကလည်း မမြင်ဖူးသူလို ငိုင်းကြည့်နေကြသည်။

ခေါင်းညိတ်ပြတော့ သူ့ကို ညိုညိုက

"မယုံနိုင်စရာပဲ"

ဟု ပြောသည်။

"ဘာမှ မဟုတ်ဘူးရတု၊ မိငယ်ကို နင်မုန်းလွန်းလို့ ချစ်သွားတာဖြစ်မယ်"

"ငါသူ့ကို ဘယ်တုန်းကမှ မမုန်းပါဘူးဟာ"

"ဒါနဲ့ ကြည့်လို့မရဘူး။ ယောက်ျားချင်းသာဆို ဆွဲထိုးပစ်တယ်ဆို"

တိုးအောင်က မခံချင်အောင် ခနဲ့နေတော့ သူပြုံးလိုက်သည်။ ညိုညိုနှင့် နွယ်မာကလည်း ပြုံးစိစိကြည့်နေကြပေမယ့် သူ မရှက်တော့ပါ။ စောငယ်ငယ်နှင့်ပတ်သက်ပြီး သူမ သူငယ်ချင်းတွေကို ရင်ဖွင့်လိုက်ရသည့်အတွက်ပဲ ရင်ထဲပေါ့သွားသည်။

www.burmeseclassic.com

"ငါ မနက်ဖြန် ပြင်ဦးလွင်သွားမယ်နော်၊ တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်"

"ဟာ. . .မင်းကလည်း ချက်ချင်းပဲ"

"ဟုတ်ပါတယ်၊ တစ်ပတ်လောက်တော့ နေပါဦး ရတုတလည်း"

"မိငယ်သာရှိရင် သွားမှာမဟုတ်ဘူး"

သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုး အပြစ်တင်နေကြသည်။

"ငါ မကြာပါဘူး။ စောငယ်ငယ်ကိုတွေ့ရင်တော့ ချက်ချင်း အကြောင်းကြားလိုက်"

သူ့ရဲ့ စပ်ဖြဲဖြဲအပြောကြောင့် ဝိုင်းမေတ္တာပို့နေကြသည်။

******

ပြင်ဦးလွင်မှာ ခါတိုင်းနှစ်တွေလို သူမပျော်ပါ။ စောငယ်ငယ်ကိုပဲ နှင့်နှင့်သီးသီး သတိရနေမိသည်။ ရန်ကုန်ပဲပြန်လာချင်နေပေမယ့် အဒေါ်တွေက မလွှတ်ဘူး။ သုံးလေးရက်ခြား တိုးအောင်ကို ဖုန်းဆက်ပြီး စောငယ်ငယ်ကို ပြန်တွေ့ပြီလားမေးတိုင်း မတွေ့သေးဘူးဆိုသည့်အဖြေပဲ ရသည်။ တစ်ခါဖုန်းဆက်ပြီးရင် ရင်မောရလွန်းတော့ ငယ်ငယ်ရှုယ်ရှုယ်နှင့် နှလုံးရောဂါဖြစ်မှာတောင် စိုးရသည်။

အောင်စာရင်းထွက်တော့ ဖွတ်ပင်သူ ရန်ကုန်ပြန်လာခဲ့သည်။ သူငယ်ချင်းတွေ ဝမ်းသာအားရကြိုနေကြပြီး တော်တော်ကြီးပြောင်းလဲသွားတော့ သူ့ကိုကြည့်မဝဖြစ်နေကြသည်။

"နင် အရမ်းလှလာတာပဲ ရတုရယ်။ သွားတုန်းကနဲ့ ဘာမှမဆိုင်ဘူး"

"ဟုတ်တယ် ရတု၊ ကြည့်လို့ကို မဝဘူး"

"အေးပါဟာ၊ ငါ နင်တို့ကျေနပ်စေမယ့် လက်ဆောင်တွေပေးမှာပါ"

"မြှောက်နေတာမဟုတ်ဘူး"

"ယုံပါတယ်"

တိုးအောင်ကတော့ သူနှင့်ညိုညိုတို့နှစ်ယောက်ကို ကြည့်မရသလို မှုန်ကုပ်ကုပ်မျက်နှာနှင့်ကြည့်နေသည်။



"တိုးအောင် နင်မနာလိုဖြစ်နေတာ မဟုတ်လား"

"မနာလိုစရာမရှိပါဘူး။ တတ်နိုင်လွန်းတဲ့နင်တို့ကိုပဲ အံ့သြနေတာ"

"မအံ့သြနဲ့လေ၊ စိတ်ဆိုတာ အမြဲပြောင်းလဲနေတာ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

တိုးအောင်နှင့် နွယ်မာ့ကိုကြည့်ပြီး သူနှင့်ညိုညိုရယ်ကြသည်။

"ဒါနဲ့ရတု နင်က ဂုဏ်ထူးသုံးခုအပြင် ဂုဏ်ထူးမရတဲ့ ဘာသာတွေလည်း အမှတ်ကောင်းမှာပါ။ နင် ဘာတက်မယ်စိတ်ကူးလဲ"

ညိုညို့အမေးကို ကျန်နှစ်ယောက်လည်း စိတ်ဝင်စားနေကြသည်။ သူ ချက်ချင်းပြန်မဖြေသေးဘဲ ခဏကြာမှ

"ငါ ဒီမှာကျောင်းတက်ဖြစ်မှာမဟုတ်ဘူး"

"ဘယ်လိုရတု၊ ဒီမှာ မတက်လို့ ဘယ်မှာတက်မလို့လဲ"

"အေးလေ"

အားလုံး စိတ်ဝင်တစားသူ့ကို ဝိုင်းကြည့်ကုန်သည်။

မျက်နှာမသာမယာနှင့် သူက

"ဖေဖေတို့က ငါ့ဦးလေးရှိတဲ့ အမေရိကားမှာ ထားဖို့စီစဉ်နေတယ်"

"ဒါဆို နိုင်ငံခြားမှာ နင်ကျောင်းသွားတက်ရမှာပေါ့"

"ဟုတ်လားဟင် ရတု"

ညိုညိုနှင့်နွယ်မာ ပိုသံပါကြီးတွေနှင့်ပေးသလို တိုးအောင်ကလည်း ဝေသောမျက်လုံးကြီးတွေနှင့် စိုက်ကြည့်နေသည်။ ဘာကြောင့်မှန်းမသိ ဝမ်းနည်းစိတ်တွေ တလိပ်လိပ်တက်လာပြီး မေါင်းငုံ့လိုက်သည်။

"အရင်တော့ နင့်မိဘတွေက မြန်မာပြည်ထဲမှာတောင် မခွဲနိုင်ဘူး ဆိုပြီး အခုတော့ နိုင်ငံရပ်ခြားတောင် လွှတ်မယ်ပေါ့"

"ဟိုတုန်းကတည်းက ငါ့မိဘတွေစီစဉ်ထားတာပါ။ ငါကတော့ သိပ်သွားချင်ပါဘူး။ ညိုညိုပြောသလို ငါလည်းစကားနာထိုးကြည့်ခဲ့သေးတယ်။ ပညာရေးဆိုတော့လည်း ခွဲသင့်ရင် ခွဲရမှာပေါ့တဲ့"

"ဒါဆို မင်းမတော်တော်နဲ့ ပြန်လာဖြစ်မှာမဟုတ်တော့ဘူးပေါ့နော်"

www.burmeseclassic.com



"ငါအကြာကြီး မနေနိုင်ပါဘူး။ ငါတကယ် မသွားချင်ဘူးဆို နင်တို့ယုံမှာမဟုတ်ဘူး"

သူငယ်ချင်းတွေ မျက်နှာပျက်နေကြသည်။

"တကယ်လို့ မိငယ်နဲ့ပြန်တွေ့ရင် နင်ပြန်လာမလား"

"ပညာသွားသင်တာဆိုတော့ ပညာစုံအောင်တော့ နေရဦးမှာပေါ့"

"နင့်ဘဝက အားကျစရာကြီးပါ ရတုရယ်၊ ငါတို့ကိုတော့ မေ့မသွားပါနဲ့နော်"

"မေ့စရာလားဟာ၊ ငါ့မှာ သူငယ်ချင်းဆိုလို့ နင်တို့ပဲရှိတာ။ စာလည်းရေးမယ်၊ ဖုန်းလည်းဆက်မယ်၊ အမြဲတမ်း သတိရနေမယ်"

အခုတည်းက ဒီသူငယ်ချင်းတွေကို လွမ်းနေပြီ၊ နှုတ်မှာနှင့် ညီညီလည်း မျက်နှာပျက်နေကြသည်။ တိုးအောင်ကတော့ အသံတိတ်နေ၏။

"နင်တစ်ယောက်တည်း ရိုက်ထားတဲ့ ဓါတ်ပုံတော့ ပေးသွားဦး ရတု"

"ဘာလုပ်မလို့လဲ"

"ငယ်ငယ်နဲ့ပြန်တွေ့ရင် နင်သိပ်လှလာတဲ့အကြောင်း ကြွားမလို့ပေါ့"

သူ သဘောပေါက်သလို ပြုံးလိုက်သည်။

"အဲဒါတော့ ဟုတ်တယ် ရတု"

တိုးအောင်ကလည်း ထောက်ခံနေတော့

"အေးပါ၊ သွားဖို့လည်း လိုပါသေးတယ်။ မသွားခင်သာ စောငယ်ငယ်နဲ့တွေ့ရင် သိပ်ကောင်းမှာပဲနော်"

"ကဲပါ ရတုရယ်၊ စိတ်မကောင်းစရာတွေ မပြောပါနဲ့တော့။ နင်မသွားခင် တို့တွေ ပျော်ပျော်ပါးပါးနေကြတာပေါ့"

အားပေးနေသော နှုတ်မှာ့အသံကလည်း ဝမ်းနည်းသံပေါက်နေသည်။ တွေ့ဆုံကြုံကွဲဆိုသော ဓမ္မတာကို ဘယ်လူသားမဆို ရင်ဆိုင်ကြရမှာပဲ။

******



ဒီလိုနှင့် ဝမ်းနည်းစရာတွေကိုမေ့ထားပြီး သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး စားသောက်လည်ပတ်ကြသည်။ သူ့အတွက် ပျော်စရာအချိန်တွေဟုပြောလို့ရသော်လည်း စောငယ်ငယ်မပါသည့်အတွက်တော့ တစ်ခုခုလိုအပ်နေသလိုပဲ။

သူနှင့် သူငယ်ချင်းတွေ မလွဲမသွေခွဲခွာရမည့်နေ့ကို ရောက်လာခဲ့သည်။

လေယာဉ်ပေါ်တက်ကာနီး သူနှုတ်ဆက်တော့ နှုတ်မာနှင့်ညီညီငိုကြသည်။ တိုးအောင်ကတော့ မျက်နှာတစ်ပြင်လုံးနီရဲပြီး ဟန်ဆောင်ထိန်းချုပ်ထားပုံရသည်။

ဖေဖေနှင့်မေမေ သူစိတ်မကောင်းမှာစိုးလို့ အပြုံးတွေဖန်ဆင်းထားပေမယ့် မျက်ဝန်းထဲမှာ မျက်ရည်တွေတွဲခိုနေသည်။ စိတ်ဓါတ်နိုင်သော သူတောင် ငိုချင်စိတ်ကိုမနည်းထိန်းထားရသည်။

"ဖေဖေ…မေမေ၊ သား သွားမယ်နော်၊ ကျန်းမာရေးကို အထူးဂရုစိုက်ပါ"

"စိတ်ချသား၊ သားလည်း ဂရုစိုက်ပါ"

"ဟုတ်ကဲ့ပါ ဖေဖေ"

မေမေကတော့ သူ့လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ခေါင်းညိတ်ပြသည်။

"သွားမယ်နော်"

သူငယ်ချင်းတွေဘက်ကြည့်ပြီး အပြုံးလေးနှင့် နှုတ်ဆက်တော့ အားလုံးခေါင်းပဲ ကိုယ်စီညိတ်ပြကြသည်။ နှုတ်ဆက်ပြီးတာနှင့် သူလုံးဝလှည့်မကြည့်တော့ပါ။

လေယာဉ်ကြီးပျံတက်သွားတော့ မမြင်ရတော့သည့် မိဘနှစ်ပါးနှင့် သူငယ်ချင်းတွေကို ရည်မှန်းပြီးစိတ်ထဲကပြောလိုက်သည်။

အရမ်းကို ခံစားနေရပါတယ်။ ဖေဖေ မေမေနဲ့ သူငယ်ချင်းတို့ရယ်။ စောငယ်ငယ်က ပျောက်မသွားခဲ့လျှင် သူနိုင်ငံခြားသွားသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ့မလား။ သွားခဲ့သည်ဆိုလျှင်တောင် အခုအချိန်မှာ သူမ မဖြစ်မနေ ပါလာမှာပဲ။

ပြန်လာရင်တော့ နင်လာကြိုတာကို ငါမြင်ချင်တယ် စောငယ်ငယ်ရယ်။

အိပ်မက်က လန့်နိုးသလို အတွေးတွေ ဟိုးအဝေးမှာကျန်ခဲ့သည်။ စောငယ်ငယ် လာကြိုပါစေဆိုသည့် သူ့ဆုတောင်းမပြည့်ခဲ့ပါ။ ဒါပေမဲ့ သူ ယုံကြည်နေပါသည်။ အဲဒါကတော့ စောငယ်ငယ်ကို ပြန်တွေ့မှာဆိုသည့် ယုံကြည်ချက်ပင်။ သူမဓါတ်ပုံလေးကို ကြည့်မဝစွာ ထပ်ကြည့်ပြန်သည်။

❀ ❀ ❀

## အခန်း (၇)

အလုပ်အတွက် အင်တာဗျူးလုပ်သည့်နေ့မှာ များပြားလှသော အလုပ်လျှောက်သူတွေကိုကြည့်ပြီး ခေါင်းတွေတောင်မူးနောက်သွားရသည်။ စက်ရုံရော၊ ကုမ္ပဏီရောအတွက်အပြင် အခုမှစမှာဆိုတော့ ဆိုင်ရာဆိုင်ရာအတွက် ဝန်ထမ်းတွေက တော်တော်ကိုများလှသည်။

ဒီနေ့ လူတွေ့ခေါ်တာက ကိုယ်ရေးအတွင်းရေးမှူး၊ စာရင်းကိုင်နှင့် အထွေထွေလုပ်သားဖြစ်သည်။ မဏီ ဘုရားစာရွတ်ရင်း ဘဝတူအလုပ်လျှောက်သူတွေကို အကဲခတ်တော့ အသီးသီးပွစိပွစိ ရည်ရွတ်နေတာသည် သူတို့တွေလည်း ယုံကြည်ရာ ယုံကြည်ရာရွတ်ဆိုနေကြတာဖြစ်မည်။

"ရှင်မဏီ"

နာမည်ခေါ်သံကြောင့် ရင်တွေတဒိတ်ဒိတ်ခုန်သွားသည်။ လူတစ်ယောက်နှင့်အတူ အင်တာဗျူးမည့်အခန်းထဲ မဏီဝင်လာခဲ့သည်။ ရင်ခုန်မှုနှင့်အတူ ဘယ်သူ့ကိုမှမကြည့်ဘဲ ညွှန်ပြသည့်ခုံမှာ မဏီဝင်ထိုင်လိုက်သည်။

မျက်လွှာလေးချကာ မိုးထိုက်ရှေ့တည့်တည့်မှာ ရှိန့်ရှိန့်လေးဝင်ထိုင်လိုက်သော အင်တာဗျူးဖြေမည့်ကောင်မလေးကိုကြည့်ပြီး ဘုန်းရဝှု တအံ့တဩဖြစ်သွားသည်။ အံ့ဩလွန်း၍ နှုတ်က ယောင်ရမ်းထွက်မသွားအောင် မနည်းပင် သတိထားလိုက်ရသည်။

စောငယ်ငယ်။

သူ အနှစ်နှစ်အလလ လွမ်းဆွတ်တမ်းတခဲ့ရသော စောငယ်ငယ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ နှလုံးသားတွေ ပြောင်းဆန်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွာခြေရသွားတာကလွဲလျှင် လွန်ခဲ့သော ကိုးနှစ်ကအတိုင်း စောငယ်ငယ်က ဘာတစ်ခုမှပြောင်းလဲမသွားပါ။ ကုမ္ပဏီပိုင်ရှင် မိုးထက်ဘေးမှာထိုင်နေသောသူ့ကို သူမ လှည့်မကြည့်။ လှည့်ကြည့်လျှင်လည်း သူ့ကိုမှတ်မိမှာမဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ သူမနှင့်တွေ့တုန်းက သူပုံနှင့် ယခုသူ့ပုံသည် အကွာခြားကြီး ကွာခြားနေသောကြောင့်ဖြစ်သည်။

ဝမ်းသာလိုက်တာ စောငယ်ငယ်။ ငါ ဘယ်လိုဝမ်းသာမှန်းမသိဘူး။

"အရင် ဘယ်မှာလုပ်ဖူးလဲ"

"အချိုရည် စက်ရုံမှာ လုပ်ဖူးပါတယ်"

"ဘာကြောင့်ဟိုမှာ ဆက်မလုပ်ဘဲ ဒီမှာလာလျှောက်ရတာလဲ"

"လစာ ပိုကောင်းမယ်ထင်လို့"

မိုးထိုက်က နှုတ်ခမ်းတွန့်ရုံလေး ပြုံးသည်။

မျက်လွှာလေးချပြီးမေးတာဖြေနေသော သူမအသံလေးကလည်း အရင်အတိုင်း ပြောင်းမသွား။ သူမ မျက်နှာလေးကို မျက်တောင်မခတ်ဘဲ တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးမှုတွေနှင့် တက်ကြွနေသည်။ သူမ အင်တာဗျူးဖြေပြီးတာနှင့် သွားနှုတ်ဆက်ဖို့ သူ့အသင့်ပြင်ထားသည်။

"မျှော်မှန်းလစာ ဘယ်လောက်လဲ"

"လူကြီးမင်းတို့ သတ်မှတ်ထားတဲ့ အတိုင်းပါပဲ"

"ပြောကြည့်ပါ။ ဘယ်လောက် မျှော်မှန်းထားလဲ"

"ကျွန်မ မပြောတတ်ပါဘူးရှင်"

"မင်းသွားနိုင်ပြီ"

ခေါင်းငုံ့အရိုအသေပေးပြီး မဏီအခန်းထဲက ထွက်လာခဲ့သည်။ အပြင်ရောက်မှ သက်ပြင်းချပြီး မမလှိုင်ကိုကြည့်တော့ မမလှိုင်က ဘယ်လိုလဲဆိုသောအကြည့်နှင့် ကြည့်၏။ မဏီ ခေါင်းညိတ်ပြမှ မမလှိုင်ပြုံးသည်။ မမလှိုင်က ထိုင်ရာက မထသေးဘဲ

"မဏီ အပြင်ကပဲစောင့်နေလိုက်။ မမလှိုင် အသိတစ်ယောက်ကို စောင့်ပေးလိုက်ဦးမယ်"

မမလှိုင်ကို ခေါင်းညိတ်ပြပြီး ကုမ္ပဏီဘေးနား လှေကားလေးမှာ



ထိုင်ချလိုက်သည်။

စောငယ်ငယ် ထွက်သွားပြီး နောက်တစ်ယောက်မခေါ်ခင်မှာပဲ သူ အပြင်ထွက်လာခဲ့သည်။ စိတ်လှုပ်ရှားစွာနှင့်ပဲ သူမကို လိုက်ရှာတော့ ကုမ္ပဏီဘေးထောင့်လှေကားလေးမှာ တစ်ယောက်တည်းထိုင်နေသည်။ တစ်ခုခုကို စိတ်ဝင်တစားကြည့်နေသော စောငယ်ငယ်ကိုကြည့်ပြီး ရင်တွေအဆမတန်ခုန်လာသည်။

သူမဘာဝကို ဖတ်မြုပ်ပြီး ရှင်မဏီဟု နာမည်ပါပြောင်းထားသော စောငယ်ငယ်က သူငယ်ချင်းအရင်းခေါက်ခေါက်တွေကိုတောင် အဆက်အသွယ်ဖြတ်ခဲ့သည်။ ဒါကြောင့် စောငယ်ငယ်ကို ဝမ်းသာအားရ သွားနှုတ်ဆက်ဖို့ အစီအစဉ်ကိုဖျက်သိမ်းလိုက်သည်။

သူနှင့် စောငယ်ငယ်က သူကသာ တိတ်တခိုး စွဲလန်းနေရတာ။ ထိုအကြောင်းကို စောငယ်ငယ်မသိ။ နောက်ပြီး အကြောင်းတစ်ခုခုကြောင့် သူမ ခြေရာဖျောက်မသွားခင်ကအထိ သူနှင့်သူမက မတည့်ပါ။ သွားနှုတ်ဆက်လျှင် ဖြောင့်ဖြောင့်မှာ သေချာသည့်အပြင် နောက်ထပ် ကိုယ်ယောင်ဖျောက်သွားမှာ သူသိပ်ကြောက်နေမိသည်။

ဒါကြောင့် သူမ ကားဂိတ်မှာ ကားစီးမှ နောက်ကလိုက်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ မိုးထိုက်ကို အရေးတကြီးကိစ္စရှိသည့်အကြောင်း သွားပြောဖို့ ကုမ္ပဏီခန်းထဲ ပြန်ဝင်ခဲ့သည်။

မိုးထိုက်ကို နှုတ်ဆက်ပြီး စောငယ်ငယ်ထိုင်နေသော ကုမ္ပဏီဘေး နံရံချပ်တံခါးကြီးက စောင့်ကြည့်နေမိသည်။ သိပ်မစောင့်လိုက်ရခင်မှာပဲ စောငယ်ငယ်နှင့် အဖော်ဖြစ်သူတို့ ကုမ္ပဏီထဲကထွက်သွားကြသည်။ သူမတို့တော်တော်လှမ်းလှမ်းရောက်သွားမှ ကုမ္ပဏီထဲကထွက်လာပြီး ကားကိုခပ်ဖြည်းဖြည်းမောင်းလာခဲ့သည်။

"အခြေအနေ ဘယ်လိုလဲ မမလှိုင်"

"အကောင်းဆုံးတော့ ဖြေခဲ့တာပဲ မဏီရယ်။ ရွေး မရွေးတော့ပိုင်ရှင်အပေါ်ပဲ မူတည်တာပေါ့။ မဏီရော အဆင်ပြေတယ် မဟုတ်လား"

"ပြေတယ်လို့ပဲ ပြောရမှာပေါ့ မမလှိုင်။ မဏီကတော့ ရင်တွေအရမ်း

www.burmeseclassic.com

www.burmeseclassic.com



ခုန်နေတာပဲ သိတယ်"

မဏီအပြောကို မမလှိုင်က အပြုံးလေးနှင့် စောင်းငဲ့ကြည့်၏။

"ဟုတ်တယ် မမလှိုင်ရဲ့၊ ဒီလောက် စိတ်လှုပ်ရှားနေတဲ့ကြားက အထစ်အငေါ့မရှိ ပြန်ဖြေနိုင်တာပဲ တော်လှပြီ"

"မဏီမပြောနဲ့ မမလှိုင်တောင် တော်တော်ရင်ခုန်နေတယ်။ အရင်ကတော့ ဒီအလုပ်မရလည်း နောက်တစ်ခုပေါ့လို့ ခပ်ပေါ့ပေါ့နေနိုင်ပေမယ့် အခုတော့ ဒီလိုမဟုတ်တော့ဘူး"

"ဟင်...ဘာဖြစ်လို့လဲ မမလှိုင်"

"ဘာဖြစ်လို့ရမှာလဲ ကုမ္ပဏီပိုင်ရှင်သူဌေးကလည်း ချောလိုက်တာ ပြောမနေနဲ့။ နောက်ပြီး သူဌေးဘေးမှာထိုင်နေတဲ့တစ်ယောက်ကလည်း ယောကျ်ားတန်မဲ့ လှလိုက်တာ။ သူ့အကြည့်တွေက ရင်ထဲမှာဘယ်လိုကြီး ဖြစ်သွားမှန်းတောင် မသိဘူး"

အခုမှပင် မမလှိုင် ရင်ခုန်ရခြင်းအကြောင်းရင်းကို မဏီသဘောပေါက်သွားရသည်။

"မမလှိုင်ကတော့လုပ်ပြီ။ မဏီက အင်တာဗျူးကြောင့်ရင်ခုန်တယ် မှတ်တာ။ မဏီကတော့ ဗျူးတဲ့လူကိုရော တခြားသူတွေရော သတိမထားမိပါဘူး"

"အင်တာဗျူးက ဘာရင်ခုန်စရာရှိလို့လဲ မဏီရယ်"

မမလှိုင် မျက်နှာလေးကို မဏီစောင်းငဲ့ကြည့်လိုက်သည်။ ဘာမှအပြစ်ပြောစရာမရှိအောင်လှပနေသော မမလှိုင်မှာ ရည်းစားလည်းရှိသည်။ ရည်းစားရှိလျက်နှင့်တောင် ပိုက်ဆံရှိရှိ ရုပ်ချောချောယောကျ်ားတွေကို စိတ်ဝင်စားချင်သေးသည်။

ထိုအချိန်မှာ ကားအကောင်းစားကြီးတစ်စီး မဏီတို့ဘေးနားက ဖြည်းဖြည်းချင်းဖြတ်သွားပြီး ကားမောင်းသူကလည်း မဏီနှင့်မမလှိုင်ကို ကြည့်သွားသည်။ မဏီနှင့် မမလှိုင် ပြိုင်တူလှည့်ကြည့်ပြီး ကိုယ်စီ အသံတိတ်ကာ အံ့ဩသွားကြသည်။

မမလှိုင်ကတော့ ဘာကိုအံ့ဩသွားလဲ မသိပါ။ မဏီထိတ်လန့်အံ့ဩ



သွားတာကတော့ မဏီ သိပ်စွဲလန်းခဲ့သော သူ့ကိုတွေ့လိုက်ရသောကြောင့်ပါ။

သူ ဘုန်းရတု။ ဒီကုမ္ပဏီကို ဘာလာလုပ်တာလဲ။ သူကြည့်သွားတာသည် သွေးရိုးသားရိုးဟုတ်ရဲ့လား။ မဏီကို မှတ်မိသွားလို့လား။ ဘုရား ဘုရား။ စောငယ်ငယ်ဆိုတဲ့ မဏီကို သူ မမှတ်မိပါစေနဲ့။

"အံမလေးလေး၊ ရင်ခုန်စရာတွေတောင် မငြိမ်သေးဘူး။ တွေ့တယ်မလား မဏီ။ မမလှိုင်ပြောတဲ့လူလေ။ မမလှိုင်ကိုကြည့်သွားတာများ ကြက်သီးတွေထလိုက်တာ၊ သေချာပါပြီ၊ အခန်းထဲမှာကတည်းက မမလှိုင်ကို သူရှိုးနေတာ"

ညွတ်ကျသွားတော့မတတ် ဒူးနှစ်ဖက်ကို မတ်မတ်ပြန်ရပ်လိုက်ရင်း မမလှိုင်ဘက်ကြည့်လိုက်ကာ

"ဖြတ်သွားတဲ့ကားပေါ်က လူကိုပြောတာလား မမလှိုင်"

"ဟုတ်တယ်လေ၊ သူက အင်တာဗျူးအခန်းထဲမှာ စမတ်ကျကျထိုင်နေတဲ့ ခပ်ချောချောလူလေ။ အသက်ကတော့ မမလှိုင်ထက်ငယ်မယ်။ မဏီတို့လောက်ရှိမှာပေါ့"

မဏီဘာမှပြန်မပြောဘဲ တိတ်တိတ်လေးပဲနေလိုက်သည်။

မမလှိုင်ပြောသလို မမလှိုင်ကိုကြည့်တာပဲဖြစ်ပါစေဟု ရင်ခုန်စွာပဲ ဆုတောင်းလိုက်သည်။

"မမလှိုင်တော့ ဒီအလုပ်မရမှာ အရမ်းစိုးရိမ်သွားပြီ မဏီရေ"

မဏီ ခေါင်းလေးပဲ ညိတ်ပြလိုက်သည်။ ကားလာနေတော့ စကားပြတ်သွားပြီး နှစ်ယောက်သား ကားပေါ်တက်လိုက်ကြသည်။ ကားစီးနေရင်းကလည်း မဏီရင်တွေခုန်နေတာ အဆမတန်ပဲ။ အရမ်းရစေချင်သော ဒီအလုပ်ကို မရပါစေနဲ့လို့ ဆုတောင်းရမလိုတောင် ဖြစ်နေသည်။

မဏီတို့ မှတ်တိုင်ရောက်တော့ မမလှိုင်နှင့် မဏီက လမ်းချင်းမတူတာကြောင့် လမ်းခွဲလိုက်သည်။

"သွားပြီ မဏီရေ"

"ဟုတ်ကဲ့ မမလှိုင်"

www.burmeseclassic.com

www.burmeseclassic.com



မမလှိုင်နှင့်လမ်းခွဲပြီး အိမ်ဘက်လျှောက်နေသော မဏီ့ခြေလှမ်းတွေ မနိုင်တော့။ မနည်းပင် သတိထားပြီး လျှောက်လာရသည်။ အိမ်ရှေ့ ထွက်ပြီး မျှော်လင့်တကြီးစောင့်စားနေသော မေမေ့ကိုတွေ့တော့ သနား သွားသည်။

"သမီး အဆင်ပြေရဲ့လား"

အဲဝေးကနေ လှမ်းအကဲခတ်ရင်း မေးလိုက်သောမေမေ့ကို မဏီရယ် ပြလိုက်ပြီး

"ပြေပါတယ် မေမေ"

ဒီတော့မှ မေမေ့မျက်နှာကြည်လင်လာသည်။ သားအမိနှစ်ယောက် တစ်ယောက်လက်တစ်ယောက်တွဲပြီး အိမ်ထဲဝင်ခဲ့သည်။

"မေမေ အဆက်မပြတ်ကို ရွတ်ဖတ်ပေးနေတာ"

"ဒါကြောင့် အထစ်အငေါ့မရှိတာပေါ့ မေမေရဲ့"

မေမေက ကျေနပ်သောမျက်နှာနှင့်

"သမီး ခဏနားပြီး ထမင်းစား၊ သမီးကြိုက်တဲ့ ငါးခူနဲ့ ရဲယိုရွက် ရယ်၊ ငါးပိရည်ဖျော်ရယ်၊ ကြာရိုးဟင်းခါးရယ် ချက်ထားတယ်"

"ဂွတ်မေမေ၊ သရေတောင်ကျလာပြီ။ သမီးခဏနားလိုက်ဦးမယ်"

"နား. . .နား သမီး"

မေမေ့ဆီမှ ခွင့်ပြုချက်ရတာနှင့် မဏီ အခန်းထဲဝင်လာပြီး ခြေပစ် လက်ပစ် လှဲချလိုက်သည်။ မေမေ စိတ်ချမ်းသာအောင် ပြောလိုက်ပေမယ့် မဏီ ထမင်းမစားပါ။ မနက်ကလည်း ကော်ဖီတစ်ခွက်သာ သောက်သွား ပေမယ့် နည်းနည်းမှ မဆာပါ။ ခါတိုင်းဆိုလျှင်တော့ မဏီအကြိုက် မေမေချက်ထားသော ဟင်းတွေနှင့် အနားတောင်မယူဘဲ အဝတုတ်ပစ် လိုက်မှာ။ အခုတော့ ဘာမှစားချင်စိတ်၊ လုပ်ချင်စိတ်မရှိအောင် ဘုန်းရတု က မဏီ့ကို နှိပ်စက်နေပြီ။

ဘာမှ ပြောင်းလဲမှုမရှိသော မဏီ့ကို သူမမှတ်မိစရာမရှိပါ။ ကိုးနှစ် ကျော်ဆိုသည့်အချိန်က လူတစ်ယောက်၏ရုပ်ရည်ကို ဘယ်လောက်ပြောင်း လဲပစ်နိုင်မှာမို့လဲ။



"ဘုန်းရတုရေ ဖြူ့ကိုမှတ်မိလည်း နင်မခေါ်ပါနဲ့။ နင်နဲ့ငါက အခြေ နေခြင်း အရမ်းကွာခြားသွားပါပြီ"

မဏီ တိုးတိုးလေး ရေရွတ်ရင်း ဘုန်းရတုနှင့် သူငယ်ချင်းတွေကို ရှာဖျောက်ခဲ့ရသည့် အတိတ်အကြောင်းကို ပြန်သတိရသွားသည်။

******

ဒီတုန်းကတော့ မဏီ့နာမည်က ဖေဖေပေးသော စောငယ်ငယ်ဆို ည့် နာမည်ဖြစ်သည်။ မဏီ့ဘဝက ငယ်ငယ်လေးကတည်းက လိုချင် မှန်သမျှ ပြည့်စုံခဲ့သော ဖေဖေ မေမေတို့၏ အငယ်ဆုံးသမီးလေး သည်။

ငယ်ငယ်တုန်းကတော့ ဖေဖေမေမေအပြင် မဏီက မေမေကြီးဟု ခဲ့ရသော ဒေါ်သန်းစောရယ်၊ မေမေကြီးကမွေးသော မမစု၊ မမနု၊ ကိုမင်းတို့နှင့်အတူ နန်းတော်ကြီးလောက်ကြီးသော စံအိမ်ကြီးတစ်လုံး နေရသည်။

မဏီ့ကိုအားလုံးက ဖူးဖူးမှုတ်ချစ်ကြ၊ အလိုလိုက်ကြသည်။ ဖေဖေ့ မှာသာ မေမေနှင့်မဏီ့ကို အရေးပေးသည့် မေမေကြီးတို့မိသားစု ကြောင်းကို နည်းနည်းအရွယ်ရောက်မှ သိခဲ့ရသည်။ ထိုအချိန်ကတည်း အမြဲတမ်းသည်းခံလာသည့် မေမေ့ကိုသနားသောစိတ်တွေသည် မဏီ့ တစ်ခုလုံးနှင့် မဆံ့အောင်ပင်။

မဏီ ဆယ်တန်းနှစ်ရောက်မှ တဂျီဂျီပူဆာလွန်း၍ မေမေနှင့်မဏီ့ တွက် ဖေဖေက သီးသန့်ခြံဝင်းနှင့်တိုက်လေးဝယ်ပေးသည်။ ဒါကို မေကြီးတို့မိသားစုက မကျေနပ်ကြ။ ဖေဖေနှင့် မဏီမရှိသည့်အချိန် င်း မေမေ့ကို လာလာကြိမ်းသည်။

တစ်နေ့ မဏီကျောင်းကပြန်လာတော့ မေမေကြီးနှင့် မမစု မဏီတို့ ထဲက ထွက်လာသည်။

www.burmeseclassic.com



မဏိနှင့် ခြံဝမှာသွားတို့တော့ မေမေကြီး ဒေါ်သန်းစောက ဟန်ဆော ပြုံးတစ်ခုကိုဖန်ဆင်းကာ

"ကျောင်းဆင်းလာပြီလား သမီးငယ်ငယ်"

"ဟုတ်ကဲ့"

အရယ်အပြုံးမပါဘဲ ပြန်ဖြေသော ငယ်ငယ့်ကို မမစု ခပ်စွေစွေကြည့် ပြီး

"ဟဲ့...လူကြီးက ကောင်းကောင်းမေးတာကို ကောင်းကောင်းဖြေ ပါဟဲ့"

"ငယ်ငယ်က ကောင်းကောင်းမဖြေလို့ ဘယ်လိုဖြေနေလို့လဲ မမစု"

"အံမယ် လေသံကိုက ငါလုပ်လိုက်လို့"

"ဟဲ့ စုစု...တော်စမ်း"

ငယ်ငယ့်ကို တစ်ခုခုလုပ်ဖို့ လက်ရွယ်လိုက်သော မမစုက မေမေကြီ မာန်လိုက်တော့ ရပ်သွားပေမယ့် ဒေါသမပြယ်သေးသောမျက်လုံးကြီးတွေ နှင့် ငယ့်ကိုကြည့်နေသည်။ ငယ်ကလည်း မမစုအတိုင်းပင် ခပ်ပေပေ ပြန်ကြည့်နေလိုက်သည်။

"ဒီကောင်မ တော်တော်လူပါးဝလာတယ်။ စုတို့ကို ကြည့်နေတဲ့ ကိုကြည့်ဦးမေမေ၊ ဘယ်လောက် အသည်းယားစရာကောင်းသလဲလို့"

"ကဲပါအေ သည်းခံလိုက်စမ်းပါ"

"မေမေ အဲဒီလောက်သဘောကောင်းလို့ လင်တောင်ပါပြီးပြီ မဟုတ် လား၊ နောက်ထပ် ဘာကိုသည်းခံရဦးမှာလဲ"

"နှင့်ပါးစပ်ကို ပိတ်ထားစမ်း မိစု၊ လာ သွားမယ်"

မေမေကြီး ဆွဲခေါ်ရာနောက်သို့ မမစုယက်ကန် ယက်ကန်နှင့်ပါသွာ သည်။



"မေမေ့ကြောင့်မို့နော်"

"လာစမ်းပါ၊ ငါလည်း ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်ပါ၊ အချိန်မတန် သေးလို့ ကြည့်နေတာပါ"

အချိန်မတန်သေးလို့တဲ့။

အဲဒါ ဘာကိုပြောတာလဲ။

"ဟင်...သမီး"

ငယ်ငယ် တိတ်တိတ်ဆိတ်ဆိတ်ပဲ ဝင်လာတာကို မေမေမသိလိုက်၊ တရက်ကြီးတွေ့လိုက်တော့မှ မေမေအံ့သြသွားပုံနှင့် မျက်ရည်တွေကို န်းကတန်းသုတ်နေသည်။ ငယ် သိလိုက်သည်။ မေမေကြီးတို့ ဘာတွေ ကြိမ်းမောင်းသွားပြန်ပြီလဲ။

"အသံမကြား ဘာမကြားနဲ့ သမီးရယ်"

ဘာမှ ငယ်ငယ်ပြန်မပြောဘဲ မေမေ့ကိုစိုက်ကြည့်ပြီး

"မေမေကြီးတို့ ဘာလာပြောသွားလို့လဲ"

"ဟို ဘာမှမပြောပါဘူး သမီးရဲ့၊ လမ်းကြုံလို့ဝင်လာတာ"

မေမေ ပျာပျာသလဲဖြေရှင်းပြီး သမီးဖြစ်သူကို မျက်နှာချိုသွေးနေ သည်။

"သမီးကိုမလိမ်ပါနဲ့ မေမေ၊ သမီးမရှိတုန်း မေမေ့ကို လာလာကြိမ်း မောင်းနေတာသိတယ်၊ ဖေဖေနဲ့ ပြန်တိုင်မယ်"

"မတိုင် မတိုင်ပါနဲ့ သမီးရယ်၊ သမီးအဖေက သူတို့ကို ဆူနေပါ့မယ်"

"ဆူပစေပေါ့၊ ဆူအောင်တိုင်တာပဲ၊ ဒါမှနောက်ကို လာမကြိမ်းရဲ တော့မှာ"

"အခုလည်း ဘာမှကြိမ်းတာမဟုတ်ပါဘူး သမီးရဲ့၊ သမီးအဖေ့ကို တော့ ဘာမှသွားမပြောပါနဲ့နော်၊ မေမေတောင်းပန်ပါတယ်"

ငယ် မေမေ့ကိုစိုက်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဘာဖြစ်လို့ သူတို့ကိုကြောက်နေရတာလဲ"

"မ...မကြောက်ပါဘူး သမီးရယ်"

မကြောက်ဘူးပြောသည့် မေမေ့အသံတွေက တုန်နေသည်။

"သမီးနဲ့တိုးရင်တော့ သမီးက လုံးဝသည်းခံမှာမဟုတ်ဘူးနော်"

မေမေ ခေါင်းလေးပဲ ညိတ်ပြသည်။ ငယ့်မျက်နှာကိုလည်း မကြည့်တော့။ မေမေ စိတ်ဆင်းရဲမှာစိုး၍ ငယ်ဆက်မပြောတော့ပါ။ မေမေက ဖေဖေ့ကိုယူခဲ့သည့်အတွက် မေမေကြီးကို အမြဲတမ်းအားနာပြီး ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဆက်ဆံသည်။

ဖေဖေ့ကို လူပျိုမှတ်၍ယူလိုက်ပြီး ငယ့်ကိုမွေးခါနီးမှ အကြောင်းစုံသိသွားတော့ လွန်သွားခဲ့သည်။ မန္တလေးမှာနေသော မေမေက တစ်ဦးတည်းသောသမီးဖြစ်ပြီး အရမ်းချမ်းသာသည်။ ငယ့်ကိုမေးပြီး မေမေ ကွာရှင်းခွင့်တောင်းတော့ ဖေဖေက လုံးဝမကွာပေးပါ။ မေမေကြီးတို့ကလည်း သဘောထားကြီးကြီးနှင့် အတူခေါ်ထားသည်။ ချမ်းသာသည့် မေမေ့ဆီက ညာစားကြသည်။ ညာစားမှန်းသိပေမယ့် မေမေက မေမေကြီးတို့မိသားစုကို အရမ်းကျသည်။

ဖေဖေက မေမေနှင့်ငယ့်ကို သိပ်ချစ်သည့်အတွက် သူတို့မနာလိုဖြစ်ပေမယ့် ဖေဖေ့ကိုကြောက်ရသည့်အတွက် မပြောရဲကြ။ မေမေ့အရင်းအနှီးနှင့်လုပ်သော ဖေဖေ့၏ဝင်ငွေကြောင့် မေမေကြီးတို့မိသားစုက မေမေနှင့်ငယ့်ကို အရမ်းမျက်နှာသာပေးကြသည်။ ဒါကို မေမေကသည်းခံတော့ ရောင့်တက်လာတာဖြစ်သည်။

ကျောင်းမှ ပျော်လာခဲ့သမျှ အိမ်ရောက်တော့ စိတ်ညစ်သွားရသည်။

❀ ❀ ❀

## အခန်း (၈)

"အန်တီကလည်း သူတို့ကိုဘာတွေကြောက်စရာရှိလို့ ကြောက်နေရတာလဲ"

"မပြောတတ်ပါဘူးဟာ၊ ငါ့ကိုလည်း အမှန်အတိုင်းမပြောဘူး။ မေမေ့မှာ ပြေးကြည့်မှ ဒီသမီးလေးတစ်ယောက်ရှိတာ ဘာဖုံးကွယ်ထားစရာလဲ"

"အန်တီက နင့်ကိုစိတ်ချလို့နေမှာပေါ့။ နင်က စွာတယ်မဟုတ်လား"

"နွယ်မာပြောတာဟုတ်တယ် ငယ်ငယ်ရဲ့။ အန်တီနဲ့နင်က သားအမိသာပြောတယ်၊ တခြားစီပဲ။ အန်တီက အေးသလောက် နင်ကစွာတယ်။ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘူး"

သူငယ်ချင်းတွေပြောတာဟုတ်နေသည့်အတွက် ငယ်ဘာမှဆင်ခြေမတက်တော့။ ငါးတန်းကတည်းက တွဲခဲ့သည့်ငယ်တို့သုံးယောက်က တစ်ယောက်အကြောင်းတစ်ယောက်သိပြီး ဆိုးတိုင်ပင်ကောင်းတိုင်ပင်တွေဖြစ်သည်။

သူငယ်ချင်းတွေပြောသလိုပင် ငယ်က မေမေ့သမီးသာဆိုတယ်၊ မေမေနဲ့လုံးဝမတူပါ။ မေမေအေးသလောက် ငယ်ကစွာတယ်၊ ထက်တယ်ဟု ဖေဖေမကြာခဏပြောသည်။ ဖေဖေက ငယ်ထက်မြက်တာကို အရမ်းသဘောကျသည်။ သားသမီးအားလုံးထဲမှာ ငယ့်ကိုအချစ်ဆုံးဖြစ်သည့်အတွက် အစ်မတွေနှင့် အစ်ကိုက မကျေနပ်။

"ကဲပါဟာ...ငါ့ကြောင့်နဲ့ စိတ်ညစ်မနေကြနဲ့၊ မေ့လိုက်တော့"

"နင့်ကိုတော့ ချီးကျူးတယ် မိငယ်"

www.burmeseclassic.com

www.burmeseclassic.com



ငယ့်ကို သေသေချာချာကြည့်ပြီး အသားလွတ်ကြီးပုံနေသော နွယ်မှ
ကို မျက်မှောင်ကုပ်ကြည့်လိုက်ပြီး

"ဘာ ချီးကျူးတာလဲ"

"စိတ်ညစ်လည်း ခဏပဲ၊ ငါဆိုတစ်ခုခုစိတ်ညစ်စရာဆို မစားနိုင် မသောက်နိုင်ဖြစ်ရှာ"

"အဲဒါ ကိုယ့်ဒုက္ခကိုယ်ရှာတာနဲ့ အတူတူပဲ၊ ဘာလုပ်မှာလဲဟာ နေရတဲ့သက်တမ်းက တိုတိုလေး၊ ငါကတော့ စိတ်ညစ်စရာတွေကို ဘယ် တော့မှ မွေးမထားဘူး။ ပျော်ပျော်ပဲနေမယ်"

"အဲဒါကြောင့်လည်း နင့်ကိုအကုန်လုံးက ချစ်ကြတာပေါ့ မိငယ်ရဲ့"

"ဒါပေမဲ့ ငါ့ကိုမုန်းနေတဲ့ လူတစ်ယောက်ရှိတယ်ဟ"

"ဘယ်သူလဲ"

"ပြောစမ်း မိငယ်၊ နင့်ကိုမုန်းနေတဲတစ်ယောက်က ဘယ်သူလဲ"

"ဟိုမှာလေ"

ငယ် မေးလေးငေါ့ပြသည့်ဆီ နှစ်ယောက်သားအပြိုင်ကြည့်ပြီး ရယ်လိုက်ကြသည်။

ငယ်တို့ ဗလကြီးဟုနာမည်ပေးထားသော ဘုန်းရတုက အဝေးတည်း က မျက်နှာကို မှန်ကုပ်ထားသည်။ သူ့ပုံစံက တကယ်ကို စချင်စရာပါ။ မနှစ်က ဒီကျောင်းကိုပြောင်းလာကတည်းက အရပ်ရှည်လွန်း၊ ပိန်လွန်း သည့် ထိုကောင်လေးသည် ငယ်ငဲ့အတွက် စချင်၊ နောက်ချင်စရာလေး ဖြစ်ခဲ့သည်။ ငယ်တို့နှင့်ခင်သော တိုးအောင်နှင့်တွဲမိပြီး သူ့ကိုမခံချင်အောင် စသည်။ ငယ်တို့ကို အရမ်းမုန်းတယ်တဲ့။

သူ မခံချင်ဖြစ်လေ၊ ငယ်တို့ကပိုစလေပဲ၊ ငယ်က အပြောင်အနောက် လည်း အရမ်းဝါသနာပါသည်။ ငယ့်ကိုပေးသမျှ ရည်းစားစာတွေကို အတန်းထဲမှာ အကျယ်ကြီးအော်ဖတ်ပစ်လိုက်တာ။ စာပေးသည့်ကောင်လေး က မျက်စိမျက်နှာပျက်နေလျှင် ငယ် သဘောတွေကျနေသည်။

ဒါတွေကို ဘုန်းရတုဆိုသောကောင်လေးက နည်းနည်းမှ ကြည့်မရ ဆယ်တန်းကို ပြန်လာမတတ်ဘူးထင်ထားတာ၊ သူပြန်လာတက်တော့



ယ်အရမ်းပင် ပျော်သွားသည်။

"မျက်နှာကို ချိုနေတာပဲဟဲ့"

ညိုညို့အပြောကို ဂရုမစိုက်ဘဲ သူ့ကိုတချွတ်ချွတ်နှင့်လှမ်းခေါ်လိုက် သည်။ သူလုံးဝလှည့်မကြည့်ဘဲ မျက်နှာကိုမော့ထားသည်။

"အောက်ကိုကြည့်ဦး။ ခလုတ်တိုက်နေဦးမယ်"

"စိုးရိမ်လို့လား မိငယ်"

နွယ်မာ သောတီးပေးနေသည်။

"စိုးရိမ်တာပေါ့ဟယ်၊ သူ့ခင်မျာ ခန္ဓာကိုယ်က ဖွံ့ဖြိုးတာမဟုတ်ဘူး ခလုတ်သာတိုက်လဲလိုက်ရင် အရိုးကျိုးသွားမှာပေါ့"

"အဟီး . . . အဟီး ဟီး"

သူ ခပ်တည်တည်နှင့် ဆက်လျှောက်သွားသည်။

"ဘယ်ကကြည့်ကြည့် ဝါးလုံးတစ်လုံး ရွေ့လာတဲ့အတိုင်းပဲ"

"နင်တို့ကဟယ်၊ အဲဒီလိုမပြောပါနဲ့၊ သူ့ကိုထိရင် ငါမခံဘူးနော်"

"နင်တော်တော်တတ်နိုင်တယ်နော် မိငယ်"

"ချစ်တာကိုဟ"

"အဟင်း ဟင်း . . . ဟင်း"

ရယ်သံတွေကို ကျောခိုင်းပြီး ခပ်သုတ်သုတ်ပင် အတန်းထဲဝင်သွားသည်။

ယနေ့အထိတော့ ပျော်ပျော်နေတတ်သောငယ့်ဘဝမှာ စိတ်ညစ်စရာဆို တာရှိမလာသေး။

******

"သွားပြီ ဗလကြီးရေ၊ ညကို စောစောအိပ်နော်၊ ဒါမှ ဝလာမှာ"

ဘုန်းရတုဆိုသောကောင်လေး တရှူးရှူးနှင့် ဒေါသဖြစ်ပြီး ခြေလှမ်း ကိုမြန်သည်ထက်မြန်အောင် ခပ်သုတ်သုတ်လျှောက်သွားသည်။ ဒါကို ယ်ကြည့်ပြီး သဘောကျလို့မဆုံး။

နွယ်မာတို့နှင့်လမ်းခွဲပြီး ငယ်အေးအေးဆေးဆေးပင် လျှောက်လာခဲ့ သည်။ ငယ်တို့အိမ်နှင့်ကျောင်းက သိပ်မဝေးတော့ ကျောင်းအသွားအပြန် ကို ငယ်ခြေကျင်ပဲလျှောက်သည်။ စေ့ထားသော ခြံတံခါးကို တွန်းဖွင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်တာနှင့်

"သမီးရေ၊ မေမေတို့သားအမိတော့ ကိုယ်ကျိုးနည်းပါပြီသမီးရယ်"

မေမေ ငယ့်ကိုပြေးဖက်ကာ အထက်ပါအတိုင်းပြောပြီး ငိုပါတော့သည်။

"မေမေ…မေမေ၊ ဘာဖြစ်လို့လဲဟင်"

မေမေ့ကိုယ်လေးကို ထိန်းမတ်ပြီး ငယ်အလန့်တကြားမေးတော့ မေမေပြန်မပြောနိုင်ဘဲ ငိုမြဲငိုနေသည်။ ငယ် မေမေ့ကိုတွဲပြီး အိမ်ထဲခေါ် သည်။ မေမေ့ကိုညွှန်ခန်းဆိုဖာမှာထိုင်စေပြီး

"ဘာဖြစ်လို့လဲမေမေ၊ သမီးရင်တွေတုန်လိုက်တာ၊ သမီးကိုပြောပါဦး"

"သမီးဖေဖေ ကားမှောက်လို့ ဆုံးသွားပြီတဲ့ သမီးရယ်"

"ဟင်"

ငယ် အံ့ဩလွန်း၍ မှင်တက်သွားသည်။ ဘာစကားမှ မပြောနိုင် သေးဘဲ တက်မတတ် ငိုကြွေးနေသော မေမေ့ကိုပဲ တွေတွေကြီးကြည့် နေမိသည်။

"ရွှေတောင်ကြီးပြိုပြီ၊ မေမေတို့ ဘယ်လိုလုပ်ကြမလဲ သမီး"

ငယ့်တစ်ကိုယ်လုံး ကိုင်လှုပ်ပြီး မေမေပြောငိုတော့မှ ငယ်သတိဝင်သွား ပြီး မေမေ့ကို ဖက်ငိုမိသည်။

"ကိုမျိုးငယ်ရေ ကျွန်မတို့သားအမိ ဘယ်သူ့ကို အားကိုးရမှာလဲ ရှင် ရက်စက်လိုက်တာ၊ ဘာဖြစ်လို့စိတ်ချသွားတာလဲ ကိုမျိုးငယ်ရယ်"

မေမေပြောပြီးငိုနေတာတွေက ငယ့်စိတ်တွေကို သတိပေးနေသလို ငယ် ချက်ချင်းပဲ မျက်ရည်တွေသုတ်လိုက်သည်။ မေမေငိုတာကိုတော့ မတားတော့ပါ။ စိတ်ကြိုက်ငိုပါစေဟု လွှတ်ထားလိုက်သည်။ တော်တော်ကြီး ကြာမှ မေမေမောသွား၍ ထင်ပါသည်၊ အငိုရပ်ပြီး သမီးဖြစ်သူ ငယ့်မျက် နှာကို စေ့စေ့ကြည့်၏။

"မေမေ"

"သမီးလေး"

ငယ့်ကိုဖက်ပြီး မေမေငိုပြန်သည်။ ငယ် မေမေ့ကိုပြန်ဖက်ထားရင်း

"မေမေ မောနေပါပြီ၊ မငိုပါနဲ့တော့နော်၊ မေမေတအားငိုလို့မဖြစ် ဘူးလေ၊ မေမေတအားငိုလို့ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားရင် ဘယ်လို လုပ်မလဲ"



မေမေ မျက်လုံးအပြူးသားလေးနှင့် ငယ့်ကိုကြည့်သည်။

"မေမေ…ဒီလောကကြီးမှာ ပြေးကြည့်မှ မေမေနဲ့သမီးနှစ်ယောက် ပဲ ရှိတာလေ၊ မေမေတစ်ခုခုဖြစ်လို့ မဖြစ်သလို၊ သမီးတစ်ခုခုဖြစ်လို့ လည်းမဖြစ်ဘူး။ ဖေဖေ့ကို ဆုံးရှုံးသွားလို့ မေမေနဲ့ထပ်တူထပ်မျှ သမီးခံ စားရပါတယ်။ ဒါပေမဲ့ အချိန်ပြည့် ပူဆွေးတမ်းတနေလို့မဖြစ်ဘူး။ မေမေနဲ့ သမီးရဲ့ရှေ့ရေးအတွက် စဉ်းစားရတော့မယ်"

ဒီတော့မှ မေမေသတိရသွားပုံပင်၊ ချက်ချင်းအငိုရပ်ပြီး

"ဒါဆို မေမေတို့ဘယ်လိုလုပ်ကြမလဲ သမီးလေး"

"ဒါကို သမီးစဉ်းစားမှာပါ။ ဖေဖေရက်လည်ပြီးတာနဲ့ သမီးတစ်ခုခု ဆုံးဖြတ်နိုင်အောင် စဉ်းစားထားမယ်၊ ဖေဖေက အခုဘယ်မှာဖြစ်တာလဲ မေမေ၊ သမီးတို့ လိုက်သွားရမှာလား"

"မန္တလေးကနေ ရန်ကုန်ဆင်းအလာလို့ ကိုသောင်းလာပြောသွား တယ်"

ကိုသောင်းဆိုတာ မေမေကြီးတို့အိမ်က ဒါရိုင်ဘာဖြစ်သည်။

"လိုက်ဖို့ မလိုက်ဖို့တော့ ဘာမှပြောမသွားဘူး သမီး"

"မေမေက ဖေဖေ့ရဲ့ တရားဝင်မိန်းမပါ၊ သမီးကလည်း ဖေဖေ့သမီး တစ်ယောက်ပါ။ မေမေနဲ့သမီးက ဖေဖေ့ရဲ့နောက်ဆုံးအချိန်ကိုတောင် လိုက်ခွင့်မရှိဘူးလား"

မေမေ ငယ့်ကို ဘာတစ်ခွန်းမှပြန်မပြောဘူး။ ငယ် တစ်ခုခုထပ်ပြော မှာကိုတောင် စိုးရိမ်ပြီး မျက်နှာပျက်နေသည်။ မေမေ့ခမျာ မေမေကြီးတို့ ခြိမ်းခြောက်မှု နေရသူဆိုတော့ ဆုံးဖြတ်ပိုင်ခွင့်မရှိရှာဘူး။ ငယ် မေမေ့ကို သိပ်သနားသည်။ ဖေဖေမရှိတော့သည့်အတွက် မေမေကြီးတို့နှင့်လည်း အဆက်အသွယ်ပြတ်ပါပြီ။ ဖေဖေ့ရက်မလည်ခင်အထိတော့ မချစ်သော်လည်း အောင့်ကာနမ်းရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ မေမေကြီး၊ မမစုနှင့်အတူ မိန်းမနှစ်ယောက် ယောကျ်ားတစ်ယောက်တို့သည် အသံမပေး ဘာမပေးနှင့် အိမ်ထဲဝင်လာတော့ ငယ်တို့သားအမိနှစ်ယောက် ကြောင်ကြည့်ပြီး ဘာစကားမှမပြောနိုင်။ ငယ် ကျောင်းကပြန်လာကတည်းက ခြံတံခါးသော့မခတ်မိ၊ မေမေ့ကို ပူးဆွေသောကကြောင့် အိမ်တံခါးလည်း မပိတ်မိတော့ ငယ်တို့ကိုခွင့်မတောင်းဘဲ ဝင်လာကြခြင်းဖြစ်သည်။

"ထိုင်ကြပါရှင် ထိုင်ကြပါ"

မေမေကြီးတို့သားအမိကပဲ ပါလာသည့်ဧည့်သည်တွေကို နေရာပေးလိုက်သည်။ ဒီအထိ မေမေနှင့်ငယ်က ဘာကိစ္စလဲ မမေးမိသေး။

"ဖေဖေ့ရဲ့ မယားငယ် ဒေါ်မြနိုင်ဆိုတာလေ"

မေမေ့ကို မေးငေါ့ပြပြီး ဧည့်သည်တွေကို မိတ်ဆက်ပေးပုံကြောင့် ငယ် မမစုကို တင်းသွားမိသည်။

"သူက ဒေါ်မြနိုင် သမီး"

"မေမေ့ကို မယားငယ်လို့ မပြောပါနဲ့ မမစု"

"အံမယ်. . .မယားငယ်မို့ မယားငယ်ပြောတာ နင်က ဘာလူပါးဝတာလဲ"

မမစု မျက်လုံးအပြူးသားနှင့်ပေါက်ကွဲပြီး ငယ့်ရှေ့ကိုတိုးလာသည်။ သတ္တိရှိရင်ထိကြည့်ဆိုသည့်ပုံစံနှင့် ခပ်တည်တည်ပြန်ကြည့်တော့ မေမေကြီး လှမ်းခနဲ အလယ်ရောက်လာပြီး သမီးဖြစ်သူ မမစုကိုတွန်းပစ်လိုက်သည်။

"နင့်ကို ငါ အိမ်ကထွက်လာကတည်းက ဘာမှာထားလဲ"

"ပြောပုံကို မေမေကြည့်ဦးလေ"

"သူ့ဟာသူ ဘာပြောပြော"

"မလောက်လေး မလောက်စားကများ ငါလုပ်ရင်ဝေစ်ချက်ပဲရှိတယ် မယားငယ်မို့ မယားငယ်ပြောတာကို နာသေးတယ်"

"နင့်ပါးစပ်ကို အခုပိတ်စမ်း မိစု"

မမစု မကျေမချမ်းနိုင် မျက်နှာပေးနှင့် ငယ့်ကိုကြည့်နေသည်မှာ ပြာကျမတတ်ပင်။ တစ်ခုခုပြောဖို့ပြင်နေသော ငယ့်နားသို့ မေမေလာရပ်ပြီး ငယ့်လက်ကလေးကို ဆုပ်ကိုင်ထားသည်။ ဘာမှမပြောပါနှင့်ဆိုသည့်သဘောပင်။



မေမေ့စကားကိုနားထောင်ပြီး ငယ် ဘာမှမပြောတော့။ မေမေကြီးက ငယ်တို့ဘက်လှည့်ကြည့်ပြီး မျက်နှာထားတင်းတင်းနှင့်

"အရေးတကြီး ပြောစရာရှိလို့ငါတို့လာတာ မမြနိုင်။ ငါ့ယောကျ်ားညည်းယောကျ်ားပေါ့လေ။ သူက ဟန်သာရှိတာ ဘာအခံမှမရှိဘဲ မယားလေးညည်းနဲ့ သမီးကိုချစ်လွန်းလို့ ဒီခြံနဲ့တိုက် ဝယ်ပေးခဲ့ပေမယ့် သူ့မှာကြွေးတွေအများကြီးပဲ"

မေမေကြီးစကားကြောင့် ငယ့်ခေါင်းတွေကြီးသွားသည်။ မေမေ့ကိုကြည့်တော့ မျက်နှာတစ်ပြင်လုံး သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ မေမေ့လက်ကလေးကို အားပေးဖျစ်ညှစ်လိုက်ပြီး မေမေကြီးဆက်ပြောမည့်စကားကို နားထောင်ဖို့ အားတင်းထားလိုက်သည်။

"အခု သူရုတ်တရက်ဆုံးသွားတော့ ရစရာရှိတာတွေမလာတော့ဘူး။ ကြွေးသမားတွေပဲ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတယ်။ ဒီခြံနဲ့ တိုက်ကိုလည်း ဒီကဒေါ်ခက်ခက်အေးတို့ ညီအစ်မဆီမှာ ပေါင်ထားတာ။ အတိုးပေးနေရတာမနည်းတော့ဘူး။ မယားနဲ့ သမီးစိတ်ဆင်းရဲမှာစိုးလို့ မပြောဖို့တားထားတယ်။ အခု သူမရှိတော့ငါလည်း အတိုးဆပ်မပေးနိုင်တော့ဘူး။ ဒါကြောင့် ကာလပေါက်ဈေးနဲ့ ရသင့်ရထိုက်တဲ့ငွေပြန်အမ်းတာပဲ ကျေနပ်လိုက်ရတယ်။ ငါ့ဘက်ကလည်း တွက်ကြည့်ပါဦး။ နောက်ထပ် ကြွေးသမားဘယ်နှစ်ယောက်လောက် ထပ်ရှင်းရမလဲမသိသေးဘူး"

ငယ် ပြုံးလဲကျမှာစိုး၍ မနည်းပင်ထိန်းထားရသည်။ မေမေ့ကိုကြည့်တော့ မေမေကြီးကို ကြောင်တောင်တောင်ကြီးကြည့်နေ၏။ ကိုယ့်စိတ်ကိုယ် ငယ်ပြန်ထိန်းလိုက်သည်။ ငယ်ပြိုလဲသွားလို့မဖြစ်ပါ။ ငယ့်ထက်အများကြီးစိတ်ဓါတ်ပျော့ညံ့သော မေမေ့ကိုငဲ့ရဦးမည်။ ငယ့်ခေါင်းထဲသို့ ထိုအတွေးက ချက်ချင်းရိုက်ခတ်လာသည်။

"ဒီတော့ ငယ်ငယ်တို့က ဘာလုပ်ပေးရမှာလဲ မေမေကြီး"

"ဟဲ့. . .ဘာလုပ်ပေးရမှာဟုတ်လား။ ညည်းတို့ဒါတောင် မသိဘူး

www.burmeseclassic.com



လား၊ ရှင်းရှင်းပြောမှသိမှာလား။ အဲဒါဆိုလည်း ရှင်းရှင်းပဲပြောမယ် ညည်းတို့သားအမိ အိမ်ပေါ်ကဆင်းပေး''

''မေမေကြီးတို့လည်း မလုပ်ချင်ပါဘူး သမီးရယ်၊ မလွှဲသာလို့ပါ''

''မေမေ...တခြားဘာမှပြောပြနေစရာမလိုပါဘူး။ ဒီမှာ မိငယ် ညည်းတို့ကမှ စိတ်အေးချမ်းသာစွာနေဦးမယ်။ ငါတို့မိသားစုတွေကတော့ တာဝန်မကျေတဲ့အဖေအတွက် ဘယ်လောက်အထိ စိတ်ဆင်းရဲသော ရောက်ရမလဲ၊ ပေးဆပ်ရလဲ မသိသေးဘူး''

မမစု ပြောပြီးဘာနဲ့၊ မေမေကြီးက လက်ပွေ့အိတ်ထဲက ပိုက်ဆံ ထုတ်ကို စားပွဲပေါ်တင်လိုက်ပြီး

''ရော့...မမြနိုင်၊ ဒီငွေတွေနဲ့ ညည်းတို့သားအမိ လုပ်ကိုင်စားကြ''

''မမရယ်၊ ဒီ လူမမယ်သမီးလေးနဲ့ ကျွန်မက ဘာလုပ်စားတတ်မှာလဲ''

''အဲဒါတော့ ငါလည်းမပြောတတ်ဘူးအေ၊ ငါလည်း ဒီထက်မကူညီ တတ်တော့ဘူး။ ငါ့မှာလည်း သားသမီး သုံးယောက်ရှိသေးတယ်။ သူတို့ အတွက် မနည်းရုန်းကန်ရဦးမှာ''

မေမေကြီးပြောပြီးတာနှင့် သက်ပြင်းကြီးချကာ တစ်ဖက်သို့ မျက်နှာ လွှဲသွားတော့ မမစုမျက်နှာထားတင်းတင်းနှင့် ငယ့်ကိုကြည့်ပြီး

''ညည်းတို့သားအမိ ဒီငွေတွေကိုယူပြီး မနက်ဖြန်မနက် မိုးလင်း တာနဲ့ ဒီအိမ်ကဆင်းပေးပါ။ ဒီအန်ကယ်က ဗဟိုတရားရုံးချုပ်က ရှေ့နေ ကြီးပဲ၊ ဖေဖေ ဒီခြံနဲ့တိုက်ပေါင်တုန်းကလည်း ဒီအန်ကယ်နဲ့ပဲ လုပ်ခဲ့တာ''

မမစုပြောသော တိုက်ပုံအပြည်းနှင့်ရှေ့နေဆိုသောလူကလည်း ခေါင်း ညိတ်ပြသည်။

''မမရယ် သမီးလေး စာမေးပွဲပြီးတဲ့အထိတော့ ကျွန်မတို့ကို နေ ခွင့်ပေးပါ''

''မေမေဝိုင်း မေမေကြီးကို ခြေသလုံးဖက်တောင်းပန်နေတာကိုကြည့် ပြီး ငယ့်အသည်းနှလုံးတွေ တဆစ်ဆစ်နာကျင်လာသည်။

တစ်ခုခုပြောတော့မည့်မမစုကို မေမေကြီးလက်ကာလိုက်ပြီး

''မဖြစ်လို့ပါ မမြနိုင်၊ ကြွေးသမားတွေက တန်းစီပြီးစောင့်နေ



တာ၊ သေတဲ့လူက ဘဝတောင်ကူးမှာမဟုတ်သေးဘူး။ ကြွေးသမားတွေက သူတို့ကြွေးမရမှာစိုးလို့ ငါတို့သားအမိတွေကို ခြိမ်းခြောက်နေပြီ။ ဒါတွေကို ညည်းတို့သားအမိ မခံစားရပါဘူး။ ငါဘယ်လောက် သနားတတ်တယ်ဆို တာ ညည်းသိပါတယ်''

မေမေ ဘယ်လိုပဲတောင်းပန်၊ တောင်းပန် မေမေကြီးတို့သားအမိက လက်မခံပါ။ ရှေ့နေကလည်း စာချုပ်စာတမ်းတွေပြင်ဆင်ထားပြီး သူတို့ ဘာသာစာချုပ်ပေါ်မှာ လက်မှတ်ထိုးပြောဆိုကြကာ ပြန်ဖို့ပြင်ဆင်ကြသည်။

မေမေကြီးက ငိုနေသောမေမေ့နှင့် တင်းမာခက်ထန်နေသည့်ငယ့် ကို ငဲ့ကြည့်ပြီး

''ငါတို့သွားမယ် မမြနိုင်၊ ငယ်လေးက ထက်ထက်မြက်မြက်ရှိပါ တယ်။ ငါလည်း စိတ်မကောင်းပါဘူး၊ ဘဝဆိုတာဒီလိုပါပဲ''

အားလုံးပြန်သွားရာသို့ ငယ်အံကြိတ်ပြီးကြည့်နေစဉ် မေမေငယ့်ကိုဖက် ပြီး ငိုပါတော့သည်။ ငယ်မချော့တော့ပါ။

''မေမေတို့ ဘယ်လိုလုပ်ကြမလဲ သမီးလေး၊ ဘယ်လိုလုပ်ကြမလဲ''

ငယ့်မျက်နှာကိုမော့ကြည့်ပြီး အားကိုးတကြီးမေမေ မေးနေ၏။

''သမီးတို့ ဘာလုပ်တတ်တော့မှာလဲ မေမေရယ်၊ ဒီခြံနဲ့တိုက်ဝယ်ထား တဲ့ စာချုပ်စာတမ်းလည်းမရှိဘူး၊ သမီးတို့ရှေ့မှာ မားမားမတ်မတ်ရပ်ပေး မယ့်သူလည်းမရှိတော့ ဒီအိမ်ကဆင်းပေးရုံပဲရှိတော့တာပေါ့''

''မေမေ့အဲမှားပါ။ တကယ်ဆို ဒီခြံနဲ့တိုက်က မေမေ့နာမည်နဲ့ဝယ်ပေး ဘယ်လို့ ကိုမျိုးငယ်ပြောပေမယ့် တရားဝင်ပိုင်ဆိုင်ကြောင်း စာချုပ်ထောင်း ထားသင့်တာပေါ့''

''ဒီခြံနဲ့တိုက်ပေးလိုက်ရမှာကို နှမြောနေတာလား မေမေ''

''ထက်ထက်မြက်မြက်မရှိတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသဖြစ်တာပါသမီး ရယ်''

''ဘာမှဒေါသဖြစ်မနေနဲ့တော့၊ ကိုယ်မရထိုက်လို့ပဲ သဘောထားလိုက်''

''သမီးရယ်...အဲဒီမေမေ့သမီးလေးအတွက်ပဲ စိတ်မကောင်းဖြစ်တာ ပါ''

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့် မေမေငိုပြန်သည်။

"ကိုမျိုးငယ်ရယ်၊ ကျွန်မတို့သားအမိအဖြစ်ကို ကြည့်လှည့်ပါဦး"

ရင်ထဲမှာ သိမ်းမထားနိုင်တော့ဘဲ ဖေဖေ့ကိုတပြီး မေမေအော်ငို နေသည်။ မေမေငိုလို့မောသွားမှ ငယ်မျက်ရည်သုတ်ပေးပြီး

"သမီးအတွက် မေမေဘာမှစိတ်မကောင်းမဖြစ်နဲ့၊ သမီးဘာမှ မမက် မောဘူး၊ သမီးဘဝမှာ မေမေရှိရင်ပြည့်စုံပြီ။ မေမေဘာမှ အားမငယ်နဲ့။ သမီးတစ်ယောက်လုံးရှိတယ်၊ ဖြစ်လာသမျှ ရင်ဆိုင်ကြတာပေါ့၊ ရှေ့ဆက် ပြီး ဘာလုပ်ကြမလဲပဲ စဉ်းစားရအောင်"

"သမီးလေး ဘယ်လိုစဉ်းစားလဲ ပြောလေ"

မေမေ့မျက်နှာ ဝင်းထိန်သွားပြီး သမီးဖြစ်သည့်ငယ့်ကို အားကိုး တကြီးကြည့်နေတော့ ခေါင်းကိုမော့၊ ရင်ကိုကော့လိုက်သည်။ အခုအချိန် ကစပြီး ငယ်က မေမေအားကိုးရမည့်သမီးတစ်ယောက်ဖြစ်ကိုဖြစ်ရမည်ဟု အသည်းထဲအထိစွဲနေအောင် မှတ်ထားလိုက်သည်။

"မေမေ့မှာ အသိတစ်ယောက်ယောက်မရှိဘူးလား၊ ဒီပတ်ဝန်းကျင်ထဲ ကလည်းမဟုတ်ဘူး။ မေမေကြီးတို့နဲ့ ပတ်သက်တဲ့သူလည်းမဟုတ်တဲ့ သူနော်"

မေမေစဉ်းစားနေတာကို ငယ်စိတ်ရှည်ရှည်စောင့်ပေးပြီး

"ဘယ်တုန်းကသိခဲ့တဲ့သူဖြစ်ဖြစ်ပေါ့ မေမေရယ်"

"မေမေက ရန်ကုန်သူမဟုတ်တော့ မမသန်းစောတို့နဲ့ပတ်သက်တဲ့ ရန်သူတွေကိုပဲသိတာ သမီးရဲ့"

"စဉ်းစားပါဦး မေမေရယ်"

မေမေတော်တော်ကြာကြာစဉ်းစားနေပြန်သည်။ ခဏကြာသွားမှ စဉ်းစားရမိဟန်ဖြင့်

"တစ်ခုတော့ရှိတယ် သမီး"

"ပြောလေ မေမေ"

"မေမေတို့ ဟိုအိမ်ကြီးမှာနေခဲ့စဉ်က အိမ်မှာနိုင်းထားတဲ့ မစန်းဆိုတာ ရှိတယ်၊ သမီးက ငယ်သေးတော့ မှတ်မိမှာမဟုတ်ဘူး"



တကယ်လည်း မမှတ်မိသည့်အတွက် ခေါင်းညိတ်ပြလိုက်သည်။

"မစန်းက မေမေ့ကို တော်တော်ခင်တယ်။ တစ်နေ့မှာ မမသန်းစော နဲ့ ဘာတွေဖြစ်ကြလဲမသိဘူး။ မစန်းအိမ်ပေါ်ကဆင်းသွားတယ်။ ဆင်း သွားပြီး တစ်ပတ်လောက်ကြာတော့ မေမေ့ကိုဖုန်းဆက်တယ်၊ သူနောက် အိမ်မှာ အခဆင်ပြေနေတဲ့အကြောင်းဆက်တာ။ မေမေနဲ့သမီး ဒီအိမ် ပြောင်းခါနီးမှာ မစန်းထပ်ဖုန်းဆက်တယ်။ သူအိမ်ထောင်ပြုလိုက်တဲ့ အကြောင်းနဲ့ သူတို့လင်မယား တောင်ဒဂုံဘက်မှာ ကုန်စိမ်းရောင်းတာ အဆင်ပြေတဲ့အကြောင်း။ မေမေ့ကိုလည်း လာလည်ဖို့ခေါ်တယ်"

"လိပ်စာရောမေမေ၊ လိပ်စာရောပေးလား"

ငယ်အားတတ်သရောမေးတော့ မေမေခေါင်းညိတ်ပြပြီး

"ပေးတယ် သမီး၊ နောက်ထပ် သူဖုန်းမဆက်ခင် မေမေတို့က ဒီအိမ်ပြောင်းလာတော့ အဆက်အသွယ်ပြတ်သွားတယ်"

"ဒေါ်စန်းပေးတဲ့လိပ်စာ မေမေမှတ်ထားတယ် မဟုတ်လား"

"မှတ်ထားတယ်သမီး"

ပြောပြီးသည်နှင့် ထိုင်ရာက ဘီရိုဆီလျှောက်သွားပြီး မွှေနှောက်နေပါ တော့သည်။

တွေ့ပါစေဟု ငယ်ဆုတောင်းနေစဉ်မှာပဲ မေမေဝမ်းသာအားရအသံ ကြီးနှင့်

"တွေ့ပြီ သမီးရေ"

ခေါက်ရိုးနေရာတွေပဲပြဲပြီး နွမ်းကြေနေသောစာရွက်ကလေးကို ဖြည်း ဖြည်းချင်းဖြန့်ပြီး ငယ်ကြည့်လိုက်ပါသည်။ လိပ်စာရေးထားသော စာကြောင်း လေးကို ငယ်ဖတ်ကြည့်ပြီး

"မေမေ့ကိုပေးထားတာ သမီးတို့ဒီအိမ်မပြောင်းခင်ဆိုတော့ တစ်နှစ် လောက်ပဲရှိဦးမယ်။ အဲဒီတစ်နှစ်ကျော်အတွင်းမှာ သူတို့ရှိမှ ရှိပါ့တော့ လား။ ပြောင်းများသွားပြီလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သွားကြည့်တာပေါ့ သမီးရယ်၊ ပြောင်းသွားပြီဆိုတော့လည်း အနီးအနားကို မေးကြည့်ရမှာပေါ့။ ဒါမှ မစန်းကိုစုံစမ်းလို့မရလည်း တစ်ခုခုတော့ ကြည့်စီစဉ်ရမှာပေါ့"

မေမေအားတက်သရောဖြစ်နေတာကိုကြည့်ပြီး ငယ် အရမ်းခံစားသွားရသည်။ မေမေ့ခမျာ မေမေကြီးတို့မိသားစုကို ထင်ရင်ဆိုင်ရမှာ တော်တော်ကို ကြောက်နေပုံရသည်။ ထွက်လာတော့မည့်ဒေါသတွေကို ကြိတ်မှိတ်မြိုသိပ်ပြီး

"အဲဒါကောင်းတယ် မေမေ"

"အဲဒီလိပ်စာအတိုင်း သမီးသွားတတ်လား"

"တက္ကစီငှားသွားမှာပေါ့ မေမေရဲ့ မနက်ဖြန်မနက်စောစောသွားကြတာပေါ့"

"ကောင်းတယ် သမီး၊ မေမေတို့နိုင်တာလေးတွေပဲယူပြီး သူတို့မလာခင် ခပ်စောစောပဲသွားကြမယ်။ သမီးအဖေတစ်ယောက်လုံးတောင် ဆုံးရှုံးပြီးပြီပဲ၊ ဘာမှလည်း မမက်မောတော့ပါဘူး"

"ဒီအိမ်ကိုရော မေမေ"

"သော့ခတ်ပြီး ဟိုဘက်အိမ်သော့ပေးခဲ့မယ်"

"မေးရင်ရော မေမေ"

"မှသားမပါ လက်ာမချောဆိုသလို ကြည့်ပြောရမှာပေါ့ သမီးရယ်"

"ဒါဆိုလည်း သမီးတို့လိုအပ်တဲ့ပစ္စည်းလေးတွေပဲ တစ်နိုင်ထည့်ထားရအောင် မေမေ"

မေမေခေါင်းညိတ်ပြီး ထည့်စရာရှိတာတွေထည့်နေရင်း ငယ့်ဘက်လှည့်ကြည့်ကာ

"သမီးဘာမှမပူနဲ့၊ မေမေ့မှာ ကိုယ်ပိုင်ရော၊ သမီးအဖေဝယ်ပေးထားတာရော ပစ္စည်းတွေရှိတယ်၊ မေမေစိတ်ပူနေတာ သမီးကျောင်းကိစ္စအတွက်ပဲ"



"အဲဒီကိစ္စမပူပါနဲ့မေမေ၊ ဒီနှစ်ကို သမီးဖြေချင်မှလည်း ဖြေမှာ"

"မဟုတ်တာ သမီးရယ်။ မဖြေလို့ ဘယ်ဖြစ်မလဲ"

မေမေ ခါးခါးသီးသီးလက်မခံတော့ ငယ်အချိုသတ်မှဖြစ်တော့မည်။

"ဟုတ်ကဲ့ပါ မေမေရယ်၊ ဒါက နောက်မှစီစဉ်လို့ရပါတယ်။ ပစ္စည်းတွေကိုလည်း မေမေကျစ်ကျစ်လစ်လစ်သိမ်းထားပါ။ သမီးတို့က မိန်းမသားတွေချည်းအပြင် ပတ်ဝန်းကျင်အသစ်ကိုဝင်ပြီး ဘဝကိုစရတော့မှာ။ ထင်မကြီးတာပဲ ကောင်းတယ်"

"အေးပါ သမီးရယ်"

"ဒါဆို အိပ်ကြစို့မေမေ၊ မနက်ဖြန် စောစောထရမှာ"

မေမေခေါင်းညိတ်ရင်း မျက်ရည်ဝဲနေသည်။

သားအမိနှစ်ယောက် အတွေးကိုယ်စီဖြင့် ကျောချင်းကပ်ပြီး အိပ်ပျော်နိုင်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

မနက်လေးနာရီခွဲလောက်မှာ သားအမိနှစ်ယောက်လုံး ဖြိုင်တူနိုး
သည်။

"မျက်နှာသစ် သွားတိုက်ပြီးတာနဲ့ သွားကြမယ် မေမေ"

"အေးပါ သမီးရယ်"

မျက်နှာသစ်သွားတိုက်ပြီးတာနှင့် သားအမိနှစ်ယောက်လုံး သနပ်
တောင် မလူးကြပဲ ညကတည်းကအသင့်ပြင်ထားသော လက်ဆွဲအိတ်ကို
စီယူပြီး အိမ်နှင့်ခြံကိုသော့ခတ်တော့ စိတ်ခိုင်သည့်ငယ်တောင် မျက်ရ
ကျမိသည်။

"မေမေ မမသိန်းကို သော့သွားပေးလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ မေမေ"

မျက်ရည်သုတ်ပြီး ကြီးကြီးသိန်းကို မေမေသော့သွားပေးသ
ကြီးကြီးသိန်းတို့ခြံထဲက မေမေထွက်လာတော့ မျက်နှာတစ်ခုလုံးမို့
အောင် မေမေငိုထားပုံရသည်။ မေမေ့လက်ကလေးကို ငယ်ဆွဲပြီးထွ
လာရင်း ကြီးကြီးသိန်းတို့အိမ်ဘက်ကို လှမ်းကြည့်လိုက်သည်။ ကြီးကြီး
မျက်ရည်သုတ်ရင်း လက်ပြနေ၏။ ကြီးကြီးသိန်းကို သားအမိနှစ်ယော
လက်ပြန်ပြပြီး မေမေတရှုံ့ရှုံ့ငိုပါတော့သည်။

ငယ် ကိုယ်တိုင်လည်း ငိုချင်နေပါသည်။ ဒါပေမဲ့ ငယ် မငိုမိအေ
စိတ်ကိုတင်းထားလိုက်သည်။ ငယ် ငိုလို့မဖြစ်ပါ။ ငယ်က မေမေ့ရှေ့
မားမားမတ်မတ်ရပ်ရမည့်သူဆိုတော့ စိတ်ဓါတ်ပျော့ညံ့လို့မဖြစ်ပါ။

လမ်းမတန်းရောက်တော့ တက္ကစီတစ်စီး လှမ်းတားလိုက်သည်

"ဘယ်သွားမှာလဲ အစ်မကြီး"

မေမေငယ့်ကိုကြည့်တော့ ငယ်က လိပ်စာရေးထားသောစာရွက်အနွမ်း
လေးကို တက္ကစီသမားအားပြပြီး

"အဲဒီလိပ်စာအတိုင်း သွားချင်လို့ပါ အစ်ကို"

"ရတယ်လေ ငါးထောင်တော့ ပေးရမယ်"

မေမေနှင့်ငယ် ဖြိုင်တူခေါင်းညိတ်ပြီး ကားနောက်ခန်းကို တက်လိုက်
သည်။

ကားပေါ်မှာ မေမေနှင့်ငယ်က အတွေးကိုယ်စီဖြင့် စကားမပြောဖြစ်
ကြ။ နာရီဝက်ကျော်ကျော်လောက်မောင်းလာပြီးမှ လမ်းချိုးတစ်ခုထဲ ကား
ကွေ့ဝင်ပြီး တက္ကစီသမားက

"အစ်မကြီးတို့လိပ်စာအရ လမ်းကတော့ ဒီလမ်းပဲ၊ အိမ်နံပါတ်ရှာရ
မယ်"

တက္ကစီသမားက ရှေ့ကလျှောက်လာသော လူတစ်ယောက်ကိုလှမ်းမေး
ပြီးနောက် ဖြည်းဖြည်းချင်း ကားမောင်းခဲ့ပြီး ဆယ်ပေပျဉ်ထောင်အိမ်လေး
တစ်လုံးရှေ့မှာ ကားရပ်လိုက်သည်။

"ဒီအိမ်ပဲ၊ ဟိုမှာ အစ်မတစ်ယောက်ထွက်လာနေတယ်၊ မေးကြည့်
ပါလား"

မေမေနှင့်ငယ် တက္ကစီသမားညွှန်ပြရာသို့ ဖြိုင်တူကြည့်လိုက်တော့

"ဟုတ်တယ်...ဟုတ်တယ်၊ သမီး အဲဒါ မစန်းပဲ"

"မစန်း...မစန်း"

မေမေဝမ်းသာအားရပြောပြီးနောက် ကားတံခါးဖွင့်ဆင်းကာ ဒေါ်စန်း
ကို အော်ခေါ်နေသည်။

"ဟယ်...မမလေး၊ မမလေး မဟုတ်လား"

ငယ်အခုမှ စိတ်အေးသွားရသည်။ ကားသမားကို ပိုက်ဆံရှင်းပေး
ပြီး အိတ်ကလေးနှင့်ဆွဲခြင်းလေးဆွဲကာ ကားပေါ်က ဆင်းလာခဲ့သည်။

"ဟုတ်ပါတယ် ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

"မှတ်မိပါတယ် မမလေးရယ်၊ ဝမ်းသာလွန်းလို့ ပြောမိပြောရာပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါ''

မေမေ့လက်မောင်းကို ကိုင်လှုပ်ပြီး မစန်း ဝမ်းသာအားရပြောပြ
အနားရောက်လာသောယယ့်ကို တွေ့သွားသည်။

''သူလေးက ယယ်လေးမဟုတ်လား''

ယယ့်ကို တအံ့တဩကြည့်ပြီး မစန်းမေးတော့ ယယ်အပြုံးလေး
ခေါင်းညိတ်ပြသလို မေမေကလည်း

''ဟုတ်တယ် မစန်း၊ ဒါ မမလေးသမီး စောယယ်ယယ်ပဲ''

''ယယ်လေးက ထွားလိုက်တာ၊ ချောလိုက်တာလည်း ဖအေချေ
မအေချောဆိုတော့ ပြောစရာကို မလိုဘူး။ ဒါနဲ့ မမလေးတို့သားအ
နှစ်ယောက်တည်းလား၊ အစ်ကိုကြီးရော''

ဒေါ်စန်းက ယယ့်လက်ထဲက လက်ဆွဲအိတ်နှင့်ခွဲခြင်းကို မျက်စိတစ်ချ
ငေ့ပြီးမေး၏။

''ဩော်…လာ မမလေးနဲ့ယယ်လေး ထိုင်ကြ၊ ပေး ပေး ပစ္စည်
တွေ ဒေါ်စန်းပေး''

ယယ့်လက်ထဲက ပစ္စည်းတွေဆိုးဆိုးဆတ်ဆတ်နှင့် ဒေါ်စန်းဆွဲယူပြ
အိမ်ပေါ်တက်ခဲ့ကြသည်။

''ပြောပါဦး မမလေးရယ်၊ နေဦး…နေဦး၊ မပြောခင် မမလေးတို
တစ်ခုခုစားဖို့ ကျွန်မစီစဉ်လိုက်မယ်''

ဒေါ်စန်းက မေမေ့ကို ရိုရိုသေသေဆက်ဆံပြီး ပျာယာခတ်အော
ဂရုစိုက်သည်။ တစ်ခုခုစီစဉ်တော့မည့်ဒေါ်စန်းကို မေမေပြန်ထိုင်ခိုင်းပြ

''စားဖို့ကို နောက်မှလုပ် မစန်း၊ ဆာလည်းမဆာသေးပါဘူး။ ပြော
စရာရှိတာကို အရင်ပြောရအောင်''

''ပြောလေ မမလေး၊ ပြော''

ဝိုရတာ မောသွားပုံရသည့်မေမေက မျက်ရည်တစ်စက်မကျတော့
ဖြစ်ခဲ့သမျှအကြောင်းတွေကို ဒေါ်စန်းအား မာန်အပြည့်နှင့်ပြောပြနေပါသည်

မေမေ့စကားဆုံးသွားတော့ ဒေါ်စန်းက ရှပ်ကြီးအောင်မဲ့လိုက်ပြီး

''ချက်ချင်းကို ဇာတ်က ပြလာတာပဲ၊ မိသားစုအားလုံးစိတ်ကောင်း



ကြတာ။ အစ်ကိုကြီးကိုကြောက်လို့သာ မမလေးတို့သားအမိကို ဖား
ကြတာ။ ဘာမှ အားမငယ်နဲ့၊ ကျွန်မ မမလေးတို့သားအမိကို တစ်သက်
ကျွေးထားနိုင်တယ်။ မမလေးတို့ အဲဒီအိမ်ကြီးမှာ မရှိကြတော့ဘူးဆို
တော့ ကျွန်မစိတ်ကို ညစ်သွားတာပဲ။ လမ်းစက ပျောက်သွားတာကို
တော်သေးတာပေါ့ မမလေးမှတ်ထားတဲ့ လိပ်စာလေးရှိနေလို့''

''မမလေးကလည်း ထူပူပြီး ဘာမှမစဉ်းစားတတ်ဘူး။ သမီးအကြံ
ပေးတာနဲ့''

''ယယ်လေးက စိတ်ကူးကောင်းလိုက်တာ၊ ယယ်ယယ်ကတည်းကလည်း
လိမ္မာသွက်လက်လက် ထက်ထက်မြက်မြက်ကလေးကို၊ အဲဒါအစ်ကိုကြီး
နဲ့ မမလေးရဲ့၊ ဒါကြောင့် အစ်ကိုကြီးရဲ့ အသည်းကျော်က ယယ်လေးဖြစ်
နေတာ''

မစန်း ချီးမွမ်းခန်းတွေဖွင့်နေတော့ ယယ် ပြုံးပဲနေလိုက်သည်။

''အိမ်ပေါင်ထားတယ်ဆိုတာလည်း ဒေါ်သန်းစောတို့ရဲ့ လှည့်ကွက်ပဲ
ပေါ့။ မမလေး ရိုးသားအေးဆေးလွန်းတာ သိနေတော့ သူတို့လုပ်ချင်
သလိုလုပ်နေကြတာ။ အစ်ကိုကြီးဆုံးသွားတာတော့ တော်တော်စိတ်မကောင်း
…

ချက်ချင်းပင် မေမေမျက်ရည်ဝဲလာသည်။

ဒေါ်စန်းနှင့်ယယ် အကြည့်ချင်းဆုံသွားတော့ ဒေါ်စန်းရယ်ရယ်မော
မောနှင့်

''ကဲပါ မမလေးရယ်၊ စိတ်မကောင်းစရာတွေ တွေးမနေနဲ့တော့။
အစ်ကိုကြီးအတွက် ကုသိုလ်ကောင်းမှုတွေလုပ်ပြီး အစ်ကိုကြီးကောင်းရာ
သုဂတိရောက်အောင် အမျှအတန်းဝေကြတာပေါ့၊ အခု မမလေးတို့သား
အမိ ဘာဖြစ်ချင်လဲ အရင်ပြော''

မေမေ မျက်ရည်တွေသုတ်လိုက်ပြီး

''လောလောဆယ် မမလေးတို့သားအမိ မစန်းတို့နဲ့အနီးဆုံးမှာ အိမ်
တစ်လုံးလောက် ငှားချင်တယ်''

''ဒီမှာလည်း နေလို့ရပါတယ်၊ ကျွန်မမှာလည်း တူမလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲရှိတယ်။ ကျွန်မတို့လင်မယားက နေ့လယ်လောက်ပဲရှိတာ၊ တူမ… တစ်နေကုန်ကျောင်းနဲ့ကျူရှင်ပဲ အချိန်ကုန်နေတာ။ မမလေးတို့ကို ကျေး… ဆပ်ခွင့်ကြုံတုန်း ကျေးဇူးဆပ်ပါရစေ"

"နင့် စေတနာကို မမလေးနားလည်ပါတယ်၊ ဒါလည်း ကျေး… ဆပ်နည်းတစ်နည်းပဲဟာ။ သမီးလေးကလည်း ဆယ်တန်းဖြေရတော့… ဆိုတော့ မမလေးတို့သားအမိ သက်သက်ပဲနေပါရစေ"

"ဟုတ်တယ် ဒေါ်စန်းရဲ့၊ ခဏတဖြုတ်မဟုတ်ဘူး။ အဆင်ပြေ… ဒီမှာပဲ နေတော့မှာဆိုတော့ ငယ်တို့ကိုသာ သင့်တော်မယ့် လုံလုံခြုံ… အိမ်လေးတစ်လုံး ရှာပေးပါနော်"

"ဟုတ်ကဲ့ပါ၊ မမလေးတို့သားအမိ ဒီလောက်ဆန္ဒပြင်းပြနေမှတော့… လည်း ရှာပေးပါ့မယ်၊ တော်ကြာပဲ သွားစုံစမ်းလိုက်တော့မယ်၊ အိမ်… ခင်တော့ ဒီမှာပဲ နေကြပါနော်"

"အေးပါ မစန်းရယ်၊ ကျေးဇူးတင်ပါတယ်"

"အဲဒီလိုပြောရမယ့်သူလား မမရယ်၊ ငယ်လေးလည်း ဘာမှအ… မငယ်နဲ့နော်"

"ဟုတ်ကဲ့"

"ဒါနဲ့ နင့်ယောက်ျားနဲ့ ကလေးကရော"

"ယောက်ျားက ဈေးထွက်တယ်၊အခုပဲ ကျွန်မလိုက်တော့မယ်လို့ ပြင်… တုန်း မမလေးတို့နဲ့တွေ့တာ။ တူမက ကျောင်းသွားပြီ။ ကဲ မမလေး… နားကြ၊ ကျွန်မ ဈေးခဏသွားပြီး ချက်ချင်းစုံစမ်းပေးမယ်"

"ချက်ချင်း မစုံစမ်းပါနဲ့၊ နေ့လယ်ကျမှပဲ လုပ်ပါ"

"ဟုတ်ကဲ့ မမလေး၊ ကျွန်မ သွားလိုက်ဦးမယ်၊ အေးအေးဆေး… လွတ်လွတ်လပ်လပ်သာနေကြ"

"အေးပါ"

"ကျွန်မ မုန့်တစ်ခေါက်လာပို့ဦးမယ်"

"ရတယ် မစန်း၊ အိမ်မှာ ဘာရှိလဲ၊ ရှိတာပဲ စားလိုက်တော့မယ်…"

"ကော်ဖီမစ်ပဲ ရှိတယ် မမလေးရဲ့၊ ဩဇာ ထမင်းရှိတယ်၊ ထ…



ဆင်းချိုင့်အတွက် မနက်အစောကြီးထ ချက်ထားတာ၊ ငါးရှဉ့်ကြော်နှပ် ရှိတယ်။ ကြက်ဥတွေလည်း ရှိတယ်၊ ကြိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ မမလေး။ ဘာမှ အားမနာနဲ့နော်၊ ကိုယ့်အိမ်လိုပဲ သဘောထား"

စိတ်မချသလို တတွတ်တွတ်မှာသွားသည့် မစန်းက တာဝန်ကျေလွန်းသည်။

******

နောက်သုံးရက်လောက်ကြာတော့ ဒေါ်စန်းတို့အိမ်နှင့် မနီးမဝေးမှာပဲ ခြံပိုင်းငယ်က သပ်သပ်ရပ်ရပ်အိမ်လေးတစ်လုံးကို စပေါ်တင်ပြီး ငှားလိုက်သည်။ ဒေါ်စန်းနှင့်ခင်သော ရပ်ကွက်လူကြီးတွေကလည်း အားတက်သရော ကူညီကြသည်။

"ကဲ…မမလေးနဲ့ ငယ်လေး၊ စိတ်ချမ်းသာတော့၊ ဘာမှ အားမငယ်နဲ့၊ အရေးအကြောင်းဆို ကျွန်မပြေးလာခဲ့မယ်"

"အေးပါ မစန်းရယ်၊ နင် မကြိုက်ပေမယ့်လည်း မမလေးကတော့ ကျေးဇူးတင်ကြောင်း ပြောချင်သေးတယ်"

"ဒီလောက်တင်ချင်ရင်လည်း တင်တင်မမလေးရေ"

ဒေါ်စန်းအပြောကို ငယ်ရယ်လိုက်သည်။

"ကဲ…ကျွန်မ ပြန်လိုက်ဦးမယ်"

"အေး အေး…တစ်နေကုန်ပဲ ပြန် ပြန်"

"သွားမယ် ငယ်လေး"

"ဟုတ်ကဲ့ ဒေါ်စန်း"

သားအမိနှစ်ယောက် ဒေါ်စန်းပြန်သွားရာ လိုက်သွားကြည့်မိသည်။

"ဒေါ်စန်းက တော်တော်တာဝန်ကျေတယ်နော် မေမေ"

"မေမေ ကြည့်ရှုထားတဲ့ ကျေးဇူးတွေကို မမေ့လို့ပေါ့ သမီးရယ်"

"သူ့ယောက်ျားကလည်း တော်တယ်နော်"

"ဟုတ်တယ် သမီး"

ဒေါ်စန်းယောက်ျားကလည်း ငယ်တို့အိမ်၏ လိုအပ်သည့် ပစ္စည်းမှန်

www.burmeseclassic.com

www.burmeseclassic.com



သမျှ တစ်ချက်မညည်းလုပ်ပေးသည်။ ဒေါ်စန်းဘာပြောထားလဲ မသိပါ။ မေမေ့ကိုဆိုလည်း ပျာနေအောင် ဂရုစိုက်သည်။

"အိမ်ကိစ္စလည်း အားလုံးစိတ်အေးသွားပြီဆိုတော့ သမီးကျောင်းကိစ္စ လုပ်ဦး"

ငယ်ထင်သည့်အတိုင်းပင် မေမေက ကျောင်းကိစ္စပြောလာသည်။ ငယ် မေမေ့ကို ဘယ်လိုဆင်ခြေပေးရမှန်းမသိ။

"သမီး"

"ရှင် မေမေ"

"သမီး ဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ"

"ဒီနှစ်အောက်လိုက်မယ် မေမေ"

"မဟုတ်တာ သမီးရယ်၊ ဘာဖြစ်လို့ အောက်ရမှာလဲ မအောက်ရပါဘူး"

မေမေ ခါးခါးသီးသီးပင် လက်မခံသော့ ငယ်စိတ်ညစ်သွားသည်။

"မအောက်လို့ ဘယ်လိုလုပ်ရမလဲ မေမေရယ်၊ နောက်နှစ်မှ ဒီရပ်ကွက်က ကျောင်းတစ်ကျောင်းမှာ ပြန်တက်မှာပေါ့"

"သမီးရယ် စာမေးပွဲက သုံးလလောက်လိုသေးပါတယ်။ ကျူရှင်တက်ပြီး စာမေးပွဲရက်ကျမှ သွားဖြေရင်ရတာပဲ"

"ဒီလောက် အဝေးကြီးကို မလွယ်ပါဘူး မေမေရယ်"

"ဘာလို့မလွယ်ရမှာလဲ သမီးရဲ့ တက္ကစီနေ့တိုင်း အသွားအပြန် ငှားထားမှာပေါ့၊ မေမေကိုယ်တိုင်လိုက်စောင့်ပေးမှာ"

"သမီးစိတ်လည်းမပါဘူး မေမေ၊ ဒီနှစ်တော့ မဖြေပါရစေနဲ့တော့"

ငယ့်စိတ်ကိုသိသော မေမေက ဆက်မတိုက်တွန်းတော့ပါ။

"အေးပါလေ၊ သမီးစိတ်မပါရင်လည်း မေမေ မတိုက်တွန်းတော့ပါဘူး။ သူငယ်ချင်းတွေကိုတော့ အဆက်အသွယ်ဖြတ်မထားပါနဲ့ သမီးရယ်၊ နွယ်မာနဲ့ ညိုညိုတို့က ငယ်ငယ်ကတည်းက ခင်လာကြတဲ့သူငယ်ချင်းတွေပါ။ အခုဆို သမီး ရုတ်တရက်ပျောက်သွားတော့ သူတို့သိပ်စိတ်ပူနေကြမှာ"



ငယ် ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ ငြိမ်ငြိမ်လေးနေတော့ မေမေဆက်မပြောတာပေါ့။ ရုတ်တရက်ပြောင်းလဲသွားသည့် အခြေအနေကြောင့် ငယ် စိတ်အားငယ်ပြီး အားလုံးကိုအဆက်အသွယ် ဖြတ်ချင်ဟု မေမေ ထင်နေသည်။ တကယ်လည်း ဟုတ်ပါသည်။

ငယ် ဘယ်သူနှင့်မှမတွေ့ချင်ပါ။ နွယ်မာ၊ ညိုညိုနှင့် တိုးအောင်တို့က ငယ်သူငယ်ချင်းမို့ ငယ့်ရဲ့ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကို နားလည်ပြီး သနားကြမှာသိသည်။ ငယ်မျက်နှာပူပြီး လုံးဝမတွေ့ချင်သည့် သူကတော့ ဘုန်းရဟုကိုပဲဖြစ်သည်။ အမြဲတမ်းပျော်ပျော်ပဲနေတတ်သော ငယ်က သူ့စိတ်တိုအောင် ဒေါသဖြစ်အောင်ကို စခဲ့ နောက်ခဲ့သည်။ ယောက်ျားဖြစ်ပြီး မခံချင်ဖြစ်နေပုံလေးကို ငယ်က သဘောကျသည်။ သူကတော့ ငယ့်ကိုသတ်ပစ်ချင်လောက်အောင်မုန်းနေမှာ သေချာသည်။ ငယ့်ကို သူကြည့်သည့်အကြည့်တွေက နင် တစ်နေ့တွေ့မယ်ဆိုသည့် အကြည့်မျိုး။

သူ ဒေါသဖြစ်လည်းဖြစ်ချင်စရာကောင်းအောင် မိန်းမတန်မဲ့ငယ်က သူ့အားနှည်းချက်ကို တစ်နေ့တစ်မျိုး မရိုးအောင်ကို နောက်ခဲ့သည်။ အခု ငယ်မရှိတော့သည့်အတွက် သူပျော်နေမှာပါ။ ထိုသို့အတွေးရောက်သော့ ငယ့်ရင်ထဲ နင့်နေအောင်ခံစားသွားရသည်။

ငယ့်ကို အနှောင့်အယှက်မပေးချင်ပုံနှင့် မေမေထသွားတော့မှ အတွေးလွန်နေတာကို သတိရသွားသည်။

ငယ်က လွန်ခဲ့သောအတိတ်ကအကြောင်းတွေပြန်တွေးပြီး သက်ပြင်းကြီးတစ်ချက်ကို ချလိုက်ပါသည်။

ကိုးနှစ်ဆိုသောအချိန်က လူတစ်ယောက်ကို မပြောင်းလဲနိုင်ပေမယ့် ဘုန်းရဟုကတော့ အရုပ်ကိုပြောင်းလဲသွားသည်။ စာမေးပွဲဖြေဖို့ ဆယ်နှစ်လောက်အလိုမှာ သူငယ်ချင်းတွေကို သတိရလွန်းလို့ ငယ်သွားချောင်းသော့ ဘုန်းရဟုက အရင်လိုပိန်ပိန်ရှည်ရှည်ကြည့်မကောင်းသောပုံမျိုး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပါ။ ကိုယ်လုံးကိုယ်ထည်ထွက်လာပြီး တော်တော်ကိုကြည့်
ကောင်းနေသည်။ ငယ်ပိုပြီး စိတ်အားငယ်သွားသည်။ တစ်နေ့မှာ ကလဲ့
ချေမည့်ဆိုသည့် သူ့အကြည့်တွေကို ဘယ်တော့မှမမေ့။

ထိုအချိန်ကတည်းက ဘုန်းရတုက ငယ့်အိမ်မက်ထဲကို ရောက်လာ
သည်။ နွယ်မာ၊ ညိုညိုတို့နှင့်လည်း ဘုန်းရတုက တော်တော်ခင်နေကြ
တတွဲတွဲဖြစ်နေတော့ ငယ် ဝမ်းသာလွန်းလို့ မျက်ရည်ကျခဲ့ရသည်။

ဆယ်တန်းကို သူတို့အားလုံးအောင်ကြသည်။ စာတော်သော ဘုန်းရ
ကတော့ ဂုဏ်ထူးသုံးခုတောင်ပါသည်။ သူတို့အားလုံး တတွဲတွဲနှင့်ပျေ
ရွှင်နေတာကို ငယ်ကြည့်ပြီး ရင်ထဲသို့ အပျော်တွေကူးစက်လာသည်
သွားနှုတ်ဆက်ချင်သည့်စိတ်တွေကို မနည်းပင် ချိုးနှိမ်ထားရသည်

ဘုန်းရတုနိုင်ငံခြားမှာ ကျောင်းသွားတက်မည်ဆိုတော့ လေယာဉ်ကွ
မှာ ငယ်သွားချောင်းခဲ့သည်။ နွယ်မာတို့နှင့်စကားပြောနေသော ဘုန်းရ
ကိုကြည့်၍ ငယ်အံ့သြမှင်တက်သွားရသည်။ ဘာကြောင့်လဲဆိုတော့ ဘုန်
ရတုဆိုသော ငယ့်ရဲ့အိပ်မက်ထဲက မင်းသားလေးသည် နတ်ရေကန်ထဲ
တက်လာသော နတ်သားလေးတစ်ပါးအလား ပြောစရာမရှိအော
ချောမောလုပလွန်းနေသည်။ မျက်တောင်ခတ်ဖို့တောင် မေ့လောက်သည
အထိ သူ့ကိုပဲငေးကြည့်နေမိသည်။

ဘုန်းရတုနိုင်ငံခြားသွားနေစဉ် သူငယ်ချင်းတွေနှင့် ပြန်ဆက်သွယ်
ရပေမယ့် ဘာကြောင့်မှန်းမသိစွာ ပြတ်လက်စနှင့်တစ်ခါတည်းဖြတ်ထ
လိုက်သည်။ ဘုန်းရတုနိုင်ငံခြားကပြန်လာတော့လည်း ခဏခဏကိုသွ
ချောင်းခဲ့တိုင်း ရင်တွေခုန်၊ ဒူးတွေတုန်ပြီး ပြန်လာခဲ့ကြတာချည်းဖြ
သည်။

လွန်ခဲ့သော ရက်ပိုင်းကမှ ဘုန်းရတုကို တွေ့ထားသောငယ်သည
အင်တာဗျူးပြီးအပြန် ရင်ခုန်စရာတွေပြောနေစဉ်မှာပဲ ဖြတ်သွားသေ
ကားပေါ်ကလူသည် ဘုန်းရတုဆိုတာ ဘယ်နည်းနှင့်မျှ မမှားနိုင်



ခင်ခုန်သည့်ကြားမှာ ဘုန်းရတုက အင်တာဗျူးခန်းထဲမှာ သေသေချာချာ
ရှိနေသည်ဟု မမလှိုင်ပြောတော့ ငယ်ဘာလုပ်ရမှန်းကိုမသိအောင်ပင်။
ဘုန်းရတုဘာကြောင့် အင်တာဗျူးအခန်းထဲမှာရှိနေရတာလဲ။ ကုမ္ပဏီပိုင်
ရှင်နှင့် ဘုန်းရတုနဲ့ပတ်သက်မှုက နှယ်နှယ်ရရမဟုတ်နိုင်ပါ။

ငယ့်ကို သူ မမှတ်မိစရာအကြောင်းမရှိပေမယ့် နာမည်ပြောင်း
ထားသည့်အတွက်ကြောင့်တော့ ဇဝေဇဝါဖြစ်နေမှာပဲ။ ဒါပေမဲ့ သူက
ငယ့်ကို မှန်းတဲ့အတွက် ရင်မဆိုက စောငယ်ငယ်ဖြစ်လည်း သူနှင့်မဆိုင်
သလိုနေမှာပါ။

ထိုအတွေးတွေရောက်လာမှ ငယ့်ရင်ထဲက အပူလုံးကြီးကျသွားသလိုပဲ။

သူ့ရဲ့ရုပ်ရည်၊ ပညာအရည်အချင်း၊ ကြွယ်ဝချမ်းသာမှုတွေက ငယ့်ဘဝ
နှင့်ပို၍ ပို၍အလှမ်းကွာသွားသလိုပဲ။ သူ့ဘဝက မြင့်မားသည်ထက်မြင့်
မားလာပြီး ငယ့်ဘဝကတော့ . . .။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဘုန်းရကုကားလေး မိုးထက်ခြံထဲ ကွေ့ဝင်သွားပြီး ရပ်ထားသော မိုးထိုက်ကားဘေးမှာရပ်လိုက်သည်။ စာအုပ်တွေ တထပ်ကြီးနှင့်အလုပ်ရှုပ်နေသော မိုးထိုက်ကို ညွှန်းထဲမှာ အသင့်တွေ့တော့ဝမ်းသာသွားသည်။ အလုပ်ရှုပ်နေသည့်ကြားက မိုးထိုက်လှမ်းကြည့်ပြီး

"ကျေးဇူးရှင် ထွက်သွားလိုက်တာ ပြန်ကိုပေါ်မလာတော့ဘူး"

"အဟဲ ဟဲ"

မျက်နှာချိုသွေးပြီး မိုးထိုက်ဘေး သူဝင်ထိုင်လိုက်သည်။

"ဘာစာအုပ်တွေလဲ"

"အခုချိန်မှာ ငါဖတ်တဲ့စာအုပ်က အလုပ်အတွက်ကလွဲလို့ တခြားဘာဖြစ်မှာလဲ၊ ဒါတောင်မစဉ်းစားတတ်ဘူးလား"

မိုးထိုက် ဘုပြောပေမယ့် သူပြန်မတင်းရဲ၊ သူလာသည့်အကြောင်းရင်းကိုက မိုးထိုက်ဆီ အကူအညီတောင်းဖို့ကို။ နေ့လည်က သူပြန်လစ်သွားသည့်အတွက် မိုးထိုက်တင်းနေသည်။

သူကလည်း သူပါပဲ၊ စောငယ်ငယ်ကိုတွေ့လိုက်တာနှင့် ဘာကိုမှ သတိမရတော့။ မိုးထိုက်အလုပ်အတွက် အင်တာဗျူးခေါ်တော့ သူလုပ်ငန်းအတွက် ကြိုတင်လေ့လာသည့်အနေနှင့် ရောက်သွားခဲ့သည်။ ဒီလိုလာခဲ့တာသည် သူ့အတွက် ကံကောင်းဖို့ဖြစ်သွားခဲ့သည်။ အင်တာဗျူးလာဖြေသောမိန်းကလေးတော်တော်များများထဲက တစ်ယောက်သောကောင်မလေးသည် အနှစ်နှစ်အလလက သူတမ်းတနေသော စောငယ်ငယ်ဖြစ်နေတော့ အံ့သြမှုနှင့်အတူ အရမ်းကိုဝမ်းသာသွားသည်။



မေးတာကိုပဲ မျက်လွှာလေးချပြီး ဖြေနေသော ကောင်မလေးသည် ...မ်းတနေသော စောငယ်ငယ်ဆိုတာ သေချာအောင်သူ့ကိုမခံချင် ...အောင်စခဲ့သည့် သူမနှုတ်ခမ်းတစ်စုံက သက်သေပင်ဖြစ်သည်။ ထိုနှုတ် ...မ်းလေးသည် သူစွဲမက်ခဲ့ရသောနှုတ်ခမ်းလေးဖြစ်သည့်အတွက် ဘယ် ...သောက်အချိန်တွေကြာကြာ မှတ်မိနေမှာဖြစ်သည်။

သူငယ်ချင်းတွေကိုတော့ စောငယ်ငယ်နှင့်တွေ့သည့်အကြောင်း မပြော ...ချင်သေး။

"ငါ ဘာကြောင့်ပြန်သွားရလဲဆိုတဲ့အကြောင်းကိုသိရင် မင်းအရမ်း ...အံ့သြသွားမှာ"

"ဘာအကြောင်းမို့လဲ"

စိတ်မပါသည့်ပုံနှင့် မိုးထိုက်က ခပ်အေးအေးပင်။

"စောငယ်ငယ်ကို တွေ့ပြီ"

"ဟမ်...ဘယ် ဘယ်မှာတွေ့တာလဲ"

လက်ထဲက စာအုပ်ပြုတ်ကျသည်အထိ မိုးထိုက်တအံ့တသြနှင့်မေး ...တော့ သူရယ်လိုက်သည်။

"မင်းနောက်နေတာ မဟုတ်လား"

"ဒါ နောက်စရာလားကွာ၊ တကယ်ပြောတာပါ"

"အဲဒါဆို ဘယ်မှာတွေ့တာလဲ ပြောလေ၊ သူကရော မင်းကိုမှတ်မိ ...သား"

မိုးထိုက် အငမ်းမရမေးနေသည်။ သူနှင့် စောငယ်ငယ်အကြောင်းသိ ...သော မိုးထိုက်က အရမ်းသိချင်နေပြီ။

"နေ့လယ်က အင်တာဗျူးလာဖြေတဲ့ ရှင်မဏီဆိုတာ စောငယ်ငယ်ပဲ"

"ရှင်မဏီ"

မိုးထိုက်သံယောင်လိုက်ပြီး စဉ်းစားနေ၏။

"ငါတော့ မျက်စိထဲမှာ လုံးဝမပေါ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်များတဲ့လူတွေထဲမှာ ဘယ်လိုလုပ်မှတ်မိမှာလဲ"

"စောငယ်ငယ်ဆိုတာရော သေချာရဲ့လား"

"မှားစရာလားကွာ၊ နှလုံးသားထဲကရော ဦးနှောက်ထဲကရော စွဲနေအောင် မှတ်မိနေတယ်။ နောက်နှစ်ပေါင်းများစွာကြာလည်း မှတ်မိနေဦးမှာ"

"အံမယ်လေး တော်ပါတော့ကွာ၊ အမြင်ကပ်လိုက်တာ"

"မခံစားဖူးတဲ့ သူတွေကတော့ ပြောမှာပဲ"

မိုးထိုက် ပါးစပ်လှုပ်ရုံလေး ဆဲသည်။

"အဲဒါ မင်းဆီကို အချိန်မီပြေးလာတာ"

"ဘာကိစ္စလဲ"

"ဟဲ…ဟဲ၊ မင်းပေါက်ပါတယ်၊ ဘာလဲ လာဘ်ထိုးရဦးမလား"

"ထိုးရမှာပေါ့၊ ဘယ်နေရာမှ အလကားဆိုတာ မရှိဘူး"

"ရတယ်၊ မင်း ဘာလိုချင်လဲ ပြော"

"နေဦး၊ ငါ စဉ်းစားပြီးမှပြောမယ်"

"ရတယ်၊ အလှည့်ဆိုတာတော့ ရှိလာဦးမှာပဲ"

ဂရုမစိုက်ဘူးဆိုသည့်ပုံနှင့် မိုးထိုက်ပခုံးတွန့်ပြသည်။ မြူးကြွနေသော သူ့ကိုအမြင်ကပ်သလို မိုးထိုက်သူ့အလုပ်သူဆက်လုပ်နေသည်။

"ပြန်မယ် သူငယ်ချင်း၊ မင်းလည်း အလုပ်ပျက်တယ်"

မိုးထိုက် ဘုကြည့်ကြည့်ပြီး

"ကြွ ကြွ မြန်မြန်လေးသာကြွ"

"ငါ စိတ်ချမယ်နော် သူငယ်ချင်း"

အိမ်ပေါက်ဝနားရောက်မှ မိုးထိုက်မခံချင်အောင် လှမ်းနောက်လိုက် သည်။

"ကားကိုလည်း ကြည့်မောင်းဦး၊ မိန်းမ မရဘဲဖြစ်သွားဦးမယ်"

ကြည့်မရဖြစ်နေသော မိုးထိုက်က ခပ်ကျယ်ကျယ်လေး လှမ်းအော် တော့ သူရယ်လိုက်သည်။ အခုချိန်မှာ ဘယ်သူတွေဘာပြောပြော ချေ



ခိုင်တော့ပြောကြပါစေ။ သူပျော်နေတာပဲ သိသည်။

နှင် ဘယ်လိုပဲခြေရာဖျောက်ဖျောက် အခုတော့ဘယ်ပြေးမလဲ စောငယ်ငယ်၊ သူ့မေတ္တာတွေ စစ်မှန်ခဲ့သည့်အတွက် စောငယ်ငယ်ကို တွေ့ခဲ့ပါသည်။ တွေ့တာမှ အမြဲတမ်းကို မြင်တွေ့ရတော့မည့်အခြေအနေ မျိုးနှင့်ကို တွေ့ရတော့မည်။ ဒီကမ္ဘာမှာ သူ့လောက်ပျော်တဲ့သူရှိမည်တောင် ထင်တော့ပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

လျှောက်ထားသောအလုပ်အတွက် ခန့်စာရောက်လာတော့ မဏီအပြည့်အဝကို မပျော်တော့ပါ။ ဘုန်းရတုက ဒီစက်ရုံနှင့် ကုမ္ပဏီမှာ သေသေချာချာကိုရှိနေမှာ။ သူကတော့ မဏီ သူ့ကိုမမှတ်မိဘူးဟု ကျိန်းသေထင်မှာပါ။ မဏီ ဘာလုပ်ရမလဲ။ မမလှိုင်ရော ဘယ်လိုလဲမသိ။

ထိုအချိန်မှာပဲ ဒေါ်စန်းတို့အိမ်သွားနေသောမေမေ ပြန်လာသည်။

"လက်ထဲက ဘာလဲသမီး"

အိမ်ပေါ်လှမ်းတက်ရင်း မဏီကိုင်ထားသောအလုပ်ခန့်စာ စာအိတ်လေးကို မေမေကြည့်ပြီး မေးခြင်းဖြစ်သည်။

"အလုပ်ခန့်စာ မေမေ"

"ဒါဆို သမီးအလုပ်ရပြီပေါ့"

မဏီ့ခေါင်းမှာ ထိုင်ချပြီး မေမေဝမ်းသာအားရနှင့်မေးသည်။

"ဟုတ်ကဲ့ မေမေ"

"ဝမ်းသာလိုက်တာ၊ ကေသီလှိုင်ရော သမီး"

"အခုပဲ သမီးသွားမေးမလို့"

"သွားလေ သမီး"

မေမေ့ဆီ ခွင့်ပြုချက်ရတာနှင့် ဖိနပ်ကောက်စီးပြီး မမလှိုင်တို့အိမ်ဘက် ခပ်သုတ်သုတ်လေး လျှောက်လာခဲ့သည်။

ငါ နင်နဲ့ ရင်မဆိုင်ရဲဘူး ဘုန်းရတုရယ်။

ချောချောလှလှ စတိုင်လ်ကျကျ သူ့ပုံစံလေးသည် မဏီမျက်စိထဲက လုံးဝမထွက်သလို အတွေးထဲမှာလည်း အမြဲပင်ရှိနေသည်။



အိမ်ရှေ့မှာထိုင်နေသော မမလှိုင်က မဏီဝင်လာတာတွေ့သည်နှင့် ...ပြုံးပြပြီး

"လာ မဏီ"

မမလှိုင်ဘေးမှာ မဏီဝင်ထိုင်လိုက်တော့ မမလှိုင်က ပြုံးကြည့်ပြီး

"အလုပ်ခန့်စာ ရောက်လို့ လာကြွားတာမဟုတ်လား မဏီ"

"မမလှိုင် ဘယ်လိုလုပ်သိလဲ"

မမလှိုင် ပြန်မဖြေဘဲရယ်နေတော့

"မမလှိုင်လည်း အလုပ်ရတယ် မဟုတ်လား"

"မရပါဘူး မဏီရယ်"

"ဟင်...မမလှိုင် မရဘူးဟုတ်လား၊ ဒါဖြင့် မဏီအလုပ်ရတာ ဘယ်လိုလုပ်သိလဲ"

"စောစောကလေးတင်ပဲ မမလှိုင်သူငယ်ချင်း မေသိုက်မှုန်းဆက်တယ်၊ ...ညီမ ဓါတုတင် မိုးထိုက်မြင့်မိုရ်ဆေးကုမ္ပဏီမှာ အလုပ်ရတဲ့အကြောင်း ...ပြောတာ"

"ဒါဖြင့် မမလှိုင်ကတော့ မရဘူးပေါ့ဟုတ်လား"

"မရလို့သာ အခုထိ မမလှိုင်ဆီခန့်စာမရောက်သေးတာပေါ့ မဏီရယ်"

"ဟင်း...စိတ်ညစ်လိုက်တာ"

မဏီ့ကိုကြည့်ပြီး မမလှိုင် ရယ်လိုက်ကာ

"အလုပ်ရတာ စိတ်ပျက်စရာလား မဏီရယ်၊ မဏီ အလုပ်ရတာကို ... မမလှိုင်ဝမ်းသာလှပြီ"

"မဏီကတော့ မမလှိုင်နဲ့ အတူတူမလုပ်ရတော့ စိတ်မပါတော့ဘူး"

"မဟုတ်တာ မဏီရယ်၊ လုပ်ရင်းနဲ့ အပေါင်းအသင်းကတော့ ရသွား...တဲ့ ဘာမှအားမငယ်နဲ့၊ ကဲပါ စိတ်ညစ်စရာတွေ တွေးမနေနဲ့၊ မမလှိုင် ...ကို ဘာကျွေးမှာလဲပြော"

"မဏီနဲ့ မမလှိုင်က ပြောရမယ့်သူတွေမဟုတ်ပါဘူး၊ မမလှိုင်စားချင်

www.burmeseclassic.com

www.burmeseclassic.com



တာသာပြော"

"ပြောမယ် မဏီအလုပ်ဆင်းမှ"

"မမလှိုင်"

မမလှိုင် မျက်လုံးလေးပင့်ကြည့်သည်။

"မမလှိုင် နောက်အလုပ်တစ်ခု ထပ်လျှောက်ရဦးမှာပေါ့နော်"

"ဒါပေါ့ မဏီရဲ့"

ခပ်အေးအေးပြောနေသော မမလှိုင်မျက်နှာကို မဏီငေးကြည့်နေ

သည်။

"အင်းပေါ့၊ အခုဒီမှာ မရဘူးဆိုတော့ ပြောထားတဲ့အလုပ်တစ်

အတွက် သွားဖို့ချိန်းထားတယ်"

မမလှိုင်ကတော့ အပြုံးမပျက် အေးအေးဆေးဆေးပြောနေပေမယ့်

မဏီကတော့ မမလှိုင်နဲ့ ခွဲရမည့်အတွက် စိတ်မကောင်းဖြစ်နေမိသည်

"မမလှိုင် ဘယ်တော့သွားမှာလဲဟင်"

"နေ့လယ်လောက်မှပါ။ မေသိုက်အသိနဲ့ပတ်သက်တဲ့အလုပ်

အင်တာဗျူးဖြေတဲ့နေ့က မေသိုက်ညီမ ဓါတုတင်နဲ့ မဏီ့ကို မမလှိုင်

မိတ်ဆက်ပေးတယ်နော်"

"ဟုတ်တယ်လေ၊ ရုပ်ချောသလောက် မာနကြီးတယ်လို့ မဏီတော

ပြောသေးတယ်"

"အခု ဓါတုတင်က အတွင်းရေးမှူး ရာထူးကိုရထားတော့"

"သူက ဘယ်သူ့အဆက်အသွယ်နဲ့ အတွင်းရေးမှူးတောင်ရတာလဲ"

မမလှိုင် ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြီး

"သူတို့က အဆက်အသွယ်တွေကတော့ များတယ်၊ အဲဒီနေ့

အလုပ်လာလျှောက်တဲ့မိန်းကလေးတွေကို မဏီတွေ့သားပဲ၊ မချောမလှ

သူ ဘယ်မှာပါလို့လဲ၊ အတွင်းရေးမှူးဆိုတော့ ရုပ်လည်းချောရမယ်

ဓါတုတင်က ရုပ်ချောရုံတင်မဟုတ်ဘူး။ သူ့ပညာသတ်မှတ်ထားတဲ့အရ



ချင်းတွေအားလုံးနဲ့လည်း ပြည့်စုံတယ်။ အကာပ်ကောင်းတာလည်း

ပါမှာပေါ့"

"အရင်ကရော အလုပ်ရှိလား မမလှိုင်"

"ရှိတာပေါ့ မဏီရဲ့၊ မမလှိုင်တို့လိုပေါ့၊ ပိုပြီးအခွင့်အရေးရမယ့်

အလုပ်ကောင်းမယ့်ဆီ လိုက်ပြောင်းနေတာ။ သူတို့က ဒါကိုပဲ လိုက်စုံစမ်း

နေတာ။ ညီအစ်မတွေအကုန်လုံးချောတယ်၊ ခေတ်ဆန်တယ်၊

ဉာဏ်လည်းဝယ်ဝယ်လည်းရှိတယ်၊ ဒီခေတ်ကြီးထဲမှာ ရုပ်ချောတဲ့မိန်းမဟာ

အခွင့်အလမ်းသာတယ်"

မမလှိုင်ပြောပြသော ဓါတုတင်အကြောင်းကိုနားထောင်ပြီး အင်တာ

ဗျူးနေ့က မမလှိုင်မိတ်ဆက်ပေးတော့ တင်းတင်းမာမာမျက်နှာတစ်ခုကို

မြင်နေမိသည်။

"ဒါဆို မဏီသွားတော့မယ် မမလှိုင်"

"သွားတော့မလို့လား မဏီရဲ့၊ တစ်ခုခုစားသွားဦးလေ"

"မစားတော့ပါဘူး မမလှိုင်ရယ်"

"ဟုတ်ပြီ မဏီ၊ အလုပ်မဆင်းခင် ထပ်တွေ့တာပေါ့"

"အခု အလုပ်အခင်ပြေရင်လည်း မဏီ့ကို အကြောင်းကြားဦးနော်"

"ကြားမှာပေါ့မဏီရဲ့၊ စောရင်လည်း မဏီတို့ဘက် လှည့်ဝင်ခဲ့မယ်"

"ဟုတ်ကဲ့ မမလှိုင်"

လေးတွဲ့စွာပဲ မဏီလျှောက်လာခဲ့သည်။

အလုပ်စလုပ်ကတည်းက မမလှိုင်နဲ့ပဲ တစ်တွဲတွဲနေလာခဲ့သည်။ အခု

ခွဲရမည်ဆိုတော့ မမလှိုင်လည်း စိတ်ကောင်းမှာမဟုတ်ဘူး။ မဏီ့

ထက် ငါးနှစ်ကြီးသည့် မမလှိုင်က လူကြီးဆန်သည်။

တစ်ယောက်တည်း အလုပ်ဆင်းရမည့်အတွက် အားငယ်ရသည့်ကြား

ထဲ ဘုန်းရတဲ့အကြောင်း သတိရသွားတော့ အလုပ်တောင်မဆင်းချင်

တော့ပါ။ တကယ်တော့ မဏီအစိုးရိမ်ပိုတာပါ။ မဏီ့ကို ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



မှန်းသိလည်း သူကျိန်းသေမသိဟန်ဆောင်နေမှာပါ။ ဘာကြောင့်လဲ
တော့ သူကလုပ်ငန်းရှင်သူဋ္ဌေးမိတ်ဆွေ။ မဏီက ဝန်ထမ်းပေါင်းများစွ
ထဲက အလုပ်သမားတစ်ယောက်။ မိုးနှင့်မြေကြီးလောက် အလှမ်းကွ
ဝေးလွန်းသွားသည်။ စောငယ်ငယ်ဆိုသည့် ဘာကိုမှအလေးအနက်မထ
တတ်သည့် ဗရုတ်သုတ်ခကောင်မလေးသည် ဘုန်းရတုရဲ့ရင်ထဲမှာ
ရေးလေးလောက်တောင် ရှိမှာမဟုတ်တော့ပါဘူး။

မဏီ စိတ်ကိုတင်းပစ်လိုက်သည်။

ဝှါရင်ထဲမှာတော့ နင်ကဘယ်တော့မှ ဖျောက်ဖျက်လို့မရတဲ့သူပါ။

❀ ❀ ❀

## အခန်း (၁၂)

စက်ရုံနှင့်ကုမ္ပဏီဖွင့်သည့်နေ့မှာတော့ ပိုင်ရှင်ဦးမိုးထိုက်ဘေးမှာ ပြုံး
လေးရှိနေသည့် သူ့ကို မဏီ ခဏခဏခိုးကြည့်ပြီး ရင်တွေခုန်နေပါ
သည်။ မဏီ့ကို မမြင်အောင်လည်း ဝန်ထမ်းတွေကြားမှာ ပုန်းကွယ်နေ
သည်။ ပုန်းကွယ်နေရင်းကကို မဏီခိုးကြည့်ပေမယ့် သူ့မျက်ဝန်းတွေက
တော့ မဏီ့ထံသို့ တစ်ချက်မှ ဝေ့မလာပါ။

ပိုင်ရှင် ဦးမိုးထိုက်က အလုပ်နှင့်ပတ်သက်သည့်အကြောင်းအပြင်
ရှင်နှင့်အလုပ်သမား မခွဲခြားဘဲ စေတနာရှိရှိ သစ္စာရှိရှိ အလုပ်လုပ်
ရှင်ကြောင်း အကျယ်တဝင့်ပြောကြားပြီးသည့်နောက်မှာ သူငယ်ချင်း
သူ ဘုန်းရတုနှင့်လည်း မိတ်ဆက်ပေးသည်။

မိုးထိုက်က သူ့ဝန်ထမ်းတွေနှင့် မိတ်ဆက်ပေးပြီးမှာတော့ သူထိုင်ရာ
ထလာခဲ့သည်။ မိုက်ရှေ့ တည့်တည့်ရောက်မှ ခပ်ပြုံးပြုံးမျက်နှာလေး

"မင်္ဂလာပါခင်ဗျာ၊ ကျွန်တော်ကတော့ မိုးထိုက်မြင့်မိုရ်ကုမ္ပဏီနှင့်စက်
ပိုင်ရှင် ဦးမိုးထိုက်ရဲ့သူငယ်ချင်း ဘုန်းရတုပါ။ မိုးထိုက်နည်းတူပဲ မကြာ
တော့တဲ့အချိန်အတွင်းမှာ စားသောက်ကုန်ပစ္စည်းကုမ္ပဏီဖွင့်တော့မှာမို့
သူငယ်ချင်းစက်ရုံမှာ လေ့လာနေခြင်းဖြစ်ပါတယ်။ ဝန်ထမ်းအားလုံး ကြိုး
စားကြပါ။ ရိုးသားကြပါလို့ပဲပြောရင်း ကျေးဇူးတင်ပါတယ်"

လက်ခုပ်သံတွေ ဆူညံသွားတော့ မဏီကြက်သီးတွေပင်ထသွားသည်။
လွန်ခဲ့သော ကိုးနှစ်ကျော် ဆယ်နှစ်တန်းက မဏီနှင့်စတွေ့ခဲ့သည့်
ပိန်ရှည်ရှည်ကောင်လေး ဘုန်းရတုနှင့် မကြာတော့သည့်အချိန်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ကုမ္ပဏီပိုင်ရှင်ဖြစ်တော့မည့် ဘုန်းရတုကိုနှိုင်းယှဉ်ပြီး မြင်ယော
ကြည့်မိသည်။

မဏီ ပြုံးလိုက်ပါသည်။ မဏီ့ဘဝကတော့ ဘုန်းရတုနှင့် မယှဉ်
အောင် ကွာခြားခဲ့သည်။ ကိုယ့်ဘဝကို ဘယ်တော့မှ မဏီစိတ်ပျက်အ
ငယ်သည်ဟု မရှိခဲ့ပါ။ ကံတရားကြောင့်ဖြစ်လာသော အခြေအနေ
ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်သည်။ သူ သို့မဟုတ် ဘုန်းရတုကို ပြန်တွေ့သည့်အ
မှာတော့

ဝန်ထမ်းတွေ အလုပ်စဆင်းသည့်နေ့မှာတော့ မိုးထိုက်နှင့်အတူ စ
တစ်ခုလုံး၏ အဆင့်ဆင့်ဝန်ထမ်းတွေကို လိုက်ကြည့်နေသော သူ
စောငယ်ငယ်က မျက်နှာချင်းအဆိုင်မခံပါ။ မနေတတ်မထိုင်တတ်ဖြစ်
သော သူမကိုကြည့်ပြီး သနားလာသည်။ ဖွင့်ပွဲနေ့ကလည်း ပုန်းလျှိုးကွ
လျှိုးနှင့် ခိုးကြည့်နေတာကို ဝန်ထမ်းအများကြီးကြားထဲမှာ သူ့မျက်
ကလည်း တွေ့ဖြစ်အောင်ကို တွေ့သည်။

ငါ့ကို မကြောက်ပါနဲ့ စောငယ်ငယ်ရဲ့ယ်။

စောငယ်ငယ်ဖြစ်နေပုံကြည့်ပြီး သူပြုံးလိုက်သည်။ သူ့ရဲ့ပထမအ
အစဉ်ကတော့ သူနှင့်မျက်နှာချင်းဆိုင်ရမှာကြောက်နေသော ကောင်မလေ
ကို ဖွတ်ပင်တစ်ခုခုပြောဖို့ပါ။ နောက်မှ သတိရသွားသည်။ သူ ထို
လုပ်လိုက်လျှင် သူမ အလုပ်မဆင်းမှာစိုးရိမ်သွားသည်။ အခုအချိန်
တော့ ဆက်ပြီးမသိဟန်ဆောင်နေတာ အကောင်းဆုံးပဲ။

သူ့ကို သူမ မှတ်မိသွားတာသေချာသည်။ နာမည်အပြင် ငယ်
လည်းမပျောက်သေးသည့် သူ့ကို စောငယ်ငယ်မှတ်မိသွားတာ ဆန်းတေ
မဆန်းပါ။

"ဟေ့ကောင် ဘာတွေစဉ်းစားခန်းဖွင့်နေတာလဲ"

မိုးထိုက် အခန်းထဲရောက်တော့ မိုးထိုက်ခြေပစ်လက်ပစ်ထိုင်ချ
သူ့ကိုမေးနေသည်။

"ဒီလိုပါပဲ"

"မင်းကောင်မလေးနဲ့ တွေ့လား"



"တွေ့တာပေါ့"

"ဒါပဲ လိုက်ကြည့်နေတာ မဟုတ်လား"

သူ ပြုံးလိုက်ပုံကို မိုးထိုက်အမြင်ကပ်သလိုကြည့်သည်။

"နေပါဦး မင်းသူ့ကိုမှတ်မိတယ်ဆိုတဲ့အကြောင်း မပြောသေးဘူးလား"

"ပြောပါ့မယ်ကွာ"

"ပြောစရာရှိတာပြောလေ။ သူကတော့ မင်းကို မှတ်မိမယ် မထင်ဘူး"

"မထင်နဲ့သူငယ်ချင်းရေ ငါနဲ့မျက်နှာချင်းကို အဆိုင်မခံဘူး။ ငါ့ကို
ကြိုန်းသေ သူမှတ်မိနေပြီ"

"မင်းပြောတော့ သူနဲ့ဝေးမသွားခင်အထိက မင်းပုံစံက ပိန်ပိန်ကပ်ကပ်
ခေါင်းလုံးတစ်လုံးအတိုင်းဆို"

မိုးထိုက်ခပ်သည်းသည်းဥပမာပေးပုံကြောင့် သူအမြင်ကပ်ကပ်ဖြင့်

"ဟေ့ကောင်ရ ငါ့ရဲ့ချောချောလှလှရုပ်က လွန်ခဲ့တဲ့ဆယ်နှစ်ကလည်း
ဒီအတိုင်းပဲကို၊ နာမည်လည်းတူနေတော့ မှတ်မိသွားတာဘာဆန်းလဲ"

မိုးထိုက်မျက်နှာတစ်ပြင်လုံးရှုံ့မဲ့နေသည်။

"ဟေ့ကောင်တော်စမ်း၊ ဖွ ဖွ လွှဲပါစေ"

"ဟား ဟား ဟား"

သူ့အဖြစ်သည်းပုံကိုကြည့်ပြီး မိုးထိုက်အော်ရယ်နေသည်။

"အေးပါ့ ... မင်းရယ်ထား၊ မင်းအလှည့်ကျမှသိမယ်၊ ရည်းစားရှိတဲ့
မိန်းမကို ချစ်မိပါစေ"

မိုးထိုက်အရယ်အပျက်၊ သွားဖို့ပြင်ဆင်နေသောသူ့ကို

" ဘာလဲ သွားတော့မလို့လား"

"ပြန်လာဦးမှာ မပူနဲ့"

သူပြောလည်းပြော မိုးထိုက်အခန်းထဲကလည်းထွက်လာခဲ့သည်။

"တန်းတန်းမတ်မတ်သွားနော်၊ စောငယ်ငယ်ကိုသွားမချောင်းနဲ့ဦး"

မိုးထိုက်အော်ကျန်ခဲ့သည်။ မိုးထိုက်ပြောသလို တစ်ခါမှ မတွေ့မကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖူးသည့်အတွက် သူရင်တွေပူနေသည်။

မဖြစ်နိုင်ပါဘူး၊ သူ့မှာချစ်သူမရှိနိုင်ပါဘူး။

စိုးရိမ်စိတ်တွေကို ဖွတ်ပင်မောင်းထုတ်ပစ်လိုက်သည်။

******

"မင်းကြည့်ရတာပျော်ရွှင်တက်ကြွနေတာပဲ။ အေးလေလုပ်ငန်းရှင်တ
ယောက်ဖြစ်ဖို့ဆိုတာလွယ်တာမှ မဟုတ်တာ၊ နောက်ပြီး မင်းဆန္ဒပြင်း
နေတဲ့လုပ်ငန်းကြီးဆိုတော့လည်း ဝမ်းသာနေ့တာမဆန်းပါဘူး"

သူ့ကိုသေသေချာချာကြည့်ပြီး တိုးအောင်ပြောတော့ သူပြုံးလိုက်သည်
တိုးအောင်လိုပဲ အားလုံးထင်နေတာက သူဝါသနာပါသည့်လုပ်ငန်းကြီးကို
အကောင်အထည်ဖော်ရတော့မှာမို့ တက်ကြွနေတာဟုဖြစ်သည်။ ဒီကိစ္စ
လည်းတစ်စိတ်တစ်ပိုင်းတော့ ဟုတ်ပါတယ်။ သူဘာကြောင့် ပိုပြီးပျော်ရွှင်
တက်ကြွနေတယ်ဆိုတာကတော့ ပြောပြစရာမလိုတော့ပါ။

စောငယ်ငယ်ကိုတွေ့ပြီဆိုသည့်အကြောင်း တိုးအောင်တို့ကိုပြောပြ
လိုက်ချင်တာ အူတွေအသည်းတွေယားနေသည်။ ဘာကြောင့်ပြောမဖြစ်
သေးမှန်း သူ့ကိုယ်သူလည်းမသိ။

"ဟုတ်တယ်တိုးအောင်၊ မိုးထိုက်ကမ္ဘာကိုကြည့်ပြီး ငါလည်းမြန်မြန်
ဖြစ်ချင်နေပြီ"

"ဖြစ်မှာပေါ့ကွာ၊ ငွေလည်းရှိ ပညာလည်းရှိနေတဲ့မင်းမှာ ဘာဖြစ်လို့
မြန်မြန်ဆန်ဆန်အကောင်အထည်မဖော်နိုင်ရမှာလဲ ရတု"

တိုးအောင်ကသူ့မျက်နှာကိုကြည့်ပြီးခေါ်တော့...

"ပြော...သူငယ်ချင်း"

"မင်းနိုင်ငံခြားကပြန်လာတာ တစ်လတောင်မပြည့်သေးဘူးနော်"

" ဟုတ်တယ်လေကွာ၊ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဟိုမှာလည်း ပညာရေးအလုပ်တွေအတွက်ရော
မနားမနေကြိုးစားခဲ့တဲ့ မင်းအနေနဲ့မြန်မာပြည်ပြန်ရောက်ရောက်ချင်းတော့



လ သုံးလတန်သည် နားနားနေနေ နေပါဦးလား"

"သူငယ်ချင်းရယ် ငွေအင်အားလူအင်အား ဘယ်လောက်ရှိရှိအခုချက်
ချင်း ထ လုပ်လို့ရတာမှမဟုတ်တာ၊ မိုးထိုက်ကိုပဲကြည့်လေ၊ မြန်မာပြည်
ရောက်နေတာ တစ်နှစ်နီးပါးရှိပြီ။ အခုမှလုပ်ငန်းလည်ပတ်တာမဟုတ်လား။
ဒီလိုပဲ ပြင်ရင်းဆင်ရင်းနဲ့ နားနားနေနေလုပ်သွားလည်းရပါတယ်"

တိုးအောင်က သောက်လက်စရေနွေးခွက်ကို စောင့်ချလိုက်ပြီး...

"မင်းပင်ပန်းတာကို မကြည့်ရက်လို့ပြောကောင်းရေ"

သူ့ တဟားဟားအော်ရယ်လိုက်သည်။

"ငါ့ကိုစေတနာထားတဲ့ သူငယ်ချင်းတွေကို ကျေးဇူးတင်ပါတယ်ကွာ၊
မင်းတို့သူငယ်ချင်းတွေအားလုံး ငါ့အနားမှာရှိနေမယ်ဆိုတာကိုက ငါ့အတွက်
အားဆေးပါ။ ပင်ပန်းတယ်လို့လည်းမထင်ဘူး"

"မင်းတကယ်ပျော်နေတာပေါ့နော် ရတု"

"အေးပေါ့"

"အေးလေ...အဲဒါလည်းတစ်မျိုးတော့ကောင်းပါတယ်။ အလုပ်ရှိတဲ့
အတွက်ငယ်ငယ့်ကို သတိရချိန်မရတော့ဘူးပေါ့"

တိုးအောင်စကားကြောင့် လက်ဖက်ရည်ကိုအရသာခံသောက်နေသော
သူတအင်းမြို့ချပြီး တိုးအောင်မျက်နှာကိုကြည့်လိုက်သည်။ တိုးအောင်
မျက်နှာပေါ်မှာ ဘာပြောင်းလဲမှုမှမရှိ။ ဒီတော့မှ သူဟန်ဆောင်ပြုံး တစ်ခုကို
ဆင်းပြီး...

"ဘာဆိုင်လို့ သတိမရ ရမှာလဲကွာ၊ ဘယ်အခြေအနေမှာဖြစ်ဖြစ်
သူ့ကိုအမြဲ သတိရနေမှာ"

"ငယ်ငယ့်ကို တစ်သက်လုံးမတွေ့ခဲ့ရင်လူပျိုကြီးပဲလုပ်တော့မှာလား"

"ဒါပေါ့"

စောငယ်ငယ်ကိုတွေ့နေသည့် သူက တိုးအောင်အမေးကိုရဲရဲဝံ့ဝံ့ပင်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တိုးအောင်ကတော့ သနားကြည့်တွေနှင့် သူ့ကိုကြည့်နေသည် သူကတော့စိတ်ထဲကနေ ရယ်ချင်နေသည်။ အကယ်၍ စောယယ်ယ် သာမတွေ့ခဲ့လျှင် အခုချိန်မှာသူဘယ်လောက်ထိခံစားရမလဲ မပြောတတ်

"နွယ်မာနဲ့ညိုညိုကလည်း မင်းအစွဲအလမ်းကြီးပုံကို အံ့သြနေကြတယ်"

"ငါ့ကိုယ်ငါ့လည်း စောယယ်ယ်ကို အဲဒီလောက်အထိချစ်တဲ့အတွက် အံ့သြနေတာပဲ။ ဒါနဲ့ မင်းကရော အခုချိန်ထိချစ်ဖော်သူ မတွေ့သေးတာ လား"

"မတွေ့သေးလို့သာ မင်းမတွေ့တာပေါ့"

"ဘာလို့မတွေ့သေးတာလဲ"

"ဟ...ငါဘယ်သိမှာလဲ"

"မသိလို့မရဘူးတိုးအောင် နှလုံးသားရှိတဲ့လူတိုင်း ဒီအသက်အရွယ် ပဲရှိနေပြီ။ ရင်ထဲကချစ်တဲ့သူတစ်ယောက်ကတော့ ရှိကိုရှိရမယ်"

"မင်းကတော့ခွတ်ပဲ"

တိုးအောင်စိတ်တိုပြီး ခပ်ဆူဆူကြီးပြောတော့ သူကြည့်ပြီးရယ်လိုက်သည်

"မင်းငါ့ကို မှန်မှန်ပြောစမ်း တိုးအောင်"

"ဘာပြောရမှာလဲ"

တိုးအောင်ခပ်ဆတ်ဆတ်အသံနှင့် အော်ပေမယ့် သူဂရုမစိုက်။

"ညိုညိုလားနွယ်မာလား၊ မှန်မှန်ပြော"

"ရတု မင်းဘာတွေလာမေးနေတာလဲ"

ချက်ချင်းပင်မျက်နှာတွေရဲလာသော တိုးအောင်ကိုကြည့်ပြီး သူရယ် လို့မဆုံးတော့

"ဟော့ခဲကောင်...မင်း မင်းပေါက်ကရတွေလျှောက်မပြောနဲ့နော် သူငယ်ချင်းအချင်းချင်းမျက်နှာမကြည့်ရဲအောင်မလုပ်ပါနဲ့"

တိုးအောင်မလုံမလဲဖြစ်နေပုံက သနားစရာပင်ကောင်းနေတော့သည်



"ဒီမှာ ဟော့ကောင်...သူငယ်ချင်းသံယောဇဉ်ကမှ ပိုပြီးတော့တောင် ခိုင်မြဲသေးတယ်။ မင်းအဲဒီလိုလုပ်နေတာနဲ့ သူများနောက်ပါမယ်"

တိုးအောင်အလန့်တကြားပုံနှင့် ဖျပ်ကနဲသူ့ကိုကြည့်တော့ သူခေါင်း ကိုညိတ်ညိတ်လုပ်ရင်း...

"မင်းစိတ်ပူသွားပြီး မဟုတ်လား။ ဒီမှာတိုးအောင်ချစ်တယ်ဆိုတာ ရှက်စရာမဟုတ်ဘူး။ ချစ်လျက်နဲ့ဟန်ဆောင်နေရင်သာ သူများနောက်ပါ သွားမယ်။ ရည်းစားတောင်မထားရသေးဘူး။ အသည်းကွဲမယ်၊ ရတယ် လေ၊ မင်းဘယ်လောက်ဟန်ဆောင်နိုင်မလဲလို့ ငါစောင့်ကြည့်မယ်"

တိုးအောင်တစ်ခုခုပြောချင်နေတာ သိပေမယ့် မသိဟန်ဆောင်ပြီး လက်ဖက်ရည်ဘိုးရှင်းနေလိုက်သည်။ နှစ်ယောက်သားလက်ဖက်ရည်ဆိုင်က ထပြီး ကားပေါ်ရောက်သည့်အထိ တိုးအောင်ဘာစကားမှ မပြောဘဲ ငိုင်ငိုင်နှင့်။

တိုးအောင်မသိအောင် သူကြိတ်ပြုံးလိုက်သည်။

အိမ်ရှေ့မှာကားရပ်သည့်အထိက တိုးအောင်ကငေးငိုင်နေတုန်း။ သူ နေသာတော့။

"ဘာတွေများ ဒီလောက်အတွေးလွန်နေလို့ အိမ်ရှေ့ရောက်နေတာ တောင်မသိရတာလဲ"

ဒီတော့မှပြုံးပြုံးဖျားဖျားနှင့် တိုးအောင်ကားပေါ်ကဆင်းပြီးသူ့ကိုတောင် နှုတ်ဆက်ဘဲ ခပ်သုတ်သုတ်နှင့်အိမ်ဘက်လျှောက်သွားတော့ သူလှမ်း အော်လိုက်သည်။

"အောက်လည်းကြည့်လျှောက်ဦး သူငယ်ချင်းရေ"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

"ကျွီ. . ."

"အံမလေး"

"ဘုရားကယ်ပါ"

ကားဘရိတ်အုပ်သံခပ်ကျယ်ကျယ်ကြောင့် မဏီနှင့် ယုယုခင် လန့်အော်လိုက်သည်။ ရင်ဘတ်ကိုလက်ကလေးဖိပြီး ရင်တုန်နေသည့်ကြားကပဲ ရပ်သွားသည့်ကားကိုကြည့်လိုက်တော့ ခြေထောက်တွေ မတ်တတ်ရပ်၍ မရတော့အောင် ယိုင်နဲ့သွားသည်။

ဘုန်းရတု . . .

စိတ်ထဲကနေ သူ့နာမည် ရေရွတ်လိုက်သလို အကြည့်တွေလည်း သူ့ထံက မခွာဖြစ်သေး။ သူကလည်း မဏီ့ကို ပြန်စိုက်ကြည့်နေပါသည်။

"ဘယ်ထိသွားလဲ ဟင်"

သူကားပေါ်ကဆင်းလာပြီးမေးတော့မှ မဏီ သတိရသွားပြီး အကြည့်ကိုလွှဲလိုက်ကာ . . .

"ဘယ်မှမထိပါဘူး"

"ဘယ်မှတော့မထိပါဘူး။ ဒါပေမဲ့တော်တော်တော့လန့်သွားတယ်"

ယုယုခင်ရင်ဘတ်လေးဖိပြီး အကဲပိုပိုပြောတော့ သူပျာပျာသလဲဖြင့်

"ဆောရီးပါနော်၊ အတွေးလွန်ပြီး မောင်းလာမိလို့ပါ"

"ရပါတယ်"

"တောင်းပန်ပါတယ်နော်၊ ဟို. . .လန့်သွားတဲ့အတွက် လိုက်ပို့ပေးပါရစေ၊ ဘယ်ကိုပြန်မှာလဲ"



"ရတယ်. . .ရတယ်၊ လာ ယုခင်"

ယုယုခင် တစ်ခုခုမပြောခင်မှာဘဲ မဏီအတင်းဖြတ်ပြောပြီး ယုခင် လက်ကိုဆွဲခေါ်ခဲ့သည်။ ယုယုခင် ယက်ကန်ယက်ကန်နှင့်ပါလာပြီး ခပ်လှမ်းလှမ်းရောက်တော့ မဏီလက်ထဲကနေ စောင့်ရုန်းလိုက်သည်။

"နင်ကလေ နည်းနည်းမှအားနာမှုမရှိဘူး"

"ဘာကိုအားနာရမှာလဲ"

မဏီမသိဟန်ဆောင်ပြီး ပြန်မေးတော့ ယုယုခင်ခပ်စောင်းစောင်းကြည့်ပြီး . . .

"ဘာကိုအားနာရမှာလဲ ဟုတ်လား။ အဲဒီလူက သူဌေးရဲ့သူငယ်ချင်းလေ"

"အဲဒါဘာဖြစ်လဲ"

"မေးပြန်ပြီ။ ဟိုကသူဌေးတစ်ယောက်လုံးက အောက်ကျုံ့ပြီးလိုက်ပို့ပေးပါ့မယ်ဆိုတာတောင် ကောင်းကောင်းပြောပေ့။ အခုတော့ နင်လုပ်ပုံက တော်တော်ရိုင်းတယ်။ တစ်ဖက်လူကိုဂရုမစိုက်တဲ့ပုံနဲ့"

ယုယုခင် တော်တော်ဒေါသဖြစ်နေသည်။ မဏီ့လုပ်ပုံကလည်း ဒေါသထွက်စရာပါ။ မဏီကလည်း ကိုယ့်အကြောင်းနှင့်ကိုယ်ပါ။ ဒါကို ယုခင် သိတော့ ပြောမှာပေ့။

"ဂရုမစိုက်လို့မဟုတ်ပါဘူးဟယ်။ သူဌေးသူငယ်ချင်းနဲ့စကားပြောတာကို သူများတွေတွေ့သွားရင် ကဲ့ရဲ့မှာစိုးလို့ပါ"

"နင်မစိုက်ပေမယ့် ငါကတော့စိုက်တယ်"

"စိုက်စိုက်. . .အဲဒီလိုသာ လူတကာကိုလိုက်ဂရုစိုက်နေရင် ဘဝက ဘယ်တော့မှတိုးတက်မှာ မဟုတ်ဘူး"

"နင် ဘာတွေပြောနေတာလဲ ယုခင်"

ယုခင်ပြောနေတာတွေကို မဏီတကယ်နားမလည်ပါ။ သူဌေး သူငယ်ချင်းကို စကားကောင်းကောင်းမပြောတာနဲ့ ဘဝက မတိုးတက်ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘာ ဆိုင်လို့လဲ။

ယုခင် ဒေါသနှင့်တစ်ခုခုပြောဖို့ပြင်ပြီးမှ အနားကိုရောက်လာသော ဘုန်းရတုကားလေး ကွေ့သွားပြီး ရယ်ပြနေ၏။ မထီလှည့်ကြည့်တော့ သူပြုံးပြနေ၏။ သူ့ကိုမထီပြန်ပြီးရယ်မပြပါ။ မျက်နှာကို ဆတ်ကနဲလွှဲလိုက် ပေမယ့် ရင်တွေတော့အရမ်းခုန်နေသည်။

ယုခင် ခပ်မဲ့မဲ့လေးနှင့်. . .

"သွားပြီ"

ဘီးလိမ့်ရုံ ကားမောင်းသွားသော သူ့ကားလေးကိုကြည့်ပြီး ယုခ ဝမ်းနည်းသံလေးနှင့်ပြော၏။

"သွားတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ မှုလိုက်တဲ့အတွက် လိုင်းကားကျပ်ကျပ် တိုးစီး တော့မှာပေါ့"

"စီးပေါ့။ အမြဲတမ်းစီးနေကျပဲ။ ဘာလဲ နင်ငါမှုနေတယ်ထင်လို့လား"

ဆက်မပြောချင်သည့်ပုံနှင့် ယုခင်မျက်စောင်းထိုးကြည့်သည်။ နှ ယောက်သား ကားဂိတ်ရှိရာလျှောက်လာကြသည်။ ကားဂိတ်ရောက်တော့ ကားစောင့်နေသော မထီတို့လိုအလုပ်သမားတွေကိုကြည့်ပြီး သက်ပြင် လေးရှိုက်လိုက်သည်။

"ဟဲ့. . .မထီ. . .ဟိုမှာ ဟိုမှာ"

"ဘာလဲယုခင်ရဲ့"

ယုခင်အလန့်တကြားလက်ညှိုးထိုးပြရာသို့ကြည့်တော့ မထီရင်တွေ တဒိတ်ဒိတ်ခုန်သွားသည်။ ကားဂိတ်နှင့်မလှမ်းမကမ်းမှာ ဘုန်းရတုက သူ့ကားလေးနှင့်အတူ ရပ်နေသည်။

ဘုရား. . .ဘုရား. . .သူဘာလုပ်နေတာပါလိမ့်။

မထီတကယ့်ကို ရင်တွေခုန်နေသည်။

"ဘာလုပ်နေတာလဲ မသိဘူးနော်"



ယုခင်ကိုပြန်မပြောနိုင်ပါ။ သူ့ဘက်ကိုမသိမသာ အကြည့်ရောက်တော့ ထီတို့ဘက်ကိုတော့ သူမကြည့်။ မထီ့ကိုသူမှတ်မိနေပေမယ့် အခုချိန်ထိ နှုတ်ဆက်သေးတာ ဘာသဘောလဲမသိ။

ငါ့ကိုပြန်ပြီး ပညာပေးနေတာလား ဘုန်းရတုရယ်။

သူငယ်ချင်းတွေကိုလည်း မထီနှင့်ကွေ့သည့်အကြောင်းပြောပုံမရသေး။ ပြောခဲ့လျှင် သူငယ်ချင်းတွေက ကျိန်းသေ မထီ့ဆီရောက်လာမှာ။

ကားမြန်မြန်လာပါစေ ဆုတောင်းနေစဉ်မှာပဲ တကယ်ကိုစီးရမယ့်ကား ာတော့ မထီဝမ်းသာသွားသည်။

"ဟော. . .ကားလာပြီ"

"ကျပ်တယ်မထီ၊ နောက်တစ်စီးမှတက်မယ်"

"နင့်ဟာနင်နောက်တစ်စီးစောင့်တော့"

ပြောပြီးတာနှင့်မထီကျပ်ကျပ်တောက်တောက်ကားပေါ်သို့ အတင်းတိုး က်လိုက်သည်။ ယုခင် ပွစိပွစိနှင့်နောက်ကနေလိုက်တက်လာသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ငါညက ဟိုအကြောင်းတွေးပြီး အိပ်လို့တောင်မပျော်ဘူး"

"ဘယ်အကြောင်းလဲ"

အဆက်အစပ်မရှိ ယုခင်စကားကြောင့်မဏီမျက်မှောင်ကုတ်ပြီး မေး
လိုက်သည်။ ယုခင် စပ်ဖြဲဖြဲနှင့် • • •

"သူဌေးသူငယ်ချင်း ဘုန်းရဲတုပေါ့"

မဏီစိတ်ထဲတစ်မျိုးဖြစ်သွားတာကို ဟန်ဆောင်ပြီး • • •

"လက်စသတ်တော့နင်ကသူဌေးသူငယ်ချင်းကို စိတ်ကူးယဉ်နေတာကို

"အံမယ် • • •ငါ့အတွက်မဟုတ်ပါဘူးနော်၊ နင့်အတွက်"

"ငါနဲ့ဘာဆိုင်လို့လဲ၊ နင့်ဟာနင် စိတ်ဝင်စားရင်စိတ်ဝင်စားပါ၊ ငါ့
ဘာဖြစ်လို့ လွှဲချနေတာလဲ"

မဏီခပ်တည်တည်နှင့်ပြောလိုက်ပေမယ့် ရင်ထဲမှာတော့ အရုပ်
ကိုလှုပ်ရှားနေသည်။ ယုခင်အပြုံးမပျက်ဆက်ပြောဏ်။

"သူစိတ်ဝင်စားတယ်လို့ နင်ကဘာအကြောင်းပြချက်နဲ့ပြောတာလဲ
ဒီလောက် ကားလမ်းဘေးကကပ်လျှောက်နေတာတောင် ကားနဲ့တိုက်မ
လုပ်တာ စိတ်ဝင်စားလို့တော့ မဖြစ်နိုင်ဘူး။ အမြင်ကပ်လို့ပဲဖြစ်မယ်"

"မဟုတ်တာမဏီရယ်။ အမြင်ကပ်ရအောင် သူနဲ့ငါတို့က ဘာရ
ငြိုးရှိလို့လဲ"

ရှိတယ်ဟုမဏီစိတ်ထဲကပြောလိုက်သည်။ မဏီလည်း ညကသူ
အကြောင်းတွေးပြီးအိပ်မပျော်။ မဏီတွေးတာက မဏီကိုမုန်းမုန်းနှ
လက်စားချေချင်လို့များ ကားနှင့်ဝင်တိုက်တာလား။



"ငါကတော့ ဇာတ်လမ်းလို့ထင်တယ် မဏီ"

"နင်ကတော့လုပ်ပြန်ပြီ။ ဘာဇာတ်လမ်းလဲ"

"ရုပ်ရှင်တွေ ဗီဒီယိုတွေထဲက ဇာတ်လမ်းပေါ့။ အခုလိုပဲ သူဌေးသား
နဲ့အလုပ်သမားကောင်မလေးကို တိုက်မိတယ်။ ဒီလိုနဲ့ဇာတ်လမ်းတစ်
ဖြစ်သွားကြရော"

"နင်ရူးမယ် ယုခင်"

"နင်မဖြစ်ချင်ဘူးလား။ နင်နဲ့ငါဆို နင်ကအများကြီးပိုသာတယ်။
အတွက် သူစိတ်ဝင်စားတာလဲ နင်ပဲဖြစ်မယ်"

"ယုခင်ရယ် နင်ပေါက်ကရတွေ လျှောက်ပြောမနေစမ်းပါနဲ့"

မဏီခပ်တည်တည်နှင့်ပြောကာပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်တော့
ခင် ပွစိပွစိနှင့်ပါလာသည်။

မနေ့ကအကြောင်းကို ယုခင်ပြန်စနေခြင်းဖြစ်သည်။ ယုခင်က မဏီ့ကို
တစ်မှတ်တိုင်လျှောက်လာပြီးဝင်ခေါ်သည်။ အပြန်ကိုသာ သူ့မှတ်တိုင်
က်မှဆင်းသည်။ အခုလည်း မဏီ့ကိုဝင်ခေါ်ပြီး ကားမှတ်တိုင်သို့
လျှောက်လာရင်း မနေ့ကအကြောင်းပြောတာဖြစ်သည်။

"မဏီ"

မဏီ မသိဟန်ဆောင်နေတော့ မထူးမချင်းဆက်ခေါ်နေ၏။

"ဘာလဲဟာ • • •ဘာလဲ"

"ငါမေးတာကိုဖြေစမ်းပါ။ ကားပိုင်ရှင်ဘုန်းရဲတုကသာ နင့်ကိုချစ်တယ်
နင်ပြန်ချစ်မှာလား"

"မချစ်ဘူးဟာ"

"နင်ကလည်းဟာ"

မဏီပြုံးပြုံးရော ဖြေတာ ယုခင်ကသိသည်။

"နင်ဘာဖြစ်နေတာလဲ။ ငါ့အတွက်လည်းစိတ်ကူးမယဉ်နဲ့ သူတို့

www.burmeseclassic.com

www.burmeseclassic.com



လိုသူဌေးတွေ လုပ်ငန်းရှင်တွေက ငါတို့ဆင်းရဲသားအလုပ်သမားကော မလေးတွေကိုချစ်တယ်ဆိုတာ အပြင်မှာတကယ်မရှိဘူး။ ရှိလည်းတကယ် ယူမှာမဟုတ်ဘူး။ ကျောရရုံ ကြံချင်လို့ပဲဖြစ်မယ်"

"ဒါဆိုတို့လိုဆင်းရဲတဲ့သူတွေက သူဌေးသားကို မမှန်းရတော့ဘူးလား"

"မမှန်းတာအကောင်းဆုံးပဲ၊ အခုခေတ်သူဌေးသားတွေရော၊ သူဌေး တွေရော မိန်းမယူတဲ့နေရာမှာ သူတို့နဲ့ဂုဏ်ရည်တူသူ သူဌေးသမီးကိုပဲ ယူကြတာ။ တို့လိုဆင်းရဲတဲ့မိန်းကလေးတွေဆို အပျော်ပဲကြံကြမှာ။ ကိုယ့် အိုးနဲ့ကိုယ့်ဆန် တန်ရာသာမှန်းစမ်းပါဟယ်"

ယုခင် လက်မခံသည့်ပုံနှင့် ခပ်မဲ့မဲ့လုပ်နေပါသည်။

နှစ်ယောက်သားမှတ်တိုင်မှာ ကားစောင့်နေစဉ် ယုခင်မျက်လုံး တွေအရောင်တောက်လာပြီး မဇော်လက်မောင်းကိုဆုပ်ကိုင်လိုက်သည်။

"ဘာလဲဟဲ့"

"နင် သူဌေးသူငယ်ချင်းဘုန်းရတုကို တကယ်စိတ်မဝင်စားဘူးပေါ့"

"ဟုတ်တယ်၊ စိတ်မဝင်စားဘူး"

"အေး...နင်စိတ်မဝင်စားလည်း ဟိုကတော့ အသေအချာ စိတ်ဝင်စားနေပြီ။ မယုံရင် ဟိုမှာကြည့်လိုက်"

ရင်ထဲထိတ်ကနဲဖြစ်သွားပြီး ယုခင်ပြရာထိတ်ထိတ်လန့်လန့်နှင့်ကြည့် လိုက်တော့ တကယ်ပင် ဘုန်းရတုကားလေးသည် မှတ်တိုင်နှင့်မနီးမဝေး မှာရပ်ထားသည်။ မတ်တတ်ရပ်လို့မရအောင် ခြေထောက်တွေ လေးလံ လာသည်။

သူ့မဇော်ကိုသေသေချာချာမှတ်မိသွားသည့်အပြင် မဇော်မှတ်မိ တာလည်း သိနေလောက်ပြီ။ ဘာလုပ်ရမှန်းမသိအောင် စိတ်ညစ်နေတာ မဇော်သိသည်။

"ငါပြောတာ နင်လက်မခံဘူးနော်"



တံတောင်နဲ့တိုက်ပြီး ယုခင်ပြောတော့ မဇော်ငြိမ်နေလိုက်သည်။

"ဒီတစ်ခါ သူလိုက်ပို့မယ်ဆို နင်မငြင်းနဲ့နော်"

မဇော်မကြားဟန်ဆောင်နေလိုက်သည်။ ထိုအချိန်မှာပဲ မဇော်တို့စီးရမည့် ကားလာနေတော့ ဝမ်းသာသွားသည်။

"ဟား...ကားလာနေပြီ"

"ကျွတ်...ဒီကားကလည်း ခါတိုင်းဆိုရင်တော့ စောင့်လိုက်ရတာ ကျတော့လည်း ရပ်တောင်မရပ်ရသေးဘူး ဟင်း..."

ယုခင်ညည်းညည်းငြူငြူနှင့် စောင့်အောင့်ပြီးကားပေါ်တက်တော့ ညစ်သည့်ကြားက မဇော်ရယ်ချင်မိသည်။

"ဘာလုပ်နေတာလဲ မသိဘူးနော်"

သံယောဇဉ်မကုန်စွာ သူ့ကားလေးကိုကုန်းကြည့်ပြီး ယုခင်ပြော သည်။ ကားပေါ်ကဆင်းပြီးလမ်းလျှောက်လာတော့လည်း သူ့ကားလေး နဲ့တွေ့လိုက်ပြန်သည်။ ယုခင် မတွေ့သေးတော့ မဇော်စချင်လာသည်။

"ယုခင်"

"ဘာလဲ"

"နောက်မှာ ဟိုကားပါလာပြန်ပြီ၊ လှည့်မကြည့်နဲ့နော်"

မဇော်ပြောတာနောက်ကျသွားပြီ၊ ယုခင်ကလှည့်ကြည့်ပြီးပြီ။

"နင်ကလည်းဟယ်ရုပ်ပျက်လိုက်တာ။ လှည့်မကြည့်ပါနဲ့ဆို"

ပြောတာကိုဂရုမစိုက်ဘဲ မဇော်ကိုယုခင်စောင်းငဲ့ကြည့်ပြီး...

"ပြောတော့ဖြင့် စိတ်မဝင်စားဘူးလေးဘာလေးနဲ့၊ ကြိုးကြိုးကျယ် ကျယ်ပြောတယ်"

"ဟုတ်တယ်လေ၊ စိတ်မဝင်စားလို့ မဝင်စားဘူးပြောတာ၊ ဘာကြီး ကြီးလို့လဲ"

"မဝင်စားဘဲ သူ့ကားကို ဘာလို့တွေ့လဲ"

"မျက်စိရှေ့ ရောက်လာတာကို"

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့၊ ထားပါတော့"

ထိုအချိန်မှာပဲ သူ့ကားလေး မဏီတို့ရှေ့ကဖြတ်သွားပြီ။ ကားပေါ်က သူကလည်းသိသိသာသာကြီးပင် လှည့်ကြည့်သွားသည်။

"တွေ့လားမဏီ၊ နင့်ကိုသေသေချာချာကြီးကိုကြည့်သွားတယ် ငါတော့နင့်အတွက်ဂုဏ်ယူတယ်"

မဏီ ဘာမှဆင်ခြေမတက်တော့ဘဲ ပြုံးပြုံးကြီးလုပ်နေလိုက်သည်။

❀ ❀ ❀

## အခန်း (၁၅)

အအေးသောက်နေသော သူ့မျက်လုံးတွေက အပြင်မှာချည်းပင်။ ဒီနေ့တော့ စောငယ်ငယ်ကို သူမှတ်မိသည့်အကြောင်း ပြောလိုက်တော့ သည်။ မိုးထိုက်ကမှုဏီသွားပြီး သူမကိုချောင်းကြည့်ပြီး ပြန်လာခဲ့ရသည့်ရက် တွေမနည်းတော့။ ရင်ဖွင့်ပြရမည့်သူလည်း မရှိသည့်အတွက် တစ်ယောက် တည်းကြိတ်မှတ်မခံစားနိုင်တော့။

စောငယ်ငယ်လျှောက်လာမည့်လမ်းကိုပဲ မျှော်ငေးကြည့်ရင်း ရင်တွေ အဆမတန်ခုန်လာသည်။

မဏီတို့ အလုပ်ဆင်းတော့ ကားဂိတ်ကိုလမ်းလျှောက်လာရင်းက ယုခင် ဂနာမငြိမ်ဖြစ်နေသည်။

"မတွေ့ဘူးနော် မဏီ"

"ဘာမတွေ့တာလဲ"

မဏီမျက်စောင်းထိုးပြီး မသိဟန်ဆောင်မေးလိုက်သည်။ ယုခင် ခပ်မဲ့မဲ့လေးကြည့်လိုက်ပြီး . . .

"ဟန်ဆောင်ပြီးမေးမနေစမ်းပါနဲ့။ ဘုန်းရဝေကို မတွေ့ဘူးပြောတာ လေ။ နင်လည်းရှာနေတာပဲမဟုတ်လား"

"မရှာသေးဘူး"

မဏီရဲ့ လျှော့တိလျှော့ရဲအဖြေကို ယုခင်ပွစိပွစိ ရေရွတ်နေ၏။

ကားဂိတ်ရောက်တော့လည်း သူနှင့်သူ့ကားလေးမတွေ့ပါ။

"ဘာလို့မလာတာလဲ မသိဘူး"

ယုခင်တစ်ယောက်တည်း ရေရွတ်သလိုပြောတော့ မဏီပြောဖို့

www.burmeseclassic.com

www.burmeseclassic.com



ဝွင်ရသွားသည်။

"ဒါကြောင့် နင့်ကိုပြောတာပါ။ သူတို့လိုသူဌေးတွေကို အထင်မ[ကြီး]ပါနဲ့လို့"

ဒီတစ်ခါတော့ ယုခင်ပြန်ဆင်ခြေမတက်ဘဲငြိမ်နေသည်။ မ[...] ကိုယ်တိုင်လည်းတွေ့နေကျမတွေ့ရတော့ စိတ်ထဲမှာတစ်ခုခုလိုသလိုခံ[စား]ရသည်။ နှစ်ယောက်သားစကားမပြောဖြစ်ကြပဲ ကားစောင့်နေစဉ် က[ား]လာနေပြီ။

"ဟော့ . . . ကားလာပြီ"

ယုခင်ကားပေါ်တက်ဖို့ ပြင်နေတော့ . . .

"တက်တော့မလို့လားယုခင်၊ ကားကျပ်နေတယ်လေ။ နော[က်]တစ်စီးမှတက်ပါလား"

"မစောင့်ဘူး၊ ဘယ်လောက်ကျပ်ကျပ်တက်မယ်"

ယုခင်ဆောင့်ဆောင့်အောင့်အောင့်ပြောပြီး ရှေ့ကတက်တော့ မဏိ[...]ရင်း ယုခင်နောက်ကတက်လိုက်သည်။ မှတ်တိုင်ရောက်တော့ ယုခင်[...] နှုတ်ဆက်ပြီးဆင်းလာခဲ့သည်။

အဝေးကတည်းက သူမလျှောက်လာပုံလေးကို ကြည့်ကော[င်း]ကောင်းနှင့်ကြည့်နေမိသည်။ ရင့်ကျက်လာတာကလွဲလျှင် စောငယ်ငယ်[...] သူနှင့်စတွေ့တုန်းကအတိုင်းပင် သူ့ကိုမခံချင်အောင်စသည့် လွန်ခဲ့[သော] ကိုးနှစ်ကျော် ဆယ်နှစ်ပုံရိပ်ကလေးကို ပြန်မြင်ယောင်ပြီး သူပြုံးလိုက်သ[ည်]

စောငယ်ငယ်ခပ်လှမ်းလှမ်းရောက်မှ အအေးဖိုးရှင်းပြီး အသာ[...] ထလာခဲ့သည်။

"စောငယ်ငယ်"

အတွေးလွန်ပြီးလျှောက်လာစဉ်မှာပဲ နောက်ကခေါ်လိုက်သည့်[...] မည်ကြောင့် မဏိတစ်ကိုယ်လုံးတုန်ပြီး လန့်ဖျပ်သွားပါသည်။



ဘုရား . . . ဘုရား . . .

လှည့်မကြည့်ဘဲကိုသိလိုက်ပါသည်။ ဒီနေရာမှာ ဒီနာမည်ကိုခေါ်[...]သည့်သူဟာ ဘုန်းရတုကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ပါ။

ခြေလှမ်းကိုကျဲပြီး သူမနှင့်ဘေးချင်းယှဉ်ရပ်လိုက်သည်။

"လန့်သွားလားစောငယ်ငယ်"

မဏိနှင့်ယှဉ်ပြီးလျှောက်လာသောသူ့မျက်နှာကိုအခုထိ လှည့်မကြည့်ရဲ[သေး]ပါ။ ရင်ခုန်သံတွေကိုထိန်းရင်း နှုတ်ကစကားတစ်လုံးမှ မပြောဘဲ[ဆွံ့]အနေမိသည်။

"စောငယ်ငယ် မဟုတ်ဘူးလို့ ငြင်းဦးမှာလား"

အသံမတုန်အောင် မနည်းပင်ထိန်းပြီး . . .

"ကျွန်မနာမည် မှိုင်မဏိပါ"

"ဟုတ်ပါပြီ ရှင်မဏိဆိုတဲ့ စောငယ်ငယ်ရယ်"

လုံးဝလှည့်မကြည့်ဘဲ သူမသက်ပြင်းလေးချတော့ သူပြုံးလိုက်သည်။

"စကားပြန်မပြောတော့ဘူးလား စောငယ်ငယ်"

"ဘာသဘောနဲ့ ငါ့ကိုလိုက်နှောင့်ယှက်နေတာလဲ ဘုန်းရတု"

"အဲဒီလိုမပြောပါနဲ့ စောငယ်ငယ်၊ ငါ့ပုံစံက ဗရုပ်သုတ်ခပုံပေါက်နေလို့လား"

"မပေါက်ပါဘူး၊ နင်ကလူကြီးလူကောင်းလုပ်ငန်းရှင်တစ်ယောက်ပါ။ ငါပြောတာလဲ အဲဒီသဘောမဟုတ်ပါဘူး"

"ဒါဖြင့်ရင်ဘာသဘောနဲ့ပြောတာလဲ"

"ဘုန်းရတု"

သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး သူမခေါ်တော့ တည်တည်တံ့တံ့ မျက်နှာပေးကိုငေးကြည့်နေမိသည်။

"တစ်ချိန်တုန်းကကိစ္စကို နင်မကျေနပ်လို့ ငါ့ကိုကလဲ့စားချေချင်နေတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမ စွပ်စွဲချက်က သူ့အရှိက်ကိုထိသွားသည်။

"ဒီမှာစောငယ်ငယ် ငါကယောက်ျားပါ။ မိန်းမတစ်ယောက်နဲ့ပြို
လက်စားချေလောက်အောင် အောက်တန်းကျတဲ့စိတ်ဓါတ်မရှိဘူး"

သူ့မျက်နှာထန်သလို လေသံကလည်းမာနေခြင်းအားဖြင့် မ
သံသယကိုလျှော့ပါးစေသည်။ မဏိတို့နှစ်ယောက်ကြားမှာ ခဏသေ
စကားသံ တိတ်သွားသည်။

"ငါနင့်ကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူးစောငယ်ငယ်၊ အဲဒါကို ယုံ

"တိုးအောင်တို့ကို ပြန်ပြောသေးလား"

"နင်နဲ့ပြန်တွေ့တဲ့အကြောင်းလား"

"အင်း"

"မပြောဘူး"

"နွယ်မာနဲ့ ညီညီကိုရော"

ထိုသို့ မဏိမေးလိုက်သည့်အခါမှာတော့ သူမဏိမျက်နှာကိုစူး
ကြည့်ပြီး...

"ငါနဲ့ နွယ်မာတို့က မတည့်ဘူးလေ"

မဏိပြုံးလိုက်သည်။ သူကမှတ်ဉာဏ်ကောင်းသလို တော်တော်လ
အကင်းပါးသည်။ မဏိနောက်ဆုံးကျောင်းတက်သည့်နေ့အထိ နွယ်
တို့နှင့်အတူ သူ့ကိုနောက်ပြောင်ခဲ့သေးသည်။ သူနှင့်နွယ်မာတို့နှစ်ယော
ပြန်တည့်သွားတာ မဏိမရှိတော့မှဖြစ်သည်။ ဒါကို မဏိမသိဘူ
သိထားသောသူက အခုလိုမေးလိုက်တာကိုပြုံးပြုံးရောမဖြေဘဲ အံ့ဩ
ကောင်းလောက် အောင်မှတ်မိပြီး ပြန်ထောက်ပြတော့ ဘာပြောရမ
မသိတော့ပါ။

"နင်သိပ်နေနိုင်တာပဲ စောငယ်ငယ်"

ဝမ်းနည်းသံလေးနှင့် သူစကားနာထိုးတော့ သူမမျက်နှာမှ



သွားသည်။ ဒါပေမဲ့ သူမက ဟန်ဆောင်ကောင်းစွာ ချက်ချင်းပင် မျက်နှာ
ကို ပြင်လိုက်ပြီး ခပ်ပေါ့ပေါ့လေသံနှင့်...

"ဘာကိုလဲ ဘုန်းရတု"

"နင်ကမသိဟန်ဆောင်နေတော့လည်း ပြောရမှာပေါ့။ လွန်ခဲ့တဲ့ ကိုးနှစ်
ဆယ်နှစ်ကရုတ်တရက် နင်ဘာလို့ပျောက်သွားတာလဲ"

သူမမျက်နှာအမျိုးမျိုးပြောင်းလဲသွားသည်။ လေးလေးနက်နက်
ပြောနေသော သူ့မျက်နှာကို ဖျတ်ကနဲကြည့်ပြီး...

"လူတိုင်းမှာ အကြောင်းတစ်ခုမဟုတ် တစ်ခုတော့ရှိတတ်ကြပါတယ်။
ဘုန်းရတု ငါ့မှာလည်း အကြောင်းရှိလို့ပေါ့"

"ဘယ်လောက်ကြီးကျယ်တဲ့အကြောင်းမို့လို့ ငယ်သူငယ်ချင်းတွေ
ကိုတောင် အဆက်အသွယ်ဖြတ်ရတာလဲ"

သူမ နာနာကျင်ကျင်လေးပြုံးလိုက်တာကို ငေးကြည့်နေမိသည်။

"ငါ့ကိုမမုန်းဘူးဆိုရင် ပြောပြပါလားစောငယ်ငယ်"

"ငါလည်းနင့်ကိုဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး ဘုန်းရတု"

"ငါယုံပါတယ်"

"ငါနင့်ကို လုံးဝပြန်မတွေ့ချင်ဘူး ဘုန်းရတု"

မျက်နှာထန်ထန်နှင့် သူမ တကယ်ပြောနေတာသိပေမယ့် စိတ်ဆိုး
လို့မရပါ။

"နင်နောက်ထပ် ရှောင်ပြေးဦးမှာလား"

သူမခေါင်းခါတော့မှ စိုးရိမ်မှုတွေလျော့ပါးသွားရသည်။

"နင်ပြန်တော့ ဘုန်းရတု"

"ငါ့ကိုနှင်တာလား"

"ဟုတ်တယ်။ ငါအိမ်ကိုရောက်တော့မယ်"

"နင့်အိမ်ကို ငါလိုက်လည်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါနဲ့ဟာ။ ငါဟာ တစ်ချိန်တုန်းက စောငယ်ငယ်မဟုတ်ဘူး"

"အဲဒါဘာဖြစ်လဲ"

သူကထိုနေရာမှပင်မတ်တတ်ရပ်လိုက်ကာ ခပ်တည်တည်ကြည့်၍ ပြောတော့ သူမမျက်လုံးချင်းဆုံကြည့်မခံဘဲ…

"ငါတို့နှစ်ယောက်လုံးဝမသိခဲ့ဖူးတဲ့လူတွေလို နေကြရအောင် ဘုန်းရတု"

"မရတော့ဘူးစောငယ်ငယ်"

ပြတ်ပြတ်သားသားပင် သူလက်မခံတော့ သူမသက်ပြင်းတိုးတိုး လေးချသည်။

"ငါ့ကိုအေးအေးဆေးဆေးပြောခွင့်ပေးပါ စောငယ်ငယ်"

"နင်နဲ့ငါကြားမှာ ဘာတွေများပြောစရာ တွေ့တွေ့ထူးထူးရှိလို့လဲ"

"နင်ကတော့မသိဘူး။ ငါကတော့ ပြောစရာတွေ ရင်နဲ့အပြည့်ပဲ"

သူ့ရဲ့တောင်းဆိုမှုကို မဏီလိုက်လျှောချင်နေမိသည်။ သူဘာတွေ ပြောမည်ဆိုတာကိုလည်း အရမ်းသိချင်သည်။

"ဒါဆိုလည်းပြောလေ"

"အဲဒီလိုကြီးပြောလို့မရဘူးလေ"

မဏီစဉ်းစားနေတာကို သူကြည့်ပြီးမရဲတရဲဖြင့်…

"နင့်အိမ်ကို လိုက်ခဲ့လို့ရမလား"

"ရပါတယ်။ အိမ်မှာမေမေတော့ရှိတယ်"

သူခေါင်းညိတ်ပြပြီးနောက် မဏီနှင့်အတူပါလာသည်။

"ဒီနေ့ကားမပါဘူးလား"

မဏီတို့နှစ်ယောက် အိမ်ရှေ့ရောက်လာသည်။

"လာ…ဘုန်းရတု၊ ဒါငါတို့အိမ်ပဲ"

သူနှင့်မဏီအိမ်ထဲရောက်တော့ မေမေထွက်လာတာနှင့်တိုးသည်။



"ညီသည်ပါတယ် မေမေ"

"အေး သမီး…ထိုင်ပါကွယ်၊ ထိုင်ပါ"

မေမေတအံ့တဩကြည့်နေရာမှ ပျာပျာသလဲနေရာပေးတော့ သူ အပြုံးလေးနှင့်ထိုင်လိုက်သည်။

"မေမေ…သူနာမည်က ဘုန်းရတုတဲ့၊ ဟိုအရင်ကျောင်းမှာတည်းက သူငယ်ချင်း၊ ငါ့အမေလေဘုန်းရတု၊ ငါတို့က သားအမိနှစ်ယောက်တည်း"

"တွေ့ရတာဝမ်းသာပါတယ် အန်တီ"

"အေးကွယ်…အန်တီလည်းဝမ်းသာပါတယ်။ အန်တီဝမ်းသာ ရုံတင်မဟုတ်ဘူး၊ အရမ်းလည်းအံ့ဩနေတာ သားရဲ့"

စောငယ်ငယ်နှင့်လုံးဝမတူသည့် ဥပတိရုပ်ကောင်းကောင်း သဘော ကောင်းကောင်း သူမအမေက သူ့ကိုကြည့်ပြီး တကယ်ကို အံ့ဩဝမ်းသာ နေသည်။ စောငယ်ငယ်အမေကို မြင်မြင်ချင်း ခင်သွားသည်။

"အန်တီက ဘာကိုအံ့ဩတာလဲ"

"မင်းတို့သူငယ်ချင်းက အရင်တုန်းကအပေါင်းအသင်းတွေကို လုံးဝအဆက်အသွယ်ဖြတ်ထားတာ။ အန်တီဘယ်လောက်ပြောပြော သူ ဘာသူအားငယ်ပြီး သွားမတွေ့ဘူး။ တစ်ယောက်တည်းကြိတ်ကြိတ်ပြီး ငိုနေတာ"

စောငယ်ငယ်အမေအပြောကြောင့် သူ့ရင်ထဲနင့်ကနဲခံစားသွားရသည်။ သူမကတော့ သူနှင့်မျက်လုံးချင်းကိုဆုံကြည့်မခံပါ။ စောငယ်ငယ်အမေ ကသူတို့နှစ်ယောက်ကိုအကဲခတ်နေသည်။ သူဘာမှမဖြစ်သလိုရယ်လိုက် ပြီး…

"ဟုတ်ပါ့ အန်တီရယ်။ စောငယ်ငယ်ကအရမ်းဆိုးတယ်။ သူ ရုတ်တရက်ပျောက်သွားတော့ ကျွန်တော်တို့သူငယ်ချင်းတွေ အရမ်းခံစား ခဲ့ရတာ။ တစ်ရက်လာနိုး၊ တစ်ရက်လာနိုး နောက်ဆုံးစာမေးပွဲတော့ သာဖြေမှာပဲထင်ပြီး မျှော်နေကြတာ။ စာမေးပွဲလည်းလာမဖြစ်တော့ အား

www.burmeseclassic.com

www.burmeseclassic.com



လုံးမောသွားကြတယ်။ အခုချိန်ထိလည်း ကျွန်တော်တို့သူငယ်ချင်း
သူ့ကိုတစ်နေ့မှ မမေ့ကြပါဘူး"

သူ့ရင်ထဲကပြောချင်နေသော စကားတွေကို ပြောခွင့်ရတုန်း
လိုက်တော့ သူမအကြည့်တွေကို မသိဟန်ဆောင်နေလိုက်သည်။

"အခုရော ဘယ်လိုတွေ့ကြတာလဲ"

ဒါကိုတော့ သူပြန်မဖြေဘဲ စောငယ်ငယ်ကိုပဲကြည့်လိုက်သည်။

"ပျောက်သောသူရှာရင်တွေ့ဆိုတဲ့စကားအတိုင်းပေါ့ မမေရယ်"

"ဩော် . . . မမေသဘောပေါက်ပြီ"

စောငယ်ငယ်အမေက ဘယ်လိုသဘောပေါက်သွားလဲမသိပါ။
ပြုံးကြီးနှင့်ခေါင်းတညိတ်ညိတ်လုပ်နေပါသည်။

"ကဲ . . . သူငယ်ချင်းတွေ အေးအေးဆေးဆေးစကားပြောကြ
မမေ မစန်းတို့အိမ်သွားစရာရှိလို့ နောက်ကိုလာလည်နော် သား"

"စိတ်ချအန်တီ၊ အမြဲတမ်းလာလည်မှာ"

သွက်သွက်လက်လက်နှင့် သူပြောတော့ သူမမျက်နှာမှန်တင်း
ကြည့်ပြီးရယ်ချင်နေသည်။

စောငယ်ငယ်အမေက သမီးဖြစ်သူကိုသူနှင့်စိတ်ချလက်ချ
သွားသည်။ သူမအမေ၏မျက်ဝန်းထဲမှာ သူ့ကိုလိုလားသောအရိပ်တွေ
နေရသည်။ ရင်ထဲကအပျော်တွေနှင့်ပင် စောငယ်ငယ်ဆီအကြည့်ရော
ပြီး . . .

"အန်တီက အရမ်းသဘောကောင်းတာပဲနော်"

သူမမျက်စောင်းလေးကို ကျေကျေနပ်နပ်ခံယူပြီးမှ . . .

"နင်လည်းသဘောကောင်းပါတယ်"

"ငါက သဘောမကောင်းပါဘူး"

"ကောင်းပါတယ်။ နင်ဘယ်လောက်သဘောကောင်းတယ်ဆို
ငါသိတာပေါ့"

"နင်အိမ်ပြန်နောက်ကျမယ်နော် ဘုန်းရတု"



စောငယ်ငယ်သိသိသာသာစကားလွှဲနေပေမယ့် သူကလည်း မလျှော့။

"ငါအိမ်ပြန်နောက်ကျတော့ ဘာဖြစ်လဲ။ ငါ့ကိုစိတ်ပူမယ့်သူမရှိဘူး။
မေနဲ့အမေကလွဲလို့ပေါ့"

မဏီမျက်နှာကိုစေ့စေ့ကြည့်ပြီး ဘာကြောင့်သူဒီလိုစကားမျိုးပြော
ဘာလဲဆိုတာမစဉ်းစားတတ်အောင်ပင်။

"စောငယ်ငယ်"

ပုံမှန်မဟုတ်သော သူ့အသံကြောင့် သူ့မျက်နှာကိုမကြည့်ဘဲ . .

"ပြောလေ"

"ငါ့ရင်မှာ ဘာတွေဖြစ်နေလဲ နင်သိလား"

"မသိဘူး"

"ငါမယုံဘူး"

"နင်ဘာတွေပြောနေတာလဲ ဘုန်းရတု"

"ငါဘာတွေပြောနေလဲ။ ဘာတွေဖြစ်နေလဲဆိုတာ နင်သိမှာပါ
စောငယ်ငယ်။ အလုပ်အတွက် အင်တာဗျူးလာဖြေကတည်းက ရှင်မဏီ
ဆိုတာ စောငယ်ငယ်မှန်းငါသိတယ်"

မဏီ မအံ့ဩတော့ပါ။

"နင်ရော ငါ့ကိုဖွင့်ပွဲနေ့က နာမည်တူပြီးသိတာလား။ ဒါမှမဟုတ်
ဘယ်လိုကြောင့်သိသွားတာလဲ။ ငါ့ကိုသိနေပြီ မဟုတ်လား။ ပြောစမ်းပါဟာ
အရမ်းသိချင်နေလို့ပါ"

ဒီတစ်ခါတော့ မဏီပြုံးလိုက်သည်။

"နင်တို့ကို ငါခဏခဏလာချောင်းရင်းနဲ့ နင်ကပိန်ပိန်ရှည်ရှည်
ဆိုးဆိုးကောင်လေးမဟုတ်တော့ဘဲ ချောချောလှလှ မင်းသားလေး
သွားတာ အဲဒီထဲကသိတယ်။ နင်နိုင်ငံခြားသွားတာရော ပြန်လာတာ
လည်းသိတယ်"

"ဒါဆို အင်တာဗျူးနေ့ကတည်းက နင်ငါ့ကိုသိနေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

မဏီခေါင်းလေးခါပြီး . . .

"အင်တာဗျူးနေ့က နင်ရှိနေတာ ငါသတိမထားမိပါဘူး။ အင်တာဗျူးပြီးပြန်ထွက်လာတော့ ငါတို့နားက နင်ကားနဲ့ဖြတ်သွားတယ်လေ။ အဲဒီတော့မှ သိတာ"

"နင်တော်တော်ဆိုးတာပဲစောငယ်ငယ်။ ငါတို့မှာတော့ နင့်ကို တသသနဲ့ သတိရနေလိုက်ရတာ။ အဆိုးဆုံးကတော့ ငါပဲ"

"ငါမရှိတော့ နင်ဝမ်းသာသွားတယ်မဟုတ်လား"

သူက မဏီ့ကို စိုက်ကြည့်ပြီး ခေါင်းခါပြသည်။ မဏီ့ရင်ထဲဘယ်လိုကြီးဖြစ်သွားမှန်းမသိ။

"ဘုန်းရတု"

"ပြောလေ စောငယ်ငယ်"

"ငါနဲ့တွေ့တဲ့အကြောင်း နွယ်မာတို့ကိုပြောပြလိုက်တော့နော်"

"နင်ပြောစေချင်ရင် ပြောလိုက်ပါ့မယ်"

"ငါမတွေ့ချင်ဆုံးနင့်ကိုတောင် တွေ့နေရပြီပဲ။ ငါ့သူငယ်ချင်း တွေကို မတွေ့လို့ရမလား။ ဒါနဲ့ နင့်ကိုမေးစရာရှိလာပြီ"

"ဘာမေးစရာလဲ စောငယ်ငယ်"

"အင်တာဗျူးနေ့ကတည်းက ငါမှန်းသိတဲ့အတွက် အလုပ်ရတာ နင့်ကြောင့်လား"

သူမ မယုံသင်္ကာဖြစ်ပြီး မေးလိုက်ပုံလေးက အသည်းယားစရာ

"ဟုတ်တယ်ဆိုရင် အလုပ်ထွက်မလို့လား"

"ထွက်မှာ"

"မထွက်ပါနဲ့စောငယ်ငယ်ရယ်။ နင်ဘယ်ကိုမှ ထွက်မသွားပါနဲ့တော့လို့ ငါတောင်းပန်တယ်"

ရှက်သွားသော စောငယ်ငယ်မျက်နှာလေးကိုကြည့်ပြီး သူ့ရင်တွေ



ည်ရှားနေသည်။ နောက်ထပ်ဆက်နေလျှင် သူ့ရင်ထဲကခံစားချက်တွေ ထွက်ကွဲကုန်တော့မည်။

"သွားတော့မယ် စောငယ်ငယ်"

သူမ မတားဘဲ ခေါင်းညိတ်ပြ၏။

တရွေ့ရွေ့လျှောက်သွားသော သူ့ကိုကြည့်ပြီး မဏီရင်တွေခုန် ခဲ့သည်။

ဘယ်ကိုမှထွက်မသွားပါနဲ့တော့တဲ့။

ဘုန်းရတုရယ် . . စိတ်ကူးမယဉ်ပါနဲ့။ နင်နဲ့ငါ့ဘဝက ဘယ်လိုမှ စ်နိုင်တဲ့ အခြေအနေမျိုးပါ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဆောရီး...ဆောရီးနော်"

"ရပါတယ်"

ဘာတွေအရေးကြီးလာမှန်းမသိသော မိန်းကလေးကို သူ မရှောင်နိုင်တော့။ တစ်ဖက်ကတောင်းပန်တော့လည်း ခွင့်လွှတ်ကြောင်းပြောပြီး ကိုယ့်လမ်းကိုယ့်လျှောက်ဖို့ ပြင်လိုက်သည်။

"ဘယ်သူများလဲလို့ ဦးဘုန်းရတုကို"

သူ့ကိုကြည့်ပြီး နာမည်ခေါ်ကာ ရင်းရင်းနှီးနှီးပြောလိုက်သော ဒီမိန်းကလေးကို တွေ့ဖူးသလိုပဲ။

"ဘာတွေစဉ်းစားနေတာလဲ၊ ခါတုကိုမမှတ်မိဘူးလား။ ဦးမိုးထိုက်ရဲ့အတွင်းရေးမှူးလေ"

BURMESE CLASSIC .com

အခုမှပင်သူသတိရသွားပြီ...

"ဩော်...ဟုတ်ပြီ၊ မှတ်မိသွားပြီ"

"တစ်ယောက်တည်းလား ဦးဘုန်းရတု"

"ဟုတ်ပါတယ်"

"ခါတုက သူငယ်ချင်းတွေပါတယ်။ ခါတုနာမည်က ခါတုတင်ပါ"

သူခေါင်းညိတ်တော့ သူမသွားလှလှလေးတွေပေါ်သည်အထိ ရယ်နေသည်။ တော်တော်ကိုလှသည့် မိုးထိုက်အတွင်းရေးမှူးမလေး ခါတုတင်ကို ခဏတော့ သူငေးဖြစ်သွားသည်။

"ခင်မင်သွားတဲ့အထိမ်းအမှတ်နဲ့ ခါတု တစ်ခုခုကျွေးပါရစေ"

"နေပါစေ မခါတုတင်"



"ဘာလဲ ခါတုက အလုပ်သမားတစ်ယောက်မို့ မတူလို့မတန်လို့လား"

"ဟာ...မဟုတ်ပါဘူး"

"ဒါဆိုလည်း မငြင်းပါနဲ့လားရှင်၊ ခါတုက ဦးဘုန်းရတုရဲ့သူငယ်ချင်း ...ထိုက် ဝန်ထမ်းပါ"

"ဟဲ့...ခါတု၊ ငါတို့မှာတော့ ပျောက်သွားလို့ ရှာလိုက်ရတာ။ ...ဒီလိုကိုး"

"ဟုတ်ပါ့ပါတယ်၊ ခါတုတို့များ သူငယ်ချင်းအရင်းကြီးတွေကိုတောင် ...ရှိတာ လျှို့ထားတယ်"

"ဟဲ့...မိန်းမတွေ၊ ဘာတွေလျှောက်ပြောနေတာလဲ"

ခါတုတင်ဆိုသော ကောင်မလေးလိုပင် ပေါ့တာမှ ပျံလန့်ထွက်နေ... နောက်ထပ်ကောင်မလေးနှစ်ယောက် ထပ်ရောက်လာပြီး ထင်ရာမြင် ...ဘွ ပြောနေတော့ ခါတုတင်ပေါက်လိုက်သလို သူ့ဘက်ကိုလည်း ...ကြည့်တာ

"ခါတုတောင်းပန်ပါတယ် ဦးဘုန်းရတု"

...ပြုံးမတည်သောမျက်နှာနှင့်ပင် ရပါတယ်ဟု ပြောပြီး လှည့်ထွက်ဖို့ ...လိုက်သည်။

"နင်တို့ကလည်း မသိဘဲ ရမ်းပြောနေကြတာပဲ"

"ဘယ်သိမလဲဟဲ့"

"ဟိုမှာ စိတ်ဆိုးသွားပြီ"

ခါတုတင်တို့ တစ်ယောက်တစ်ခွန်းပြောနေတာကို ဥပေက္ခာပြုလိုက် ... ကမ္ဘာ့ကြီးကိစ္စအတွက် ဗိုလ်ချုပ်အောင်ဆန်းဈေးမှာ ရွှေဆိုင်ဖွင့်ထား... အသိတစ်ယောက်ဆီလာရင်း ခါတုတင်တို့နှင့် တွေ့ခြင်းဖြစ်သည်။ ...လောက် အလှအပတွေထပ်မံမွမ်းခြယ်ထားတော့ ပြောဖွယ်ရာမရှိ ...ပါ။ ခါတုတင်လှပေမယ့် သူ ရင်မခုန်တာ ရင်ခုန်ရမည့် ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



ရှိထား၍လားတော့ မသိ။

ကားပါကင်သွားဖို့ပြင်ပြီးမှ ဗိုက်ဆာလာတာနှင့် စားသောက်ဆ[...] ဘက် လျှောက်လာခဲ့သည်။ ဘဲပေါင်းဆီချက်တစ်ပွဲကုန်ခါနီးမှာ[...] ခါတုတင်နှင့်သူငယ်ချင်းနှစ်ယောက်ဆိုင်ထဲသို့ တန်းတန်း မတ်မတ်ဝင်[...] နေသည်။ စားသောက်သူပါးသည့်အချိန်မို့ တစ်ယောက်တည်းထိုင်နေသေ[...] သူ့ကို ခါတုတင်တို့မြင်မှာသိသည်။

"ဟယ်...တွေ့ပြန်ပြီ"

ပြုံးပြနေသော သူ့ကိုခါတုတွေ့သွားပြီး ဝမ်းသာအားရပြောလိုက်သည်[...] ဒီလောက်အထိတော့ သူမရိုင်းချင်ပါ။ နောက်ပြီးတခြားသူလည်းမဟုတ်[...] သူငယ်ချင်းမိုးထိုက်၏ အတွင်းရေးမှူးမလေးဆိုတော့...

"ထိုင်ကြပါ"

"ခါတုကျွေးမယ်ဆိုတုန်းက ငြင်းတယ်။ ဒီအတွက် ခါတုတာဝန်[...] တယ်နော်"

"ဟုတ်ပါပြီ မခါတုတင် ကြိုက်တာမှာပါ။ ကျွန်တော်ကျွေးပါ့မယ်[...]"

"ဟာ...ဦးဘုန်းရတု"

"တကယ်ပါဗျာ"

"သူငယ်ချင်းတို့ရေ ကြိုက်တာမှာတဲ့ ဒီမှာဒကာတွေ့ပြီ"

ခါတုတင် သူငယ်ချင်းနှစ်ယောက် ဆူညံစွာနဲ့ စားချင်တာတွေ[...] နေကြတယ်။

"သူတို့က ခါတုအချစ်ဆုံးသူငယ်ချင်းတွေလေ။ သူကစန္ဒီ ခါတုလို[...] ကြယ်တံခွန်ကော်ဖီမစ်ကုမ္ပဏီအတွင်းရေးမှူး။ ဒီက မုဒြာကတော[...] လောလောဆယ်မှာ အလုပ်လက်မဲ့ဖြစ်နေတယ်။ နင်တို့လည်းမှတ်ထား[...] ဒီက ဦးဘုန်းရတုက ငါ့ဘောစ်ရဲ့သူငယ်ချင်း။ မကြာခင်ကုမ္ပဏီဖွင့်မှာ"

"အရမ်း အရမ်းကိုဝမ်းသာပါတယ်ရှင်"



"ဟုတ်ကဲ့ ကုမ္ပဏီဖွင့်မှာဆိုရင် ဦးဘုန်းရတုရဲ့ စက္ကူထရီ အဖြစ်ထား[...]ကိုမမေ့ပါနဲ့"

"ဩော်...ဟုတ်ကဲ့"

သူဘာပြောရမှန်းပင် မသိတော့။

သုံးယောက်စလုံး ရုပ်ချောသလောက် အာသွက်လျှာသွက်နှင့်[...]တော်လည်း ရဲတင်းလွန်းသည်။ စောငယ်ငယ်သွက်တာက တစ်မျိုး။

"ဦးဘုန်းရတုကရော ကုမ္ပဏီကို တောင်ဒဂုံဘက်မှာပဲဖွင့်မှာ မဟုတ်[...]"

"အခုအချိန်ထိ တိတိကျကျမသတ်မှတ်ရသေးပါဘူး"

"ခါတုရယ်...ဦးဘုန်းရတုဆိုတာကြီးကအသက်ပိုကြီးသွားသလိုပဲ။ [...]ဘုန်းရတုလို့ခေါ်စမ်းပါ"

စန္ဒီ ထိုသို့ပြောတော့ ခါတုတင်ကလှလှပပလေးရယ်လိုက်ပြီး...

"သူဌေးဆိုတော့ ရှိသေမှုနဲ့ခေါ်ရတာပါ"

"မလိုပါဘူး မခါတုတင် တို့ကမခါတုတင်ရဲ့ သူဌေးမှမဟုတ်တာ"

"ဟုတ်ကဲ့...အဲဒါဆိုလည်း ကိုဘုန်းရတုပဲခေါ်ပါ့မယ်။ ကိုဘုန်းရတု[...]း ခါတုလိုပဲ ရင်းရင်းနှီးနှီးခေါ်ပါ"

သူ ခေါင်းညိတ်လိုက်သည်။ စိတ်ထဲမှာ မွန်းကြပ်သလိုပဲ။ မြန်မြန်[...]ပြန်ချင်နေတာပဲသိသည်။ စကားပြောလိုက် စားလိုက် နောက်[...]လိုက်လုပ်နေပုံသည် မသိလျှင်တော့ ဟိုးတုန်းကတည်းက သိကျွမ်းနေ[...]သလိုလို။

"ကဲ...မြန်မြန်စားကြ ဟိုမှာပြန်ချင်နေပြီ"

"ဟုတ်လား ကိုဘုန်းရတု"

စန္ဒီ သူ့ကိုမေးငေါ့ပြတော့ ခါတုတင်ကမျက်လုံးလေးထောင်ကာပြီး[...]ငယ်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဓါတု၊ တို့အလုပ်ကလေးတွေရှိသေးလို့ပါ"

သူပြောပြောဆိုဆိုထဖို့ပြင်နေတော့ မုဒြာပလုပ်ပလောင်းစားရင်

"ဟို•••အားတော့နာပါတယ်"

"ဘာလဲ မမုဒြာ•••စားထားတာတွေမရှင်းမှာစိုးလို့လား"

"မဟုတ်ပါဘူး။ ဒါကမုဒြာတို့ရှင်းမှာပါ။ အခု အားနာနာနှင့် ပြော
တာက အဟဲ ကိုဘုန်းရတု ဘယ်ကိုပြန်မှာလဲဟင်"

"ဘာလုပ်မလို့လဲ မမုဒြာ"

သိရက်နှင့်ပင်မသိဟန်ဆောင်ပြီးသူမေးလိုက်သည်။

"လမ်းကြုံမယ်ဆိုလိုက်ချင်လို့ပါ"

"မမုဒြာတို့က ဘယ်သွားမှာလဲ"

"ကိုဘုန်းရတု သွားမယ့်နေရာကိုသာပြောပါ။ လမ်းကြုံလို့ခေါ်မယ်
လည်းလိုက်ရတာပေါ့။ လမ်းမကြုံတော့လည်း ထုံးစံအတိုင်းတက္ကစီငှားရုံပေ

ဘာတတ်နိုင်သေးလဲဘုန်းရတု ဟု စိတ်ထဲကမချင့်မရဲရေရွတ်လို
သည်။ ဘယ်လိုမိန်းကလေးတွေပါလိမ့်၊ အခုမှသိတဲ့ ယောကျ်ားတစ်ယော
ကို ရဲတင်းလှချည်လား။

"မုဒြာကလည်းဟယ်၊ အားနာစရာကြီး"

ဘာပြန်ပြောရမှန်းမသိဖြစ်နေသော သူ့ကိုကြည့်ပြီး ဓါတုတင် အား
စကားပြောတော့ သူငြိမ်နေလို့မရတော့ပါ။

"ဓါတုတို့ သွားရမယ့်နေရာကိုပြောလေ၊ လိုက်ပို့ပေးမယ်"

ဓါတုတင်မျက်နှာလေးသိသိသာသာပြုံးရွှင်သွားပြီး•••

"ရပါတယ်ကို ဘုန်းရတုရယ် အဆင်ပြေမှလုပ်ပါ။ ဓါတုတို့ကိုအား
မနာပါနဲ့"

"ရတယ်၊ တို့လိုက်ပို့ပေးပါ့မယ်"

"ကိုဘုန်းရတု အဲဒီလိုပြောမယ်ဆိုတာသိပြီးသား"



ဓါတုတင်သူငယ်ချင်းဖြစ်သူ စန္ဒီကိုမျက်စောင်းလှမ်းထိုးသည်။
ရှေ့ဆုံးကသူထလာတော့ ဓါတုတင်တို့သုံးယောက် ကြိတ်ကြိတ် ကြိတ်
ကြိတ်နှင့်တွတ်ထိုးပြီး နောက်ကပါလာသည်။

"ဓါတု•••ရှေ့ကထိုင်လေ"

ကားပါကင်ဆီရောက်တော့ သူလော့ဖွင့်ပြီးရှေ့ကထိုင်လိုက်သည်။ စန္ဒီ
မုဒြာလည်း နောက်ခန်းအသီးသီးတက်ထိုင်ပြီး ဘယ်တက်ရမှန်းမသိဖြစ်
သော ဓါတုတင်ကို သူနှင့်အတူရှေ့ခန်းမှာထိုင်ခိုင်းနေသည်။

သူ မကြားဟန်ဆောင်ပြီး ကားစက်နှိုးနေတော့မှ ဓါတုတင်ကားနောက်
မှာဝင်ထိုင်လိုက်သည်။

"ရှေ့မှာသွားထိုင်တာမဟုတ်ဘူး"

"ပိုင်ရှင်မခေါ်ဘဲမထိုင်ချင်ပါဘူး"

သူဘာတစ်ခွန်းမှကို မပြောဘဲကားဆီသို့သာ အာရုံစိုက်နေသည်။
နောက်ခန်းရှိ ဓါတုတင်တို့သုံးယောက်ကတော့ သူမကြားနိုင်သောစကား
များနှင့် တွတ်ထိုးနေကြသည်။

"ဘယ်ကိုပို့ရမလဲ ဓါတု"

"ဩော်•••ဟို တာမွေ•••••လမ်းပါ"

သူခေါင်းညိတ်ပြပြီး ဓါတုတင်ပြောသောနေရာသို့ကားလေးမောင်းလာ
သည်။

"ကိုဘုန်းရတု ကိစ္စရှိရင်သွားလေ။ ဓါတုတို့က အရေးမကြီးပါဘူး။
နောက်မှ ပို့လည်းရတယ်"

"ရတယ်၊ ဓါတုတို့ကိုပဲအရင်ပို့ပေးမယ်"

"မှတ်ပဲနော်"

"ကားပေါ်ကမဆင်းမှာစိုးလို့ထင်တယ်"

ဘာပြောပြောသူမကြားဟန်ဆောင်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓါတုတင်ပြောသောလမ်းထဲရောက်ပြီးနောက်…

"ဟိုရှေ့က ကားအနီလေးနောက်မှာ ရပ်လိုက်လို့ရတယ်ကိုဘုန်းရ

ကားရပ်ပြီးနောက် သုံးယောက်သားဆင်းကြပြီး…

"ကျေးဇူးတင်ပါတယ် ကိုဘုန်းရတု"

"နောက်ကိုမတွေ့ပါစေနဲ့ဆုတောင်းပေါ့"

စန္ဒီနှင့်မုဒြာ ပြောင်စပ်စပ်လေးပြောပြီး ကိုယ်ပီတိုက်ခန်းဘက်လ

သွားပေမယ့် ဓါတုတင်ကတော့ သူ့ဘေးနားလာရပ်ကာ…

"အပေါ်လိုက်လည်ပါဦးလားကိုဘုန်းရတု၊ ဓါတုအစ်မနှစ်ယော

ရှိတယ်။ သိပ်လည်းမတက်ရပါဘူး။ အပေါ်ဆုံးပဲ"

"တို့အချိန်မရလို့ပါ ဓါတု၊ နောက်ကြုံဦးမှာပါ၊ ခွင့်ပြုပါဦးနော်"

ဖွတ်ပင်ငြင်းကာ နှုတ်ဆက်တော့ ဓါတုတင်က ခေါင်းမညိတ်။ မတ

နိုင်ပါ။ ကားလေးမောင်းထွက်လာပြီး လက်ပြလိုက်တော့ မှန်တင်းတ

မျက်နှာနှင့်လက်ပြန်ပြနေသည်။

တော်တော်ကိုရဲတင်းသည့် အခုခေတ်မိန်းကလေးတွေကိုလည်း အံ့

နေမိတော့သည်။

❀ ❀ ❀

## အခန်း (၁၇)

"ဒါဆို မင်းနဲ့ဓါတုတင်တို့တွေ့ဆုံခြင်းက သွေးရိုးသားရိုးမှ ဟုတ်ရဲ့

လား"

"ငါလည်းမပြောတတ်ဘူး"

"သတိထားပေါ့။ အခုခေတ်မိန်းကလေးတွေက အနောက်တိုင်းကလူ

တွေကိုအတုယူပြီး ယောကျ်ားတစ်ယောက်ကို စပြီး ရည်းစားစကားပြော

ဖို့ ဝန်မလေးတော့ဘူး"

တိုးအောင်ပြောတာ ဟုတ်နေတော့ သူခေါင်းညိတ်လိုက်သည်။

သူနှင့်သူငယ်ချင်းတိုးအောင် ဓါတုတင်တို့အကြောင်းပြောနေခြင်းဖြစ်

သည်။

"ငယ်ငယ်တို့ကိုတော့ ဒီကိစ္စအသိမပေးနဲ့ဦး"

"အေးပါ"

ဒီနေ့စောငယ်ငယ်ရဲ့ (၂၅)နှစ်ပြည့်မွေးနေ့ဖြစ်ပြီး မနက်အစောကြီး

ဘုန်းကြီးဆွမ်းချိုင့်ပို့သည်။ အိမ်နီးချင်းတွေကို နို့ခေါက်ဆွဲလိုက်ပို့ပြီး

သူငယ်ချင်းတွေအားလုံးနှင့် ကေသီလှိုင် ယုယုခင်တို့ကို အိမ်မှာညစာခံ

ကျွေးမွေးမှာဖြစ်သည်။

စောငယ်ငယ်နှင့်သူငယ်ချင်းတွေကို ဆုံပေးသည့်နေ့က နွယ်မာနှင့်

ညီညိုတို့ငိုကြသလို သူနှင့်တိုးအောင်လည်း မျက်ရည်ဝဲသည့်အထိဝမ်းသာ

ခဲ့ကြရသည်။ ငိုလို့ဝမှ နွယ်မာတို့သူမကို ဝိုင်းရန်တွေ့ကြတော့

သူ့ကိုအားကိုးတကြီး ကြည့်ရှာသည့် စောငယ်ငယ်ရဲ့အကြည့်လေးကို

သူသည်တော့မှမမေ့မှာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးတတွဲတွဲနှင့်ပြန်ဖြစ်နေကြသည်။ အနှစ်နှစ်အလလ လန်းနေတဲ့သူကတော့ စောငယ်ငယ်ကိုကြည့်ပြီး ကြည်နူးပီတိဖြစ်မ တော့။ စောငယ်ငယ်က သူ့ကိုဆက်ဆံတာက တွေ့တုန်းကလိုမဟု ရှိုးတိုးရှန့်တန်းလေးဖြစ်နေသည်။ သူမ ရှတ်တရက်ပျောက်သွားစဉ် သူတသသနှင့်ဖွဲ့လမ်းခဲ့ပုံတွေကို နှယ်မာတို့ဖောက်သည်ချထားသောကြေ ခပ်စိမ်းစိမ်းဖြစ်နေခြင်းဖြစ်သည်။

စောငယ်ငယ်နှင့်ပြန်တွေ့ရသည့်အတွက် သူ့ဘဝမှာ ဘာမှမလို တော့ပါ။ သူမကိုသိပ်ချစ်သည့်အကြောင်းဖွင့်ပြောမည်။ ကမ္ဘာကြီးကိုအမြန် အကောင်အထည်ဖော်ပြီးတာနှင့် သူမကို မိသားဖသားပီပီ တောင်း လက်ထပ်မည်။ ဒါဆိုလျှင်သူ့ဘဝကြီးက အစစပြည့်စုံသွားပြီ။

အတွေးနှင့်ပင်ကျေနပ်ပြီး သူပြုံးလိုက်သည်။

"မင်းက ဘာတွေတွေးပြီး ပြုံးနေတာလဲ"

တိုးအောင်မေးတော့ သူ ရှက်ရယ်ရယ်လိုက်ကာ...

"ဘယ်သူ့အကြောင်းရှိရဦးမှာလဲ"

တိုးအောင်ဆက်မပြောတော့ဘဲနှာခေါင်းရှုံ့လိုက်သည်။

စောငယ်ငယ်အကြောင်းပြောရမည်ဆိုလျှင် မမောနိုင်ဘူးဆိုတ သူငယ်ချင်းတွေက အကြောင်းသိသည်။

"ကားကိုလည်းကြည့်မောင်းဦး"

"စိတ်ချပါသူငယ်ချင်းရဲ့။ ငါလည်း မသေချင်သေးပါဘူး"

စပ်ဖြီးဖြီးနှင့်သူပြောတော့ တိုးအောင်ပါးစပ်လှုပ်ရုံဆဲသည်။

"ဟော...လာကြပါပြီ"

သူ့ကားလေးရပ်သွားတာနှင့် နှယ်မာအရင်ဆုံးမြင်ပြီး ပြေးဆင်းလာ သည်၊ ညိုညိုလည်းအိမ်ပေါက်ဝကစောင့်ကြိုနေပြီး သူမနှင့် သူ့သူငယ်ချ နှစ်ယောက်ကတော့ အပြုံးကလေးနှင့်ကြိုနေသည်။

"ဟတ်ပီဘတ်ဒေး စောငယ်ငယ်"



အပြုံးလေးနှင့်ခေါင်းညိတ်ပြနေသော အပြာရောင်မင်းသမီးလေး စော ငယ်ကိုကြည့်ပြီး သူမျက်တောင်ခတ်မိရဲ့လားတောင်မသိ။

အရမ်းလှတာပဲ စောငယ်ငယ်ရယ်။

"ကဲ...ပြောစရာရှိလည်းနောက်မှပြော၊ ကြည့်စရာရှိလည်း နောက်မှ တဝကြည့် ဒီမှာဗိုက်ဆာပြီ"

ညိုညိုစောင်းပြောနေတော့ သူမရှက်ပြီး တိုးတိုး တိုးတိုးပြောသည်။ တော့ မရှက်တော့ပါ။ အကြောင်းသိနေသော ဒီသူငယ်ချင်းတွေ ရှက်စရာမှ မဟုတ်တာ။

"ဆာရင် နှင့်ဟာနှင်စားပါလား"

"အားလုံးအတူတူစားချင်လို့စောင့်နေတာပေါ့ အကောင်ရဲ့"

"ဪ...ဒီလိုလား"

ညိုညိုမျက်စောင်းထိုးတာကို တိုးအောင်သဘောတွေကျနေသည်။

"ကဲ...ဒါဆိုလည်းစားကြမယ်"

အားလုံးစားရင်း ဆူညံနေသည်။ သူငယ်ချင်းတွေစကြနောက်ကြ ပြောင်ကြနှင့်ပျော်ဖို့ကောင်းနေသည်။ စားပြီးတစ်ဝက်လောက်ကြာမှ စောငယ်ငယ်အမေကိုသတိရသွားပြီး...

"အန်တီရော စောငယ်ငယ်"

"ညကအိပ်ရေးပျက်လို့အိပ်နေတယ်"

"ဟုတ်လား။ သိပ်မဆူကြနဲ့ဟေ့၊ ဘုရားသွားကြမလား"

"မသွားတော့ပါဘူး။ ဟိုနေ့တွေကလည်း သွားပြီးပြီပဲ"

"ဟုတ်တယ်၊ ဒီနေ့ မိငယ်တို့အိမ်မှာပဲ တစ်နေကုန်နေမယ်"

"အိုကေ...တို့ကရတယ်"

"ဒါဆိုဒီမှာပဲ ထမင်းစားမှာပေါ့"

"ဒါပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါဝယ်ကျွေးမယ်"

စောငယ်ငယ်ကိုကြည့်ပြီးသူပြောတော့…

"ရတယ် ဘုန်းရတု၊ မနေ့က ကြက်သားချက်တယ်"

"ငယ်ငယ်ရယ် သူ့အကုန်ခံချင်လို့ဝယ်ကျွေးတာ ကျွေးပါစေ"

"အပိုကုန်မှာစိုးလို့ပေါ့"

"အံမလေး…အခုကတည်းက မိငယ်တို့က ကုန်မှာကြောက်နေပြီ တိုးအောင်ရေ နင်မပြောနဲ့"

"ဟုတ်ပ့ါဟယ်"

"မကေသီလှိုင်နဲ့ ယုယုခင်ရေအဲဒါသာကြည့်တော့"

"ဘုန်းရတုကလည်း မဏီကိုသည်းသည်းလှုပ်နေတာကို"

"ယုခင်"

သူမသူငယ်ချင်း ယုယုခင်ကို အံလေးကြိတ်ပြီးဟန့်လိုက်တာ သူ့ အကြည့်ရောက်တော့ ကျေကျေနပ်နပ်ပင်ပြုံးလိုက်သည်။

သူနှင့်စောငယ်ငယ်ကို သူငယ်ချင်းတွေက ပြောင်ပင် စကာဆွှည်နေ တော့သည်။ သူငယ်ချင်းတွေ ပေါ်တင်ကြီး စနေတာကိုစောငယ်ငယ်ကျေ နပ်လို့လက်ခံနေတာလား။ ဟုတ်မှာပါလေ။ ကျေနပ်လို့သာ သူမငြိမ်နေ တာဖြစ်မှာ။ အကြည့်ချင်းဆုံတိုင်းမျက်နှာလွှဲသွားသော သူမကိုကြည့်ပြီး အသည်းတွေယားနေသည်။ မြန်မြန်ဆန်ဆန်ဖွင့်ပြောဖို့ဆုံးဖြတ်လိုက်သည်။

စားသောက်ပြီးတော့ သူငယ်ချင်းတွေက ကိုယ်စီမွေးနေ့လက်ဆောင် ပေးကြသည်။ သူတစ်ယောက်တည်းသာပေးဖို့ ကျန်နေတော့ အားလုံး အကြည့်တွေက သူ့ထံသို့…

"ဟဲ့ ရတု…နင်ကဘာပေးမှာလဲ"

"ဖြည်းဖြည်းပေါ့နှယ်မာရယ်၊နေစမ်းပါ"

"နင် ပါပြန်ပြီလား"

နှယ်မာနှင့်တိုးအောင်တစ်ယောက်တစ်ခွန်းစကားများနေတော့ သူ



သူငယ်ချင်းတွေအပြုံးကလေးနှင့် ကြည့်နေကြသည်။ ဘောင်းဘီအိတ် ထဲက ဗူးလေးတစ်ဗူးကို သူထုတ်လိုက်တော့ အားလုံး၏အကြည့်တွေ သူ့ဆီမှာ။

"နင့်အတွက် ငါ့ရဲ့လက်ဆောင်"

စောငယ်ငယ်လက်ထဲကို သူထည့်ပေးသောဗူးလေးကို သူမဆုပ်ကိုင် ထားပြီး…

"ကျေးဇူးတင်ပါတယ်"

"ရှြသ်…နင်က ငါတို့ကျတော့ကျေးဇူးမတင်ဘူးပေါ့"

"တူမလားညှိုညှိုရယ်"

တိုးအောင်ထောင်ပေးတော့ သူငယ်ချင်းတွေအားလုံး သူတို့နှစ်ယောက် ကိုရယ်သံစွာ ဝိုင်းစကြသည်။ သူမမျက်နှာလေးနီရဲပြီး ရှက်နေပုံလေးကို သူကြည့်ပြီး ပီတိဖြစ်နေသည်။

"ဟဲ့…မိငယ် ဘာလဲဆိုတာ ငါတို့ကိုပြလို့မရဘူးလား"

"အေး ဟုတ်တယ်၊ မဏီ…ငါတို့လည်းကြည့်ချင်တယ်"

"ပြပါ…ပြပါ"

စောငယ်ငယ်က ခွင့်တောင်းသည့် အကြည့်လေးနှင့် သူ့ကိုကြည့်သည်။

"အံမလေး ငယ်ငယ်ရယ် နင့်ကိုပေးလိုက်တဲ့အတွက်နင့်ပစ္စည်းဖြစ် သွားပြီပဲ၊ ကိုယ့်သူငယ်ချင်းတွေပဲပြလိုက်ပေါ့။ ဒါကိုပဲ ခွင့်တောင်းနေရသေး တယ်"

ညှိုညှိုမျက်စောင်းထိုးပြီး မကျေမနပ်ပြောတော့အားလုံးကလည်း ရယ်သံစွာဝိုင်းထောက်ခံနေပြန်သည်။

"ပြလိုက်ပါ ငယ်ရယ်"

သူ့ရဲ့အကြည့်တွေအောက်မှာ ရင်ခုန်နေရသည့်ကြားမှာ သူဖေါ်လိုက်ပုံ ကြောင့် ဗူးလေးကိုဖွင့်နေသော ငယ့်ရဲ့လက်တွေ တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

"ဟာ• • •လှလိုက်တာဟယ်"

ဘူးလေးထဲက ဆွဲကြိုးနှင့်ပတ္တမြားလော့ကတ်သီးလေးကိုကြည့်ပြီး အားလုံးတအံ့တသြဖြစ်သွားသည်။ ဂွမ်းဖြူဖြူပေါ်မှာ ရဲရဲတောက်နေသော ပတ္တမြားလော့ကတ်သီးလေးက အရည်အသွေးကောင်း ပတ္တမြားဖြစ်ကြောင်း သိသာအောင် ရဲရဲကိုတောက်ပနေသည်။

"လှလိုက်တာ ရတုရယ်၊ ဘယ်လိုမျက်စိနဲ့များ ရွေးလိုက်တာလဲ"

နွယ်မာ ကိုင်ကြည့်ပြီး ချီးကျူးနေတော့ သူကပြုံးပြုံးကြီးပင်။ အကြည့်တွေကတော့ငယ်ဆီမှာချည်းပင်။

"ကိုယ်တိုင်ဆွဲပေးလိုက် ဟေ့ကောင်"

"ဟုတ်တယ် ရတု၊ နင်ကိုယ်တိုင်ဆွဲပေးလိုက်၊ ရော့"

ပြောပြောဆိုဆို ညိုညိုက ငယ့်လက်ထဲကဆွဲကြိုးလေး သူ့ထံသို့ လှမ်းပေးလိုက်သည်။ ခွင့်တောင်းသည့်အကြည့်နှင့်သူကြည့်တော့ ငယ်ကလည်း ကျေကျေနပ်နပ်နှင့်လက်ခံသည်။

ငယ့်လည်တိုင်သို့ သူကိုယ်တိုင်ဆွဲကြိုးလေးဆွဲပေးနေတော့ သူ့ကိုယ်သင်းနံ့လေးကို ရှူရှိုက်ရင်းတစ်ကိုယ်လုံးတုန်ရီနေသည်။ ကျေနပ်ခြင်းများစွာနှင့်ဆွဲကြိုးလေးကို ငုံ့ကြည့်လိုက်တော့ ပတ္တမြားလော့ကတ်သီးလေးသည် ငယ့် ရင်ညွန့်ပေါ်မှာ ဟိုပြေးဒီပြေးနှင့်။

သူငယ်ချင်းတွေအားလုံးဝိုင်းလက်ခုပ်တီးကြသည်။ ငယ့်မျက်နှာကို ကြည့်လိုက်ဆွဲကြိုးလေးကိုကြည့်လိုက်နှင့် သူ့ရဲ့ကျေနပ်နေသောမျက်နှာကို ငယ်မကြည့်ရဲပါ။

"ငယ်ကြိုက်တယ်မဟုတ်လား"

"ဟဲ့• • •ပြောလိုက်လေ၊ မေးနေတယ်မဟုတ်လား"

"ကြိုက်ပါတယ်"



ငယ့်မျက်နှာကို စေ့စေ့ကြည့်ပြီးသူမေးတော့ နွယ်မာဘေးကနေ ...နေသောကြောင့် မကြည့်ဘဲဖြေလိုက်သည်။ ဒီနေ့သည် ငယ့်ဘဝ ...တွက် မမေ့နိုင်စရာနေ့လေးတစ်နေ့ ဖြစ်ခဲ့သည်။ ဖွင့်မပြောပေမယ့် ...ငယ့်ကို သိပ်ချစ်နေတာရော ငယ်ကလည်းသူ့ကိုသိပ်ချစ်နေတာပါ ...လုံးသိသွားကြပြီ။ ညနေစောင်းတော့ မပြန်ချင်ပြန်ချင် သူ့ပုံစံလေးကို ကြည့်ပြီး ငယ် သနားနေသည်။

"သွားမယ်နော်"

"ကဲ ရတုရေ• • •သုံးဆယ့်ခြောက်ခါလောက်ရှိပြီ နှုတ်ဆက်လို့ပဲ ...နိုင်ဘူး"

"နင်ကလည်း ကိုယ်ချင်းစာမှပေါ့နွယ်မာရယ်"

"အဲဒီလောက်အဖြစ်သည်းနေတာ ကြည့်မရတော့ဘူးဟေ့"

"ဒါကြောင့် နင့်ကိုကြိုက်မယ့်သူမရှိတာ"

"ဘာလို့မရှိရမှာလဲ ငနာကောင်ရဲ့"

နွယ်မာ တိုးအောင်ကျောကုန်းကို တဘုန်းဘုန်းထုနေတော့အား ...ရယ်ကြသည်။ ငယ်ရယ်နေတာကို သူကြည့်တော့နှာခေါင်းရှုံ့လိုက်သော ...ယ့်ကိုယ်ကိုယ်တောင်အံ့သြနေသည်။

"သွားပြီ မိငယ်ရေ၊ အန်တီ သွားပြီ"

"ကောင်းပါပြီ၊ ကောင်းကောင်းသွားကြ"

ကားထွက်တော့ကားပေါ်ကနေ လက်ပြသွားတော့ ငယ်လည်း ...လက်ပြလိုက်သည်။ မေမေငယ့်ကို အပြုံးလေးနှင့်ကြည့်ပြီး• • •

"သမီးသိပ်ပျော်နေတယ် မဟုတ်လား"

မေမေက အမေးနှင့်အတူ ငယ့်လည်ပင်းကဆွဲကြိုးလေးကိုကြည့်နေ ...တော့ ငယ်ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

"သမီးအနေလိုပျော်နေတာ မြင်ရတော့ မေမေဝမ်းသာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့မမေ သမီးရင်ထဲမှာ ဟိုလွန်ခဲ့တဲ့ ကိုးနှစ်ကျော်ဆယ်နှ… ကအတိုင်း အရမ်းကိုပျော်နေတယ်"

"မေမေကလေ သမီးလေးကို အဲဒီလိုပြန်ဖြစ်ပါ့မလားလို့စိတ်ပူနေတာ… မေမေစိတ်ချမ်းသာသွားပြီ"

အဲဒါသူ့ကြောင့်ပေါ့ဟု ငယ်စိတ်ထွဲကပဲ…။

❀ ❀ ❀

## အခန်း (၁၈)

သူ့ကားကို တားနေသောဓါတုတင်နှင့် စန္ဒီကိုကြည့်ပြီး စိတ်ညစ်သွား…သည်။

ဒုက္ခပါပဲ၊ ဒီလမ်းက လာမိတာမှားပြီ။

စိတ်ထဲက ရေရွတ်ရင်း ကားလေးထိုးရပ်လိုက်သည်။

"အိမ်ကထွက်လာကတည်းက မျက်ခုံးတွေလှုပ်နေလို့ ကံကောင်းမယ်…တာသိပြီးသား"

သာလိကာမ ဓါတုတင် သူ့ကိုကြည့်ပြီး အပြုံးလေးနှင့်ပြောသည်။

"ဘာလဲ… တို့နဲ့တွေ့လို့ကံကောင်းတယ်လို့ပြောတာလား"

"ဒါပေါ့၊ ကိုဘုန်းနဲ့တွေ့တာလောက် ကံကောင်းတာမရှိဘူး။ ကား…ညီးကပ်စီးရမယ်။ ဒီကြားထဲ ကိုဘုန်းတစ်ခုခုကျွေးရင်လည်း ကျေးဇူးမှာ"

…တော်တော်ကို တတ်နိုင်သည့် ဓါတုတင်ပင်။ သူ့ကိုခေါ်သည့်အခေါ်…ခေါ်ကလည်း ပြောင်းသွားပြီ။ တိုးအောင်ပြောသလို တမင်များ တွေ့…အောင်ဖန်တီးနေလားမသိ။ သူကလည်းအဲဒီလိုမိန်းကလေးမျိုး ဆိုနည်းနည်း…ကြည့်မရပါ။

သူ မရယ်ချင်ပဲ ရယ်လိုက်ကာ…

"ဒါဆိုရင်တော့ ဓါတုတင်တို့ကံမကောင်းတာ။ တို့ကအဖေခိုင်းလိုက်…တာနဲ့ မိနစ်နှစ်ဆယ်အတွင်း အိမ်ရောက်အောင်ပြန်ရမှာ"

"ဓါတုတို့ကဘယ်မှသွားမလို့မဟုတ်ဘူး။ အပျင်းပြေလမ်းလျှောက်တာ။ …တော့ပဲ ကိုဘုန်းတို့အိမ်လိုက်လည်မယ်နော် ခေါ်မယ်မဟုတ်လား"

…မှတ်တရတ် သူဘာပြန်ပြောရမှန်းပင်မသိ။ ဘယ်လိုမိန်းကလေးတွေပါ…

www.burmeseclassic.com



"ဘာတွေစဉ်းစားနေတာလဲ၊ ဓါတုတို့ကိုမခေါ်ချင်လို့ ဘာတွေ[illegible]ကြောင်းရှာနေတာလဲ"

ဟုတ်တယ်။ မခေါ်ချင်လို့ဟုပြောပစ်လိုက်ချင်တာ ပါးစပ်ကိုယားနေ[illegible]သည်၊ ဘယ်နှယ့်တွေ့တာမှ နှစ်ခါပဲရှိသေးသည်။ တအားရင်းနှီးနေသူတွေ[illegible]လည်းမဟုတ်ပါဘဲ အိမ်လိုက်လည်မည်ဟုပြောရဲတာ အရမ်းအံ့ဩသည်[illegible]

"တို့အိမ်လိုက်လည်လို့ ပိုတောင်ဖျင်းဖို့ကောင်းဦးမယ်။ အိမ်မှာဖေဖေ[illegible]မေမေပဲရှိတာ"

"အဲဒါမှပိုကောင်းတာ။ ဓါတုတို့ကငယ်ငယ်ကတည်းက မိဘမဲ့ခဲ့တယ်[illegible]ဒါကြောင့် ကိုယ့်မိဘအရွယ်တွေနဲ့ဆို အရမ်းစကားပြောချင်တာ။ မိဘ[illegible]မေတ္တာငတ်နေတာကို"

ဟုတ်တာမဟုတ်တာထက် ဒီလိုမျက်နှာငယ်ငယ်လေးနှင့်ပြောပြန်တော့[illegible]လည်းသနားသွားသည်။ မခေါ်လည်းအတင်းလိုက်မည့်ပုံကြောင့်…

"ဒါဆိုလည်းလိုက်ခဲ့လေ"

နှစ်ယောက်သားဝမ်းသာအားရ ကားပေါ်တတ်ကြသည်။

"ကိုဘုန်းက တစ်ဦးတည်းသောသားလား"

"ဟုတ်တယ်"

"မိဘတွေသိပ်ချစ်မှာပဲနော်"

"အင်း"

"ကိုဘုန်းဘဝကအားကျစရာကြီးနော်၊ ဓါတုတို့ကျတော့လည်း[illegible]အရွယ်မရောက်ခင်ကတည်းက မိဘတွေဆုံးသွားကြတော့ အဖေအမေ[illegible]တာ ဖြူသလား၊ မည်းသလားတောင်မသိရဘူး။ မိသားစုစုံစုံလင်လင်နဲ့[illegible]သူများတွေဘဝကိုတွေ့ရင် သိပ်အားငယ်တာပဲ"

အမြဲတမ်းပျော်ရွှင်တက်ကြွနေသော ဓါတုတင်ဆီကထိုစကားမျိုးကြား[illegible]ရတော့အံ့သြနေသည်။ ဒီလိုကျတော့လည်းသနားစရာပါ။

"အဟိတ်က ကံတွေပေါ့ဓါတုရယ်။ နောက်ဘဝအဲဒီလိုမဖြစ်ရအောင်



[illegible]တောင်းပေါ့"

"ဆုတောင်းတာပေါ့။ ဘယ်ဘုရားမှာဖြစ်ဖြစ် မိဘစုံစုံလင်လင်နဲ့နေရ[illegible]ဆုတောင်းတယ်"

"ကုမ္ပဏီမှာရော အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"စန္ဒီကရော မိသားစုဘယ်နှစ်ယောက်ရှိလဲ"

သူ့အမေးကိုစန္ဒီက မရယ်ချင်ဘဲရယ်လိုက်ပြီး…

"စန္ဒီက လောကကြီးမှာ တစ်ယောက်တည်း။ တစ်ကောင်ကြွက်ဆိုတာ[illegible]ကိုပြောတာပေါ့"

မေးပြီးမှ အားနာသွားသလို သနားလည်းသနားသွားသည်။ ငယ်ငယ်[illegible]ရွယ်နှင့်မိဘမဲ့ပြီး ကိုယ့်ဘဝကိုရုန်းကန်နေရသော သူမတို့ဘဝလေးတွေ[illegible]တ်မကောင်းဖြစ်သွားသည်။

"လောကကြီးမှာ ဆွေမျိုးအရင်းအချာမှမဟုတ်ပါဘူး။ ခင်ရာဆွေမျိုး[illegible]

ကိုယ့်ဘဝနှင့်ယှဉ်ပြီးအားပေးစကားပြောတော့ နှစ်ယောက်သားတောက်[illegible]လိုခေါင်းညိတ်ပြသည်။

"တီ…တီ"

သူ ကားဟွန်းတီးသံကြောင့် ခြံစောင့်ကောင်လေး တံခါးအပြေးအလွှား[illegible]သည်။ ခြံထဲအတိုင်းကားဝင်လာပြီး တိုက်ကြီး၏ပေါ်တီကိုအောက်မှာ[illegible] ရပ်လိုက်သည်။

"ဆင်းကြလေ။ ဒါတို့အိမ်ပဲ"

သူအရင်ဆင်းလိုက်ပြီး အခုထိမဆင်းသေးသော ဓါတုတို့နှစ်ယောက်[illegible]ားတံခါးဖွင့်ပေးလိုက်သည်။ ဓါတုတင်နှင့်စန္ဒီ သူ့နောက်မှ ခပ်ကုပ်ကုပ်[illegible]ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော...သားပြန်လာပြီ"

ဧည့်ခန်းထဲမှာ ထိုင်နေသောဖေဖေနှင့်မေမေက အပြုံးနှင့်လှ
နှုတ်ဆက်ပြီး နောက်မှပါလာသော ဓါတုတင်တို့နှစ်ယောက်ကိုလည်းတွေ့ရေ
သားဖြစ်သူကိုကြည့်သောအကြည့်တွေက ပဟေဠိတွေနှင့်...။

"ထိုင်ကြ၊ တို့အဖေနဲ့အမေပဲ"

သူနေရာပေးတော့ ဓါတုတင်နှင့်စန္ဒီက မေမေတို့ကိုရိုရိုကျိုးကျိုးလေ
ကြည့်သည်။

"ထိုင်ကြပါ သမီးတို့၊ သားသူငယ်ချင်းတွေထင်တယ်"

"ဟုတ်ကဲ့မေမေ၊ သူကဓါတုတင်တဲ့၊ မိုးထိုက်ရဲ့စက္ကူထရီပဲ၊ သူကတော့
စန္ဒီ၊ ကြယ်တံခွန်ကုမ္ပဏီက သူလည်းသူ့ဌေးရဲ့ စက္ကူထရီပဲ"

"တွေ့ရတာဝမ်းသာပါတယ်၊ သမီးတို့ရယ်၊ သမီးတို့ကချောချောလှလှ
လေးတွေကို ဒါကြောင့်သူဌေးရဲ့ အတွင်းရေးမှူးဖြစ်တာထင်တယ်"

"သမီးတို့ကိုချောတယ်ပြောလို့ကျေးဇူးတင်ပါတယ်အန်တီ၊ သမီးတ
ကလည်း ကိုဘုန်းမိဘတွေနဲ့တွေ့ရတာ ပြောမပြတတ်လောက်အောင်
ဂုဏ်ယူဝမ်းသာပါတယ်။ သူဌေးသတ်မှတ်ထားတဲ့အရည်အချင်းတွေ
လည်းပြည့်စုံလို့ အတွင်းရေးမှူးဖြစ်တာထင်ပါတယ်။ ရုပ်ကတော့ သမီး
တို့ထက်ချောတဲ့သူတွေ အများကြီးရှိပါတယ်"

"ဟုတ်တာပေါ့။ ကိုယ်ရေးအတွင်းရေးမှူးတစ်ယောက်ဖြစ်ဖို့ဆိုတာ
လွယ်တာမှမဟုတ်တာ။ အဘက်ဘက်ကပြည့်စုံလို့သာဖြစ်မှာ"

ဖေဖေပြောတော့ ဓါတုတင်တို့နှစ်ယောက်ရဲ့မျက်နှာကျေနပ်ပြီး ပီတ
တွေနှင့်ဝင်းထိန်နေသည်။

"နောက်လည်းလာလည်ကြပါ၊ သားသူငယ်ချင်းတွေဆို အန်တီတို့
ချစ်ပြီးသား"

"သမီးတို့ကလည်းအန်ကယ်နှင့် အန်တီကို မြင်မြင်ချင်း ချစ်ပါတယ်



တို့က မိဘတွေမရှိကြတော့ပါဘူး။ သူငယ်ချင်းတွေ ညီအစ်မတွေရယ်ပြီး
တဝကိုယ် ရုန်းကန်နေရတာပါ"

"ဟုတ်လား...ခိုးကျူးစရာပါကွယ်။ အန်တီတို့ကိုလည်း ဆွေမျိုးသား
တွေလို သဘောထားပြီးအကူအညီလိုရင်လည်း အချိန်မရွေးပြောပါ"

"တကယ်လားအန်တီ"

"တကယ်ပြောတာပါ သမီးရယ်"

အဖေကပါ ဂရုဏာမျက်ဝန်းတွေနှင့်ကြည့်ပြီး ခေါင်းညိတ်ပြနေတော့
တင်က ချက်ချင်းပင်မျက်ရည်ဝဲပစ်လိုက်သည်။ စိတ်ထဲကလည်း
လည်းတတ်နိုင်သည့် ဓါတုတင်ဟု ရေရွတ်မိသည်။

"ကျေးဇူးတင်လိုက်တာ ပြောတောင်မပြတတ်ပါဘူး အန်တီရယ်။
ရှိတဲ့ဘဝများ မျက်နှာငယ်ခဲ့ရပါတယ်။ အန်တီတို့လိုလူမျိုးတွေက
လိုပြောတော့ ဝမ်းသာလွန်းလို့ ပြောတောင်မပြတတ်ဘူး"

"ကဲပါ...အခုချိန်ကစပြီး ဘာမှအားမငယ်နဲ့တော့ အန်တီတို့အိမ်
ည်းဝင်ပါ၊ ထွက်ပါ"

"အန်ကယ်နဲ့အန်တီကအရမ်းသဘောကောင်းတာပဲ"

"အန်ကယ်နဲ့အန်တီက သဘောကောင်းတယ်ဆိုတော့ သားကရော
ဘာမကောင်းဘူးလားသမီးတို့ရဲ့"

အဖေ့အမေးကြောင့် သူ့ဘက်သို့မူနွဲ့နွဲ့လေး ဓါတုတင်ကြည့်ပြီး

"ကိုဘုန်းလည်းကောင်းပါတယ်။ ဒါပေမဲ့ အန်ကယ်တို့ကိုတော့မမီဘူး။
အောင်သမီးတို့ကို ကိုဘုန်းက ခေါ်ချင်တာမဟုတ်ဘူး"

"ဟုတ်လား၊ နောက်ကိုသားမခေါ်လည်း ကိုယ့်ဟာကိုယ်လာကြပေါ့။
ယ်နှင့်အန်တီကဖိတ်ခေါ်ပါတယ်"

"တကယ်ပြောတာနော်အန်တီနဲ့အန်ကယ်။ နောက်ဆို ကိုဘုန်း
ည်းလာမယ်။ လာလွန်းလို့တောင် ရိုက်မလွှတ်နဲ့"

"မလွှတ်ပါဘူး။ လာပါ၊ ကြော်...သားရေ သမီးတို့စားဖို့ မိဝေ

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခုခုစီစဉ်နိုင်းလိုက်ပါဦး''

''ဟုတ်ကဲ့ . . . မေမေ''

သူအိမ်ထဲဝင်လာတော့ ဓါတုတင်နှင့်မေမေတို့ရယ်သံတွေကျန်ခဲ့သ... နောက်ကိုချောင်းပေါက်အောင်လာတော့မည်။ ဓါတုတင်တို့ကြောင့် စိတ်... နောက်ကိုသွားသည်။ တကယ်ဆို ဒီလောက်ရဲတင်းစရာမလို။ ဓါတုတင်... ရဲတင်းပုံသည် တော်တော်ကြောက်စရာကောင်းပါလား။ ဒီတော့ကိုယ့်... ကတော်တော်ကိုဆင်ခြင်မှ တန်ကာကျမည်။ နို့မို့ဓါတုတင်ထောင်ချော... ထဲ ကျိုန်းသေကျသွားမှာ။ တိုးအောင်ထင်သလိုပင် သူ့ကိုအကြံနှင့် ထ... တာ တော်တော်သိသာသည်။ တွေးရင်းနှင့်ကြက်သီးတောင် ထသွားသ...

ဖေဖေနှင့်မေမေကတော့ သူချစ်သည့်ထူမှန်သမျှကို လိုက်ချစ်ပေ... သည်။ တိုးအောင်၊ နွယ်မာ၊ ညိုညိုတို့သုံးယောက်သည် သူ့ရဲ့အချစ်... သူငယ်ချင်းတွေ သူ့တို့သုံးယောက်ကိုလည်း သားဖြစ်သူ၏အချစ်... သူငယ်ချင်းတွေအဖြစ် ဖေဖေနှင့်မေမေက သိပ်ချစ်ကြသည်။ နွယ်မာ... ညိုညိုတို့က ရိုးသားတော့ ဓါတုတင်လိုစကားမကြွယ်ကြ။

စောငယ်ငယ်ဆိုလျှင်ကော၊ သူမကသူ့သိပ်ချစ်ရသည့်ချစ်... စောငယ်ငယ်ကိုလည်း ဖေဖေနှင့်မေမေချစ်မှာ။ သားဖြစ်သူ သည်းသ... လှုပ်နေတဲ့ချစ်သူဆိုတော့ ဖေဖေနှင့်မေမေ စောငယ်ငယ်ကိုပိုချစ်မှာ... သူမကိုဖွင့်ပြောပြီးမှ ဖေဖေနှင့်မေမေဆီခေါ်လာတော့မည်။ အတွေးနှင့်အ... ကျေနပ်စွာပြုံးလိုက်သည်။

ချစ်တဲ့စောငယ်ငယ်က မေမေတို့ကို ဓါတုတင်ပြောသလို ချစ်စ... အပြောမျိုးတွေပြောတတ်ပါ့မလား။

ဓါတုတင်နှင့်စန္ဒီ အအေးသောက်မုန့်စားရင်း မေမေတို့နှင့်စကား... နေတာသည် အခုမှသိသည့် သူတွေဟုထင်စရာမရှိ။

''အန်တီတို့လည်း သွားစရာရှိသေးတယ်ဆိုတော့ပြန်ဖို့သင့်ပြီ ... တယ်''



''ဟုတ်တယ် ဓါတုရေ၊ ကိုဘုန်းရတုပြန်စေချင်ပြီ''

...နောက်သလိုအပြောကိုမဟုတ်ပါဘူး။ ဘာညာသူ့မပြောဘဲ ခပ်ပြုံး... ...လုပ်နေတော့ မေမေဓါတုတင်တို့ကိုအားနာနေသည်။

''မဟုတ်ပါဘူးသမီးရဲ့''

''ဘယ်ကမဟုတ်ရမှာလဲမေမေရဲ့။ ဟုတ်တယ် သူတို့ကအလိုက်သိမယ့်... ...တွေမဟုတ်ဘူး''

''သားကလည်းကွယ်''

...ပြောပြီးတာနဲ့သူထလာတော့ ဓါတုတင်နှင့်စန္ဒီကဖေဖေနှင့်မေမေကို ...ဆက်ပြီး သူ့နောက်က အရယ်အပြုံးမပျက်လိုက်လာသည်။ ...လျှင်တော့ အရမ်းခင်မင်သူတွေမို့ အားမနာတမ်းပြောသလိုလို။ အပြန်လမ်းတစ်လျှောက်ကားပေါ်မှာ သူလုံးဝစကားမပြောတော့၊ ...သက်သားတိုးတိုးကြိတ်ကြိတ်နှင့်။

''ဒီနေ့ရောအချိန်မရလို့မတက်တော့ဘူးတဲ့လား ကိုဘုန်း''

''ဆောရီး ဓါတုတင်၊ တို့တကယ်အချိန်မရလို့ပါ''

''ဟုတ်မှာပေါ့လေ။ ဓါတုတို့ကတိုက်ခန်းအပြင်အပေါ်ထပ်ကိုလည်း ...ရမှာဆိုတော့ ခေါ်သာခေါ်ရတယ် အားနာပါတယ်''

''အဲဒါကြောင့် တကယ်မဟုတ်ပါဘူး''

''အဲဒါကြောင့်မဟုတ်ရင် ခဏတော့တက်ပါလားကိုဘုန်းရတု''

...နှိပ်ဝင်ပြောတော့သူအားနာသွားသည်။ ဖြစ်နိုင်လျှင်တော့ ဓါတုတင် ...သုံးဝမပတ်သက်ချင်ပါ။ ပတ်သက်ခြင်းရလာဒ်က ဓါတုတင် ထောင် ...တ်ကို တိုးဝင်တာနှင့်မထူး။ တောင်းပန်တိုးလျှိုးသော ဓါတုတင် ...ည့်ကို သူဥပေက္ခာပြုလိုက်ပြီး . . .

''နောက်တစ်ခါဆိုရင်တော့ တကယ့်ကိုတက်မယ်လို့ကတိပေးပါတယ်။ ...တစ်ခါတော့ခွင့်လွှတ်ပေးပါ။ စိတ်လည်းမကြည်ဘူး၊ ခေါင်းတွေ ... နောက်နေလို့ပါ''

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာပြောပြီးတာနှင့် အဖြေကိုမစောင့်တော့ပါ။ ကားပေါ် ပြီးကားစက်နှိုးရင်း ဓါတ်တိုင်တို့နှစ်ယောက်ကိုအပြုံးလေးနှင့်နှုတ်ဆက် သည်။

နှင့်ရဲ့မာယာတွေကို ငါသိတယ်ဓါတုတင်။ မာယာမှန်းသိလျှ အားနာမှုနှင့်တော့ သူ မလိုက်လျောနိုင်ပါ။

❀ ❀ ❀

## အခန်း (၁၉)

''ဟဲ့...မထီ နှင်သတိရနေပြီမဟုတ်လား''

ယုခင် အမေးကိုမဖြေဘဲသူမမျက်စောင်းထိုးလိုက်သည်။

အလုပ်တွေစတင် အကောင်အထည်ဖော်နိုင်ဖို့အတွက် ဒီရက်အတွင်း လာဖြစ်ဘူးဟု သူပြောတော့ စိတ်ထဲတွင် လွမ်းသလိုလိုကြီးခံစားသွားရ သည်။ ငယ့်ကိုချစ်တယ်ဟု တရားဝင်ဖွင့်မပြောသေးပေမယ့် သူ့ရဲ့အပြုအမူ အကြင်နာတွေက နှလုံးသားကိုကိုင်လှုပ်နေသလိုပင်။ သူလုပ်ငန်းအကောင် အထည်ဖော်ပြီးတာနှင့် ငယ့်ကိုဖွင့်ပြောပြီး တောင်းရမ်းလက်ထက်မည်ဟု သူငယ်ချင်းတွေကိုပြောသည်။ အတွေးနှင့်ပင် ငယ် ရင်တွေခုန်နေသည်။

''ဟဲ့...မထီ...ဟိုမှာ ဟိုမှာ''

''ဘာလဲဟဲ့။ နှင်ကလည်း အလန့်တကြား''

ယုခင်အပြုံးအပြုံအပြောကြောင့် ငယ်တကယ်ပင်လန့်ပြီး ဟောက်လိုက် မိသည်။

''လန့်မနေနဲ့ လာနေပြီ''

''မင်္ဂလာပါ မမမထီ''

လက်နောက်ပစ်ခါးကိုင်းပြီး ငယ့်ရှေ့တည့်တည့်မှာလာနှုတ်ဆက်နေသော ကောင်လေးကို မျက်စောင်းမခတ်ငေးကြည့်နေမိသည်။

ဘာရောင်မှန်းမသိဆိုးထားသောဆံပင်သည် ဘာပုံစံဟုလည်းငယ်မခေါ် တတ်။အခုခေတ်ကောင်လေးတွေ တော်တော်များများတော့ ဒီလိုဆံပင် မျိုးချည်းပင်။ ခေတ်ပေမယ့်ငယ့်မျက်စိနှင့်တော့နည်းနည်းမှမတွေ့ ဒါက ထားလိုက်ပါ။ သူ့ကိုယ်သူဝေလုပဟုသာမိတ်ဆက်သောထိုကောင်လေးသည်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းရတုအလုပ်တွေရှုပ်ပြီး မလာသည့်နေ့ကစပြီး လာရောခြင်းဖြစ်သည်

နားမှာလည်း နားဒေါင်းလိုချွန်ချွန်ကြီးပန်ထားသည်။ လည်ပင်းနှ လက်နှစ်ဖက်လုံးမှာလည်းရှုပ်ယှက်ခတ်အောင် ဝတ်ထားဆွဲထားသော ရော စုံကို ကြိုးတွေနှင့်။ ဝတ်ဆင်ထားသည့် အကျီဘောင်းဘီကလည်း ခေတ်ရေ ကိုတစ်ရာလောက်ပြေးနေသော ဒီဇိုင်း။ ငယ့်မျက်စိထဲမှာတော့ ဒီကောင် လေးပုံစံသည် အမြင်ကတ် မျက်စိနောက်စရာ။

သူ့ရဲ့မျက်နှာလေးကိုကြည့်ပြီး အသက်အားဖြင့်တော့ ဆယ့်ရှစ်ဆယ် ကိုးထက် ကျော်ပုံမရ။ ထိုကောင်လေးငယ့်ကိုလာရောနေသည့်အကြောင်း ဘာလဲ။ ဒီနေ့တော့မေးမှဖြစ်မည်။

“မမ…ကြည့်လုချည်လား၊ ကျွန်တော်လှလို့လား”

တစ်ကိုယ်လုံး တွန့်လိမ်ပြီးပြောနေသော ဝေလုဆိုသည့်ကောင်လေး ယုခင်ခပ်စောင်းစောင်းနှင့်ကြည့်ပြီး…

“မျက်စိနောက်လို့ဟေ့။ တော်တော့်ကိုမျက်စိစပါးမွေးစူးတဲ့ပုံစံ။ ခွေ နားသွား ခွေးဆွဲမယ့်ရုပ်”

“ဟာဗျာ…အစ်မကြီးကလည်း သူများသားသမီးကို မှိုချိုးမျှစ်ချိ ဒါကြောင့်အစ်မကြီးရုပ်ဆိုးနေတာ”

“ဘာ…သေနာလေး”

ယုခင် ဒေါသတကြီးအော်ပြီးလှမ်းရိုက်တော့ ကောင်လေးငုံ့ရှောင်ပြ ငယ့်နားတိုးကပ်လာသည်။

“အံမယ်…ရာရာစစ”

ငယ့်နားကပ်နေသော ကောင်လေးကိုယုခင်တွန်းလိုက်တော့ ပိန်ပိ ညှောင်ညှောင်ကောင်လေးနောက်ပြန်လဲမတတ်ဖြစ်သွားကိုပြန်ထိန် ရင်း…

“မညှာမတာဗျာ…ခင်ဗျားအင်အားကြီးနဲ့”

“နင့်ကိုဒီထက်မကတောင်လုပ်ချင်တာဟဲ့”



“ဟာ…မမ မထောလုပ်ပါဦး”

“တော်ပါတော့ ယုခင်ရယ်”

ဒေါသထွက်နေသောယုခင်က ငယ်အတင်းဆွဲသည့်ကြားကကို အံကြိတ်ပြီးကြည့်နေသည်။

“ကြောက်စရာကြီး”

“ကဲ…တော်စမ်း။ မင်းနာမည်ဝေလုဟုတ်လား”

“ဟုတ်ပါတယ် မမ”

“မင်းဘာလို့ ငါတို့ကိုလိုက်နှောင့်ယှက်နေတာလဲ”

“အဲဒီလိုမပြောပါနဲ့ဗျာ။ နှောင့်ယှက်တာမဟုတ်ပါဘူး၊ ကျွန်တော် မထောကိုခင်လို့ပါ”

“အသားလွတ်ကြီး ခင်ချင်နေတာတော့ မဖြစ်နိုင်ပါဘူး”

“တကယ်ပါဗျာ ကျိန်ဆိုကျိန်ရဲပါတယ်။ ကျွန်တော့်ကို ခင်မင်ခွင့် ယ်မဟုတ်လား မမထော”

“ခင်တာပဲ ခင်ပေါ့”

“မမကရော ကျွန်တော့်ကိုမခင်ဘူးလား”

“မင်းက တို့မောင်လေးအရွယ်ပဲ ခင်ပါတယ်”

“တကယ်နော် မမ”

“အင်း…ကဲ မင်းသွားတော့၊ အလုပ်ရုံရှေ့ရောက်တော့မယ်”

“အလုပ်ရုံရှေ့ထိ လိုက်ပို့ပေးမယ်လေ”

“မလိုဘူးရတယ်”

“ဟုတ်ကဲ့ပါ။ မမပြန်စေချင်ရင်ပြန်ပါ့မယ်။ ဟိုဘက်ကအစ်မကြီး တော့”

“တောက်”

ယုခင်တောက်ခေါက်တော့ ပခုံးတွန့်ပြီး ပြေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကောင်လေးလဲမသိဘူး။ ပေါတောတောနဲ့"

ဝေလုနောက်ကျောကိုကြည့်ပြီး မှတ်ချက်ချတော့ ယုခင် မှုန်ကုပ် မျက်နှာနှင့်ပင်ကြည့်ကာ...

"နှင့်အဲဒီကောင်လေးကို ဘာလို့အရောဝင်နေရတာလဲ"

"နှင်ကလည်းဟယ်၊ သူက ကလေးစိတ်မပျောက်သေးပါဘူး"

"နှင့်ကိုမရိုးမသားဆက်ဆံနေတာ ကလေးစိတ်မပျောက်သေး လား"

ယုခင်မျက်စောင်းကြီးထိုးပြီး မကျေမနပ်ပြောတော့ ငယ်ရယ် သည်။

"နည်းနည်းမှကြည့်လို့မရဘူး။ တစ်ကိုယ်လုံးကိုလှုပ်ရှုပြီး ဣန္ဒြေ မရှိဘူး။ စိတ်ကောမှန်ရဲ့လားမသိဘူး"

"သေသေချာချာအနီးကပ်ကြည့်တော့မှ ရုပ်ကလေးကတကယ့်က ဟဲ့၊ သူ့မျက်လုံးတွေကတော့ ကြောင်စီစီနဲ့ ဆေးတွေဘာတွေများသုံး လားမသိဘူး"

ယုခင်လက်ဖျောက်တစ်ချက်တီးလိုက်ပြီး...

"သေချာတာပေါ့။ ငါပြောချင်တာအဲဒါပဲ၊ နှင့်ကိုအဲဒါကြောင့် အ မဝင်နဲ့လို့ပြောတာ"

"သူကောင်းကောင်းပြောတော့လည်း ကောင်းကောင်းပြန်ပြော ပေါ့ဟာ၊ သနားပါတယ်နော်"

"ဘာ...နှင်ကဘာလို့သနားနေတာလဲ"

"ဩော်...ငယ်ငယ်ရွယ်ရွယ်နှင့် ဘာလို့ဒီလိုကောင်းတာ လုပ်ရတာလဲလို့ပါ"

"အံမလေး...ကျေးဇူးရှင်မရယ်၊ သူ့ကိုယ်သူတောင်မသနာ လုပ်နေတဲ့ဟာ၊ နှင်ပြောလိုက်ပါလား။အဲဒီလိုလုပ်တာမမ မကြိုက်ပါဘူ



ဝေလုပုံစံနှင့် အသံအတိုင်းယုခင်လုပ်ပြနေတော့ ငယ်ရွဲပြီး...

"အေး ငါအဲဒီလိုဝေလုကိုတကယ်ပြောလိုက်မယ်နော်"

ယုခင်အံ့ကြိတ်ပြီး မျက်လုံးကြီးပြူးကြည့်နေတာသည် ဝေလုပြောသလို တကယ်ကြောက်စရာကြီး။ ငယ်ရယ်ချင်ပေမယ့် မရယ်ရဲဘဲ မျက်နှာချိုသွေး လိုက်ပြီး...

"နှင်ကလည်းဟယ် ငါကနောက်တာပါ"

"အေး...ဒီတစ်ခါအဲဒီလိုနောက်ရင် ကိုဘုန်းရတုနှင့် တိုင်မယ်"

"တိုင်ရအောင် သူနဲ့ငါကဘာဆိုင်လို့လဲ"

"ဆိုင်မှာ၊ အခုမဆိုင်ပေမယ့်ဆိုင်တော့မှာ"

စောစောကနှင့် ဘာမှမဆိုင်အောင် ယုခင်မျက်နှာစမ်ဖြဖြဖြစ်သွား သည်။ ငယ်တို့နှစ်ယောက် စက်ရုံရှေ့နားရောက်တော့ သူငယ်ချင်းတွေ စောင့်နေကြသည်။

"ငါတို့ကိုစောင့်နေတာလား မိစိုး"

"အေးပေါ့"

"လာလေ၊ ဒါဆိုဝင်ကြမယ်"

"နေဦး...ဟိုမှာ..."

မိမိမေးငေါ့ပြရာကြည့်လိုက်တော့ ငယ်တို့စက်ရုံက မန်နေဂျာ၊ လက် ထောက် မန်နေဂျာနှင့်အတူ သူဌေး၏ အတွင်းရေးမှူးမတို့ထွက်လာကြ သည်။ သူတို့အားလုံး စက်ရုံနှင့်ခပ်လှမ်းလှမ်းရောက်သွားတော့မှ အသံတွေ ထွက်လာပြန်သည်။

"စက်ရုံထဲမှာ ဘာပြဿနာပေါ်လို့လဲမသိဘူးနော်"

စက်ရုံထဲမှာမဟုတ်ဘူး၊ ကုမ္ပဏီမှာတဲ့

"ကုမ္ပဏီမှာဘာဖြစ်လို့လဲ"

"ကုမ္ပဏီကမန်နေဂျာ ငွေကျွာလို့လို့ပြောတာပဲ"

"ကဲပါဟယ်၊ အဲဒါကိုယ့်အလုပ်မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ကိုယ့်အလုပ်ကိုယ်လုပ်တာကောင်းတယ်။ ဒါနဲ့ ရှည်ရှောင်ဝမ်းဆက်နှင့် မျက်နှာခပ်တင်းတင်းမိန်းမက တို့သူဌေးရဲ့စက္ကူ... လေ။ ဓါတုတင်ဆိုတာပေါ့"

မော်မော်ပြောတော့ အားလုံးသမင်လည်ပြန်ကြည့်ကြသည်။

"လှတယ်နော်၊ စတိုင်လ်ကလည်း မိုက်တယ်"

"လှတော့လှတယ်။ ဒါပေမဲ့ ပူလောင်တဲ့အလှကြီး"

"သူဌေးမျက်စိထဲမှာတော့ အဲဒီအလှကိုပဲ သဘောကျလို့ သူ... ကိုယ်ရေးအတွင်းရေးမှူးခန့်လိုက်တာနေမှာပေါ့"

"တို့သူဌေးက နှာ မဟုတ်ပါဘူးဟဲ့။ တည်တည်တံ့တံ့ပါ"

"တော်စမ်းပါ။ ယောကျာ်းတိုင်း နှာမရှိတဲ့သူ မရှိဘူး"

"ဒါပေမဲ့ ဦးမိုးထိုက်ကတော့ အဲဒီလောက်မဟုတ်ပါဘူး"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းငြင်းခုံနေပေမယ့် ငယ်ကတော့ တစ်ခွန်းမှဝင်မပြောပါ။

✿ ✿ ✿

## အခန်း (၂၀)

"အိမ်ရှင်တို့"

ခေါ်သံကြောင့် စောငယ်ငယ်ကမန်းကတန်း အပြင်ထွက်လာပြီး သူ့ကိုတွေ့တော့ အံ့သြသွားသည်။

"ညှော်သည်ကို ခေါ်တောင်မခေါ်တော့ဘူးလား"

စပ်ဖြဲဖြဲပြောပြီး သူအိမ်ပေါ်တက်လာသည့်အထိ သူမဘာတစ်ခွန်းမှ မပြောသေးတော့ နည်းနည်းတော့စိတ်တိုသွားသည်။

"ထိုင်လေ"

"လာတာကိုမကြိုက်ဘူးလား"

ခုံတစ်လုံးမှာ ဝင်ထိုင်ပြီး ခပ်တည်တည်နှင့် သူမေးတော့ သူမ ...တ်တတ်ရပ်လျက်ကပင် . . .

"မဟုတ်ပါဘူး"

"မဟုတ်ရင် ဘာဖြစ်လို့မျက်နှာကြီး သုန်မှုန်နေရတာလဲ"

ဘာစကားမှမပြောဘဲ ငြိမ်နေသော သူမကသူ့မျက်နှာကိုမကြည့်။

"ပွင့်ပွင့်လင်းလင်းပြောစမ်းပါ။ တို့လာတာ မကြိုက်ဘူးလား။ အန်တီ ...ရော ဘာပြောထားလို့လဲ"

"ဘာမှမပြောပါဘူး။ အခုလည်းအမေမရှိဘူး"

အခုမှသဘောပေါက်သွားသည်။ သူမအမေမရှိသည့်အတွက်နှင့်ယောက် ...ည်းမို့ စိတ်ထဲစနိုးစနောင့်ဖြစ်နေပုံပင် ချက်ချင်းပင် သူထရပ်တော့

www.burmeseclassic.com

www.burmeseclassic.com



သူမမော့ကြည့်ပြီး . . .

"ဘယ်သွားမလို့လဲ"

"ပြန်တော့မယ်လေ။ နှစ်ယောက်တည်းရှိနေတဲ့အတွက် စိတ်ကျဉ်းကျပ်နေတယ်မဟုတ်လား"

ငယ်တာမှုပြန်မပြောမိ။ တကယ်သူပြန်သွားမှာကိုလည်းမလိုလားတော့ ဘာပြောရမှန်းမသိဖြစ်နေသည်။ သူကတော့ဖိနပ်တောင်စီးနေပြီ။

"ဟို"

"ဘာလဲ . . . ဘာပြောမလို့လဲ"

"လာတဲ့နောက်တော့နေပါဦး။ အနောက်ဘက်မှာလည်း ငါးကြော်နေရင်း တန်းလန်းနဲ့မို့ပါ၊ ခဏထိုင်ပါဦး"

ဘာလုပ်ရမှန်းမသိ။ သူမဖြစ်နေပုံလေးကိုကြည့်ပြီး စိတ်ထဲကရယ်ချင်နေသည်။ သူမအပေါ်မရိုးသားဘူးဆိုတာသိနေတော့ မျက်နှာပူနေပေမယ့် ပြန်သွားမှာကိုလည်း ကိုးနေပြန်သည်။ သူကလည်း တမင်ကို ဟန်ဆောင်ပြီး ထပြန်လာတာပါ။ ဟိုးလွန်ခဲ့သော ကိုးနှစ်ကျော် ဆယ်နှစ်လောက်က သူ့ကိုမခံချင်အောင်စသော စောငယ်ငယ်နှင့်အခု စောငယ်ငယ်က တစ်ယောက်ဆီအလားပင်။

အဲဒီမှာထိုင်နေဘ်။ နောက်မှာလည်း လုပ်စရာရှိတာသွားလုပ်လိုက်ဦးမယ်။ သူမကိုကြည့်ပြီး ခေါင်းညိတ်ပြတော့ နောက်ဘက် လစ်ကနဲပြေးဝင်သွားသည်။

နှစ်ယောက်ထိုင်ဆက်တီပေါ်မှာ ထိုင်ရင်း သူ့စိတ်တွေအရမ်းလှုပ်ရှားနေသည်။ ချစ်သူတွေသာဖြစ်ပြီးရင် သိပ်ကောင်းမှာဟုအတွေးရောက်တော့ လူပျိုရိုင်းလေးတစ်ယောက်လို ရင်တွေတဒိန်းဒိန်းခုန်နေသည်။ သူမလည်း သူ့လိုပဲဖြစ်နေမှာပဲ။ ခဏကြာတော့ ကော်ဖီပန်းကန်လေးကိုင်ပြီး သူမထွက်လာသည်။

"ကော်ဖီသောက်"



ကော်ဖီတစ်ခွက်ကလေးချပြီး စောငယ်ငယ်သူနှင့်မျက်နှာချင်းဆိုင်ရာ ဝင်ထိုင်သည်။

"ငါးကြော်နေတယ်ဆို"

"မီးပိတ်ထားလိုက်ပြီ"

"ရပါတယ်၊ အားမနာပါနဲ့၊ ထမင်းမစားရသေးဘူးလား"

"ပြီးပြီ။ ဒေါ်စန်းလာပေးလို့ကြော်ထားတာ။နင်ရော ထမင်းစားပြီးပြီလား"

"တော်သေးတာပေါ့။ စားလာလို့။ အစကစဉ်းစားတာက ဒီနေ့အလုပ်အတွက် ထမင်းပါစားမယ်လို့"

"စားလည်းရတာပဲ၊ ထမင်းကျွေးရတာ ဘာအပန်းကြီးလို့လဲ နင်မစားသာစိုးတာ"

အခုလိုရန်တွေ့သံလေးနှင့် ပြောတော့လည်း အရင်တုန်းက စောငယ်ကို သတိရသွားသည်။ သူမကိုကြည့်ပြီး သူပြုံးတော့ . . .

"ဘာပြုံးတာလဲ"

"ဩော် . . . ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ကောင်မလေးကို သတိရမိသွားလို့ပါ"

သူ့ကိုမကြည့်ဘဲ သူမရယ်နေပုံလေးကို အသည်းယားသွားသည်။ ဆုံတော်တာမတော်တာတွေအသာထား သူမကိုသိပ်ချစ်နေမိသည့် အကြောင်းဖွင့်ပြောဖို့ဆုံးဖြတ်လိုက်သည်၊ အိမ်နေရင်း အဝတ်အစားလေးနှင့်အောင် အေးအေးချမ်းချမ်းလှနေသော သူမကို အားမနာတမ်း စိုက်ကြည့်ပြီး ဓါတ်တင်ကိုသတိရသွားသည်။

စောငယ်ငယ်နှင့်ဓါတ်တင်က နှိုင်းမရအောင်ကွားခြားပါသည်။ ဒီနေ့မှာ ဓါတ်တင်သာဆိုလျှင် သူ တွေးတောင်မတွေးရဲပါ။

"သမီးရေ"

"ဟော . . . မေမေပြန်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ပြီး သူမဝမ်းသာအားရနှင့်အမေကို သွားကြိုတော့ သ
ပြင်းပဲရှိက်လိုက်တော့သည်။ မပြောဖြစ်တော့သည့် စကားတွေပြန်မျိုး
သူမ အမေကိုကြိုလိုက်သည်။

"မောင်ဘုန်းရတု ရောက်နေတာကိုး"

"ဟုတ်ကဲ့ . . . အန်တီ"

"ထိုင်ပါကွယ်၊ သမီးက ကော်ဖီတစ်ခွက်တည်းနှင့်ပဲဧည့်ခံထားလာ

"ရပါတယ်အန်တီ၊ ကျွန်တော် အခုလေးတင် ထမင်းစားလာတာ

"အခုမဆာသေးလည်း တော်ကြာဆာမှာပေါ့။ အေးအေးဆေးဆေး
ပါဦး။ သမီး လက်ဖက်ပါတယ်၊ လက်ဖက်သုပ်ပါဦး"

"ဟုတ်ကဲ့ . . . မေမေ"

လက်ဖက်ထုပ်လေးကိုင်ပြီး အထဲမဝင်ခင် သူ့ကိုစပ်ဖြဲဖြဲလေးကြ
သွားပုံက ဝမ်းသာလိုက်တာဆိုသည့်အကြည့်မျိုး။

နင်သိမယ်စောငယ်ငယ်၊ ငါ့အကြောင်းသိမယ်။

စိတ်ထဲကကြိမ်းဝါးရင်း သူပြုံးလိုက်သည်။

"ရောက်နေတာကြာပြီလား သား"

"ဟို . . . မကြာသေးပါဘူးအန်တီ"

"မလာတာကြာလို့ အန်တီကမေးနေတာ"

"ဟုတ်တယ်အန်တီ လုပ်ငန်းစတော့မှာဆိုတော့ လုပ်ငန်းအတွ
လိုအပ်တာတွေ ပြင်ဆင်နေရလို့။ ဒီနေ့တော့ အားတာနဲ့ တိုးအော
ကလည်း သူဦးလေးခိုင်းလိုက်တဲ့ကိစ္စရှိလို့ မအားဘူး။ စောငယ်ငယ်
လည်း မတွေ့တာကြာပြီဆိုတော့ ရောက်လာတာ"

"သမီးလည်းဒီနေ့ အလုပ်အားတော့ အတော်ပဲဖြစ်သွားမှာပေါ့"

"ဟုတ်ကဲ့ အန်တီ"

ထိုအချိန်မှာပဲ စောငယ်ငယ် လက်ဖက်ပန်းကန်လေးနှင့် ထွက်လာ
ပြီး . . .



"လက်ဖက်စားဦး"

"စားလိုက်ပါဦး သား"

သူလက်ဖက်သုပ်စားရင်း စောငယ်ငယ်တို့သားအမိနှင့် အလုပ်
ကြောင်း ပြောကြသည်။ သားအမိဆိုရာ၌ သူမအမေနှင့်သာ ပြောခြင်းပါ။
ကတော့ သူနှင့် အမေပြောတာတွေကို နားထောင်သမား သက်သက်။
ဒီနေ့အဖို့တော့ သူ့ရင်ထဲကအကြောင်းတွေ ပြောဖြစ်မှာ မဟုတ်တော့

"စားလို့လည်းကောင်းတယ်။ ရောက်နေတာလည်း ကြာပြီဆိုတော့
တော့မယ်"

"ပြန်တော့မလို့လား"

"ပြန်တော့မယ်လေအန်တီရယ်။ ဟိုမှာ ပြန်စေချင်နေပြီ"

စောငယ်ငယ်ကို မေးငေါ့ပြီးပြောတော့ သူမဘာတစ်ခွန်းမှ ပြန်မပြော
ကျန်ခဲ့သည်။ သူပြောချင်တာ ပြောခွင့်မရတော့သည့်အတွက် သူမ၏
ာင်ပြုံးလား၊ ဘာပဲဖြစ်ဖြစ်သူကတော့ ကျေနပ်ခြင်းများဖြင့်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

ညီညီနေမကောင်းတော့ ငယ်နှင့်ယုခင်သတင်းမေးဖို့ ရောက်လာသ

"ဟယ် နွယ်မာလည်း ရောက်နေတယ်မဏီ"

"အခုပဲ ငါဖုန်းဆက်တော့မလို့"

နွယ်မာအပြုံးနှင့် လှမ်းနှုတ်ဆက်ပြီး ညီညီ့အခန်းထဲရောက်လာ

သည်။

"ဘယ်လိုဖြစ်ရတာလဲဒေါ်ညီညီ"

"ညကရေချိုးနောက်ကျသွားလို့ အအေးပတ်သွားတာ"

လေသံတိုးတိုးလေးနှင့်ညီညီပြောသည်။

"ရေချိုးက ဘာဖြစ်လို့နောက်ကျရတာလဲ"

"အဟဲ . . . ကိုးရီးယားကားကောင်းနေလို့"

"မိန်းမဖျားတာတောင်နည်းသေးတယ်"

"ဟုတ်ပ . . . ကိုယ်က အအေးခံလို့မရတာ သိလည်းသိသား

ငယ်နှင့်နွယ်မာတိုင်းဆူတော့ ညီညီမျက်နှာငယ်လေးနှင့် ဘာမှပြန်မ

ဘဲငြိမ်နေသည်။

"ဟိုကောင်နှစ်ကောင်သိလား"

"သိမယ်မထင်ဘူးနွယ်မာ"

"ရတုတစ်ယောက်တည်း သူ့လုပ်ငန်းအတွက် အလုပ်တွေရှုပ်နေ

မတွေ့တာတောင်ကြာပြီ"

"ဟုတ်တယ်နော်။ နင့်ဆီကိုရောမလာဘူးလားမဏီ"

ငယ်ခေါင်းခါပြတော့ အားလုံးယုံသွားကြသည်။



"ဖုန်းဆက်ပြီး လာခိုင်းလိုက်ရင်ကောင်းမလားမသိဘူး"

"မဆက်ပါနဲ့နွယ်မာရယ်၊ အလုပ်မအားလို့နေမှာပါ"

ငယ်မပြောခင် ညီညီဝင်ပြောတော့မှ စိတ်အေးသွားရသည်။

"ဒါနဲ့ မိငယ်၊ နင်နဲ့ရတုအခြေအနေကရော"

နွယ်မာမေးတော့ ငယ်မသိဟန်ဆောင်ပြီး . . .

"ဘာအခြေအနေလဲ"

"နင်ကလည်း မသိဟန်ဆောင်နေပြန်ပါပြီ"

"ဘာမသိဟန်ဆောင်ရမှာလဲ၊ သူနဲ့ငါမတွေ့တာတောင်ကြာပြီ၊ မယုံရင်

မေးကြည့်ပါလား"

ယုခင်ကလည်း ဟုတ်ကြောင်းခေါင်းညိတ်ပြ၏။ ဒါတောင် နွယ်မာလက်

ဘဲ . . .

"ယုခင်သိအောင်တော့တွေ့မလား။ နင့်ဆီတိတ်တိတ်ကလေးလာရင်

မှာပေါ့"

နွယ်မာမခံချင်အောင် ပြောတာဖြစ်ပေမယ့် တကယ်ဟုတ်နေတော့

မသိဟန်ဆောင်ပြီး မျက်စောင်းထိုးလိုက်သည်။

"ကိုဘုန်းရတုကလူသာငယ်တယ်။ ရည်မှန်းချက်သိပ်ကြီးတာပဲနော်"

"ဟုတ်တယ်ယုခင်ရဲ့။ ရတုကသိပ်ပြီးလည်းထက်မြက်တာ။ သူ့ဘက

အားကျစရာကြီးပါဟာ"

"ကိုဘုန်းရတု စိတ်ဝင်စားနေတဲ့ မိန်းမဖြစ်ရတာလည်း သိပ်ကံ

င်းတာပဲနော်"

ငယ့်ကိုဘေးမှာထားပြီးယုခင်စပ်ဖြဲဖြဲပြောတော့ နွယ်မာရွှဲပြီး . . .

"ဒါပေါ့ ယုခင်ရယ် ဒါကြောင့်လူကြီးတွေပြောကြတာပေါ့။ လူချင်း

ပြိုင်လို့ရမယ်။ ကံချင်းပြိုင်လို့မရဘူးတဲ့"

ငယ်မသိဟန်ဆောင်ပြီးအရေးကိုမလှုပ်။

နေ့လယ်လောက်တွင် ညီညီတို့မိသားစုကိုနှုတ်ဆက်ပြီး သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



သားပြန်လာခဲ့သည်။

"မိငယ်နှင့်ယုခင် ဘယ်သွားစရာရှိသေးလဲ"

"မသွားပါဘူး။ အိမ်ပဲပြန်မှာ"

"ဒါဆိုငါနဲ့ခဏလိုက်ခဲ့ပါလား"

နွယ့်မာကိုငယ်ကြည့်ပြီး...

"ဘယ်ကိုလိုက်ရမှာလဲ"

"အမေလေ သူ့ညီမဆီမှာဆေးသွားယူခိုင်းလိုက်လို့"

"သွားလေ"

နွယ့်မာအဒေါ်တွေက ဩဘာလမ်းမှာနေတာကြောင့် သုံးယောက်သ တက္ကစီငှားသွားကြသည်။ ငယ်နှင့်ယုခင်ပါလာသည့်အတွက် သိပ်ကြာကြ မနေရပဲ နွယ့်မာအဒေါ်အိမ်က သုံးယောက်သား လမ်းမကြီးရှိရာ လျှေ လာခဲ့သည်။

"မနည်းကိုလေဖြတ်ရတယ်ဟာ"

အိမ်နှင့်ခပ်လှမ်းလှမ်းရောက်တာနှင့် နွယ်မာအဒေါ်အတင်းစပြောခဲ သည်။

"စကားတော်တော်ပြောနိုင်တယ်နော်"

"ဟာ...ပြောတယ် ပြောတယ်။ ညီအစ်မတွေအေးသလော သူ့ကျမှတာလို့ဒီလောက်စကားများနေရတာလဲမသိဘူး။ အဲဒါကြောင့် နှင် ကိုခေါ်တာ။ ငါတစ်ယောက်တည်းဆိုတော်တော်နဲ့ ပြန်ရမှာမဟုတ်ဘူး ဘူး"

နွယ်မာကအခုမှစိတ်အေးသွားပုံနှင့်...

"ကဲ...နင်တို့ဘာစားကြမလဲ၊ တစ်ခုခုစားရအောင်"

"မစားနိုင်တော့ပါဘူးဟာ"

"အရည်တော့သောက်ဟာ"

"အရည်လည်းမသောက်နိုင်တော့ပါဘူးနွယ်မာရယ်။ နင်သိပ်ကျေး



ငယ် ဝင်ပြောမှ နွယ်မာလက်လျှော့သွားပြီး...

"ဒါဆို ပြန်မယ်မဟုတ်လား"

"ပြန်မယ်လေ တာမွေကနေကားပြောင်းစီးမယ်။ နင်ကရောနွယ်မာ"

"ငါလည်း တာမွေကနေပဲပြောင်းစီးမယ်။ ကားငှားသွားမလား၊ ငါ ပေးမယ်လေ"

"မငှားပါနဲ့ဟယ်၊ လိုင်းကားနဲ့သွားလို့ရနေတဲ့ခရီးကို အပိုမကုန်ချင် ပါနဲ့။ ဒီအချိန်လူလည်း သိပ်မကျပ်သေးဘူး"

နွယ်မာတစ်ခုခုပြောဖို့ပြင်နေတုန်းမှာပဲ ငယ့်ဘေးမှာရပ်သွားသော တစ်စီးကြောင့် တအံ့တဩအကြည့်နှင့်အတူ နှုတ်ကလည်း...

"ရတု"

ငယ်နှင့်ယုခင်ပြိုင်တူပင် နွယ်မာခေါ်လိုက်တဲ့ဆီ လှည့်ကြည့်လိုက်သည်။ ပါကဆင်းလာနေသော ဘုန်းရတုကိုတွေ့တော့ သိပ်မအံ့ဩပေမယ့် နဲ့ကားပေါ်က ကောင်မလေးတွေဆီ အကြည့်ရောက်သွားသည့်အခါ တော့ မအံ့ဩဘဲမနေနိုင်တော့ပါ။

ခါတုတင်။

ငယ်တို့ကုမ္ပဏီက သူဌေးရဲ့ကိုယ်ရေးအတွင်းရေးမှူးမ။

ကားမောင်းသည့်သူ့ဘေးကားခေါင်းခန်းမှာထိုင်နေသော မာနကြီးကြီး နှာကို ငယ်ကောင်းကောင်းမှတ်မိသည်။

ငယ်တို့လှမ်းကြည့်မှ ခါတုတင်က အကြည့်ကိုလွှဲပြီး မျက်နှာကိုမော့ သည်။ ကားနောက်ခန်းမှာလည်း ခါတုတင်လိုပင် ချောချောလှလှ သားနားနား မိန်းမနှစ်ယောက်ပါထိုင်နေပြီး ငယ်တို့ကိုကြည့်နေသည့် ကြည့်တွေက မတူမတန်သလို။

ခံထဲမှာ အားငယ်တာရော စိတ်မကောင်းတာရော ဝမ်းနည်းတာရော အောင်ခံစားသွားရသည်။

"ဘယ်ကပြန်လာကြတာလဲ"

www.burmeseclassic.com



သူ့အမေးကို ငယ်ချက်ချင်းပြန်မဖြေနိုင်အောင် ရင်ထဲမှာစို့နေသည်။ နွယ်မာနှင့် ယုခင်လည်း အခုထိတအံ့တသြဖြစ်နေသည့်အတွက် သူ့အမေး ကိုပြန်မဖြေဖြစ်ကြ။

"ငါတောင်ဒီနေ့အားတာနဲ့လာမလို့၊ နင်တို့ဘယ်ကပြန်လာတာလဲ"

ငယ့်ကိုကြည့်ပြီး အပြုံးကလေးနှင့် မေးနေပေမယ့် သူ့မျက်လုံးထဲမှ တော့စိုးရိမ်မှုတွေ့ပြည့်နေသည်။

ဓါတုတင်နှင့်သူဘယ်လိုသိကြလဲ၊ ဘယ်လောက်အထိ ပတ်သက်မှုတွေ ရှိနေကြလဲဆိုတာကို သိချင်စိတ်တွေကြောင့် ရင်တစ်ခုလုံးမှုလောင်နေသည်။

"နင်မအားတာ ဒါကြောင့်လားရတု"

နွယ်မာ ကားပေါ်ရှိ ဓါတုတင်တို့ဆီ မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး မျက်နှာထားတင်းတင်းနှင့်မေးတော့ သူပျာပျာသလဲဖြင့်...

"မဟုတ်ပါဘူးနွယ်မာ၊ ငါတကယ့်ကို မအားတာပါ၊ တက်ကြွေ ငါလိုက်ပို့ပေးမယ်"

"မလိုပါဘူး"

"လာပါနွယ်မာရယ်ငါလိုက်ပို့ပေးပါ့မယ်။ စကားလည်း အေးအေးဆေး ဆေးပြောရအောင်၊ ငယ်နဲ့ယုခင်တက်လေ"

နွယ်မာစိတ်ဆိုးနေတာသိတော့ သူအတင်းပင်ခေါ်နေလည်း ငယ်မ နိုင်တော့ပါ။

"ရတယ်ဘုန်းရတု သွားစရာရှိသေးလို့ပါ"

"သွားမယ် မိငယ်"

နွယ်မာဒေါသတကြီးရှေ့ကထွက်သွားတော့ ငယ်နှင့်ယုခင်လည်း သူ့ကို မနှုတ်ဆက်တော့ နွယ်မာ့နောက်အပြေးကလေးလိုက်သွားမိသည်။

နေရာမှာလဲကျသွားမတတ် သူခံစားသွားရသည်။ စောငယ်ငယ်တစ်မျိုး ထင်သွားပြီ။ သူနှင့်ဓါတုတင်ကို အထင်လွဲသွားပြီ။ ဘယ်လိုရှင်းပြရမှန်း မသိတော့ နွယ်မာလည်းတော်တော်စိတ်ဆိုးသွားပြီ။ သူမတို့နောက်ကို



ပြေးလိုက်သွားချင်စိတ်ကို မနည်းထိန်းချုပ်နေရသည်။ မဖြစ်ဘူး ဒီမိန်းမ တွေကို အမြန်သွားပို့ပြီး သူမကို သွားရှင်းပြမှဖြစ်မယ်။ နို့မို့ သူနေလို့ ထိုင်လို့ရမှာမဟုတ်တော့။

မိန့်မိန့်ကြီးထိုင်နေသော ဓါတုတင်နှင့် သူမသူငယ်ချင်းနှစ်ယောက်ကို တစ်ခုခုပြောပစ်လိုက်ချင်သည်။ စိတ်အလိုမကျမှုကြောင့် စကားမပြောဘဲ ကားကိုခပ်ကြမ်းကြမ်းမောင်းထွက်လိုက်သည်။

"သူတို့က ဘယ်သူတွေလဲ ကိုဘုန်း"

သူကလည်း ပြောပြချင်နေတော့ ဓါတုတင်မေးတာနှင့် အတော်ပဲဖြစ် သွားသည်။

"သူတို့က တို့ရဲ့ငယ်သူငယ်ချင်းတွေ အပြာနဲ့ကောင်မလေးက တို့ ချစ်သူပဲ။ သူ့နာမည်ကစောငယ်ငယ်တဲ့"

ဓါတုတင်မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ကိုဘုန်းမှာချစ်သူရှိတယ်လို့ စန္ဒီတို့ကိုတစ်ခါမှမပြောဖူးပါဘူး။ ဘယ်လဲချစ်သူဖြစ်တာ မကြာသေးဘူးမဟုတ်လား"

"တို့ချစ်နေတာကတော့ ကိုးတန်းဆယ်တန်းထဲက သူပြန်ပြီးအဖြေပေး တာကတော့ တို့နိုင်ငံခြားကပြန်လာမှ အဖြေပေးတာ။ အခုတောင် သူအ ထင်လွဲသွားပြီလားမသိဘူး"

ခပ်သည်းသည်းလေးသူ့အပြောကို ဓါတုတင်တို့မသိဟန်ဆောင်နေကြ သည်။ ပြောစရာစကားမရှိသလို တိတ်ဆိတ်သွားသည်။

"ဓါတုတင်တို့ကို အိမ်ပြန်ပို့ပေးနေတာလား ကိုဘုန်း"

"ဟုတ်တယ်"

ဓါတုတင်အမေးကို သူခပ်ပြတ်ပြတ်ပင်ဖြေသည်။

"ကိုဘုန်းကို တစ်ခုခုကျွေးဦးမယ်"

"မစားတော့ဘူး ဓါတု"

"မစားလို့တော့မရဘူး ကိုဘုန်းရတုရေ၊ ဒီနားမှာပဲကျွေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ခရီးဆုံးအထိလိုက်မပို့လည်း မုဒ္ဒြာတို့က ကျေးမှာပါ"

"ခွင့်လွှတ်ပါဗျာ၊ လုံးဝမစားနိုင်လို့ပါ။ သူ့ကိုလည်း သွားချော့ရဦးမှာမို့ပါ"

အခုလိုပိတ်ပြောလိုက်မှပင် အသံတွေတိတ်သွားသည်။

"သွားပြီနော်"

အားလုံးဆင်းပြီးတာနဲ့ ကားကိုမောင်းထွက်လာခဲ့သည်။

ပျက်ယွင်းနေသော သူမမျက်နှာလေးကိုပြန်မြင်တော့ ရင်တွေအဆ... တန်ပူလောင်လာသည်။ တိတိလင်းလင်းချစ်သူမဟုတ်သေးသည့်အတွက် သူစိတ်ဆိုးနေပေမယ့် ဟန်ဆောင်ထားသည်။ နွယ်မာကတော့ တော်တော် ကိုစိတ်ဆိုးသွားသည်။ သူတကယ်အလုပ်မအားပေမယ့် အခုလိုပုံစံမျိုးနှင့် တွေ့သွားတော့ ဘယ်ယုံတော့မှာလဲ။

ဒီနေ့အလုပ်နည်းနည်းအားတာနှင့် သူမဆီလာဖို့ပါ။ ဓါတုတင်တို့အိမ် ရောက်လာပြီး မပြန်နိုင်တော့ မေမေကလည်းဓါတုတင်ကိုဆို ဘာတွေ သဘောကျနေသည်မသိပါ။ ဓါတုတင်တို့ကို ပြန်လိုက်ပို့ရင်း သူမတို့နှင့် တွေ့တာဖြစ်သည်။ ညီညီမပါဘူး၊ သုံးယောက်သား ဘယ်ကပြန်လာကြပါလိမ့်။ ဘာမှမဆိုင်သည့် မိန်းမတွေကျတော့ ကားပေါ်တင်သည်။ ကိုယ်ချစ်သော သူမကတော့ လမ်းလျှောက်လိုင်းကားစီးရမှာတွေးပြီး ရင်ထဲ နင့်နင့်သီးသီးခံစားသွားရသည်။

ရင်ထဲမှာ ကိုယ်စီသိထားကြပြီး တရားဝင်ချစ်သူ မဖြစ်သေးသော သူမကိုချော့ဖို့ ကားဂိတ်ကပဲ သူကြိုစောင့်နေတော့မည်။

❀ ❀ ❀

## အခန်း (၂၂)

အတွေးလွန်နေသောငယ့်ကို ယုခင်အရိပ်တကြည့်ကြည့်နှင့် ဖြစ်နေ...ည်။ ငယ်ငိုချင်နေပေမယ့် ငိုလို့မရ။ ဖွတ်ပင်နွယ်မာတက္ကစီနှင့် လိုက်ပို့...တော့ ငယ်အတင်းပင် ပြန်လွှတ်လိုက်ရသည်။ ယုခင်ကို အိမ်အထိ ...ပို့ပေးဖို့ နွယ်မာ အထပ်ထပ်မှာနေသည်။ နွယ်မာရော ယုခင်ရော ...ကို ဘယ်လိုမှ မနှစ်သိမ့်ကြ။

"မဏီ ရှေ့မှတ်တိုင်မှာ ဆင်းမှာနော်"

စိတ်တွေကို ပြန်စုစည်းပြီး ယုခင်ကို ခေါင်းညိတ်ပြလိုက်သည်။

"နင် ဆက်စီးသွားလိုက် ယုခင်"

"ရတယ်၊ နင့်ကို လိုက်ပို့ဦးမယ်"

"မပို့နဲ့၊ ငါ့ဟာငါ သွားမယ်"

"ရတယ်၊ ငါလိုက်ပို့မယ်"

ထပ်ပြောလည်း ရမှာမဟုတ်သည့်အတွက် မှတ်တိုင်ရောက်တော့ ...တို့နှစ်ယောက် ကားပေါ်ကဆင်းလိုက်သည်။

"မဏီ ဟိုမှာ ကိုဘုန်းရတု"

ကားပေါ်ကဆင်းတာနှင့် ယုခင် တအံ့တသြပြောတော့ ငယ်ကြည့်လိုက် ...ည်။ သူ့ကားလေးဘေးမှာရပ်ပြီး ငယ်တို့ကိုကြည့်နေတော့ ရင်တွေ ...တ်ဒိတ်ခုန်လာသည်။

ယုခင် မျက်နှာအခုမှ ဝင်းပသွားပြီး

"နင့်ကို လာချော့တာဖြစ်မယ်"

ငယ့်နားကိုကပ်ပြီး ယုခင်တိုးတိုးလေး ပြောၕ်။ ရင်ခုန်နှုန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



မြန်နေသော ငယ်ကတော့ ဘာတစ်ခွန်းမှ ပြန်မပြော။

"မြန်လိုက်တာ၊ ဟိုမိန်းမတွေကို ဘယ်သွားပို့လိုက်လဲ မသိဘူး"

သူအနားရောက်လာတော့ ငယ်တို့ကို အပြုံးလေးနှင့်

"နွယ်မာ ပြန်သွားပြီလား"

ငယ် မဖြေတော့ ယုခင်ကပဲ

"ပြန်သွားပြီ"

"သူ့ကိုလိုက်ပို့မလို့လား မယုယုခင်"

"ဟုတ်တယ်"

"မယုခင် ပြန်တော့လေ။ ကျွန်တော်ပဲလိုက်ပို့လိုက်မယ်"

"ဟုတ်ကဲ့ ဒါဆို ကျွန်မပြန်လိုက်ပါဦးမယ်၊ မဇာ် ငါသွားမယ်"

ငယ် ခေါင်းညိတ်တော့ ယုခင်ပြုံးစိစိကြည့်ပြီး အနားကထွက်သွားသည်။ ယုခင်နှင့်သူက နွယ်မာတို့လို ငယ်ခေါင်းတွေမဟုတ်သည့်အတွက် သိပ်ပြီးပြောရဲ ဆိုရဲမရှိသေး။

"ကားပေါ်တက်လေ"

"ဟင့်အင်း မတက်တော့ဘူး"

ငယ် ဒါပဲပြောပြီး တစ်ယောက်တည်း လျှောက်လာတော့ သူ နောက်က လိုက်လာသည်။ ငယ်နှင့်ဘေးချင်းယှဉ်မိသွားတော့မှ မျက်နှာကို သေသေချာချာကြည့်ပြီး

"စိတ်ဆိုးနေလားဟင်"

ထိုသို့ သူမေးလိုက်တော့ ငယ် ဘယ်လိုဖြေရမှန်းမသိ။ ရှက်စိတ်ကြောင့် တစ်ကိုယ်လုံး ထူပူနေတာပဲသိသည်။ သူနှင့်ငယ်က ဘာမှမဆိုင်သေးသည့်အတွက် သူ့ဟာသူ ဘယ်ကောင်မလေးနှင့်တွဲတွဲ ငယ်ဒီလို မဆက်ဆံသင့်။ ဒါပေမဲ့ ဘာမှမဖြစ်သည့်ပုံစံနှင့်လည်း နေလို့မရပါ။

"ပြောလေ ငယ်၊ တို့ကို စိတ်ဆိုးနေလားလို့"

"မပြောတတ်ဘူး"



ဖါးစပ်က ဘယ်လိုဘယ်လို ထွက်သွားမှန်း မသိ။

မျက်လွှာလေးချပြီး ခပ်ဆတ်ဆတ်လေးဖြေသော သူမကိုကြည့်ပြီး ...ိုက်သည်။ သူ့ရင်ထဲက စိုးရိမ်မှုတွေ နည်းနည်းတော့ လျော့ပါးသွား ...ည်။

"ဘာဖြစ်လို့ မပြောတတ်ရမှာလဲ။ စိတ်ဆိုးရင်ဆိုးတယ်ပေါ့"

သူက ဆတ်ကနဲမော့ကြည့်တော့ ချစ်မဝစွာပြန်ကြည့်ပြီး ပြုံးပြလိုက် ...ည်။

"ငယ်"

သူမ ပြန်မထူး။ မျက်လွှာလေးချပြီး လမ်းလျှောက်နေတော့ သူ ...ည်းယားလာသည်။

"တို့ ငယ့်ကိုသိပ်ချစ်နေတယ်ဆိုတာ ငယ်သိပါတယ်"

ငယ်ရင်တွေခုန်ပြီး ခြေလှမ်းတွေ ဆက်လှမ်းလို့မရတော့။

"ငယ် တို့ကိုအထင်လွဲနေတယ်မဟုတ်လား"

"ဘာကိုလွဲရမှာလဲ"

"တို့ကားပေါ်မှာ ခါတုတင်တို့ကို တွေ့သွားတဲ့အတွက်လေ"

သူမ ငြိမ်နေတော့ သူမချင့်မရဲဖြစ်လာသည်။

"ပြောလေငယ်၊ တို့နဲ့ခါတုတင်ကိုတစ်မျိုးထင်နေတယ်မဟုတ်လား"

"မဟုတ်လို့လား"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး"

"ဟုတ်လည်းဘာဖြစ်လဲ၊ အနေသာကြီးပါ"

"ငယ်"

စိတ်မထိန်းနိုင်တော့သည့်သူက သူမလက်ကိုလှမ်းကိုင်ပြီး

"တို့အသည်းယားအောင် မပြောပါနဲ့ ငယ်ရယ်"

"ဘာလုပ်တာလဲ လွှတ်ပါ"

"မလွှတ်ဘူး။ ချစ်တယ်လို့ပြောမှ"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် အဲဒါဘာသဘောလဲ၊ အပိုင်ကြီးတွက်ထားတဲ့အတွက် မပြောသေးဘူးလွှတ်ပါ၊ သူများတွေမြင်သွားမယ်"

သူမ မျက်နှာနီနီလေးနှင့် အတင်းလွှတ်ခိုင်းနေပေမယ့် သူ မလွှတ် သူမလက်ကလေးကို ကိုင်ထားရသည့်ရှိန်းမြမြအရသာလေးက ဘာနဲ့မှ မတူ။ ရှက်နေသော သူမမျက်နှာလေးကိုကြည့်လို့မဝစွာ မျက်တောင်မခတ် ငေးကြည့်နေမိသည်။

"သွား . . . ပြန်တော့"

သူမလက်ကလေးကိုလွှတ်ပေးလိုက်တော့ သူ့ကို မကြည့်ဘဲပြောသည်။

"ဘယ်ကိုပြန်ရမှာလဲ"

"ကိုယ်ဘာသာ ပြန်ချင်တဲ့ဆီပြန်ပေါ့"

သူမပြောပုံလေးကိုကြည့်ပြီး စ ချင်လာသည်။

"ကိုယ့်ပြန်ချင်တဲ့ဆီဆိုတာ ဘယ်ကိုပြောတာလဲ"

"ဘယ်သိမှာလဲ"

"ဒီလိုကျတော့လည်း စိတ်ဆိုးတတ်သားနော်၊ သူများကိုစခဲ့တုန်းက ဒီရုပ်မဟုတ်ပါဘူး။

သူမ တရှုံးရှုံးနှင့်ဒေါသဖြစ်နေပုံလေးကို သဘောကျစွာ ရယ်လိုက်သည်။

"သွား . . . ပြန်တော့လို့ဆို"

"ဘယ်ကိုပြန်ရမှာလဲငယ်ရဲ့၊ အိမ်ကိုလိုက်ခဲ့ဦးမှာ"

"မိုးချုပ်တော့မယ်၊ ကားလည်းဒီအတိုင်းထားခဲ့တယ်မဟုတ်လား"

"အဲဒါဆိုချစ်တယ်လို့ပြောမှ"

"ချစ်မှမချစ်တာ ဘာလို့ချစ်တယ်လို့ပြောရမှာလဲ"

"မရှက်ပါနဲ့ကွာ၊ ချစ်ရင်ချစ်တယ်ပေါ့"

"ဖွတ်ကြီးပဲ၊ မချစ်ပါဘူးလို့ဆို"

"ပြောပါငယ်ရယ်၊ ချစ်တယ်လို့မပြောရင် ဒီညအိပ်လို့ရမှာမဟုတ်



တော့ဘူး"

သူတောင်းပန်နေပုံလေးကြောင့် ငယ်သနားလာသည်၊ တကယ် လည်း နှစ်နှစ်အလလကတည်းက ချစ်ခဲ့ရတဲ့သူမို့ ဆက်ပြီးဟန်မဆောင် ချင်တော့ပါ။ ဒါပေမဲ့ ပါးစပ်ကထွက်ရမှာရှက်သည်။

"ပြောလေကွာ"

"ချစ်တယ်၊ သွား ပြန်တော့"

ကျေနပ်ဝင်းပသွားသော အကြည့်တွေနှင့် သူစိုက်ကြည့်နေတော့ ငယ်မနေတတ်ဘူး။

"သွားတော့နော်"

"မသွားချင်သေးဘူးငယ်ရယ်၊ ဒါပေမဲ့ မောင် သွားပါ့မယ်"

အို . . .

သူသုံးနှုန်းလိုက်သော မောင်ဆိုသည့်နာမ်စားလေးကို ငယ်ချစ်ပေမယ့် မျက်နှာတွေထူပြီးရှက်နေမိသည်။ မောင်စပျိုးပြီး လှည့်ပြတ်သည့်အချိန် ငယ့်ညာဘက်လက်ကလေးကို ဖျတ်ကနဲဆွဲယူပြီး နမ်းလိုက်သည်။

"ငယ် သွားတော့နော်၊ မောင်ဒီနားကနေကြည့်နေမယ်"

သူ့မျက်နှာကို မကြည့်ဘဲ ခေါင်းလေးညိတ်ပြီး ငယ်ထွက်လာတော့ သည် ကိုယ်လုံး ကတုန်ကရီဖြစ်နေသည်။ သူကြည့်နေမှာဖြစ်သည့်အတွက် နောက်ကိုလှည့်မကြည့်ရဲ။ သူလည်းရင်ခုန်နေမှာပါ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဘာ...အဲဒီနေ့ကတည်းက ဟိုအကောင်ရည်းစားစကားပြောတာ ချက်ချင်းအဖြေပေးလိုက်တယ် ဟုတ်လား"

နွယ်မာသတ်တော့ဖြတ်တော့မည့်အတိုင်းမေးတော့ ငယ်မရဲတရဲခေါ် လေးညိတ်ပြလိုက်သည်။

"အံ့မလေးဟယ်...နည်းနည်းပါးပါးများ မူပါဦးလား"

"အေးလေ...နင်ဒီလောက်တောင်ချေးပေါရလား မိငယ်"

နွယ်မာနှင့်ညိုညို မျက်နှာထိမျက်နှာထားနှင့် ဟောက်တော့ ရင်ထဲ အပျော်လေးတွေကောင် ဘယ်ပြေးကုန်ပြီလဲမသိတော့။ ငယ်ကတော့ အကြောင်းပြောလိုက်ရင် သူငယ်ချင်းတွေဝမ်းသာသွားမည်ထင်နေတာ ယုခင်ကတော့ ငယ့်အတွက် ဝမ်းသာနေပေမယ့် နွယ်မာတို့ကိုကြည့် ငြိမ်နေ၏။

"နင်တို့ပဲ မြန်မြန်ရည်းစားဖြစ်စေချင်ပြီဆို"

"အဲဒါက ဟိုကောင်မတွေကို ရတုကားပေါ်မှာမတွေ့ခင်ကဟ"

"သူကလည်း ငါချစ်နေတာသိတော့ မညာချင်တော့ဘူး"

"ကြားလား ယုခင်၊ တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည်တော ဣန္ဒြေမဆည်နိုင်ဘူး"

နွယ်မာ တော်တော်ကို ဒေါကန်နေသည်။

"အဲဒီမိန်းမက နင်တို့ကုမ္ပဏီက အတွင်းရေးမှူး ဟုတ်လားယုခင်"

"ဟုတ်တယ် နွယ်မာ၊ ဘဝင်ကလည်းမြင့်လိုက်တာ မိုးထိနေတာ"

"သူ ဘဝင်မြင့်ယော့ ဘာဂရုစိုက်ရမှာလဲ"

"ရတုနဲ့ဘယ်လိုသိကြတာလဲ၊ နင် မမေးလိုက်ဘူးလား မိငယ်"

"မမေးလိုက်ဘူး"

နွယ်မာ့မျက်စောင်းက ဒိုင်းကနဲရောက်လာသည်။

"ဒီကောင် ငါတို့ကို အတွေ့မခံဘူး"

"နင်တို့ စိတ်ဆိုးနေတာသိလို့ပါ"

သူ့ကိုတစ်မျိုးထင်မှာစိုးလို့ ချက်ချင်းငယ်ဖြေရှင်းချက်ပေးတော့ ဝိုင်း ျက်စောင်းထိုးကြသည်။ ငယ် မလျှော့ဘဲ...

"နင်တို့က ငါ့ကိုပဲအပြစ်ပြောနေကြတယ်၊ လမ်းမကြီးမှာ အဖြေမပေး ချင်း မပြုနိုင်ဘူးတဲ့"

"နင်ကလည်း ပေးချင်ချင်မဟုတ်လား။ အဲဒီကောင် ရတုတို့လည်း ပြောရမယ်"

"အေးလေ၊ ပြီးသွားတာတော့ ထားလိုက်ပါတော့။ ဒါပေမဲ့ ဒီကောင့် ကို နင် နည်းနည်းမှမျက်နှာသာမပေးနဲ့နော်။ ယောကျ်ားဆိုတာ နီးစပ်မှု ပေါ် သာယာတတ်ကြတယ်။ ဒီမိန်းမတွေနဲ့က ဘယ်လိုပတ်သက်ပြီး လောက်ရင်းနှီးသွားကြလဲ မသိဘူး"

"အေးပါ"

"မဲတုတင်က ကိုဘုန်းရတုနဲ့ ကားခေါင်းခန်းမှာတောင် ထိုင်တာနော်"

"ဟုတ်တယ်၊ ဒီကတည်းက သူတို့ခင်မင်မှုက ဘယ်လောက်အထိ ရှိုင်းသလဲ မသိဘူး"

"အဲဒီမိန်းမနဲ့ပတ်သက်ပြီး နင်လည်းထိထိရောက်ရောက်ပြော မိငယ်။ တို့လည်း ပြောမယ်"

"အေးပါ"

အခုမှပင် ငယ်လည်းစိတ်ပူလာသည်။

"ဒီကိစ္စ တိုးအောင်သိလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သိမှာမဟုတ်ဘူး။ မနေ့ကတင် တိုးအောင်နဲ့တွေ့တာပဲ။ သူဘာ
မပြောဘူး"

"နင့်ကိုရော ဓါတုတင် သိလား"

"အင်တာဗျူးဖြေတဲ့နေ့က မမလှိုင်မိတ်ဆက်ပေးတယ်။ သူ့အင်
ဝမ်းကွဲတစ်ယောက်နဲ့ မမလှိုင်က ခင်တယ်။ ဒါပေမဲ့ သူ ငါ့ကိုမှတ်မိ
မဟုတ်ပါဘူး"

"ဒီတစ်ခါတွေ့ရင် မျက်နှာကိုမှောထား။ နင်က ဘုန်းရတုချစ်သူ
နင်တို့ကိုတွေ့တော့ ဒီကောင် ပျာယာခတ်ခတ်သွားတဲ့အတွက် ဘယ်သူ
ဆိုတာတော့ ဒီမိန်းမတွေ မေးမှာပဲ"

"မိုးထိုက်မြင့်မိုရ်ရဲ့ အတွင်းရေးမှူးဆိုတာ နည်းနည်းနောနောအဆ
တော့မဟုတ်ဘူး"

"ဦးမိုးထိုက်ရဲ့ သီးသန့်အတွင်းရေးမှူးတော့ မဟုတ်ပါဘူး။ ဦးမိုးထို
နောက် အမြဲလိုက်နေတဲ့နေခြည်ဆင့်ကမှ ဦးမိုးထိုက်ရဲ့ အတွင်းရေးမှူ
လို့ ပြောကြတယ်"

"ဒါဆို နင်တို့သူဌေး ဦးမိုးထိုက်က အတွင်းရေးမှူး ဘယ်နှစ်ယောက်
ရှိလို့လဲ"

"သုံးယောက်လား လေးယောက်လား မသိဘူး အဆင့်ဆင့်ရှိပါတယ်"

ငယ်တောင် သေချာမသိ။ အခု ယုခင်ပြောမှပင် သိတော့သည်။
သူ့ကိုတော့ ဓါတုတင်နှင့် ဘယ်လိုပတ်သက်လဲဆိုတာ မေးရမည်။ အခု
ပင် သိချင်လာသည်။ ပြောလိုက်လျှင် နှယ်မာတို့နှစ်ယောက် ပြောမှာ
တာကြောင့် ငယ့်ရင်ထဲက ဆန္ဒတွေကို သိမ်းထားလိုက်ရသည်။

"အဲဒီမိန်းမ ပိုင်စိုးပိုင်နင်း ကားခေါင်းကနေ ငါတို့ကိုကြည့်လိုက်
ကို မျက်စိထဲကကို မထွက်ဘူး။ အဲဒါကိုတွေးလေ ရတုကိုဒေါသဖြစ်လေပဲ"

"အေး ငါလည်းကွေ့ချင်တယ်။ နင့်ဆီကို အဲဒီနေ့ရှည်းစားစကား



ပြောပြီးကတည်းက တစ်ခါမှမလာတော့ဘူးလား မိငယ်"

ညိုညို ငယ့်ကိုကြည့်ပြီးမေး၏။

"မလာဘူး။ သူအလုပ်မအားလို့တဲ့"

ဒါကိုတော့ ငယ်ငယ်လိမ်လိုက်တာပါ။ မနေ့က မနက်အစောကြီး
ရောက်လာသေးသည်။ သူရောက်လာတော့ မေမေဈေးသွားနေသည်။
မေဈေးမှာတော်တော်ကြာနေပြီးမှ ပြန်လာသည်။ မေမေပြန်လာမှ သူ
ပြန်သွားသည်။ ဓါတုတင်နှင့်ပတ်သက်ပြီး ငယ်ဘာလို့သူကိုမမေးမိလိုက်
သလဲမသိ။ အပျော်လွန်နေသည့်အတွက် အားလုံးကို မေ့နေတာဖြစ်
သည်။

"နင် အရင်လိုတော့ ပေါ့ပေါ့နေလို့မရတော့ဘူးနော် မိငယ်၊ ရတု
က နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့အသိဆုံး၊ ဒါပေမဲ့ ဓါတုတင်
က တော်တော်ရဲပုံရတယ်"

"အဲဒါတော့ ဟုတ်တယ်"

ယုခင်ကလည်း ထောက်ခံသည်။ ငယ်ကိုယ်တိုင်လည်း သူ့ကားပေါ်
မှ မိန့်မိန့်ကြီးထိုင်ပြီး ငယ်တို့ကိုအပေါ်စီးကကြည့်သည့် ဓါတုတင်ပုံစံ
မျက်စိထဲက မထွက်။

"ရတုလိုလူမျိုးကို လက်လွှတ်ခံမှာမဟုတ်ဘူး"

"နောက်ပြီး နင်က သူ့နားမှာအမြဲနေနိုင်မှာ မဟုတ်ဘူး။ နင့်လို
ကောင်မလေးကို ဓါတုတင်က အပျော့ပေါ့"

ငယ် စိတ်ညစ်ပြီး ခေါင်းတွေနောက်လာသည်။ သူငယ်ချင်းတွေက
ဒီလိုပြောကြပေမယ့် ငယ်ကတော့ သူ့ကိုယုံသည်။

"နင်က ဘုန်းရတုရည်းစားဆိုတာ မြင်တဲ့သူတိုင်းသိရမယ်။ ဓါတုတင်

www.burmeseclassic.com

www.burmeseclassic.com



ကို နမူနာကြည့်။ ဘာမှ မဆိုင်တာတောင် ကားခေါင်းခန်းမှာ ခပ်
တည်နဲ့၊ မသိတဲ့လူဆို ရတုချစ်သူလိုလိုထင်အောင် တမင်ဖန်တီးနေ

"အေးပါ၊ နင်တို့ပြောသလို လုပ်ပါမယ်"

"ဒီမိန်းမ အခုမှ ဘာလို့ထက်ထက်မြက်မြက်မရှိတော့တာလဲ မသိ
ဟိုတုန်းကဆို ရတုကိုမခံချင်အောင် စတာ"

နွယ်မာ ယုခင်ကိုပြောတော့ ယုခင်ရယ်သည်။

"အံမယ် အဲဒီတုန်းက နင်တို့လည်းပါ ပါတယ်"

"နင့်လောက်တော့ မဆိုးဘူးထား။ ရတုလိုကောင်မျိုးမို့ ခွဲခွဲလန်း

"မနာလိုဖြစ်နေတယ်"

"ဟုတ်တယ်၊ မနာလိုဖြစ်တယ် ဘာဖြစ်လဲ၊ သွားမယ်…သွား

"ထမင်းမစားတော့ဘူးလား"

"မစားတော့ဘူး၊ ဗိုက်လည်းပြည့်နေပြီ။ လာမယ့်ရုံးပိတ်ရက်ကို
တစ်ခုခုအစီအစဉ်လုပ်ထားလို့ ရတုလာရင်ပြောလိုက်"

"အေးပါ"

ယုခင်က နွယ်မာတို့နှင့်အတူ ပြန်သွားသည်။

သူငယ်ချင်းတွေ ပြန်သွားတော့ ငယ်တစ်ယောက်တည်း ငိုင်
သည်။ စိတ်တွေလည်း ညစ်ထွေးနေသည်။

သူ့ကိုချစ်ရတဲ့အတွက် ပထမဦးဆုံးအတွေ့အကြုံပင်။

❀ ❀ ❀

## အခန်း (၂၄)

ငယ်နှင့် ယုခင် စက်ရုံဝင်းထဲကထွက်လာတော့ သူ့ကားလေး ထိုး
သွားသည်။

"တက်လေ ငယ်"

သူက ကားခေါင်းခန်းတံခါးဖွင့်ပေးပြီး

"မယုခင်လည်း တက်လေ"

ငယ့်ကိုတစ်ချက်ကြည့်ပြီး ယုခင် နောက်ဘက်က တက်လိုက်သည်။

"ဟင်"

"ငယ်တို့အလုပ်အသွားအပြန် တကောက်ကောက်လိုက်နေတဲ့ ကောင်
က ဘယ်သူလဲ"

ကားထွက်တာနဲ့ သူမေးလိုက်ခြင်းဖြစ်သည်။

"မသိဘူးလေ"

"မသိဘဲနဲ့ ဘာဖြစ်လို့ လက်ခံစကားပြောရတာလဲ"

ယုခင် ဘက်မှန်ထဲက ငယ့်ကိုလှမ်းကြည့်သည်။

"လက်ခံစကားမပြောပါဘူး။ မကောင်းတတ်လို့ မေးတစ်ခွန်း ပြော
ခွန်းပါ"

"ဟုတ်တယ် ကိုဘုန်းရတု၊ သူ့ဟာသူ လာမိတ်ဆက်ပြီး အတင်း
တာ"

"ကောင်လေးက ဆေးသမားလေးလို့ ပြောတယ်"

ငယ်နှင့် ယုခင် မျက်လုံးချင်း ဆုံသွားပြန်သည်။

"ငယ်တို့လည်း အဲဒီလိုပဲ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သူ ဘာပြောပြောလက်ခံစရာကို မလိုဘူးငယ်၊
ကြားထားတာ အဲဒီကောင်လေးနဲ့ ငယ်ချစ်သူဖြစ်နေပြီတဲ့"

ငယ် ဆတ်ကနဲတုန်သွားပြီး

"ကြီးကြီးဖန်ဖန်မောင်ရယ်၊ ကိုယ့်မောင်လေးအရွယ်မို့ လိုက်လျှော
ပါ။ လူတွေကလည်း မသိဘဲ ရမ်းပြီးထင်ရာတွေလျှောက်ပြောနေကြ

"ငယ် သူနဲ့လုံးဝမပတ်သက်နဲ့ကွာ၊ ကိုယ် မကြိုက်ဘူး"

ငယ် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်နေတော့ သူလှည့်ကြ

"ငယ် မကြိုက်တာလည်း မောင်မလုပ်ဘူး။ ကြားစကဆို
အရမ်းတုန်လှုပ်သွားတာ။ ဒါပေမဲ့ ကိုယ့်ချစ်သူကို ကိုယ်ယုံတယ်
ကောင်လေး ဘယ်တုန်းထဲက လာရောနေတာလဲ"

"မောင် ဓါတုတင်နဲ့ တွဲနေတဲ့အချိန်တုန်းက"

"ဓါတုတင်နဲ့ မောင်မတွဲပါဘူး။ ပက်ပင်းတွေ့ပြီး ငြင်းမကော
အခါမှသာ လိုက်ပို့ပေးတာပါ။ ငယ့်ကိုလည်းပြောထားပြီးသားပဲ
မကြိုက်ဘူး မဟုတ်လား"

ဓါတုတင်နှင့်ပတ်သက်ပြီး သူအားလုံးပြောပြထားသည့်အတွက်
မနာလိုမဖြစ်ပါ။ ဒါပေမဲ့ သူငယ်ချင်းတွေက တွေ့တိုင်းသတိပေးနေ
ဓါတုတင်အပေါ် သာယာသွားမှာကြောက်သည်။ ငယ့်ကို သိပ်ချစ
သူ့အပေါ်လည်း အနိုင်မယူချင်ပါ။

"မကြိုက်ဘူးလို့ မပြောပါဘူး"

"ကြိုက်ကြိုက်၊ မကြိုက်မကြိုက်ကွာ။ သူတို့နဲ့အတတ်နိုင်ဆုံး
အောင်နေမယ်။ ငယ်လည်း အဲဒီကောင်လေးကို အရောမဝင်နဲ့"

သူ ကျေနပ်အောင် ခေါင်းညိတ်လိုက်ရပေမယ့် ကလေးဆန်
ဝေလုမျက်နှာလေးကိုမြင်ယောင်လာတော့ စိတ်မကောင်းဖြစ်သွားရ
နောက်ခန်းက ယုခင်ကတော့ ဘာတစ်ခွန်းမှ ဝင်မပြော။ ယု



အထိလိုက်ပို့ပေးပြီး ငယ်ကို့အိမ်ဘက် ကားပြန်ကွေ့လိုက်သည်။
ားမောင်းရင်းက ငယ့်ကိုလှည့်ကြည့်ပြီး
ဒီနေ့ အရေးကြီးတဲ့ကိစ္စရှိတဲ့ကြားက လာတာ၊ မယုံပေမယ့်လည်း
တယ်လေ။ ငယ် စိတ်မဆိုးပါဘူးနော်"
ဆိုးပါဘူး မောင်ရဲ့၊ မောင်စိတ်ပူတာ ငယ် ကိုယ်ချင်းစာပါတယ်"
ဒါဆိုရင် မောင်တို့လက်ထပ်ကြရအောင်"
ုံးဝ မထင်မှတ်ထားသောစကားကြောင့် ငယ် လန့်သွားပြီး
ကြည့်လိုက်သည်။
မောင်တို့နှစ်ယောက်လုံးက လက်ထပ်သင့်တဲ့အရွယ်လည်းရောက်နေ
က် မိဘတွေကလည်း သဘောတူကြတယ်၊ ပြီးပြီပေါ့"
ယ် ဘာပြောရမှန်းကိုမသိ။
တစ်ခုခုပြောဦးလေ ငယ်ရယ်"
မောင့်အလုပ်ကိစ္စပြီးအောင် လုပ်ပါဦး။ အလုပ်က အရေးကြီးပါ
မောင်ရယ်"
အလုပ်ကမိန်းမယူပြီးမှ လုပ်လည်းရတာပဲ။ အလုပ်ကိစ္စအတွက်
ာအချိန်ပြည့်မနေနိုင်ဘူး၊ လက်ထပ်ပြီးတော့ ငယ့်ကိုစိတ်ချလက်ချ
ားလို့ရတာပေါ့"
စိတ်ပူပန်နေပုံလေးကို ငယ်သနားပေမဲ့ ချက်ချင်းကြီးငယ် လက်မ
သေးပါ။ ငယ့်အဖြေကို မျှော်လင့်နေသော သူ့ကိုမျက်နှာချိုသွေး

အခုလည်းစိတ်ချပါမောင်ရဲ့၊ မောင်မကြိုက်ရင် ငယ်လုံးဝစကား
"
ကိုအကြည့်တစ်မျိုးနှင့်သူကြည့်ပြီး
ကိုယ်ချစ်သူနဲ့လက်ထပ်ဖို့ကို ဘာလို့ငြင်းနေရတာလဲ ငယ်ရယ်"
ငယ်မေမေ့ကိုရှာကျွေးချင်သေးလို့ပါ"
မောင်နဲ့ယူပြီးမှ ရှာကျွေးလည်းရတာပဲ၊ မောင်ငယ်တို့သားအမိ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်းကိုလည်းစိတ်မချဘူး''

နေလာတာပဲနှစ်တွေကြာလှပြီ၊ သူ့အာကိုစိတ်မချဖြစ်နေတာ ဘာတွေကြားလာလို့လက်ထပ်ဖို့ချည်းပဲ ဖွတ်ပြောနေတာလဲ၊ မျှော် တကြီး စောင့်စားနေသော သူ့ကိုကြည့်ပြီး ခေါင်းတွေလည်းထူပူလာသည်

''ငယ်မေမေနဲ့တိုင်ပင်ပါရစေဦး''

ဒီတော့မှ သူအားတက်သရောနှင့်...

''တိုင်ပင်လေ၊ အန့်တီဆန္ဒသိရတာနဲ့ မေမေတို့ကိုတောင်းခိုင်းလို တော့မယ်။ ဒီတစ်လအတွင်းနော် ငယ်''

ပြီးပြီးရော ခေါင်းညိတ်လိုက်ပေမယ့် စိတ်တွေတော့ နောက် သွားသည်။

''မောင် အိမ်ထဲမဝင်တော့ဘူးနော် ငယ်''

''အင်း''

အိမ်နားရောက်တော့ သူတက်ကြွစွာပြောသည်။

''မောင်သွားမယ်။ အန့်တီ့ကိုပြောလိုက်ဦး၊ မယုခင်ကိုလည်း လိုက် လိုက်မယ်''

ငယ်ခေါင်းညိတ်ပြီးလက်ပြလိုက်သည်။ သူ့ကားလေးဝေးသွားမှ လေ လံသောခြေလှမ်းတွေနှင့် အိမ်ဘက်လျှောက်လာခဲ့သည်။ ရှည်းစားဖြစ် တောင် မကြာသေးဘူး၊ ချက်ချင်းကောင်ခါငင်ကာ လက်ထပ်ကြလျှ ပတ်ဝန်းကျင်က ဘာပြောမလဲ။

မောင်လေးအရွယ်လောက်ရှိသည့် ဝေလုနှင့်လည်းစိတ်မချသလို သဝန်တိုတာလေးကိုကျေလည်းကျေနပ် စိတ်လည်းညစ်နေသည်။ ဆွဲ လေးပစ်ချပြီး အဝတ်အစားတောင်မလဲနိုင်ဘဲ စဉ်းစားနေမိသည်။ မေ လည်း ဒေါ်စန်းအိမ်ရောက်နေပုံပင်။

''မမ မထား''

ခေါ်သံကြောင့် ငယ်အသံကိုနားစွင့်လိုက်သည်။



''မမ မထား... မမ မထား''

ဒါဝေလုအသံ။ ငယ် ကုလားထိုင်ပေါ်က ကမန်းကတန်းထလိုက် သည်။ ဒီကောင်လေးဘာလာလုပ်တာပါလိမ့်၊ အိမ်ကိုရောဘယ်လိုလုပ် သဲမသိဘူး၊ အတင့်ရဲလိုက်တာ၊ သူပြန်သွားလို့တော်သေးသည်။ နို့မို့ င်းဘိုးလို့ကတော့ ပြဿနာအကြီးအကျယ်တက်မှာ၊ ဒီကောင်လေးကိုစ တ်မချလို့ လက်ထပ်ဖို့ပြောသွားပြီ။

ငယ် တံခါးပေါက်ဝရောက်တော့ ဝေလုကအိမ်ရှေ့မှာ မတ်တတ်ရပ် သည်။ ငယ်ထွက်လာတာတွေ့တော့မှ သူ့မျက်နှာဝင်းပသွားပြီး...

''မမ''

''ဘာလဲ ဝေလု၊ နင်ဘာလာလုပ်တာလဲ''

''ဟာဗျာ၊ မမကလည်း ဘယ်လိုမေးလိုက်တာလဲ''

''နင့်ကို ငါကဘယ်လိုမေးရမှာလဲ''

ငယ် ခပ်တည်တည်မျက်နှာနှင့် ဟောက်တော့မှ မျက်နှာငယ်လေးနှင့်

''မမဘယ်အချိန်ကပြန်ရောက်နေတာလဲ၊ ကျွန်တော် စောင့်နေတာ။ တွေ့တဲ့အခုံးမို့ အိမ်လိုက်လာတာ''

''မင်းကိုဘယ်သူကစောင့်ခိုင်းလို့လဲ''

''မမကလည်းဗျာ၊ စိမ်းကားတဲ့စကားတွေမပြောပါနဲ့''

''တော်စမ်းဝေလု၊ ငါအကောင်းပြောနေတာ၊ နင်နဲ့ငါဘာမှမဆိုင်ဘူး၊ ကြောင့် ငါ့ဟာငါ ဘယ်အချိန်ပြန်ပြန် နင်ပူစရာမလိုဘူး၊ နောက်နေ့ကစ ဒီတို့အလုပ်အသွားအပြန်ကိုလည်း တကောက်ကောက်မလိုက်ပါနဲ့တော့''

''ဘာဖြစ်လို့လဲမမရယ်၊ ဒါမမစိတ်ထဲရှိလို့ ပြောနေတာမဖြစ်နိုင်ဘူး၊ ယောက်ယောက်ကြောင့်ပဲဖြစ်မယ်''

''ဟုတ်တယ်...အဲဒီတစ်ယောက်ယောက်ကလည်း တခြားသူမဟုတ် ငါ့ချစ်သူပဲ''

''ဗျာ''

ဝေလုမျက်လုံးအပြူးသားနှင့်ငယ့်ကိုကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဝေလု၊ သူကသဝန်တိုတတ်တယ်၊ မင်းအခုလို အိမ်လိုက်တာသာသိရင် မလွယ်ဘူး"

"ဂရုစိုက်လို့ဗျာ"

"နင်ဂရုမစိုက်ပေမယ့် ငါဂရုစိုက်ရမယ်ဟဲ့၊ ဒီတော့မင်းကိုမတောင်းပန်နေတာပါ။ မမကို မနှောင့်ယှက်ပါနဲ့တော့နော်"

"ကျွန်တော်က မမကို ဘာတွေများနှောင့်ယှက်နေလို့လဲ"

ငယ် သနားသွားပေမယ့် စိတ်ကိုတင်းလိုက်ကာ...

"အလုပ် အသွားအပြန်ဘေးက တကောက်ကောက်လိုက်နေတာ နှောင့်ယှက်တာပဲ"

"ဒါဆိုလည်း ရတယ်လေ၊ ဘေးက မလိုက်တော့ဘဲ အဝေးကပဲကြည့်နေတော့မယ်"

ကန့်လန့်ပြောနေသော ဝေလုစကားကြောင့် ငယ် စိတ်ပေါက်ပေါက်ရှိတာနှင့်

"အေး...နင့်ဟာနင် ကြည့်ချင်တဲ့နေရာကသာကြည့်။ ငါ့လာစကားမပြောရင် ပြီးတာပဲ"

"အခုတော့ ရေတစ်ခွက်လောက်တိုက်ပါမမရယ်"

ကလေးဆန်ဆန် ဝေလုပုံစံလေးကြောင့် စိတ်မကောင်းဖြစ်သွားရသည်။ ဝေလုသာ ငယ့်မောင်လေးဆို သိပ်ကောင်းမှာပဲ။ အိမ်ထဲဝင် ရေတစ်ခွက်ခပ်ပြီး ငယ်လှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ မမ"

ရေခွက်လှမ်းပေးပြီး ထွက်သွားသော ဝေလုကျောပြင်ကို ငေးကြည့်နေမိသည်။ ထိုအချိန်မှာပဲ မေမေဝင်လာပြီးထွက်သောဝေလုကို လှည့်ကြည့်လှည့်ကြည့်နှင့် ကြည့်နေ၏။

"ဘယ်သူလဲ သမီး"

ငယ့်ကိုမေးတော့ မေမေ့ကို အိမ်ပေါ်ခေါ်လာခဲ့သည်။ ဝေလုနှင့်ပတ်သက်သည့်အကြောင်းအပြင် သူလက်ထပ်ခွင့်တောင်းသည့်အကြောင်းပါ



ပြလိုက်သည်။ မေမေ့ကို ဖွင့်မပြောသေးဘူး စိတ်ကူးထားပေမယ့် ကို မေမေပါတွေ့သွားသောကြောင့် ဖွင့်ပြောလိုက်ခြင်းဖြစ်သည်။

"မောင်ဘုန်းရတု ပြောတာလဲ ဟုတ်တာပဲ၊ သမီးတို့အသက်ကလည်း ထပ်သင့်တဲ့အရွယ်ပဲ၊ သူလိုလူမျိုးလေးက မေတ္တာစစ်နဲ့ လိုလိုလား လက်ထပ်ချင်တာ သမီးအတွက် ဝမ်းသာစရာပါ။ နောက်ပြီး တွေကလည်း လိုလိုလားလား သဘောတူတော့ ဂုဏ်လည်းရှိတယ်။ တို့ အေးအေးဆေးဆေးတိုင်ပင်ကြဦးလေ၊ ဟိုကောင်လေးကရော ကို စိတ်ဝင်စားနေလို့လား"

"မသိပါဘူး မေမေရယ်"

"ကဲပါ...ချက်ချင်းကြီးတော့ ဖြစ်မှာမဟုတ်သေးပါဘူး။ မောင် ရတုကလည်း သွေးပူတုန်းမို့ ပြောသွားတာနေမှာပါ။ သူ စိတ်ပြောင်းပြောင်းသွားမှာပါ"

"မပြောင်းရင်ကော မေမေ"

"ဒါလည်း သမီးသဘောပါ။ မေမေကတော့ ဘယ်တော့ လက်ထပ် ထပ် သဘောတူပြီးသား"

မေမေက ရင်ထဲက ဆန္ဒကိုပြောပြီးတာနှင့် လုပ်စရာရှိတာလုပ်နေ သည်။

ငယ့်မှာသာ အတွေးတွေနှင့် ဧည့်ခန်းခုံတစ်လုံးမှာ ငုတ်တုတ်ထိုင် ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အန်တီ"

"ဟယ်...သမီးတို့ပါလား၊ မလာတာတောင် ကြာပြီနော်"

"ကိုဘုန်းက သူမအားလို့ မလာနဲ့တဲ့"

"သားမအားတော့လည်း အန်တီရှိတာပဲ"

"အဲဒါလည်း ပြောလို့မရဘူး။ အန်တီက သမီးတို့ကိုညှော်ခံစကား ပြောနိုင်မှာ မဟုတ်ဘူးတဲ့"

"သားက ဒီအတိုင်းပဲပြောလား"

"ဟုတ်တယ် အန်တီ၊ အဲဒီအတိုင်းကိုပြောတာ"

အပြုံးအဆိုင်မေမေ့ကိုတိုင်နေသော ခါတုတင်နှင့် သူငယ်ချင်းနှ ယောက် စိတ်ပျက်လက်ပျက်ကြည့်လိုက်သည်။ သူ ခပ်တည်တည်နေ မယ့် သူမတို့ကဖြောင်ပင် အိမ်ကိုရောက်အောင်လာသည်။ ဖေဖေနှင့်မေ က ဘယ်သူမဆို ခင်မင်တတ်၊ အားနာတတ်တော့ အကြိုက်ဖြစ်နေသည်

လုံးဝကို ခါတုတင်တို့နှင့် သူ မပတ်သက်ချင်ပါ။ ခါတုတင်တို့သည် မျက်နှာတော်တော်ပြောင်သည်။ သူတို့မှာ အရှက်တို့၊ ဣန္ဒြေသိက္ခာတို့ ရှိမှရှိရဲ့လားမသိ။

"ဒါဘယ်လဲ ကိုဘုန်း"

အပြင်ထွက်ဖို့ပြင်နေသောသူ့ကို မုန္ဒြာလှမ်းမေးနေ၏။

"ကိစ္စရှိလို့ အပြင်သွားမလို့ ပြောသားပဲ မအားပါဘူးလို့"

"တစ်ရက်တလေ မသွားပါနဲ့လား"

ခါတုတင် မေမေ့ရှေ့မှာ ပိုင်စိုးပိုင်နင်းပြောတော့ သူ မပြုံးချင်



ပြုံးလိုက်ပြီး

"ဘယ်ဖြစ်မလဲ၊ ဦးလေးတင်ပို့လိုက်တဲ့ပစ္စည်း အချိန်မီသွားထုတ်ရ မယ်"

"ဒါဆို စန္ဒီတို့လည်းလိုက်မယ်လေ"

"ခေါ်သွားလိုက်ပါ သားရဲ့"

မေမေကပါ ဝင်ပြောပေးနေတော့ သူမေမေ့ဘက်လှည့်လိုက်ပြီး

"ဘယ်ဖြစ်မလဲ မေမေရဲ့၊ ပစ္စည်းသွားရွေးပြီးရင် ငယ်နဲ့သွားစရာ ရှိသေးတယ်။ အခုလောက်ဆို သူမျှော်နေပြီ"

သူ နာရီကြည့်ပြီး အမှုအရာပိုပိုပြောတော့ ခါတုတင်တို့ ကိုယ်စီ ရှက်နှာမဲ့သွားကြသည်။ လက်ကလေးလှုပ်ခတ်ပြပြီးထွက်လာသော မေမေ့ ကို သူ့အတင်းတွေပြောကျန်ခဲ့မှာသိသည်။ ချစ်သူရှိကြောင်း အတိအလင်း ကြေငြာထားသည့်အပြင် သူကလည်း နည်းနည်းမှ မျက်နှာသာမပေးပါဘဲ ဘာကြောင့်အတင်းတွယ်ကပ်နေတာလဲဆိုတာ စဉ်းစားမရ။

သူရောက်တော့ ငယ်တို့အိမ်မှာအားလုံး လူစုံနေပြီ။

"နင်ကလည်း နောက်ကျလိုက်တာ ရတုရယ်"

ကားလေးရပ်ပြီး အိမ်ပေါ်တောင်မတက်ခင် နွယ်မာ စီးဟောက်သည်။

"ပြောလည်း ခံရမှာပဲ၊ အလုပ်နဲ့ပတ်သက်တဲ့ကိစ္စတစ်ခုပြောဖို့ ဖုန်း ဆက်နေလို့"

ခါတုတင်တို့နှင့်ပတ်သက်သည့်ကိစ္စကိုတော့ ပြောမနေတော့ပါ။ သူ ချစ်သည့်ငယ့်ကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ပါ။

"ဒါနဲ့ မိငယ်ကို နင်ကအမြန်ဆုံးလက်ထပ်ချင်တယ်ဆို"

"ဟုတ်တယ်"

နွယ်မာ့ကို ခပ်တည်တည်နှင့်ပြောပြီး သူမကိုကြည့်တော့ ပြုံးစိစိနှင့် သူ့ကိုကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုဖြစ်ပြီး ချက်ချင်းလက်ထပ်ချင်ရတာလဲ ရတု”

နွယ်မာ ဆရာကြီးစတိုင်လ်နှင့်မေးတော့ သူစိတ်တိုတိုနှင့်

“ငါ့ဟာငါ ဘာဖြစ်လို့ လက်ထပ်ချင်ချင်လေ။ ငါ့ချစ်သူငါ လက်ထပ်ချင်တာ ဘာဖြစ်လဲ”

“အကြောင်းပြချက်တော့ ရှိရမှာပေါ့။ နင်ပဲလုပ်ငန်းကိစ္စအကောင်အထည်ဖော်ပြီးမှ လက်ထပ်မှာဆို”

“အေး အခုစိတ်ပြောင်းသွားပြီ။ မိန်းမယူပြီးမှ လုပ်ငန်းစတော့မယ်”

နွယ်မာ မကျေမနပ်နှင့် မျက်စောင်းကြီးလှမ်းထိုးတော့ ညီညီနဲ့ယုခင်တို့ ရယ်ကြသည်။

“ဘာမှမဟုတ်ဘူးဟ။ ဒီကောင် ငယ်ငယ့်ကို ဟိုကောင်လေးနဲ့စိတ်မချလို့”

“စောစောစီးစီးကတည်းက အဲဒီလိုပွင့်ပွင့်လင်းလင်းပြောပါလား”

တိုးအောင် ထောင်တော့ ညီညီမဲ့ကာရွဲ့ကာပြောသလို နွယ်မာကလည်း

“ဟဲ့ မိငယ်၊ အဲဒါ နင့်ရဲ့ကိုယ်ကျင့်တရားကို စော်ကားတာပဲ”

“နွယ်မာ နင်တို့အတွဲအထောင်မလုပ်ပါနဲ့”

“အမှန်ပြောတာ။ ငါ့သူငယ်ချင်းအနေအထားနဲ့ ဘာမဟုတ်တဲ့ဆေးဘဲဥချွတ်လေးကို ကြိုက်စရာလား။ အဲဒါ မိငယ်သိက္ခာကိုချတာမဟုတ်လို့ ဘာလဲ”

သူဒေါသဖြစ်နေတာကိုကြည့်ပြီး သူမကပါ ရယ်နေသည်။

“နင်တို့ သူများချစ်သူတွေကြားထဲ သွေးမခွဲနဲ့နော်။ ငါကငယ့်ကိုပြည့်ပြည့်ဝဝယုံပြီးသား။ ဟိုကောင်လေးကို မယုံလို့”

“လေတိုက်ရင်လဲတော့မယ့် ကောင်လေးက အဓမ္မဆွဲမပြေးနိုင်ပါဘူး”

“ပြေးပြေး၊ မပြေးပြေးဟာ စိတ်ကိုမချဘူး။ အဲဒါချစ်တာနော် ငယ်”

သူမ အပြုံးလေးနှင့်ခေါင်းညိတ်ပြတော့ အားလုံးပွစိပွစိဖြစ်ကုန်၏။



“နားကြားပြင်းကပ်လိုက်တာ၊ မိငယ် နင့်ကိုလည်း ကြည့်လို့မရတော့ဘူးနော်”

“ဟုတ်ပါ့ဟယ်၊ ငါတို့ကို မျက်စိနောက်အောင် သိပ်မလုပ်နဲ့နော်”

“နင်တို့က ချစ်တဲ့သူမှမရှိကြတာ၊ ဒီတော့ ကိုယ်ချင်းဘယ်စာမလဲ”

“အံမယ် မိငယ်၊ နင် အဲဒီလိုတော့ မပြောနဲ့ဟာ”

“ဟုတ်တာပြောတာ ဘာဖြစ်လို့ မင်းက နာနေရတာလဲ”

သူက တိုးအောင်ကို အားကျမခံပြန်ပက်သည်။

သူတို့ချစ်သူနှစ်ယောက်နှင့် တိုးအောင်တို့သုံးယောက် စကားနိုင်လုနေတာကို ယုယုခင်က ဒိုင်ခံရယ်သည်။

“အပြောမခံချင်ရင် နင်တို့ရည်းစားမြန်မြန်ထားကြလေ”

“အပူမရှာချင်သေးလို့လား”

“အဲဒါနဲ့ပဲ၊ ငှက်ပျောတုံးဖက်ရတဲ့ အဖြစ်ရောက်မယ်”

“ငနာကောင်”

“ခွေးကောင်”

သူ့စကားကို နွယ်မာနှင့်ညီညီ ဖွေ့ဖွေ့ခုန်နာသွားကြသည်။

“မြန်မြန်သာ ယူကြပါတော့ကွာ”

“ဟား ဟား တိုးအောင်အမြင်မှန်ရသွားပြီ”

သူငယ်ချင်းတွေ ပြောင်ကြနောက်ကြရင်း သူမအမေ ချက်ကျွေးသော ခေါက်ဆွဲထမင်းနှင့်ကြက်သားစားပြီး တရေးတမောအိပ်ကြသေးသည်။ အိပ်ရာနိုးတော့ ညနေတောင် တော်တော်စောင်းနေပြီ။ သူငယ်ချင်းတွေအားလုံး တစ်ယောက်ချင်းဆီလိုက်ပို့ပြီးမှ သူအိမ်ပြန်လာခဲ့သည်။

ဒီအချိန်လောက်ဆိုလျှင်တော့ ဓါတုတင်တို့ ပြန်သွားလောက်ပါပြီ။ ချစ်သူနှင့်ပျော်ခဲ့တာတွေကိုတွေးပြီး ကြည်နူးပီတိဖြစ်နေသည်။ သူ အိမ်ရောက်တော့ တော်တော်မှောင်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော…လာပါပြီ သားတော်မောင်"

သူ့ကားလေးရပ်လိုက်တာနှင့် ညှိခန်းမှာ လမ်းလျှောက်နေသော ဖေဖေလှမ်းကြည့်ပြီး မေမေ့ကိုပြောလိုက်သည်။

"သားကို စောင့်နေတာလား ဖေဖေ"

သူ့အိမ်ထဲဝင်ရင်းက မေးလိုက်တော့ ဖေဖေက

"အခုလေးတင် ထမင်းစားပြီးလို့ သားရဲ့၊ ကောင်မလေးတွေတော သားကိုစောင့်နေကြတယ်။ မိုးတောင် တော်တော်ချုပ်နေတာနဲ့ မောင်ထ ကို လိုက်ပို့ခိုင်းလိုက်ရတယ်"

သူ ဘာတစ်ခွန်းမှ မပြောတော့ မေမေလှမ်းကြည့်ပြီး

"ငယ်ငယ်တို့အိမ်က ပြန်လာတာလား"

"ဟုတ်ကဲ့ မေမေ"

"တစ်နေ့ကုန်ပါလား သားရဲ့"

"သူငယ်ချင်းတွေအားလုံး စုံလို့ပါမေမေ"

"ကလေးမလေးတွေကို တမင်ရှောင်ချင်လို့ မဟုတ်လား"

ဟုတ်လည်းဟုတ်နေတော့ သူငြိမ်နေလိုက်သည်။

"သားရယ် အဲဒီလောက်ကြီးလည်း ရိုင်းရိုင်းစိုင်းစိုင်းမလုပ်ပါနဲ့ သူ ခမျှ သားကိုခင်ရှာလွန်းလို့ လာတာပါ"

"မေမေ သူတို့အကြောင်းမှသိပါဘူး။ ခပ်တည်တည်နေတာတော အတင်းကိုလိုက်တွယ်နေတာ။ သူတို့က အရမ်းရဲလွန်းတယ်မေမေ"

မေမေ သက်ပြင်းချပြီး

"သားပဲ ခေါ်လာတာလေ။ သားက ခပ်စိမ်းစိမ်းကြီးလုပ်သွားတော လည်း မေမေအားနာလို့ပါ"

"သား ဘာကြောင့်ခေါ်လာဖြစ်သွားတယ်ဆိုတာ မေမေတို့ကို ပြေ ပြီးပြီလေ။ သားတောင် အားမနာတာ မေမေအားနာစရာမလိုဘူး။ အာ



ရင် မေမေ့သား ပါသွားလိမ့်မယ်"

"သား စိတ်မဝင်စားရင် ပါစရာမလိုပါဘူး။ သားမှာလည်း ချစ်သူရှိ တာလည်း သူတို့သိတာပဲ"

"သိရဲ့နဲ့ကိုအတင်းလိုက်နွယ်နေလို့ သားစိတ်ညစ်နေတာ မေမေ။ မေလည်း သူတို့ကို သိပ်မလိုက်လျောနဲ့"

"သားရယ် ကိုယ့်အိမ်လာတဲ့နောက် မေမေတို့က လူကြီးတွေဖြစ်ပြီး ခပ်တည်တည်ကြီးနေလို့ ကောင်းမလား"

"ကောင်းတယ်မေမေ၊ အဲဒါမှ သူတို့တန့်သွားမှာ"

မေမေ သူ့ကိုခပ်တည်တည်ကြီးကြည့်နေတော့ တစ်ချိန်လုံးငြိမ်နေသော ဖေက လက်ကာပြပြီး

"သားကလည်း သားချစ်သူနဲ့ လက်မထပ်ခင်အထိတော့ သည်းခံ က်ပါ။ သားပြောသလို မိန်းမတွေက မူရာမာယာများတာ မှန်ပါတယ်။ တွေကလည်း သားကိုလိုလားနေတာ ဖေဖေရိပ်မိတယ်။ ခပ်တင်းတင်းကြီး နေနဲ့။ အလိုက်အထိုက်နေလိုက်။ သူတို့ မာယာကို ကိုယ်သိတာမဟုတ် ။ သား လက်ထပ်ပြီးရင် သူ့ဟာသူ နောက်ဆုတ်သွားလိမ့်မယ်။ ကြီးကလည်း သိပ်ဖော်ရွေဟန်တွေမပြနဲ့။ တို့သားကမှ မကြိုက်တာ"

"သားကလည်း ခပ်တည်တည်ကြီးလုပ်နေတော့ အလိုက်အထိုက်နေရ တာပေါ့"

"ဟုတ်ပါတယ်၊ ဒီတစ်ခါ သူတို့လာရင် တစ်ခုခုသွားစားစရာရှိတဲ့ ချိုးလုပ်လိုက်။ သုံးလေးခါလောက်လုပ်လိုက်ရင် သူတို့သဘောပေါက် သွားမှာပါ"

"ဖေဖေပြောတာလည်း ဟုတ်တယ်မေမေ။ နောက်တစ်ခါလာရင် ဖေပြောသလိုလုပ်နော်"

မေမေ့ပခုံးကို လှမ်းဖက်ပြီး သူပြောတော့ မေမေက သူဖက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ကို အတင်းဆွဲဖယ်ပြီး

"သွားပါ။ ဓါတုလေးကမှ လာလည်ပြီးချစ်စရာစကားလေးတွေ
သေးတယ်။ သူ့ငယ်ငယ်ကဖြင့် ယောက္ခမလောင်းတွေဆီကို တစ်လ
တစ်ခါတောင်မလာဘူး"

"ငယ်ငယ်က အရမ်းသိက္ခာရှိပြီး မိန်းမပီသတာပါ မေမေရဲ့ တ
မှာ အလုပ်တစ်ရက်ပိတ်တာတောင် ဘယ်ကိုမှမသွားဘဲ အိမ်အလုပ်
လုပ်တာ။ ဓါတုတင်တို့နဲ့တော့ တကယ်ကိုတခြားစီပဲ။ ကိုယ့်ချစ်သူ
တာမဟုတ်ပါဘူး"

"သားရယ် ဝါသနာချင်းတော့ ဘယ်တူမှာလဲ။ ဓါတုတို့က မိဘ
လည်း မရှိကြတော့ သူတို့မိဘအရွယ်ဖြစ်တဲ့မေမေတို့ကို ခင်နေတာ
ဘာပဲဖြစ်ဖြစ် မိန်းမသားတွေချည်းပဲ ကိုယ့်အားကိုယ်ကိုးပြီး နေနေ
တာပါ။ သနားပါတယ်"

သူ ဆက်မပြောတော့ပါ။ မေမေက လူတစ်ဖက်သားကို အင်မ
အားနာတတ်၊ သနားတတ်သည်။ သူလည်း သနားတတ်တာပါပဲ။ ဒါ
ဓါတုတင်ကတော့ လုံးဝသနားစရာကောင်မလေးမဟုတ်တာ သူသိနေသ

❀ ❀ ❀

အခန်း (၂၆)

သူ လက်ထပ်ခွင့်တောင်းတာကို ဘယ်လိုမှငြင်းဖို့အကြောင်းပြချက်
တော့ ငယ်ခေါင်းညိတ်လိုက်ရသည်။
"မောင် ဝမ်းသာလိုက်တာ ငယ်ရယ်"
ငယ့်လက်ကလေးကိုဆုပ်ကိုင်ပြီး ငယ့်မျက်နှာကိုကြည့်ကာ သူပြော
ပြုံးပဲနေလိုက်သည်။ သူပျော်နေတာကိုကြည့်ပြီး ငယ်လည်းပျော်ပါ
သူ့အလိုကျ အလုပ်လည်းထွက်လိုက်ရသည်။ အလုပ်မဆင်းရတော့
ငယ့်မှာ အားတာနှင့် သူ့ကိုပဲမျှော်နေမိသည်။
"မောင်ရတုလည်း မလာသေးဘူးနော် သမီး"
"နေ့လည်ကျမှ လာမယ်ထင်တယ် မေမေရဲ့"
ဘုလားထိုင်ပေါ်မှာ ပုတီးစိပ်ရင်း မေမေလှမ်းမေးတာဖြစ်သည်။ ငယ်
သူ့ကိုမျှော်နေတာပါ။ မဂ္ဂဇင်းစာအုပ်လေးပေါ်ချပြီး အိမ်ပေါက်ဝ
ကြည့်ကြည့်ရှိနေသည်။
"မမ…မမရေ"
တ်ကနဲဖြစ်သွားမှုနှင့်အတူ လှမ်းကြည့်တော့ အိမ်ရှေ့မှာရပ်ပြီး
မ်းအော်နေတာဖြစ်သည်။ ငယ် ကမန်းကတန်းထပြီး အိမ်ရှေ့ကို
ာလာတော့ ဝေလုက ငယ့်ကိုခပ်စိမ်းစိမ်းကြီးကြည့်ကာ
"ဘုမ္မထီပိုင်ရှင်ကတော်ကြီးဖြစ်တော့မယ့်သူဆိုတော့ အလုပ်တောင်
ာတော့ဘူးပေါ့။ ကျွန်တော့်ကိုရော သတိမရတော့ဘူးလား"
ရက်သောက်ထားသော ဝေလုအသံက အာလေးလျှာလေးသံပေါက်
ည်။ ငယ်ဒေါသနှင့် လွှားကနဲအောက်ဆင်းပြီး ဝေလုကိုခပ်စိမ်းစိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ

"နင် အခုချက်ချင်းထွက်သွားစမ်း ဝေလု"

"အမှန် ပြောတော့ နာသွားပြီပေါ့လေ"

"ဝေလု၊ နင့်ပါးစပ်ကိုပိတ်ထားစမ်း၊ နင်မူးနေရင် ကောင်းကော
နော်"

"ကျွန်တော်မမူးပါဘူးမမရယ်၊ နည်းနည်းလေးပဲသောက်ထားတ
ဒါကလည်း ကျွန်တော်ပြောချင်တာတွေ ပြောလို့မထွက်မှာစိုးလို့ပါ။
တော်ချစ်တဲ့မမကို ပြောချင်တာတွေပြောမထွက်မှာစိုးလို့၊ မမကိုချစ်

"တိတ်စမ်း၊ နင်ငါ့ကိုသက်သက်အရှက်လာခွဲတာပဲ၊ နင်အခုချက်
ငါ့အိမ်ရှေ့ကထွက်သွား...သွားဆိုသွားနော်"

အင်မတန်မှ ဒေါသဖြစ်ခဲ့သောငယ်သည် သွေးတွေပွက်ပွက်ဆူ
အထိကို ဒီကောင်လေးကို တစ်ခုခုလုပ်ပစ်ချင်နေမိသည်။ ဒါေ
လုံးဝဂရုမစိုက်ဘဲ ထိုင်ဖို့ပြင်နေသောဝေလုကို ငယ်အတင်းဆွဲချေ

"ဒါ ဘာလုပ်တာလဲ မမရယ်၊ ထိုင်ခွင့်လေးတောင်မရှိတော့ဘူးလ

ဒေါသကြောင့် ငယ် ဘာကိုမှမမြင်တော့ပါ။

"သမီး...သမီး မလုပ်နဲ့"

ငယ်ကလည်း အတင်းဝေလုကိုဆွဲချနေစဉ် မေမေ စိုးရိမ်တကြီး
ပြီး ပြေးဆင်းလာသည်။ မေမေ့ကို စိုးရိမ်ပြီးဆွဲထားသော ဝေလုသ
လွှတ်လိုက်တော့ ဖင်ထိုင်လဲကျသွားသည်။

"ဟဲ့...ဟဲ့ လုပ်ပါဦး သမီးရဲ့"

လဲသွားသော ဝေလုကို ဆွဲထူဖို့ပြင်နေသောမေမေ့ကို အတင်း

"နေပါစေမေမေ ထားလိုက်၊ ဒီကောင်သမီးကို သက်သက်အ
လာခွဲတာ"

ငယ် ဒေါသနှင့်လက်ညှိုးထိုးပြီးပြောတော့ ဝေလုကြောင်တောင်



ကြည့်နေ၏။

"ထ...ထ ကလေး၊ မင်းနာမည်ဘာယ်သူ"

"ဝေလုပါဗျာ"

"အသွားက ဒီမမရဲ့ အမေပါ"

"ကျွန်တော်ရှိုင်းသွားခဲ့ရင် အသွားကိုကန်တော့ပြီး တောင်းပန်ပါတယ်"

ဆိုင်ရာက မထဘဲ ထိုင်ကန်တော့နေသော ဝေလုကို သားအမိနှစ်
ယောက် ပြိုင်တူကြည့်ပြီး သက်ပြင်းကိုယ်စီချလိုက်မိကြသည်။

နုနယ်နယ် ဝေလုမျက်နှာလေးသည် ဆေးရော၊ အရက်ရောကြောင့်
ဖောင်းကပ်နေ၏။ ဝေလုမှာ မိဘတွေရောရှိလား။ သူတို့၏သားကို ဒီ
လိုကြည့်နေကြတာပဲလား။ ငယ့်မောင်လေးသာဆိုလျှင်။ ထိုအတွေးသည်
ငယ့်ကို ထိထိခိုက်ခိုက်ကို ခံစားသွားရသည်။

"ထစမ်း ဝေလု"

ငယ် ထခိုင်းတော့လည်း ကြုံးရှုန်းထသည်။

"မင်း ဘာသဘောနဲ့ ဒီလိုတွေလာပြောတာလဲ"

ငယ့်မျက်နှာကို သေသေချာချာကြည့်ပြီး ငုံသံပါကြီးနှင့်

"မမ ရက်စက်တယ်ဗျာ၊ သိပ်ရက်စက်တယ်"

"နင့်ကို ငါက ဘာတွေရက်စက်နေလို့လဲ"

"မမ ဘာလို့အလုပ်ထွက်လိုက်တာလဲ"

"မမ အိမ်ထောင်ပြုတော့မယ်လေ၊ ဒါကြောင့် အလုပ်ထွက်လိုက်တာ"

"အဲဒါကြောင့် ရက်စက်တယ်လို့ပြောတာပေါ့။ ကျွန်တော့်မှာတော့
ပြောနဲ့ဆိုလို့ အဝေးကပဲ အလုပ်အသွားအပြန်ကြည့်ခဲ့တယ်။ အခု
အလုပ်ထွက်ပြီး အိမ်ထောင်ပြုပါတော့မယ်ဆိုတော့ ကျွန်တော့်
ရော နည်းနည်းမှ ထည့်မတွက်တော့ဘူးလား"

ငိုသံကြီးနှင့်ပြောနေသော ဝေလုအသံကျယ်ကျယ်ကြောင့် ဖြတ်သွား
သူတွေနှင့် ခြေရင်းခေါင်းရင်းအိမ်တွေကပါကြည့်နေကြသည်။ ဝေလု

www.burmeseclassic.com

www.burmeseclassic.com



ပြောနေပုံက မသိသည့်လူတွေဆို သူနှင့်ငယ်ငယ်ကပဲ ဘာလိုလို ထင်စရာ။ ဒီရပ်ကွက်ထဲမှာ နာမည်ပျက်မရှိနေလာသည့်ငယ်ကို တ အထင်မခံနိုင်ပါ။

"ဝေလု"

ငယ် လေသံမာမာနှင့်ခေါ်လိုက်တော့ မျက်နှာငယ်လေးနှင့် မော့ သည်။

"မင်း ငါပြောတာကို သေချာနားထောင်"

"ပြောပါ မမ"

"မင်း အခုပြောတဲ့စကားတွေက ဘယ်လိုအဓိပ္ပါယ်သက်ရောက် ပြီလဲ။ ငါ့သိက္ခာ ဘယ်လောက်ထိခိုက်နေတယ်ဆိုတာ နင်တွက်မိရဲ့ တွက်မှာလည်း မဟုတ်ပါဘူးလေ။ နင်က နမချင်းမှ မစာနာတာ"

"မမ အဲဒီလိုတော့ မပြောပါနဲ့"

ဆောင့်ဆောင့်အောင့်အောင့်နှင့် ဝေလု ချက်ချင်းချေပတော့ ငယ် လိုက်သည်။

"မကြာခင် အိမ်ထောင်ပြုပြီး ဒီရပ်ကွက်ထဲက ထွက်သွားရတော့ ငါက ရပ်ကွက်က လူတွေရဲ့ သို့လော သို့လောတွေ အထင်မခံနိုင် နှင်နဲ့ငါ ဘယ်တုန်းက ဘာတွေဖြစ်ခဲ့လို့လဲ"

"ဒါဆို ဘာဖြစ်လို့ ကျွန်တော့်ကို မျှော်လင့်ချက်တွေပေးခဲ့လဲ"

"နင့်ကို မောင်လေးတစ်ယောက်လိုသဘောထားပြီး အလိုက်အ စကားပြောခဲ့တာကလွဲရင် တခြားဘာအကြောင်းမှမရှိဘူး။ ငါ့မှာ ချစ်သူရှိနေတာကို နင့်လိုဘာမဟုတ်တဲ့ကောင်မျိုးလေးကို မျှော်လင့် ပေးမလား"

"ဒါဆို ကျွန်တော့်ကို လက်ခံစကားပြောခဲ့တာ ရိုးရိုးသားသား ပြောခဲ့တာပေါ့"

"ဟုတ်တယ်"



ဝေလု တွေကန်ဖြစ်သွားသည်။ မေမေ အပြုံးလေးနှင့်ဝေလု ကျောကို ပုတ်လိုက်ပြီး

"ဟုတ်ပါတယ် သားလေးရယ်၊ မင်းမမက မင်းအကြောင်း အဘွား ပြောပြပါတယ်။ အဘွားမှာ သားတစ်ယောက်သာ ထပ်မွေးခဲ့ရင် ဟာ မမရဲ့ မောင်လေးအရွယ်ပဲ။ သား အခုလို ထင်ရာလျှောက် တော့ သားမမ သိက္ခာကျတာပေါ့။ နောက်ပြီး တစ်ဖက်က ကောင် သိရင်လည်း မကောင်းဘူးလေ။ အဘွားတောင်းပန်ပါတယ် သားလေး

"သားကို ခွင့်လွှတ်ပါ အဘွားရယ်။ မမ ကျွန်တော့်ကို မုန်းသွားပြီ

"မမုန်းပါဘူး ဝေလုရယ်"

"အဟီး ဟီး ဟီး"

ဘာမပြော ညာမပြောနှင့် ဝေလုရှိုက်ကြီးတငင်ငိုချတော့ ငယ့်ရင်ထဲ နားသွားတာ အဆမတန်ဘဲ။ ထိုအချိန်မှာပဲ သူ့ရဲ့ကားလေးရပ်သွား ကားပေါ်ကဆင်းလာသည်။

"ဟော မောင်လာပြီ"

ဝမ်းသာအားရ ငယ်ကြိုတော့ သူတအံ့တသြမျက်နှာနှင့် ဝေလုကို ကြည့်နေ၏။

"ဘာဖြစ်နေကြတာလဲ သူကရော"

ဝေလုကို လက်ညှိုးထိုးပြီး သူမေးတော့ ငယ်တစ်ခုခုမပြောခင် မေမေ လေးနှင့်

"ဝေလုဆိုတဲ့လူငယ်လေးပဲ မောင်ရေ့၊ ဝေလု အဲဒါမင်းမမ ချစ်သူ ဆိုတာပဲ။ မင်းမမနဲ့ မကြာခင် လက်ထပ်ကြတော့မှာ"

မေမေ မိတ်ဆက်ပေးတော့ ဝေလုမျက်ရည်တွေကြားက သူ့ကိုကြည့် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့နော် သားလေး"

ဝေလု ဘယ်သူ့ကိုမှ မကြည့်ဘဲ တွေတွေကြီးရပ်နေသည်။ ထို့နေ
မှာတော့ ယိုင်နဲ့ယိုင်နဲ့နှင့် ဝေလုထွက်သွားသည်။ ဝေလုကို မျက်စိထ
လိုက်ကြည့်ပြီးမှ မေမေဦးခေါင်းပြီး အိမ်ထဲဝင်ခဲ့သည်။ ငယ့်ကို တကြ
ကြည့်ဖြစ်နေသည်။ သူ့ကိုဝေလုနှင့်ပတ်သက်ပြီး အစအဆုံးပြောပြ
သည်။

ငယ့်စကားဆုံးမှ သူ့မျက်နှာပေါ်ရှိ စိုးရိမ်နေသောအရိပ်တွေ လျော့
သွားပြီး

"ဆေးကလည်း ကြောင်နေတယ်၊ ဒီအထဲ အရက်ကပါသောက်
တော့ သွားပြီပေါ့။ ဒီကောင်လေးဘဝက မတွေးရဲစရာပဲ။ သူက ဘယ်
နေတာလဲ"

"ငယ် မသိဘူး"

ထိုအချိန်မှာပဲ ဒေါ်စန်း ပျာရိပျာယာဖြင့် အိမ်ပေါ်တက်လာပြီ

"ဘယ်ရောက်သွားပြီလဲ ဟို ဆေးသမားကောင်လေးလေ"

"သွားပြီ မစန်း၊ နင့်ကို ဘယ်သူပြောလဲ"

"ကျွန်မတို့ ခေါင်းရင်းအိမ်က မြင့်မြင့်ကို မမလေးသိတယ်မဟု
လား"

"သိတယ်လေ၊ မော်တင်ဈေးမှာ ဝက်သားရောင်းတဲ့ကောင်မလေ
မဟုတ်လား"

"ဟုတ်တယ်မမလေး၊ ငယ့်ကိုလာရစ်တဲ့ ဆေးသမားကောင်လေ
မြင့်မြင့်ဈေးရောင်းတဲ့မော်တင်မှာနေတာ။ သူ့အမေနဲ့အစ်မတွေက မြင့်
ဖောက်သည်တွေဆိုတော့ မြင့်မြင့်က ဒီကောင်လေးကို ကောင်းကောင်
တယ်။ ဝေဆာဆိုလား ဘာလား"

"ဝေလုပါဟဲ့"

"ဟုတ်တယ်၊ အဲဒီ ဝေလုဆိုတဲ့ကောင်လေးက သူ့ဒွေးသားအငယ်



ဆိုတော့ မိသားစုက အလိုလိုက်ထားကြတာ၊ မော်တင်ဈေးထဲမှာ
ည်း စတိုးဆိုင်တွေ၊ အထည်ဆိုင်တွေရှိတယ်။ မိဘနဲ့အစ်မတွေက
လိုက်တော့ ဝေလုက အပေါင်းအသင်းများပြီး ဆေးစွဲနေပြာ။ နောက်
မိသားစုကို ခြိမ်းခြောက်ပြီး ပိုက်ဆံတောင်းတဲ့အဆင့်ထိ ဖြစ်လာ
ာ့ သူ့ကိုဆေးဖြတ်ဖို့စီစဉ်တုန်းမှာပဲ အိမ်ကထွက်ပြေးသွားတာ။ အိမ်က
တွေစိတ်ပူပြီး ဘယ်လိုက်ရမှန်းမသိဖြစ်နေတုန်း မြင့်မြင့်ဒီကဖြတ်လာ
ငယ်လေးကို ရစ်နေတဲ့ဝေလုကိုတွေ့တာ။ မြင့်မြင့် အပြုံးအပြုံလာ
မှ ကျွန်မ ငယ်လေးကိုစိတ်ပူပြီး ပြေးလာတာ"

ပြောပြီးတာနှင့် ဒေါ်စန်းမောနေသည်။

"မောင်ဘုန်းရတုန်ကော တွေ့သေးလား"

"ကျွန်တော်က ဝေလုမပြန်ခင်လေးကပဲ ရောက်တာ"

"ဒီကောင်လေးက ငယ်လေးကို ပိုးနေတာလား"

"ဟုတ်မှာပေါ့ ဒေါ်စန်းရယ်"

"မြင့်မြင့်ပြောတော့ သူကဆေးသုံးစွဲဖို့လောက်ပဲ စိတ်ဝင်စားတာတဲ့။
မကိစ္စနဲ့တခြားကိစ္စတွေ လုံးဝစိတ်မဝင်စားဘူးတဲ့။ ဒါပေမဲ့ ငယ်လေး
သိပ်လှတော့လည်း သူ့စိတ်ပြောင်းသွားတာနေမှာပေါ့။ သတိတော့
နော် ငယ်လေး၊ သူက ဆေးစွဲနေတော့ ကြောက်စရာကြီး။ ဘယ်မှာ
တာလဲ မသိဘူး"

ဒေါ်စန်းပြောမှ သူ့မျက်နှာပေါ်မှာ စိုးရိမ်မှုအရိပ်အယောင် ဖြတ်ပြေး
ပြီး ငယ့်ကိုကြည့်နေသည်။

"သူလုပ်ချင်တိုင်း လုပ်လို့မရပါဘူး"

"ဒေါ်စန်းပြောသလို သတိရှိတာတော့ မမှားဘူးပေါ့ငယ်ရယ်၊ မဖြစ်
ဘူး၊ ငယ်တို့က သားအမိနှစ်ယောက်တည်းဆိုတော့ လက်ထပ်ဖို့ကိစ္စ
မြန်ဆုံးစီစဉ်လိုက်တာပဲ ကောင်းတယ်"

သူ့စိုးရိမ်မှုတွေလျော့ပါးစေဖို့ ငယ်ဝင်ပြောကာမှ ပိုဆိုးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတယ် မောင်ဘုန်းရတု၊ အခုချိန်မှာ ငယ်လေးလက်
လိုက်တာ အကောင်းဆုံးပဲ"

"အန့်တီရော ဘယ်လိုသဘောရလဲ"

"ကောင်းသလိုသာ လုပ်ကြပါကွယ်"

"ဒါဆို မေမေတို့ကို ပြောလိုက်တော့မယ်"

"ကောင်းတယ် မောင်ဘုန်းရတု"

ငယ် ဘာပြောတတ်တော့မှာလဲ။

"မြင့်မြင့်ကို ဝေလုအကြောင်း သူ့မိသားစုကို ပြောနိုင်းသိုက်
လား"

"သူ မနက်ဖြန်ဈေးထွက်ရင် ပြောလိုက်မယ်တဲ့"

"ကောင်လေးက ငယ်ငယ်လေးရှိသေးတယ်။ ဒီပုံစံအတိုင်းသာ ဆ
သွားရင် သက်ဆိုးရှည်မှာ မဟုတ်ဘူး"

"ကျွန်မ ထပ်သတိပေးလိုက်ပါ့မယ်။ ကျွန်မလည်း သွားမယ်"

"အေး အေး"

"ဟုတ်ကဲ့ ဒေါ်စန်း"

"အရေးအကြောင်းဆို ခြေရင်းခေါင်းရင်း အကူအညီတောင်းလို
မမလေး၊ ကျွန်မလည်း နားစွင့်နေပါ့မယ်"

"အေးပါ"

"တော်တော်လန့်သွားကြလား"

ဒေါ်စန်းပြန်သွားတော့ သူ မေး၏။

"ဒေါ်သဖြစ်တာ။ သူ့ဗလလောက်ကတော့ ငယ်တစ်ချက်တွန်းပ
တယ်"

"သတ္တိရှိတယ်ပေါ့"

"မရှိလို့ရမလား မောင်ရဲ့၊ အရေးဆို မေမေနဲ့ ငယ်ပဲရှိတာ"

"အိမ်ကကောင်လေးတစ်ယောက်ကို ညရေးညတာအတွက် လွှ
ထားမယ်"



"ရပါတယ် မောင်ရယ်"

"ဘယ်ရမလဲ ငယ်ရယ်၊ သူက အချိန်ပြည့်မူးနေတာ၊ ဒေါ်စန်း
ပြောသွားတာ မကြားဘူးလား"

မေမေကပါ ဝင်ပြောသည်။

"ဟုတ်တယ် သမီးရဲ့၊ ညဘက်ကို ဒီလိုလာရစ်နေရင် ဘယ်နှယ့်
လုပ်မလဲ၊ မေမေတို့က မိန်းမသားတွေချည်းပဲ၊ မေမေစိုးရိမ်တယ်"

"ဟုတ်ကဲ့ အန့်တီ၊ အခုပြန်တာနဲ့ မင်္ဂလာကိစ္စအမြန်ဆုံး စီစဉ်ဖို့
မေမေ့ကို ပြောမယ်၊ ညနေစောင်းတာနဲ့ အိမ်ကကောင်လေးတစ်ယောက်
လွှတ်ပေးမယ်။ ဘာမှ မစိုးရိမ်နဲ့တော့"

"အေးပါကွယ်၊ သား ကောင်းသလိုသာ စီစဉ်ပါတော့"

မေမေနောက်ဘက်ဝင်သွားတော့ သူနှင့်ငယ် လက်ထပ်ဖို့ကိစ္စ
တော်တော်ကြာကြာစကားပြောပြီးမှ သူပြန်ဖို့ပြင်လိုက်သည်။

"မောင် သွားမယ်နော်၊ ကောင်လေးနဲ့ ဖုန်းပါထည့်ပေးလိုက်မယ်၊
အရေးအကြောင်းဆို ပြောလို့ရအောင်၊ ဒီတစ်ခါတော့ မငြင်းနဲ့တော့"

ငယ် ခေါင်းလေးပဲ ညိတ်ပြလိုက်သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

အိမ်ထဲဝင်လာသောသူ့ကို မေမေလိုက်ကြည့်နေတော့ မျက်နှာချိုသွေ လိုက်သည်။ မေမေက ပြန်ပြုံးမပြဘဲ အကြည့်တစ်မျိုးနှင့်ကြည့်နေတော့ မလုံမလဲဖြစ်သွားပြီး

"မေမေ့ကို သားပြောစရာရှိတယ်"

"သားကောင်မလေးအကြောင်း မဟုတ်လား"

"ဟုတ်တယ် မေမေ"

"အဲဒါဆိုရင် မေမေအရင်ပြောချင်တယ်"

"ပြောလေ မေမေ"

ချက်ချင်းမပြောသေးဘဲ သူ့မျက်နှာကိုမေမေ ကြည့်နေသည်။

"မေမေ ဘာပြောမလို့လဲ၊ ပြောလေ"

"ငယ်ငယ့်ကို လက်ထပ်ဖို့ သားဆုံးဖြတ်ထားပြီးသားနော်"

"ဟုတ်တယ်လေ မေမေ၊ ဘာဖြစ်လို့ မေးတာလဲဟင်"

သူ့ရဲ့တအံ့တသြအမေးကို မေမေချက်ချင်းမဖြေ၊ မေမေ့ဘာကြော ဒီလိုမေးတာလဲဆိုတာ အရမ်းသိချင်နေသည်။

"မေမေ...သားမေးတာဖြေပါဦး။ ငယ်နဲ့သဘောတူတယ်မဟု လား၊ ငယ့်ကို အရမ်းချစ်တာဆို"

"ချစ်ပါတယ်သား၊ သဘောလည်းတူပါတယ်၊ သားအဖေဆို ကျ ရှိတဲ့ငယ်ငယ့်ကို ချီးကျူးလို့ မဆုံးပါဘူး။ ဘယ်သူတွေ ဘာပြော မေမေ့သားလေး စိတ်ချမ်းသာဖို့ပဲ အဓိကထားတယ်။ ငယ်ငယ် ဆ ပေမယ့် ရှိးသားတဲ့ ဂုဏ်ပုဒ်ကြောင့်ပဲ"



လိုရင်းမရောက်သေးပေမယ့် မေမေ့စကားတွေက အလားအလာ ကောင်း။

"မေမေဘာပြောချင်တာလဲဟင်၊ တည့်တည့်ပဲပြောပါ မေမေရယ်၊ သား ရင်တွေတုန်နေလို့ပါ"

"မေမေ အခုပြောမယ့်အကြောင်းကိုသာ သားကြားရင် ရင်တစ်ခု လုံးပေါက်ကွဲထွက်သွားလိမ့်မယ်"

ခပ်ထန်ထန်ကြီးပြောနေသော မေမေ့စကားတွေက သူ့အတွက် ပဟေ ဠိပင်။ မေမေ့မျက်နှာကို သူ စူးစူးစိုက်စိုက်ကြည့်လိုက်ပါသည်။

"သားကောင်မလေးက ကောင်လေးတစ်ယောက်နဲ့ ရှုပ်နေတာ သား သိလား"

အခုမှပင် မေမေပြောချင်သော ဆိုလိုရင်းကို သဘောပေါက်တော့ သည်။

"မေမေ့ကို ဘယ်သူပြောတာလဲ"

"ဒါကို သားသိစရာမလိုပါဘူး"

"လိုတယ် မေမေ၊ ပြောတဲ့လူကို သားက မေးချင်တာ"

မေမေ တွေခနဲဖြစ်သွားပြီးမှ

"ဘာလဲ သားကမယုံလို့လား"

"ဟုတ်မှ မဟုတ်တာ မေမေရဲ့၊ ငယ်က ဒီလိုမိန်းမ မဟုတ်ပါဘူး။ အဲဒါကို မေမေယုံပေးပါ"

"မယုံဘူးသား၊ မေမေ သေသေချာချာသိထားလို့ ပြောတာ"

"အဲဒါကြောင့် ပြောတဲ့သူကိုပြောပါလို့ သားပြောတာပေါ့။ သား မျက်နှာချင်းဆိုင်မေးချင်တယ်။ ဒါမှ မေမေလည်း ငယ့်အပေါ် သံသယ ရှင်းမယ်။ သားကတော့ သားချစ်သူဘယ်လောက်ရိုးသားတယ်ဆိုတာ ပြည့်အဝ ယုံကြည်တယ် မေမေ"

သူ ခပ်ပြတ်ပြတ်ပြောတော့ မေမေကလည်း ခပ်တင်းတင်းမျက်နှာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပင်မပြော။ အရင်က ငယ့်ကိုသိပ်ချစ်သည့်မေမေက အခုတလော အပြစ်တစ်ခုပြီးတစ်ခု ရှာနေသည်။ ဒါသည် သွေးရှိုးသားရိုးတော့ မဖြစ်နိုင်။

"ဒါဟာ တစ်ယောက်ယောက်ရဲ့ ပယောဂကြောင့်လို့ သားထင်တယ်"

မေမေ ဖျက်ကနဲ သားဖြစ်သူမျက်နှာကို မော့ကြည့်သည်။

"ခါတုတင် ပြောတာမဟုတ်လား မေမေ"

"မဟုတ်တာ သားရယ်၊ ခါတုတင်ကို ကြည့်မရတိုင်း သားတစ်မျိုး မထင်ပါနဲ့"

မေမေ ပက်ခနဲဖြေရှင်းလိုက်ပုံက မသင်္ကာစရာပါ။ သူ မပြုံးချင်ဘဲ ပြုံးလိုက်သည်။ ခါတုတင်တို့ကို လိုလားနေသောမေမေက သူ့ဘယ်လောက် ပြောပြောလည်း တိုးမှာမဟုတ်တာ သိသည်။

ငယ်နှင့် လက်ထပ်ဖို့ကိစ္စပြောလို့ မဖြစ်သေးပါ။ မေမေ ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်သည့်အပြင် ပိုပြီးမယုံသင်္ကာဖြစ်သွားမည်။

"မေမေမပြောလည်း ရပါတယ်။ အမှန်တရားဆိုတာ ဘယ်တော့မှ ဖုံးကွယ်ထားလို့ မရပါဘူး"

"သားက ခါတုတင်တို့ကို တစ်မျိုးထင်နေတာကိုး"

လူငြိမ်နေတော့ မေမေ့မျက်နှာ ပျက်နေသည်။

"သူတို့က နေတာထိုင်တာ၊ ပြောတာဆိုတာ ပွင့်လင်းရဲတင်းပေမယ့် အတွင်းသဘောထား ဖြူစင်ပါတယ် သား"

ဒါဆို ချစ်သူငယ်က အတွင်းသဘောထားမဖြူစင်သည့် ကုပ်ကမြင်းလားဟု သူမေးလိုက်ချင်သည်။

"သား ခပ်တည်တည်ကြီးလုပ်နေတာတောင် မာနမရှိလာရှာတာပါ။ သား မိန်းမယူပြီးလည်းလာမှာပဲတဲ့။ မေမေကတော့ သူတို့ရဲ့ ပွင့်လင်းပုံလေးတွေကို ချစ်တယ်။ အထူးဖြင့် ခါတုတင်လေးကိုပေါ့၊ ဖြစ်နိုင်ရင်



ခါတုတင်လို ကောင်မလေးမျိုးကိုပဲ ချွေးမတော်ချင်တာ"

ဆတ်ကနဲ တုန်သွားသည်အထိ မေမေ့ရင်ထဲက ဆန္ဒတွေ သိခွင့်ရလိုက်သည်။

နင်ဟာ တော်တော်ကြောက်စရာကောင်းပါလား ခါတုတင်။

စိတ်ထဲကနေ တိုးတိုးလေး ရေရွတ်ရင်း အတွေးတစ်ခုဝင်လာသည်။ သိပ်မကြာသည့်အချိန်အတွင်းမှာ မိန်းမလည် ခါတုတင် ပိုက်ကွင်းမှာ မိတော့မည်။ လုံးဝ အဖြစ်မခံနိုင်ပါ။ ဒါကြောင့်ငယ်နှင့် လက်ထပ်ဖို့ ကိစ္စ တစ်ခါတည်း ဖွင့်ပြောလိုက်တော့မည်။

"သား ငယ်နဲ့ အမြန်ဆုံးလက်ထပ်ချင်တယ် မေမေ"

မေမေ့မျက်နှာ ချက်ချင်းပဲ မည်းကနဲဖြစ်သွားပြီး သူ့ကိုလည်းဒေါသစွက်သည့်မျက်ဝန်းကြီးတွေနှင့်ကြည့်ကာ

"ဒါက ဘယ်လိုဖြစ်သွားရတာလဲ သား"

"ဘယ်လိုမှ မဖြစ်ပါဘူးမေမေ၊ သားလာကတည်းက ဒီကိစ္စပြောဖို့ပါ။ ငယ်နဲ့ပတ်သက်ပြီး မေမေကြားထားတဲ့သတင်းမှားတွေကြောင့် မပြောသေးဘူးလို့နေဦးမလို့ပဲ။ ဒါပေမဲ့ မေမေက ခါတုတင်ကို တော်တော်ချွေးမတော်ချင်နေတာကြောင့် မူလအစီအစဉ်အတိုင်းသာ ပြောတာပါ"

မေမေမျက်စောင်းကြီးထိုးလိုက်ပြီး

"ကိုယ့်ဟာကိုယ် ဘယ်သူ့ချွေးမတော်ချင်တော်ချင် ဘာဖြစ်လဲ၊ မင်းက သူမှာမို့လို့လား"

မေမေဖြစ်နေပုံကိုကြည့်ပြီး သူပြုံးလိုက်ပါသည်။ ခါတုတင်မှာ ဘာအဆောင်ကောင်းတွေရှိလဲတော့မသိပါ။ ခါတုတင်နှင့်ပတ်သက်ပြီး သိပ်ချစ်သော သားကိုတောင် တစ်သက်လုံးမပြောဖူးသည့် အသုံးအနှုန်းတွေနှင့် ဒေါထန်ထန်ပြောနေသည်။

"မင်းအခု ငယ်ငယ်တို့အိမ်က ပြန်လာတာမဟုတ်လား။ သူကဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လို့ ချက်ချင်းလက်ထပ်ချင်ရတာလဲ"

"မေမေရယ် လက်ထပ်ရမယ့်အတူတူ အခုလက်ထပ်တော့ရော ဘာဖြစ်လဲ။ သားရော၊ ငယ်ငယ်ရော ဘာအပူအပင်မှမရှိကြတာ"

"အရင်ပြောတုန်းကတော့ လုပ်ငန်းတွေပြီးစီးသွားမှ လက်ထပ်မှာဆို"

"လက်ထပ်ပြီးမှပဲ လုပ်ငန်းတွေအေးအေးဆေးဆေးလုပ်ပါရစေ မေမေ… သား သူတို့သားအမိနှစ်ယောက်တည်းကိုလည်း စိတ်မချဘူး"

"ဘာကိုစိတ်မချတာလဲ သားရဲ့၊ နေလာတာပဲကြာပြီ"

"ငယ်တို့က အားကိုးအားထားယောကျ်ားမရှိတော့ စော်ကားချင်တဲ့သူတွေများတယ် မေမေ"

ထန်နေသော မေမေ့မျက်နှာ ပိုထန်သွားပြီး

"သား"

"ဗျာ မေမေ"

"မေမေ့ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောစမ်းသား။ ငယ်ငယ်နဲ့ ပတ်သက်ပြီး သား ဘာတွေကြားထားလို့လဲ"

သူ သက်ပြင်းချလိုက်ပြီး

"ကြားတာမဟုတ်ပါဘူး မေမေ၊ ကိုယ်တိုင်ကိုမြင်တွေ့လာတာပါ"

"ဘယ်လို သား၊ ဘာ•••ဘာတွေကိုမြင်တွေ့လာတာလဲ၊ မေမေ့ကို ပြောပြစမ်းပါ"

ငယ်နှင့်ဝေလုဆိုသော ကောင်လေးအကြောင်း သူပြောပြလိုက်သည်။ သူ့စကားဆုံးတော့ မေမေမပြုံးချင်ဘဲ ပြုံးနေ၏။

"အဲဒါ သားကိုယ်တိုင်မြင်လာတဲ့ တကယ့်အဖြစ်ပါ မေမေ"

"သားက ငယ်ငယ့်ကို တော်တော်ချစ်တယ်နော်။ ငယ်ငယ်လေးကတည်းက ငယ်ငယ်မှ ငယ်ငယ်စွဲစွဲလန်းလန်းနဲ့ကို ချစ်လာတာ"

"မေမေ"



သူ ခပ်တည်တည်နှင့် မေမေ စကားမဆက်နိုင်အောင်ဖြတ်ခေါ်လိုက်…တော့ မေမေအကြည့်လေးနှင့်ပင်။

"ငယ့်ကိုချစ်လွန်းလို့ ဘာကိုပဲဖြစ်ဖြစ် ဖွတ်မိုက်ယုံတာလို့ မေမေ…ချင်နေတယ် မဟုတ်လား"

"မဟုတ်လို့လား"

"မဟုတ်ဘူး မေမေ"

"မေမေကတော့ သားလာတော့မှ သားအမိနှစ်ယောက် တမင်လုပ်…လို့ ထင်တယ်။ သား ဦးနှောက်နဲ့ပဲ စဉ်းစားကြည့်ပါဦး။ ငယ်ငယ်နဲ့…ကောင်လေး မရှင်းရှင်းဖြစ်ထားလို့သာ အိမ်ပေါ်အထိတက်ပြီး စွပ်စွဲ…ဘာပေါ့။ မိန်းမသားနှစ်ယောက်တည်းနေတဲ့အိမ်မှာ မဟုတ်တာနဲ့သာ…မှုပြီးသွားရမ်းကားရင် ထောင်ထဲတန်းပို့လို့ရတယ်။ ပတ်ဝန်းကျင်…ရော သူတို့မှုမမှန်လို့သာ ဒီအတိုင်းကြည့်နေတာပေါ့။ မေမေ့သားက…ကိုထက်မြက်တဲ့သူပါ"

မေမေ့စွပ်စွဲချက်တွေက သူ့နှလုံးသားကို ပြင်းပြင်းထန်ထန်ကို ခံစား…ရသည်။

"မဟုတ်ဘူး မေမေ၊ ငယ်က အဲဒီလိုမိန်းမစားမဟုတ်ဘူး။ ငယ်…သားတယ်။ ဒီကိစ္စမှာ ငယ်လောတာမဟုတ်ဘူးဆိုတာကလွဲလို့ သား…ပြောတတ်ဘူး။ သားက ငယ့်ချစ်သူပါလို့ ဟိုကောင်လေးကို ပေါ်တင်…ပြောတာပဲ။ သူနဲ့သာ တကယ်မရှင်းရင် သူကခံမလား"

"ဒါဆို ဘာဖြစ်လို့ တတွဲတွဲလုပ်နေတာလဲ၊ ငယ်ငယ်နဲ့ အဲဒီကောင်… အလုပ်အသွားအပြန် တတွဲတွဲဖြစ်နေတာကို မြင်တဲ့သူကမြင်တယ်"

"ငယ်လုပ်နေတာက မိုးထိုက်စက်ရုံမှာပါ။ လူတွေအများကြီးကြားထဲ…။ ကောင်လေးက အတင်းတွယ်ကပ်နေလို့ ဘယ်လိုမှ ရှောင်လွတ်…လို့ပါ။ ငယ် အလုပ်အသွားအပြန်ကိုလည်း သူ့သူငယ်ချင်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အမြဲပါတယ်။ မေမေမယုံရင် စုံစမ်းကြည့်ပါ”

မေမေ ဘာမှမပြောတော့ စောစောကလောက် တင်းမာမှုမရှိ... ပေမယ့်လည်း ပျော့ပြောင်းမှုတော့မရှိ။ အသာလေး မေမေ့နားက ...ထွက်ခဲ့သည်။

❀ ❀ ❀

## အခန်း (၂၈)

“ဝေလုနဲ့ပတ်သက်လို့ ညီညီ့ပြောတယ်။ အန်တီဘာဖြစ်လို့ စိတ်...ပြောင်းသွားတာလဲ။ အန်တီက ငယ်ငယ့်ကို သိပ်ချစ်ပါတယ်”

“ဓါတုတင်ဘယ်လောက်အထိ သွေးထိုးထားလဲမှ မသိတာ”

“ဘယ်လောက်သွေးထိုးသွေးထိုး အန်တီက စဉ်းစားဉာဏ်မရှိတဲ့...မှုမဟုတ်တာကွာ။ မင်းထင်တာတွေနဲ့ လျှောက်မပြောစမ်းပါနဲ့”

“ဒါဆို ဘယ်သူ့စနက်လဲ။ မင်းပြောစမ်းပါဦး။ သူတို့နဲ့ပတ်သက်ပြီး ...မေမေပုံစံပြောင်းနေတာ”

တိုးအောင် စဉ်းစားနေပုံပင်။

“ဒီရက်ထဲမှာ မေမေ့ဓါကိုစကားကောင်းကောင်းမပြောဘူး။ ဖိုးထူးကို ...ည်း ငယ်တို့အိမ်ကပြန်လာတိုင်း မေမေမေးတယ်တဲ့”

“ဒါဆိုရင် ဝေလုနဲ့ငယ်ငယ့်အကြောင်း တကူးတကစုံစမ်းထားတဲ့သူက ...ယ်သူဖြစ်နိုင်မလဲ။ ဓါတုတင် မပြောတာတော့ သေချာတယ်ရတု... ...လိုလဲဆိုတော့ မင်းက သူ့ကိုပဲမင်းထင်မယ်ဆိုတာ သူမသိတဲ့ ...ဓါတုတင်က ဦးနှောက်ကောင်းပါတယ်။ စဉ်းတော့စဉ်းစားစရာပဲ”

“ငါကတော့ ဓါတုတင်ကလွဲလို့ ဘယ်သူမှမဖြစ်နိုင်ဘူးလို့ထင်တယ်... ...ာက်...သိလို့ကတော့ကွာ”

သူကြုံးဝါးတော့ တိုးအောင်ကသောက်နေသော ရေနွေးကြမ်းပန်းကန်...ချပြီး

“မင်းက ဘာလုပ်မလို့လဲ”

“မင်းကြည့်လိုက်၊ ငါဘယ်လိုလုပ်မလဲဆိုတာ”

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ၊ အမှန်တရားဆိုတာမပေါ်ဘူးမရှိပါဘူး။ သိပ်လည်း ညစ်မနေပါနဲ့"

"မညစ်လို့ရမလားတိုးအောင်။ အခုဆို မေမေက ငယ့်ကို ထင်နေပြီ၊ ငယ်နဲ့အန်တီ့ကိုလက်ထပ်ဖို့ ချက်ချင်းစီစဉ်မယ်လို့ပြော အခုတော့အလုပ်ကိစ္စအကြောင်းပြပြီး ငယ့်ဆီမသွားရဲဘူး။ သူ့ခမျာ အလုပ်မအားဘူးဆိုလို့ ဖုန်းတောင်မဆက်ဘူး။ ငယ် သနားပါတယ်"

"အေးပါ . . . အခုလိုအချိန်မှာ အလုပ်ကိုပဲ အကြောင်းပြထား

သူ စိတ်ညစ်နေတာကိုသိတော့ တိုးအောင်အားပေးရှာပါသည်။

"မနေ့ကလည်း ငါတစ်နေကုန်အခန်းအောင်းနေတော့ မေမေ ယာခတ်နေတယ်တဲ့။ မေမေတစ်ယောက်သာ ခါတုတင်ကို သည်းသည် လှုပ်နေတာ၊ အိမ်ကကောင်မလေးတွေက တစ်ယောက်မှကြည့်လို့မရ

"ဘယ်လိုမိန်းမတွေလည်း မသိဘူးနော်၊ ဟိုကောင်လေးရော ငယ် ဆီလာသေးလား"

"မလာဘူးတဲ့၊ ငယ်ဖုန်းဆက်ပြောတယ်။ သူ့အမေနဲ့အစ်မတွေ လာသွားတယ်တဲ့။ နောက်ထပ် လာခဲ့ရင်လည်း ချော့မော့ခေါ်ထား ချက်ချင်းအကြောင်းကြားဖို့အကြောင်း ငယ်တို့ကို မှာသွားတယ်တဲ့"

"မိဘချမ်းသာပြီး ကောင်းကောင်းမွန်မွန်နေပါတော့လား။ ငယ်ငယ် လည်း လက်လျှော့သွားပြီထင်တယ်"

"ဟုတ်မှာပေါ့။ ဘယ်မှာမူးသွားနေလဲမသိဘူး။ ဒီကောင်လေး ဓွဲတဲ့အဆင့်က တော်တော်ကိုမြင့်နေပုံပဲ"

အေးစက်နေပြီဖြစ်သော လက်ဖက်ရည်ခွက်ကိုယူပြီး ဖိမ်ခံသော လိုက်သည်။ အားနေသည့်အတွက် ငယ့်ဆီကိုသွားချင်နေသည်။ မတွေ့ တာ သုံးရက်ရှိပြီ။ အသံလေးနှင့်ပဲ ဖြေသိမ့်နေရသည်။

"ငယ့်ကို လွမ်းတယ်ကွာ"



သဲပြီဆိုသောအကြည့်မျိုးနှင့် တိုးအောင်ကြည့်ပြီး

"မင်းအန်တီ့ကို ချော့လေ။ အစကတည်းကလည်း ငယ်ငယ့်ကိုချစ် ဒဲ အန်ကယ်လည်းရှိတာပဲ။ အန်ကယ်ကတော့ မိန်းမသားဖြစ်တဲ့ တို့ထက်နားလည်မှာပါ"

"ဖေဖေကလည်း မေမေဘာတွေပြောထားလို့လဲ မသိဘူး။ ငယ်နဲ့ သက်ပြီး ငါ့ကိုဘာတစ်ခွန်းမှမမေးဘူး"

"မင်းအပြောကို စောင့်နေတာနေမှာပေါ့"

တိုးအောင်ပြောသလိုလည်း ဖြစ်နိုင်တာပဲ။ ဖေဖေနှင့်မေမေက သူ့ကို ချစ်ပြီး သူစိတ်ဆင်းရဲမှာကို လုံးဝလိုလားတာမဟုတ်။

"သွားမယ်။ ဒီတော့ မင်းပြောသလို ကိုယ့်ဘက်ကပြန်လျှော့မှ ယ်"

"လုပ်လိုက်"

တိုးအောင် လိုက်ပို့ပေးပြီး အိမ်ရောက်တော့ ဖေဖေနှင့်မေမေက င်းတောင် စားနေကြပြီ။

"လာ သား၊ တစ်ခါတည်းဝင်စား"

ဖေဖေလှမ်းခေါ်တော့ မေမေလှည့်ကြည့်ပြီး ထမင်းဆက်စားနေသည်။ ချိန်မှာပဲ ဖုန်းလာနေတော့

"နေ မိဝေ၊ ငါကိုင်လိုက်မယ်"

ထမင်းဝိုင်းမှာအလုပ်ရှုပ်နေသော မိဝေကို လက်ကာပြပြီး သူမဲဖုန်း ကိုက်သည်။

"ဟဲလို"

"ကိုတုန်းလား"

သူ တွန့်ကနဲဖြစ်သွားပြီး အသံကိုပါပြင်လိုက်သည်။

"ဟုတ်တယ်"

"အသံက မာလှချည်လား"

"ပြောစရာရှိတာပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"အနိုတိရှိလား"

"ဘာလုပ်မလို့လဲ ဓါတုတင်"

"ဓါတုတင်တွေ ဘာတွေတောင်ဖြစ်နေပါလာ။ စိမ်းကားတဲ့သ
လား ကိုဘုန်း"

"ထင်ချင်သလိုသာ ထင်တော့"

"ဟော့...နေဦးလေ၊ အနိုတိုကိုခေါ်ပေးပါဦး"

"ဘာလုပ်မလို့လဲ၊ မေမေထမင်းစားနေတယ်။ ပြောစရာရှိတာသ
မင်းတို့ဘာပြောပြော၊ မေမေက တို့ကိုပြန်ပြောတယ်"

"ဘာတွေပြောနေတာလဲ ကိုဘုန်း၊ ဓါတုတင် နားမလည်ဘူး"

သူမဲ့လိုက်သည်။ တကယ်ဆို ဓါတုတင်က မင်းသမီးလုပ်ရ

"နားမလည်ရင်လည်း နားမလည်သလိုသာနေတော့ ဓါတု

သူ ဖုန်းချဖို့ပြင်နေစဉ်မှာပဲ မေမေဖုန်းခွက်ကို လှမ်းယူလိုက်

"ဟဲလို...ဓါတုလား"

"..."

"ပြော သမီး၊ အနိုတိ"

မေမေက သူ့ကိုလုံးဝဂရုမစိုက်တဲ့ တစ်ဖက်က ဓါတုတင်နှင့် ရယ်
မောမော စကားပြောနေတော့ ကျောခိုင်းထွက်လာခဲ့သည်။ ဓါတု
မူရာမာယာတွေအောက်မှာ မေမေရှုန်းမထွက်နိုင်ဖြစ်နေသည်။ သူ
စားဖို့ပြန်ဝင်လာတော့ ဖေဖေထမင်းစားပြီးထွက်လာတာနှင့် တိုး

"ဖေဖေ"

ဖေဖေ အပြုံးလေးနှင့်လက်ကာပြပြီး

"ဖေဖေ အားလုံးသိတယ်၊ အချိန်နည်းနည်းပဲ သားစောင့်"

"မေမေက သားကို..."

သူ ဆက်ပြောဖို့ကြိုးစားပေမယ့် နှုတ်ကထွက်မလာ။ ဖေဖေ သူ
ကို ဖက်လိုက်ပြီး

"သား ဘာမှမပူနဲ့၊ သားအမေ နားလည်အောင်ရှင်းပြဖို့ ဖေဖေ



။ လောလောဆယ် သားကောင်မလေးကို နားလည်အောင်ပြော

"ယ်က နားလည်ပါတယ်ဖေဖေ"

"ပြီးရောပေါ့ သားရယ်၊ သား ဘာမှမပူနဲ့"

"ဖေ"

"ပြော သား"

"မေမေ့ကိုပြောတာ ဓါတုတင်မဟုတ်လား၊ အခုလည်း ဘာတွေအတို့
င်လုပ်နေတာလဲ မသိဘူး"

"သူ့ဟာသူ ဘာပြောပြော သား စိတ်ဝင်စားစရာမလိုဘူး။ သား
တစ်နေ့သိလာပါလိမ့်မယ်။ ဓါတုတင်ကို သွားမမဲနဲ့နော် သား၊ သူ
မဟုတ်ဘူး"

"ဒီဆို ဘယ်သူပြောတာလဲ ဖေဖေ"

"ဖေဖေလည်း သေသေချာချာမသိသေးဘူး။ သား စိတ်အေးအေး
။ ဖေဖေတစ်ယောက်လုံး သားဘက်မှာရှိတယ်ကွာ။ သွား ထမင်း
"

င်းထားသောစိတ်တွေကို လျှော့ချလိုက်သည်။ ဖေဖေ ဒီလောက်
နေတော့လည်း သူနားထောင်လိုက်ရပါသည်။ ငယ်နှင့် ဝေလုကိုစွ
င်ပြောတာမဟုတ်လျှင် ဘယ်သူလဲ၊ သူအတွေးများစွာဖြင့်...။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ဒီတစ်ပတ် အလုပ်ပိတ်ရက်မှာလည်း ညိုညို၊ နွယ်မာ၊ ယုခင် အစောကြီးရောက်လာကြသည်။

"ဒီနေ့ ဘာလုပ်စားရင်ကောင်းမလဲ"

ညိုညိုမေးတော့ ငယ်တို့သုံးယောက် စဉ်းစားနေကြသည်။

"အာပူလျှာပူ သောက်မလား၊ စပ်စပ်လေး"

နွယ်မာ့အစီအစဉ်ကို ငယ်နှာခေါင်းရှုံ့လိုက်သော်လည်း ယုခင်လက် လက်ဝါးတီးပြီး

"ကောင်းတယ်နွယ်မာ၊ ကြိုက်တယ်၊ ချဉ်ချဉ်စပ်စပ်လေး၊ ပြောရင် သွားရေည်တောင်ကျလာပြီ"

"နင်က သွားရည်ကျနေ၊ ဟိုတစ်ယောက်က ရှုံ့မဲ့နေတာပဲ"

ညိုညို ငယ့်ကိုမေးငေါ့ပြီး ပြောနေသည်။

"သူ့ဟာသူ ရှုံ့ရှုံ့မဲ့မဲ့ ငါနဲ့ယုခင်နှစ်မဲရပြီ၊ နင်ရော ညိုညို"

"ငါလည်း ကြိုက်တယ်"

"ဒါဆို ပြီးပြီပေါ့၊ သုံးမဲတစ်မဲ၊ ဟုတ်တယ် မဟုတ်လား"

နွယ်မာ့ကိုငယ် မျက်စောင်းထိုးလိုက်သည်။

"ကိုတိုးအောင်လည်း မလာသေးဘူးနော်"

သူ့ကားလေးရပ်သွားပြီး ဆင်းလာတာကိုကြည့်ရင်း ယုခင်ပြောသည်

"ဟိုကောင် မလာသေးဘူးလား"

"မလာသေးဘူးဟဲ့"

အိမ်ပေါ်လှမ်းတက်ရင်း သူမေးတော့ ညိုညိုဖြေလိုက်သည်။

"ဒီကောင် စောစောလာမယ်လို့ ငါ့ကိုပြောထားတာ"

ခုံတစ်လုံးမှာ သူဝင်ထိုင်ရင်း ချစ်သူမျက်နှာကို အကဲခတ်လိုက် ည်။ အစဉ်အမြဲအေးချမ်းနေသော သူမမျက်နှာလေးမှာ အပြစ်ဆို၍ ာစ်မှုန်တောင်ရှာမတွေ့။ မေမေ ငယ့်ကိုစိတ်ကွက်နေတာတွေးပြီး စိတ် ောင်းဖြစ်နေမိသည်။ လက်ထပ်ဖို့ကိစ္စ စီစဉ်ထားပုံနှင့် မသိဟန်ဆောင် ိုက်သည်။

"အန်တီရော ဒေါ်စန်းတို့အိမ်သွားလား ငယ်"

"ခေါင်းရင်းအိမ်ကလူတွေနဲ့ ကျောက်တန်းရေလယ်ဘုရားလိုက်သွား ယ်"

"ကောင်းတယ်ငယ်၊ သွားပါစေ"

"ဝေလုကိစ္စရော ဘာထူးသေးလဲ"

သူ့အမေးကို အားလုံးစိတ်ဝင်စားသွားကြသည်။

"ဝေလုကတော့ မလာတော့ဘူး။ သူ့အမေနဲ့အစ်မတွေကတော့ င်းကိုလာတာ"

"အေးပေါ့၊ ကောင်လေးက ငယ်ငယ်ရွယ်ရွယ်လေးဆိုတော့ နမြော ယ်"

"ဝေလုမလာတာ ရတုကိုလန့်သွားလို့ထင်တယ်"

ညိုညိုထင်မြင်ချက်ကို သူဘာမှမပြော။

"ဒါနဲ့ မိငယ်၊ နင့်ကိုဝေလု ရည်းစားစကားလိုက်ပြောတုန်းက နင့်မှာ ရှိတဲ့အကြောင်းမပြောဘူးလား"

"ငါ့ကိုချစ်တယ်၊ ကြိုက်တယ်လို့ သူတစ်ခါမှ မပြောဖူးဘူး။ ယုခင် ည်ပါလား"

"ဟုတ်တယ် နွယ်မာရဲ့၊ ဒီမှာလာသောင်းကျန်းသွားတယ်ဆိုတော့ င် အံ့သြနေတာ။ သူ့မျက်လုံးက အမြဲဆေးကြောင်နေတဲ့မျက်လုံး။ လွဲလို့ မိန်းမတွေဘာတွေလည်း စိတ်ဝင်စားပုံမရပါဘူး။" မဏိ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုလိုက်နေတာလည်း တာဝန်အရပုံစံမျိုးကြီးပါ''

''သူ့အမေနဲ့ အစ်မတွေလည်း အဲဒီလိုပဲပြောတယ်။ ဝေလု ဆေးတစ်ခုကလွဲရင် ဘာကိုမှစိတ်ဝင်စားတာမဟုတ်ဘူးတဲ့။ သူတို့တော ဒီလိုသိတင်းမျိုးကြားတော့ အံ့သြနေကြတာတဲ့။ ငါကိုတော့ အတင်းတော မန်ကြပါတယ်''

''နင်တို့ပြောပုံကို ဆက်စပ်ပြီး ငါတွေးမိတယ်''

ညိုညိုတွေးတွေးဆဆပြောတော့ အားလုံးအာရုံတွေက ညိုညို့ဆီ သူလည်း ငြိမ်ငြိမ်လေးပဲ ညိုညိုစကားကို နားထောင်နေမိသည်။

''ဝေလုနဲ့ မိငယ်ကိစ္စ ရတုအမေသိတာရယ်၊ အားလုံးပြောသ ဝေလုက ဆေးတစ်ခုကလွဲရင် ဘာမှစိတ်မဝင်စားတာရယ်ကို ဆက် ကြည့်ရင် ဝေလုကိုတစ်ယောက်ယောက်က ခိုင်းတာများလား''

''ဘာအကျိုးရှိမှာမို့ ခိုင်းရတာလဲ''

''ဒါတော့ မသိဘူးလေ။ တွေးကြည့်ရတောပေ့ါ''

''ဆက်ပြော ညိုညို၊ ငါလည်း နင်တွေးသလိုပဲ တွေးမိတယ်''

တကယ်ကို သူထင်တာနှင့် ညိုညိုပြောတာ တစ်ထပ်တည်းပဲ။

''စောစောက နွယ်မာမေးသလို အကျိုးဆက်ကတော့ မိငယ် ရတုအထင်လွဲအောင်လို့ပဲ။ ရတု မိငယ်ကိုအထင်လွဲပြီး ကွာပြဲကြအော ပေါ့ဟာ''

''ဟာ・・・ဒါဆို ဟိုအတွင်းရေးမှူးမ ခါတုတင်ပဲဖြစ်မယ်''

ယုခင် အားတက်သရောထအော်တော့ အားလုံးရဲ့အကြည့်တွေ သူ့ထံသို့။ ငယ် သူ့ကိုဖျတ်ကနဲလှမ်းကြည့်ပြီး

''သေသေချာချာ မသိသေးဘဲနဲ့ ရမ်းမပြောပါနဲ့ ယုခင်ရယ်''

''ဒီ့ထက်သေချာတာ ဘာရှိဦးမလဲ''

''ဟုတ်တယ် ငါလည်း အဲဒီမိန်းမကိုပဲ မျက်စိထဲ မြင်မြင်တယ ရည်းစားရှိမှန်းသိသိကြီးနဲ့ ရတုကိုအသေရရ အရှင်ရရ လိုချင်နေ



မ''

နွယ်မာနှင့် ညိုညိုကလည်း ခိုင်ခိုင်မာမာကိုပြောနေကြသည်။

''ရတုပြောပါဦး၊ နင်ကရော ဘယ်လိုထင်လဲ''

''ငါလည်း သူ့ကိုပဲထင်တယ်၊ ဖေဖေကတော့ ဝေလုကိစ္စကို ခါတုတင် ပြောတာ မဟုတ်ဘူးတဲ့။ ဖေဖေကတော့ ငါ့ကိုမညာဘူး''

''ပြောတဲ့သူ ဘယ်သူလဲလို့ မေးမကြည့်ဘူးလား ကိုဘုန်းရတု''

''ပြောတဲ့သူကိုတော့ ဖေဖေမသိဘူးတဲ့''

''ငါတော့ ဝေလုကို ဘယ်သူခိုင်းတာလဲ၊ ရတုအမေကို ဘယ်သူမဟုတ် တွေ ပြောတာလဲဆိုတဲ့သူကို တော်တော်သိချင်နေပြီ၊ တစ်ယောက်တည်း ၊ တစ်ယောက်စီလား''

''ဟုတ်တယ်နော်၊ သိချင်လိုက်တာ''

''ဟဲ့・・・မိငယ်၊ နင်ရော မသိချင်ဘူးလား''

ငိုင်နေသော ငယ့်ကိုနွယ်မာလှမ်းမေးတော့ သူမလန့်သွားပုံရပြီး

''သိချင်တာပေ့ါဟဲ့''

''မသိပါဘူး၊ နင့်ကြည့်ရတာ ငူငူငိုင်ငိုင်နဲ့ဆိုတော့ စိတ်များမဝင်စား လားလို့ပါ''

''ဟုတ်ပါတယ်၊ ကြားက ငါတို့ကသာ အတင်းပူပန်နေရတာ''

''မပူပဲနေပါ့မလားဟဲ့၊ ငါကပိုပြီးတောင် ပူသေးတယ်''

ရန်တွေ့နေသော ချစ်သူလေးကို သူကြည့်ပြီး သဘောကျနေတော့ ယ်မာမျက်စောင်းထိုးလိုက်ကာ

''နင်ကတော့ ဒီမိန်းမ ဘာလုပ်လုပ်ကျေနပ်နေတာပဲနော်''

''ချစ်တာကို နော် ငယ်''

သူမ ရှက်ပြုံးလေးနှင့်ခေါင်းညိတ်ပြတော့ နွယ်မာနှင့်ညိုညို ဗျစ် ာက်ဗျစ်တောက် လုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုနေ ဝေလုလာရင် သိပ်ကောင်းမှာပဲ"

ယုခင် တမ်းတမ်းတတပြောတော့ ငယ်မျက်မှောင်ကုပ်ပြီး

"နင်က ဘာလုပ်မလို့လဲ"

"ဘယ်သူခိုင်းတာလဲ မေးမလို့"

"ပြောမလားဟဲ့"

"သူက ဆေးသမားပဲ၊ သူကြိုက်တဲ့ဆေးသာပေးရင် ပြောချင်တာ ပြောမှာပေါ့"

"သူ့ကိုတကယ်ခိုင်းတာဆိုရင် ခိုင်းတဲ့သူက မြဲမြဲမြက်မြက်ပေးထားမှာပေါ့၊ ငါတို့ဘယ်လိုမေးမေး မပြောသေးဘူး"

သူလည်း ညှိုညှိုစကားကိုလက်ခံသည်။

ထိုအချိန်မှာပဲ တိုးအောင်ရောက်လာပြီး

"လူတောင်စုံနေပြီပဲ"

"ဘယ်အချိန်ရှိပြီလဲ စောစောလာမယ်ဆိုပြီး"

နွယ်မာ လှမ်းအပြစ်တင်တော့ တိုးအောင် သူ့ကိုဝိုင်းပြောမှာစိုးသောကြောင့် စပ်ဖြဲဖြဲနှင့်ဝင်ထိုင်သည်။

"ပြောစရာရှိတယ်"

"ဘာလဲ"

အားလုံးတိုးအောင်ကို ဝိုင်းကြည့်ကုန်သည်။

သူ့ကိုတည့်တည့်ကြည့်ပြီး တိုးအောင်က

"သတင်းကတော့ ထူးမလားမသိသေးဘူး ရတု၊ တာမွေမှာနေတဲ့ ငါ့ညီဝမ်းကွဲမိုးမိုးကို မင်းမှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့"

တိုးအောင် ညီဝမ်းကွဲ မိုးမိုးကို တိုးအောင်မိတ်ဆက်ပေးထားသည့်အတွက် သူမှတ်မိနေသည်။



"အဲဒါ ဘာဖြစ်လဲ တိုးအောင်"

"ဘာဖြစ်လဲဆိုတော့ သူ့ သူငယ်ချင်း သာထူးဆိုတဲ့ကောင်လေးက ...ခဲ့တွဲတဲ့မင်းကို သိတယ်။ မနက် မိုးမိုးအိမ်ကို ကိစ္စရှိလို့လာရင်း သူလည်း ...လာတယ်။ မင်းနှင့် ဓါတုတင်တွဲနေတာကို ငါ့ကိုသတိပေးခိုင်းတာ။ ...တုတင်က ဘာထူးတို့တိုက်ခန်းအပေါ်ဆုံးထပ်မှာနေတာ။ ဓါတုတင်တို့ ...အစ်မတွေနဲ့ သူငယ်ချင်းတွေက သိပ်ရှုပ်တဲ့အကြောင်း၊ ပိုက်ဆံချမ်းသာ... အိမ်ထောင်ရှိတာမရှိတာ ဂရုမစိုက်ဘဲ ချူစားတတ်ကြတာ၊ အဲဒီနား ...တ်ဝန်းကျင်မှာ နာမည်ကိုကြီးနေတာပဲတဲ့၊ သူတို့တိုက်ခန်းမှာဆို အမြဲ ...း ယောကျ်ားတွေတရုန်းရုန်းနဲ့အပြင် မိန်းမရှိတဲ့ယောကျ်ားတွေကိုချူ ...လို့ မိန်းတွေလိုက်လာပြီး ခဏခဏကို ပြဿနာတတ်ကြတာတဲ့။ ...ည်းမခံနိုင်တဲ့မိန်းမတွေဆို အောက်ကနေအော်ဟစ်ဆဲဆိုပြီး အရှက် ...မယ့် သူတို့ကတော့ ခပ်ပြောင်ပြောင်ပဲ။ ပတ်ဝန်းကျင်ကိုလုံးဝအရေး ...ပ်ဘူးတဲ့။ သူတို့အကြောင်းသိတဲ့ ပတ်ဝန်းကျင်ကတော့ သူတို့ဆို ...ဝေးရှောင်ကြတယ်တဲ့။ မင်း ဒီလိုကာရိုက်တာမဟုတ်တာ သာထူးကို ...ပြောတော့ နှစ်ယောက်သားငါ့ကို သတိပေးဖို့ အထပ်အထပ်အခါခါကို ...သွားတာ"

"ဟယ်...ကြောက်စရာကြီးနော်"

"တော်သေးတာပေါ့ ရတုရယ်၊ သူတို့မာယာထဲမှာသာ မိသွားရင် ...ွက်ဖို့လွယ်မှာ မဟုတ်ဘူး"

"ဟုတ်တယ် ဒီကောင် တော်တော်ကံကောင်းတာ"

အားလုံး စိုးရိမ်တကြီးဝိုင်းပြောနေတော့ ချစ်သူ ငယ်ရဲ့မျက်နှာလေးက ...နှင့်။ ချစ်သူမျက်နှာကိုကြည့်ပြီး

"ငါက အခွင့်အရေးယူတတ်တဲ့လူစားမှ မဟုတ်တာ။ ငါ့ကိုလျှော့တွက်ပြီး ...မ်းနေတော့ မောရုံပဲရှိမှာပေါ့"

"သတိဆိုတာတော့ ပိုတယ်မရှိဘူး ကိုဘုန်းရတု၊ ကိုဘုန်းရတု

www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီးလက်မခံတော့ သဘောကောင်းတဲ့အန်တီ့ကို အတင်းဝင်ကပ်တယ်၊ အန်တီကမှ အကာပ်မခံတော့ရင် နောက်ထပ်တစ်မျိုးထပ်ကြံဦးမှာပဲ။ ကိုတိုးအောင်ပြောပုံအရဆို ရှုပ်းစားရှိတာလောက်ကို ဖြုံမှာတောင် မဟုတ်ဘူး''

''စိတ်ချ မယုခင်၊ အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်''

''ဟုတ်တယ် မောင်၊ အရင်တော့ ဒီကိစ္စကို တကယ်မပူတာ အခုတော့ အရမ်းကိုစိတ်ပူသွားပြီ''

''မပူပါနဲ့ငယ်ရယ်၊ မောင့်ကို ယုံပါ''

''မောင့်ကို ယုံပါတယ်၊ အဲဒီမိန်းမကို မယုံတာ''

မျက်နှာလေးပျက်ပြီးဖိုးရိမ်တကြီးပြောနေသော ချစ်သူလေးကိုကြည့်ပြီး သနားလည်းသနား၊ ကျေလည်းကျေနပ်နေသည်။

''မောင့်ကို စိတ်ချငယ်၊ အခုကစပြီး ပိုပြီးကင်းအောင်နေမယ်''

''သတိလည်း တော်တော်ရှိမှဖြစ်မယ် ရတု''

''စိတ်ချပါ နွယ်မာရယ်''

''နင် စိတ်ပူနေရပြီ မဟုတ်လား မိငယ်။ ဒီတော့ နင်တို့နှစ်ယောက် အမြန်လက်ထပ်လိုက်တာ အကောင်းဆုံးပဲ''

''ဟုတ်တယ် မဇာ၊ ငါလည်း ပြောမလို့ဘဲ''

သူ ထိတ်ခနဲဖြစ်သွားသည်။ ငယ်ကလည်း သူ့ကိုကြည့်နေတော့ ဣန္ဒြေမပျက်ပင်။

''ဘယ်လိုလဲ ငယ်၊ ဝေလုကိစ္စတည်းက မောင်က အမြန်လက်ထပ်ချင်နေတာ၊ ငယ် သိပ်အားတက်သရောမရှိလို့ ငြိမ်နေတာ၊ အခု စီစဉ်လိုက်ရတော့မလား''

''စီစဉ်လိုက်တော့ ရတု''

သူမ မပြောခင် နွယ်မာပြောလိုက်သည်။

အားလုံးကလည်း လက်ထပ်ဖို့ကိစ္စ မြန်မြန်စီစဉ်ခိုင်းနေတော့ အပေါ်ယံ



သာ ပြုံးနေပေမယ့် စိတ်ထဲကတော့ လေးနေသည်။

''နောက်ပြီး သူတို့က မူးယစ်ဆေးဝါးလည်း အရောင်းအဝယ်လုပ်တယ်တဲ့၊ ဓါတုတင်တို့အစ်မကြီးက ဆေးဖြန့်ဖြူးတဲ့ဒိုင်ရဲ့ မယားငယ်လို့ တိတိကျကျ သိထားတဲ့သူက သိတယ်။ ရပ်ကွက်ထဲက လူတွေကလည်း သူတို့လုပ်နေတာတွေကို အမိအရဖမ်းပြီး နှင်ထုတ်ဖို့ ကြိုးစားနေကြတယ်။ လူငယ်တွေ မပြောနဲ့ သေခါနီးယောကျ်ားတွေကပါ သူတို့အလှကနေ ရှုန်းထွက်နိုင်ဖြစ်နေတဲ့ကြားမှာ ဆေးပါပေးသုံးထားတော့ အဲဒီတိုက်ခန်းက မဆင်းတော့ဘူးတဲ့။ ဒါနဲ့ငါလည်း မင်းတို့နှစ်ယောက်နဲ့ဝေလုအကြောင်း ပြောပြလိုက်တယ်''

''သာထူးက ဝေလုကိုသိတယ်တဲ့လား တိုးအောင်''

''မိုးမိုးနဲ့သာထူးကတော့ နာမည်တွေတယ်သိမလဲ၊ တွေ့မှသိမယ်တဲ့၊ သူတို့တစ်ရပ်ကွက်လုံး လူငယ်လူရွယ်တွေအားလုံး ဓါတုတင်တို့နဲ့ပတ်သက်တဲ့ဆေးသမား ကြီးကြီးငယ်ငယ် အကုန်လုံးကို မြင်ဖူးကြတယ်''

''ဒါဆိုရင်တော့ ငါတို့ထင်တာ သေချာသွားပြီရတု''

သူ ခေါင်းညိတ်ပြတော့ နားမလည်သလိုလှမ်းကြည့်သော တိုးအောင်ကို နွယ်မာရှင်းပြနေ၏။ နွယ်မာ့စကားဆုံးတာနှင့် တိုးအောင်က

''ဖြစ်နိုင်ဖို့များတယ်၊ မင်း ဘယ်လိုလုပ်ချင်လဲ ရတု''

''အန်တီ့ကို ဓါတုတင်အကြောင်းတွေ ပြောပြလိုက်ရင်ရော''

သူ စဉ်းစားနေတော့ ညိုညိုသူ့အကြံကို တင်ပြသည်။

''အခုအချိန်သွားပြောရင် မေမေလုံးဝ ယုံမှာမဟုတ်ဘူး။ တိုးအောင်တို့ မိုးမိုးနဲ့ သာထူးဆီသွားရအောင်''

''အခုလား''

''အခုပဲ သွားမယ်''

''သွားကြ၊ မြန်မြန်ဆန်ဆန်သိရအောင်''

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံးပြောသမျှပဲ ငြိမ်နားထောင်နေသောချစ်သူလေးမခုံး[illegible]
ငြင်ငြင်သာသာ ဆုပ်ကိုင်လိုက်ပြီး

"ငယ် ဘာမှ မစိုးရိမ်နဲ့နော်၊ အချိန်မရလို့ ပြန်မလာရင်လည်း
စိတ်မပူနဲ့၊ မောင် ဖုန်းဆက်မယ်"

"ဝေလုသာ အဲဒီမှာတကယ်ရှိရင် သူ့အိမ်ကိုအကြောင်းကြားရမှာ[illegible]
နော် မောင်"

"ဒါက နောက်မှလေ ငယ်ရဲ့၊ ဝေလု အဲဒီမှာရှိတယ်ဆိုတာလည်း
ဓါတုတင် ခိုင်းတာဟုတ်၊ မဟုတ် အရင်စုံစမ်းရဦးမယ်၊ ဟုတ်တယ်
ဆိုရင်တော့ တစ်ခုခုစီစဉ်ရမှာပေါ့"

ငယ် ခေါင်းလေးညိတ်ပြသည်။

"ဒါဆို သွားမယ်နော်၊ အားလုံးသွားမယ်"

"သတိ ဝီရိယနဲ့လည်းသွားကြနော်၊ အချိန်ရရင်လည်း ပြန်လာခဲ့"

"အေးပါ"

သူ့ကားလေးနှင့်နှစ်ယောက်သား ထွက်လာကြသည်။

❀ ❀ ❀

## အခန်း (၃၀)

မိုးမိုး သာထူးနှင့် သူတို့သူငယ်ချင်းတွေကို လမ်းထဲရှိ လက်ဖက်ရည်
ဆိုင်မှာ အသင့်ပင်တွေ့ရသည်။

"ဟိုမှာ မိုးမိုးတို့"

တိုးအောင် ပြရာသူကြည့်လိုက်တော့ မိုးမိုးနှင့်သာထူး လက်ပြနေသည်။

"သတိထားဦး ရတု၊ ဟို ဟာမတွေ ရှိမနေဘူးမပြောနိုင်ဘူး"

"မရှိနိုင်ပါဘူး၊ ပိတ်ရက်ဆိုတော့ လမ်းသလားနေကြမှာ"

နှစ်ယောက်သား မိုးမိုးတို့ရှိရာ တန်းလျှောက်လာခဲ့သည်။

"လာ အစ်ကိုတို့ ထိုင်ကြ"

သာထူး ညွှန်ပြသလို မိုးမိုးကလည်း ပြုံးပြပြီး

"ထင်တယ် လာမယ်လို့"

"ရတု မိုးမိုး သူငယ်ချင်း သာထူး"

တွေ့ဖူးပြီး မရင်းနှီးသေးတဲ့အတွက် တိုးအောင်မိတ်ဆက်ပေးတော့
သာထူးအပြုံးလေးနှင့်

"ဟုတ်ကဲ့ အစ်ကို၊ သိတော့သိနေပါတယ်"

"ကိုယ်လည်း ဒီအတိုင်းပါပဲ"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။

ဓါတုတင်နှင့်ပတ်သက်ပြီးလာတာကို သဘောပေါက်စွာ မိုးမိုးက

"လက်ဖက်ရည်သောက်ရင်း ဒီကပဲထိုင်စောင့်နေလိုက် ကိုရတု၊ ဓါတု
[illegible]တို့နဲ့ ပတ်သက်တဲ့လူတွေ ဒီဆိုင်မှာ စတည်းချတာ၊ စုံစမ်းလို့ရသယ်"

နှစ်ယောက်သား ခေါင်းကိုယ်စီညိတ်လိုက်ပြီး ကျန်သည့်မိုးမိုးသူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းနှစ်ယောက်ကိုပါ ပြုံးပြလိုက်သည်။ ထိုနှစ်ယောက်ကိုလည်း သူ
နှစ်ယောက်နှင့် မိုးမိုးမိတ်ဆက်ပေးသည်။ ထိုကောင်လေးနှစ်ယောက်
လည်း သူနှင့်ဓါတုတင်တို့ပတ်သက်သည့်အကြောင်းကို ပြောထားပုံရသည်

"ကောင်လေးနာမည်က ဘယ်သူ ကိုရတု"

"ဝေလုတဲ့"

"ဝေလု ဟုတ်လား"

တစ်ယောက်က လှမ်းထောက်တော့ အားလုံးဝိုင်းကြည့်လိုက်ပြီး မို
က

"မင်းသိလား အာကာ"

"ပိန်ပိန်ရှည်ရှည် အသားဖြူဖြူကောင်လေး မဟုတ်လား"

"ဟုတ်တယ် ညီလေး"

သူ အားတက်သရော ထောက်ခံလိုက်သည်။

"အဲဒီကောင်လေးက လမ်းမတော် (၈)လမ်းထဲမှာနေတယ်
ပြောတယ်"

"ဟုတ်တယ် မြို့ထဲကပဲ ညီလေး၊ သိတယ်ထင်တယ်"

"ကျွန်တော်နဲ့တော့မသိပါဘူး။ ကျွန်တော့်အဒေါ်တစ်ယောက်အိမ်
လာရင်း ဒီမှာပဲ ဝေလုကိုတွေ့တာ။ အဒေါ်တို့တိုက်ခန်းနဲ့ဝေလုတို့တိုက်
က အပေါ်အောက်နေကြတာတဲ့"

"ဟုတ်လား"

"မှားတော့ မမှားနိုင်ပါဘူးနော် အာကာ"

"မမှားပါဘူး ကိုတိုးအောင်၊ အဒေါ်နဲ့တွေ့တဲ့ လွန်ခဲ့တဲ့ခြောက်
လောက်က ဝေလုက ဝဝစိုစိုပြေပြေလေးပဲ။ အခုပုံနဲ့တခြားစီပဲ။ ကျွန်
က နေတိုင်းလိုလိုတွေ့နေတောကို"

"အာကာ့အဒေါ်က ဝေလုကို ဒီမှာတွေ့တဲ့အကြောင်း သူ့အိမ်
လူတွေ ကို ပြန်မပြောဘူးလား"



"ပြန်မပြောဘူး။ သူတို့အချင်းချင်းက မတည့်ကြဘူးအစ်ကို၊ ဝေလု
ဘားစုရဲ့အတွေးအခေါ်ကလည်း တစ်မျိုးပဲ။ ဒီကောင်လေး ဆေးစွဲနေ
တာကို တိုက်ခန်းကလူတွေသိမှာစိုးလို့ ဖုံးထားကြတယ်။ ဝေလုအိမ်က
ထွက်သွားတာကိုလည်း ဖုံးထားပေမယ့် သိကြတာပေါ့။ ဝေလုကို အဒေါ်
တွေ့တော့ ပြောချင်ပေမယ့် ဝေလုမိသားစု တစ်မျိုးထင်မှာစိုးပြီးမပြော
ဘူး"

"အယူအဆတွေ မှားတာပေါ့"

"ဟုတ်တယ် ကိုတိုးအောင်၊ သူတို့တွေ တစ်ယူသန်တော့ သူတို့သား
ပြီးပျက်စီးတာပေါ့"

သူတို့အားလုံး လက်ဖက်ရည်သောက်ရင်း ဓါတုတင်တို့အကြောင်း
ကို ပြောနေကြသည်။

"တော်သေးတာပေါ့ အစ်ကိုက တော်တော်ကြီးကို ရှောင်နိုင်လို့"

မိုးမိုးသူ့ကိုကြည့်ပြီးချီးကျူးတော့ ကျန်သည့်သာထူးအပါအဝင် သူငယ်
ချင်းတွေကလည်း တလေးတစားကြည့်ပြီး ခေါင်းညိတ်ကြသည်။

"သူတို့အကြောင်း စေ့စေ့စပ်စပ်သိထားတဲ့သူတွေကလွဲရင် သူတို့
ဘာကနေ ရှုန်းမထွက်နိုင်ကြဘူး။ သူတို့က ယောကျာ်းတွေကို ကိုင်တွယ်
တော်တော်ကျွမ်းကျင်တာ။ ဘယ်ယောကျာ်းကို ဘယ်လိုကိုင်တွယ်ရမယ်
ဆိုတာကြည့်လိုက်တာနဲ့ သိတယ်၊ တော်တော်မှ တော်တော်ဆိုးတဲ့မိန်းမ
တွေ"

သာထူး ရှုံ့ရှုံ့မဲ့မဲ့ပြောတော့ သူတို့အားလုံး ပြုံးကြသည်။

"ဟော...တို့မှာ ဟိုမှာ"

ဆိုင်ဝကို မျက်နှာမူထိုင်နေသော အာကာ အလန့်တကြားပြောမှာ
ထိုင်ကြည့်လိုက်ကြသည်။

"ချင်းအကျီနဲ့တစ်ယောက်မဟုတ်လား အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာကိုမှတ်မိနေသော့သူက ဝမ်းသာအားရပင်

"ဟုတ်တယ် သူပဲ ဝေလုဆိုတာ"

သူတို့အားလုံး မသိမသာကြည့်နေဆဲမှာပဲ ဝေလုနှင့်သူ့အဖော်

လေးက နေရာလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"ငယ်ငယ်လေး ရှိသေးတာပဲနော်"

"ဟုတ်တယ်၊ အလွန်ဆုံးရှိ ဆယ့်ကိုး နှစ်ဆယ်ပေါ့"

ဝေလုကို တစ်ခါမှ မမြင်ဖူးသေးသော တိုးအောင်ပြောတော့

ထောက်ခံသည်။

"အခုမှ ဒီလိုပုံစံဖြစ်သွားတာ၊ အရင်က စိုစိုပြေပြေတောင့်တောင့်

တင်းလေး။ သူ့ကိုသိထားလို့သာ ဒီလိုပုံစံဖြစ်သွားတာကို မှတ်မိနေ

"ဒီ မိန်းမတွေ တော်တော်မိုက်ရိုင်းတယ်။ လူငယ်လေးတွေကို အ

ချိုးပြီး တစ်ဘဝစာလုပ်နေတာ"

တိုးအောင် ဒေါသတကြီးပြောတာကို သူခေါင်းညိတ်လိုက်သည်

"သူတို့ ယုတ်မာပုံတွေကို ကျွန်တော်တို့မသိတာတွေ အများကြီး

တယ်အစ်ကို"

"ဒါမျိုးတွေကျ သက်ဆိုင်ရာက မဖမ်းကြဘူးလား"

"မသိတော့ပါဘူး အစ်ကိုရယ်"

ထိုအချိန်မှာပဲ အသားညိုညို ဗလတောင့်တောင့်အသက်သုံး

ကျော်လောက်ဟု ခန့်မှန်းရသော လူတစ်ယောက် ဝေလုတို့ဝိုင်းမှာဝင်

ပြီး သုံးယောက်သား စကားပြောနေကြသည်။

သုံးမိနစ်လောက်ကြာတော့

"မသိဘူးဗျာ၊ ကျွန်တော်တို့ လက်မခံနိုင်ဘူး"

ဝိုင်းချင်းက သိပ်မဝေးသည့်အတွက် ဝေလုဒေါသတကြီးထ

လိုက်သံက အဝိုင်းသား။



"ဒီတစ်ခါတော့ လက်ခံလိုက်ပါကွာ။ သူတို့က ဒါဆိုဒါပဲ။ ငါလည်း

တို့နဲ့ အတိုက်အခံမပြောချင်ဘူး"

"မပြောချင်ရင်လည်း ရှင်းပါတယ်၊ ကိုညိုကြီးပဲ စိုက်ပေးလိုက်ပေါ့"

"စိုက်ပေးရအောင် ငါက သူဌေးမဟုတ်ဘူး"

"အဲဒါဆိုရင်တော့ ကျွန်တော်တို့လည်း မတတ်နိုင်တော့ဘူး၊ နောက်မှ

တော်တို့ကို အဆိုးမဆိုနဲ့"

"နေ နေပါဦးကွာ၊ ငါထပ်ပြောကြည့်ပါဦးမယ်"

ညိုကြီးဆိုသူ ခါးကြားက ဖုန်းထုတ်ပြီး ဖုန်းခေါ်နေတော့ ဝေလုနှင့်

ော်ကောင်လေး မျက်နှာထားတင်းတင်းနှင့်ကြည့်နေသည်။

"အခု ချက်ချင်းထွက်ခဲ့နော်။ ငါ ကွမ်းယာဆိုင်က စောင့်နေမယ်"

"..."

ညိုကြီးဆိုသူ ဖုန်းပိတ်ပြီး

"မင်းတို့ ဒီမှာပဲနေချင်နေခဲ့။ ငါ သွားလိုက်ဦးမယ်"

ညိုကြီးထွက်သွားတော့ သူနှင့်တိုးအောင် မျက်လုံးချင်းဆုံသွားသည်။

"အခြေအနေ လိုက်ကြည့်မလား"

"ကောင်းတယ်၊ ဘာတွေအပေးအယူမတဲ့ဖြစ်နေကြလဲ မသိဘူး"

နှစ်ယောက်သား ထဖို့ပြင်တော့ မိုးမိုးက

"ကျွန်တော်တို့ ဘာကူညီရဦးမလဲ အစ်ကို"

"ရပြီ ညီလေ၊ ကျေးဇူးတင်တယ်၊ အစ်ကိုတို့ ဘာသာပဲ လုပ်ရှား

တော့မယ်၊ သွားပြီ"

"အားလုံးသွားပြီ"

လက်ဖက်ရည်ဆိုင်ကထွက်လာပြီး ကားလေးကို ဘီးလိမ့်ရုံလေး မောင်း

ခဲ့သည်။

"ဟိုမှာ ရတု"

ညိုကြီးဆိုသူ ခပ်ဖြည်းဖြည်း ခြေလှမ်းနဲ့လျှောက်နေတော့ သူတို့ကား

www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် မသိမသာ လိုက်လာခဲ့သည်။

အအေးဆိုင်နှင့်တွဲနေသော ကွမ်းယာဆိုင်ထဲ ညိုကြီးဝင်သွားသေ... ကားကို ခပ်လှမ်းလှမ်းသစ်ပင်ရိပ်နားရပ်ပြီး နှစ်ယောက်သားဆင်းလ... သည်။ ညိုကြီးနှင့် အနီးကပ်ဆုံး အအေးဆိုင်ဝိုင်းတစ်ဝိုင်းမှာ ထိုင်လို... သည်။ အအေးနှစ်ဗူးမှာပြီး အအေးသောက်နေစဉ်မှာ ဝေလုတို့အရွ... အမျိုးသမီးတစ်ယောက် ညိုကြီးရှိရာတန်းဝင်လာသည်။ နှစ်ယောက်ေ... ဘာတွေပြောမည်ဆိုတာ သိရအောင် အစွမ်းကုန်နားစွင့်ထားလိုက်သ...

ဝင်ထိုင်လိုက်သောကောင်မလေးအား ညိုကြီးက မျက်နှာထိမျက်... ထားနှင့်

"နင်တို့ဟာက ဘာတွေလဲ"

"ဘာကိုလဲ ကိုညိုကြီးရဲ့"

"ချက်ချင်း ဆင်းလာပါဆို၊ ဘာလုပ်နေတာလဲ"

"အကျိုလေး လုံချည်လေးတော့ လဲရသေးတာပေါ့ ကိုညိုကြီးရ...

"မလဲတော့ နင့်ဘယ်သူကြည့်မှာမို့လဲ"

"အဝတ်အစားလဲတာက ဒီလောက်မကြာပါဘူး။ မမကြီးကို ေ... လုပ်ပေးနေရသေးလို့ပါ"

"အဲဒါ အရေးကြီးလား။ သူ့ဟာသူ ထမလုပ်နိုင်ရအောင် ကျိ... လို့လား"

"တိုးတိုးပြောပါ ကိုညိုကြီးရယ်"

ညိုကြီးအသံကျယ်သွားတော့ ကောင်မလေး မရဲတရဲတားပြီး ... ဝန်းကျင်ကို မျက်စိဒေါက်ထောက်လိုက်ကြည့်နေသည်။ သူနှင့်တိုးအေ... မသိချင်ဟန်ဆောင်လိုက်ရသည်။

"မပြောနိုင်ဘူး၊ ငါ အရမ်းဒေါသထွက်နေတယ်"

ကောင်မလေးက ဖီးရှက်လောက်မျက်နှာလေးနှင့် ညိုကြီးကိုကြ...

"ကောင်လေးတွေက ဘာပြောလို့လဲ ကိုညိုကြီး"



"ဘာပြောရမှာလဲ၊ ပြောထားတဲ့အတိုင်းမပေးရင် အကုန်ဖော်ပင်မယ် ... ဘယ်လိုမှပြောလို့မရဘူး"

"အံမလေး၊ လူကဖြင့် မလောက်လေးမလောက်စားနဲ့ငွေ...ဘများ ကြီး ...ယ်လို့ မမေါတ့ သူ့ကိုပေးတာနည်းလား၊ နောက်ပြီး သူ့ဘက်ကရော ...ောင်မြင်အောင် လုပ်နိုင်လို့လား"

"အဲဒီလိုတော့ နင်မပြောပါနဲ့၊ နင့်သခင်မတွေက နိုင်းတော့မဟား ...း ပေးတော့ မဆို့မပို့နဲ့ သူလည်း ဒီသေးလေးရဖို့ တတ်နိုင်သလောက် ...ပေးရှာတာပဲ၊ မအောင်မြင်တာတော့ ဘာတတ်နိုင်မှာလဲ၊ ယောက်ျား ...ကို သူတို့ဖြစ်ချင်တိုင်းဖြစ်လို့ရမယ်လို့ မအောက်မေ့နဲ့"

"အခု ကျွန်မက ဘာပြောလိုက်ရမှာလဲ"

"ဝေလုရော၊ သူ့သူငယ်ချင်းကပါ လက်မခံဘူးလို့ပြောလိုက်၊ ဒါမှ ...ပေးရင်လည်း ကိုယ့်ဟာကိုယ်ကြည့်ရှင်းကြတော့။ လုပ်နေတဲ့အလုပ် ... တစ်ခုမှကောင်းတာမရှိဘာကို ဖင်ခေါင်းကျယ်နေသေးတယ်။ ဘာမ ...ဟာလေးကို နှမြောနေရင် ခံကြ"

"အဲဒါ ကိုညိုကြီးမပူနဲ့၊ ကျွန်မ အစ်မတွေရဲ့ဘဝမှာ ခံရတယ်ဆိုတဲ့ ...ကိုမရှိဘူး"

"အံမယ်၊ နင်တို့က ဘာကောင်မတွေမို့လဲ"

"ဘယ်လိုကောင်မတွေဖြစ်ဖြစ်ပေါ့၊ ဝေလုကိုသာပြောလိုက်၊ လက်မခံ ...ဘူးတယ်လို့"

ညိုကြီး ခပ်ပေပေမျက်နှာနှင့် ကောင်မလေးကိုကြည့်တော့ ကောင် ... မပြုံးချင်ဘဲ ပြုံးလိုက်ပြီး

"အရှင်ကလူတွေသွားတဲ့လမ်းအတိုင်းလိုက်ဖို့သာ ပြင်ထားလို့၊ ကျွန်မ ...ယ်"

...ပြီးတာနှင့် ကောင်မလေးထွက်သွားပြီး မကြာခင် ညိုကြီးလည်း ...သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရင်လူတွေသွားတဲ့လမ်းအတိုင်း လိုက်ဖို့ပြင်ထားဆိုပါလား ရုတ[...] အရင်လူတွေကို ဘာတွေများလုပ်ပစ်လိုက်လဲ မသိဘူးနော်။ ကြောက်စ[...] ကြီး"

သူ ခေါင်းညိတ်လိုက်ပြီး

"ဟုတ်တယ်၊ တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမတွေပဲ အ[...] အနေကတော့ ငါတို့တွက်ဆထားတဲ့အတိုင်းပဲ။ ဒီတော့ တို့ဘာဆက်လု[...] မလဲ တိုးအောင်"

"မင်းက ဘာလုပ်ချင်လို့လဲ"

"ဝေလုနဲ့ တွေ့ချင်တယ်"

"ဝေလုနဲ့တွေ့ပြီး မေးမလို့လား"

"ဒီအတိုင်း ဘလိုင်းကြီးမေးလို့ရမှာတော့ မဟုတ်ဘူး။ သူ့အခြေအ[...] ကိုကြည့်ပြီး မီးစင်ကရမှာပဲ"

"လက်ဖက်ရည်ဆိုင်မှာ ဝေလုရှိဦးမှာပဲ၊ သွားမယ်"

အအေးဖိုးရှင်းပြီးတာနှင့် နှစ်ယောက်သား ထလာခဲ့သည်။

ဝေလုရှိရာ လက်ဖက်ရည်ဆိုင်သို့ ကားလေးအကွေ့မှာပဲ ဝေလု[...] သူ့အဖော်ဖြစ်သူတို့ လျှောက်လာနေသည်။

"အဆင်သင့်လိုက်တာကွာ"

ကားလေးရပ်ပြီး ဝေလုတို့ကို အသင့်စောင့်ကြိုနေလိုက်သည်။ ဝေ[...] တို့အနားရောက်လာမှ သူနှင့်တိုးအောင် ကားပေါ်ကဆင်းလိုက်သည်။

အနားရောက်နေပြီဖြစ်သည့်ဝေလုကို သူပြုံးပြတော့ ဝေလုက မျ[...] မှောင်ကုပ်ကြည့်သည်။

"ဘယ်သွားမလို့လဲ ဝေလု"

"ခင်ဗျား ဘယ်သူလဲ၊ ကျွန်တော့်ကို သိလို့လား"

"ဘာလာကြောင်တာလဲ မသိဘူး"



ရှိုင်းစိုင်းသည့် ဝေလုနှင့် သူ့အဖော်ကို စိတ်မဆိုးမိပါ။ ဝေလုတို့[...]ယောက်က တစ်ခုခုကို စိတ်တိုနေမှန်းသိသာသည်။

"ဝေလု မမှတ်မိဘူးလား။ အစ်ကိုက ယင်ယင်နဲ့ မကြာခင် လက်ထပ်[...]မယ့် ယင်ယင့်ချစ်သူလေ"

"ဘယ်က ယင်ယင်လဲ"

"သြော်...ဆောရီး ဝေလု၊ ရှင်မထီကိုပြောတာလေ"

ခပ်ပြုံးပြုံးနှင့် သူပြောလိုက်တော့ ဝေလုမျက်နှာကွက်ခနဲ ပျက်သွား[...]သို့ သူ့အဖော်ကလည်း တအံ့တသြကြည့်နေသည်။

"ဟုတ်...ဟုတ်ကဲ့၊ မှတ်မိပါပြီ။ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

အတင်းပင် သွားဖို့ပြင်နေသော ဝေလုရှေ့က သူပိတ်ရပ်ပြီး

"ခဏလေး ဝေလု"

"ဘာလုပ်မလို့လဲ၊ ကျွန်တော်ကိစ္စလေးတွေရှိလို့"

ဝေလုက ပြောရင်းနှင့်ပင် ပြာခြောက်နေသော နှုတ်ခမ်းတစ်စုံကို [...]နှင့်သပ်နေသည်။ ဝေလု သုံးစွဲနေကျဆေး အလွန်လိုနေတာသူသိ[...]သည်။

"ကိစ္စရှိရင်တက်လေ၊ ဘယ်သွားမှာလဲ၊ အစ်ကိုလိုက်ပို့ပေးမယ်"

"ရတယ်၊ ရတယ် နေပါစေ"

"မရပါနဲ့ ဝေလုရယ်၊ မင်းနဲ့ကိုယ်က မိတ်ဆွေတွေဖြစ်သွားပြီပဲ"

[...]လုနှင့်အဖော်ဖြစ်သူက သူ့ကိုကြည့်နေတော့

"ဟုတ်တယ်၊ မင်းတို့နဲ့ကိုယ်တို့က မိတ်ဆွေတွေဖြစ်သွားပြီ၊ ဒီတော့ [...]တဲ့အကူအညီရှိရင်လည်း တောင်း၊ ကူညီဖို့အသင့်ပဲ"

"အစ်ကို တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒါဆို ကျွန်တော့်ကို ငွေတစ်သိန်းချေးပါလား"

"ဒါများ ဝေလုရယ်၊ ချေးစရာမလိုပါဘူး။ ကူညီတဲ့အနေနဲ့ ပေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ''

လွယ်လွယ်ကူကူပင် သူလိုက်လျော့တော့ ဝေလုနှင့်သူ့အဖေ် တ
တည်ဖြစ်သွားပြီး ကျေးဇူးတင်သည့်အကြည့်တွေနှင့် ကြည့်နေကြသည်

''ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်။ ဘယ်လိုကျေးဇူးဆပ်ရမှ
တောင် မသိတော့ပါဘူး''

''ကျေးဇူးဆပ်တယ် သဘောမထားဘဲ မင်းကလည်း ပြန်ကူညီရမယ်

တစ်ချိန်လုံးငြိမ်နေသော တိုးအောင်ပြောတော့ နှစ်ယောက်သာ
ပျာပျာသလဲဖြင့်

''ဘာကူညီရမှာလဲ အစ်ကို ပြောပါ''

''ဟုတ်ပါတယ်၊ ကျွန်တော်တို့ကူညီနိုင်တာဆို ကူညီပါ့မယ်''

''အေးပါကွာ၊ ကားထဲကျမှ ပြောမယ်၊ ကားပေါ်တက်ကြ''

သူ ကားပေါ်တက်ခိုင်းတော့ ဝေလုခါးခါးသီးသီးငြင်းပြီး

''ကျွန်တော်တို့ကို ဘယ်မှလိုက်မပို့နဲ့တော့အစ်ကို၊ ပိုက်ဆံသာပေး

''ငွေတစ်သိန်း အစ်ကို့ဆီမှာ မပါဘူး၊ နီးစပ်တဲ့ဘဏ်တစ်ခုခု
ထုတ်ပေးမယ်။ ကားပေါ်တက်ပါ''

ဒီတော့မှ နှစ်ယောက်သား ကားပေါ်တက်ကြသည်။

''ဘဏ်က မရောက်သေးဘူးလား အစ်ကို''

ဆယ့်ငါးမိနစ်လောက် မောင်းပြီးတာနှင့် ဝေလုပြောသည်။

ရှုံ့မဲ့နေသော ဝေလုနှင့် သူ့အဖေ်ကို နောက်ကြည့်မှန်ထဲမှ မြင်
ရသည်။ တိုးအောင်ကို မျက်စပစ်ပြလိုက်သည်။

''အစ်ကို မြန်မြန်မောင်းပါဗျာ၊ ကျွန်တော်တို့ နေလို့ထိုင်လို့ မရ
ဘူး''

သူ ပြုံးလိုက်သည်။ ထိုအခြေအနေထိ ရောက်အောင် သူတမင်ဖန်
နေခြင်းဖြစ်သည်။ ကားရော လူရောရှင်းသည့်တစ်နေရာမှာ ကာ
ထိုးရပ်လိုက်ပြီး



''ဘာလို့ ရပ်လိုက်ပြန်တာလဲ ဗျာ''

''ဝေလု''

''ဘာလဲဗျာ ဘာလဲ''

စိတ်တိုနေသော ဝေလုကိုကြည့်ပြီး သူဟာတကယ်ပဲ ဆေးကလွဲလို့
အခြားကိုစွဲစိတ်မဝင်စားတာ ပိုပြီးယုံကြည်သွားသည်။

''မင်းကို တစ်သိန်းမဟုတ်ဘူး၊ နောက်ထပ်လည်းပေးမယ်၊ အခု
သောက်လောဆယ်လည်း မင်းတို့အင်မတန်အလိုရှိနေတဲ့ ဆေးလည်းပေးမယ်''

နှစ်ယောက်သား အရောင်တောက်သော မျက်လုံးတွေနှင့်ကြည့်ကြပြီး

''ဘယ်မှာလဲ ပေး''

''ဆေးပေးပါ၊ ဘာပဲလုပ်ပေးရ လုပ်ပေးရ''

သူနှင့်တိုးအောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။
အတိုင်းသာဆက်လွှတ်ထားပါလျှင် ငယ်ငယ်ရွယ်ရွယ်မှာ အသေဆိုးနှင့်
သေသွားမှာ သေချာသည်။

ဘာဖြစ်လို့ မိုက်ချင်ကြတာလဲ မသိပါ။

''အစ်ကိုတို့ မေးတာကို မှန်မှန်ဖြေလေ''

''ဘာမေးမှာလဲ မေး''

''ရှင်မဏိကို တကယ်ချစ်တာလား၊ တစ်ယောက်ယောက်က ခိုင်းလို့
အဲဒါကို မှန်မှန်ကန်ကန်ဖြေပါ ဝေလု''

ဝေလုတင်မက သူ့အဖေ်ပါ ပြူးကြည့်ပြီး ဘာပြောရမှန်းမသိဖြစ်နေ
သည်။

''ရဲရဲပြောပါ။ မင်းကို အပြစ်တင်မလို့ မေးနေတာ မဟုတ်ပါဘူး''

''အစ်ကိုတို့လည်း သိသင့်သလောက် သိထားပြီးပါပြီ။ ဒါကြောင့်
မင်းတို့ ပါးစပ်က ထွက်မယ့် အမှန်တရားကို ကြားချင်တယ်''

ဝေလုအဖေ်က ဝေလုကို တံတောင်နှင့်ထိုးပြီး

''ပြောသာပြောလိုက်ဝေလု၊ မင်းဟာမကြီးက ခိုင်းတော့ခိုင်းပြီး ပေးဖို့

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကကိုကျောင်ကျနေတယ်''

ဒီတော့မှ ဝေလုမျက်ရည်တွေ ဝဲတက်လာပြီး အသံတုန်တုန်ဖြင့် ပြောသည်။

''ကျွန်တော့်အသိတစ်ယောက်နဲ့ပတ်သက်ပြီး မမကြီးသန္တာတင်နဲ့ ခင်သွားတယ်။ ကျွန်တော့်အိမ်ကထွက်ပြေးလာတော့ ကျွန်တော့်စားရေးသောက်ရေး၊ နေထိုင်ရေးအပြင် ဆေးပါပေးသုံးပြီး သူတို့ခိုင်းတာလုပ်ရတယ်။ တိုတိုပြောရရင်တော့ မမကြီးနဲ့ပတ်သက်ပြီး သူ့ညီမတွေခိုင်းတာပါလုပ်ပေးရတယ်။ ဒီမှာတင် မမခါတုတင်က ကျွန်တော်လိုချင်သလောက် ဆေးပေးမယ်ဆိုပြီး မမမဏီကိုစွခိုင်းတာပဲ''

''ဒါဆို မင်းစိတ်ပါလို့ မဟုတ်ဘူးပေါ့''

''ဘုရားစူးပါရစေရဲ့ဗျာ၊ မမမဏီကို စိတ်နဲ့တောင်မပြစ်မှားပါဘူး။ မမကလည်း ကျွန်တော့်ကို သူ့မောင်လေးတစ်ယောက်လိုပဲ ရိုရိုသားသား ဆက်ဆံတာပါ။ ကျွန်တော် ကျိန်ဆိုကျိန်ရဲပါတယ်''

''ယုံပါတယ်ကွာ''

''အစ်ကိုနဲ့တွေ့တဲ့နေ့ကလည်း မမအိမ်မှာ ရပ်ကွက်ကြားအောင် သွားပြီးအရှက်ခွဲခိုင်းတာ။ ဒီနေရာမှာ မမလိုစိတ်သဘောထားမြင့်တဲ့သူ တွေမှိပေါ့၊ ခပ်စွာစွာတွေဆို ကျွန်တော် အဲဒီနေ့ကတည်းက ထောင်ထဲ ရောက်ပြီ။ မမအမေက ကျွန်တော့်ကိုသားလေးဆိုပြီး ချော့ပြောတော့ ရင်ထဲဘယ်လိုကြီးဖြစ်သွားမှန်းကို မသိတော့ဘူး။ အမေနဲ့ အစ်မတွေကို သတိရပြီး မမတို့သားအမိကို ကိုယ်ချင်းစာသွားတယ်။ ဒီမှာပဲ အစ်ကို ရောက်လာတော့ အတော်ဖြစ်သွားပြီး ကျွန်တော်အသာလေးလှည့်ပြန်ခဲ့ တာ။ အဲဒါကို မမခါတုတင်က မကျေနပ်ဘူး။ သူခိုင်းတာ မအောင်မြင် ဘူးဆိုပြီး ဘာမှမပေးဘူး။ ကျွန်တော့်ဘက်ကလည်း စဉ်းစားကြည့်ပါဦး''

''စဉ်းစားစရာမလိုပါဘူး သိပါတယ်''

''ဒါဆိုလည်း ပေးလေဗျာ''



ဝေလုကိုကြည့်ပြီး သူစိတ်ထဲမကောင်း။ သူ့ညီလေးသာဆိုလျှင်

''ရော့ . . . ဝေလု၊ အခုနေတော့ ပါသလောက်ပဲယူသွားလိုက်။ နောက်ဖြန်ကို ဒီနေရာကပဲစောင့်''

ပေးလိုက်သောထောင်တန်တွေကို တုန်တုန်ချိချိလှမ်းယူပြီး

''ကျေးဇူးတင်ပါတယ် အစ်ကို၊ မနက်ဖြန်ဒီနေရာကပဲ စောင့်မယ်နော်''

ပြောပြီးတာနှင့် ဝေလုနှင့်သူ့အဖော် ခပ်သုတ်သုတ်ပဲ လစ်ထွက်သွားကြသည်။ ထို့နောက်မှာတော့ သူနှင့်တိုးအောင် ထိုနေရာမှ ကားလေးမောင်းထွက်လာခဲ့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ကိုလေး...မေမေကြီးခေါ်နေတယ်"

ငယ့်ဆီဖုန်းဆက်ဖို့လုပ်နေစဉ်မှာပဲ မိဝေလာခေါ်တော့ သူအခန်းထဲက ထွက်လာခဲ့သည်။

ညှိခန်းရောက်တော့ ဖေဖေတီဗွီကြည့်နေပြီး မေမေကတော့ သူ့ကို စောင့်နေပုံရသည်။ မေမေနှင့်မျက်နှာချင်းဆိုင်မှာ သူဝင်ထိုင်ပြီး မေမေ ဘာပြောမလဲ နားစွင့်ထားလိုက်သည်။

"သားက မေမေ့ကို စကားတောင်မပြောချင်တော့ဘူးလား"

"ဟာ...မေမေကလည်း မဟုတ်တာ"

"မသိဘူးလေ၊ အမေ့ကိုသိပ်ချစ်တဲ့သားက ချစ်သူရှိမှ ပုံစံအမျိုးမျိုး ကို ပြောင်းနေတာ"

"မေမေရယ်၊ သား ဘာမှမပြောင်းလဲပါဘူး"

"ဒါဆို မေမေက ပြောင်းလဲနေတယ်လို့ သားပြောချင်တာလား"

မေမေ မကြားအောင် တိတ်တိတ်လေးသက်ပြင်းချလိုက်သည်။ သူ ဘာပြောပြောမေမေ စိတ်ထဲမတွေ့ဖြစ်နေပုံပင်။ ဒါသည် ခါတိုင်း ပယော ကလွဲပြီး ဘာဖြစ်နိုင်ဦးမှာလဲ။

"မေမေ"

အချိုသာဆုံး အနူးညွှတ်ဆုံး အသံလေးနှင့် မေမေ့ကိုခေါ်တော့ မေမေ က စိတ်မကြည်မလင်သေးသော အကြည့်နှင့်ပင် တုန့်ပြန်သည်။

"သား မေမေ့ကို ဘယ်တုန်းက ဘယ်လိုပုံစံမျိုးမှ မပြောင်းခဲ့ပါဘူး ဟိုရက်ပိုင်းက ငယ့်ကိုမေမေအထင်လွဲနေလို့ သားမပြောရဲမဆိုရဲဖြစ်နေ



တာပါ။ ချစ်သူကိုချစ်တဲ့အချစ်တဲ့အချစ်နဲ့ မိဘကိုချစ်တဲ့အချစ်က တူမလား မေမေရဲ့။ ဖေဖေနဲ့မေမေ သားကိုချစ်တဲ့အချစ်က ဘယ်မိဘမှ လိုက်မမီ ဘူး ပါဘူး။ ဒါကြောင့်လည်း တခြားသားသမီးတွေ သိတတ်တာထက် သားကဖေဖေနဲ့မေမေကို ပိုချစ်ပိုသိတတ်ပါတယ်"

သူအပြောကောင်းသွားလို့လားမသိပါ။ မေမေ့ရဲ့တင်းမာနေသောမျက်နှာ နည်းနည်းတော့ လျော့သွားသည်။ ဖေဖေကတော့ တီဗွီကို တကယ် စိတ်ဝင်စားနေ၍လားမသိ။ လုံးဝကို မိန်းမနှင့်သားဘက်ကို လှည့် သော။

"မေမေ သားကိုဘာပြောစရာရှိလို့လဲဟင်"

"သားတို့ကိစ္စပါ"

"သားတို့ကိစ္စ...ဟုတ်လားမေမေ"

"ဟုတ်တယ်လေ၊ ငယ်ငယ်နဲ့အမြန်ဆုံးလက်ထပ်ချင်နေတဲ့ကိစ္စ ပြောမလို့"

ဒီတော့မှ သူသဘောပေါက်သွားသလို ပျော်လည်းပျော်သွားသည်။

"ဟုတ်ကဲ့ မေမေ၊ ပြောပါ"

"သား အလုပ်ကိစ္စက ဘယ်တော့လောက်အပြီးသတ်မယ် မှန်း သလဲ"

"အားလုံးက အရန်သင့်ပြည့်စုံနေပြီဆိုတော့ အလွန်ဆုံး ဆယ်လ စ်နှစ်ပေါ့မေမေ"

"နောက်တစ်နှစ်ပဲ ထားပါတော့"

"ဟုတ်ကဲ့ မေမေ"

"အဲဒါဆို သားလည်း လုပ်ငန်းကိစ္စပြီး နောက်နှစ်မှ လက်ထပ် သား"

ဘာစကားမှ ပြန်မပြောနိုင်ဘဲ တွေကနဲဖြစ်သွားသောသူ့ကို မေမေ ပြတ်အကဲခတ်နေ၏။

"မေမေ မေးတာလည်း ပြန်ပြောပါဦးသားရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟို…မေမေ"

"ဘာလဲ လက်မထပ်လို့ မဖြစ်တော့တဲ့အခြေအနေလား သား"

မေမေမေးလိုက်ပုံကြောင့် တစ်ကိုယ်လုံးထူပူသည်အထိ ဖေဖေ့
အားနာသွားသည်။

"ဟာ…မေမေထင်သလို မဟုတ်ဘူး။ သားကလည်း စောင့်ထိ
သလို ငယ်ကလည်း သူ့ကျွေသိက္ခာကို နည်းနည်းမှအထိပါး မခံပါဘူး"

ငယ့်ကို ချီးကျူးနေသော သူ့စကားတွေကို မေမေနားခါးပုံထ
ခပ်မဲ့မဲ့မျက်နှာနှင့်

"မဟုတ်ရင် ဘာဖြစ်လို့ အမြန်ဆုံးလက်ထပ်ချင်နေရတာလဲ"

မေမေ ဒေါသဖြစ်နေတာကိုကြည့်ပြီး သူဘာပြောရမှန်း တကယ်
မသိတော့။ မေမေက အစဉ်အမြဲနူးညံ့ပြုံးချိုနေသူတစ်ယောက်ပါ။ သူ
သိပ်ချစ်သော တစ်ဦးတည်းသောသားလေး သူ့အပေါ်ဆို ပိုဆိုးသေးတယ်
ဘယ်လောက် ဒေါသဖြစ်စရာတွေနဲ့ တွေ့နေနေ သားဖြစ်သူနှင့်တွေ့လျှ
ချက်ချင်းနူးညံ့ပစ်လိုက်တာပါ။ ဒါသည် သူသိတတ်စကတည်းက
မှတ်မှတ်ရရ ဓါတုတင်တို့နှင့်ပတ်သက်မိမှ မေမေ ဒီလိုဖြစ်သွားခဲ့တာ

နင်ဟာ ငါ့မျက်စိထဲမှာတော့ စုန်းမတစ်ယောက်ပါပဲ ဓါတုတင်

စိတ်ထဲကနေ ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်သည်။ မေမေ့သား
သူလည်းနူးညံ့ပျော့ပျောင်းသည့်လူတစ်ယောက်ပါ။ ဒါပေမဲ့ ဒီမိန်းမ
နူးညံ့ပျော့ပျောင်းမှုနှင့်မတန်သူ။

"မေမေ မေးတဲ့ထဲမှာ ဘာတွေများဒီလောက်စဉ်းစားစရာပါနေလို့လဲ"

"သား ငယ်နဲ့ခွဲမနေချင်တော့လို့ပါ မေမေ"

မတတ်နိုင်တော့ပါ။ ငယ့်ကိုလည်း အထင်မသေးစေရန် အကောင်း
ပဲ ရွေးပြောလိုက်သည်။

"သား ငယ်ငယ့်ကိုချစ်တဲ့အချစ် ဘယ်လောက်ကြီးမားတယ်ဆိုတာ
မေမေနားလည်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကအထိ လက်ထပ်
ကိစ္စဆန္ဒပြင်းပြမနေတာ မေမေသိနေတာပဲ။ အခုမှ သားထဖြစ်ပုံ



မေ မသင်္ကာဖြစ်တာ အပြစ်လား"

တစ်သက်နှင့်တစ်ကိုယ် မေမေဒီလောက်စကားတတ်တာ မသိခဲ့ပါ။
ဘယ်လိုစကားမျိုးနှင့် ထုချေလွှာတင်ရမှန်းကို မသိတော့။ ဖေဖေကလည်း
ဝင်တောင်မလှုပ်။

"မေမေဒီလောက် ဆန္ဒပြင်းပြနေရင်လည်း နောက်နှစ်ကျမှပဲ လက်ထပ်
မယ် မေမေ"

သူ ဒီလိုပြောလာမည်ဟု မေမေထင်ပုံမရ။ မျက်နှာပေါ်မှာ ချက်ချင်း
အပြုံးတွေဖန်ဆင်းပြီး အရောင်တောက်သောမျက်လုံးတွေနှင့် သူ့ကိုကြည့်
သည်။

"သား သွားလို့ရပြီလား မေမေ"

မေမေအပြုံးနှင့်ခေါင်းလေးပဲ ညိတ်ပြတော့ သူလေးတွဲစွာ ထလာခဲ့
သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"မင်း အဲဒီလိုပြောလိုက်တော့ အန်တီပိုသဘောကျသွားတာပေါ့"

"မတတ်နိုင်ဘူးလေ၊ လောလောဆယ် မေမေစိတ်ချမ်းသာဖို့ အ
ကြီးတယ်။ ငါ ဖွင့်ပြောနေရင် မေမေနဲ့ ငါ့ရဲ့ပဋိပက္ခက ပိုကြီးသွား
ငယ့်ကိုလည်း မေမေ ပိုမုန်းသွားမယ်"

"ဟိုမိန်းမ အတိုက်အခိုက်တွေ အန်တီ့နားထဲ ဘယ်လောက်ဝင်သွ
ပြီလဲမှ မသိတာ"

"နေပါစေကွာ၊ ဒီနေ့ပဲ ဓါတုတင်ရဲ့ ဘီလူးရုပ်ပေါ်တော့မှာပါ"

"ငယ်ငယ့်ကို ဘယ်လိုပြောမလဲ၊ မနေ့က နွယ်မာနဲ့ ညှိညှိတော
ပြောသေးတယ်။ ငယ်ငယ်တို့ ပတ်ဝန်းကျင်မှာတော့ ငယ်ငယ်မကြာ
လက်ထပ်တော့မယ်ဆိုတဲ့ သီတင်းပျံ့နေပြီတဲ့"

တိုးအောင် စကားကြောင့်စိတ်ထဲမောကျပ်သွားရသည်။ သူက ကို
တိုင်က စိတ်မချပါဘူး အမြန်ဆုံးလက်ထပ်ပါမယ်ပြောထားတော့ ဒီသတ
ပျံ့သွားတာ ဆန်းတော့မဆန်း။ ပြောထားပြီး ကတိမတည်သည့်အတွ
ချစ်သူ ငယ်ရှက်သွားမှာသာ စိုးသည်။

"သိပ်လည်း စိတ်ညစ်မနေပါနဲ့ကွာ။ ဓါတုတင် ယုတ်မာပုံ တိတိကျ
သိရင် အန်တီ့ကို ဖွင့်ပြောပြလိုက်တာပေါ့။ ဒါဆို အန်တီစိတ်ပြော
သွားမှာ"

သူ စိတ်ညစ်နေတာသိတော့ တိုးအောင်အားပေးသည်။

"ငယ် သနားပါတယ်ကွာ"

"ဟုတ်တယ်၊ မိငယ်က အရမ်းဖြူစင်တဲ့ကောင်မလေး"

တိုးအောင်ပြောမှပင် ဖြူစင်ပြီးအပြစ်ကင်းသော ငယ့်မျက်နှာလေး

ခဲ့ယောင်လာသည်။

"ရတု"

သူ အတွေးလွန်နေရာက တိုးအောင်ကို လှည့်ကြည့်လိုက်သည်။

"တစ်နာရီတောင်မခွဲသေးဘူး။ မနေ့ကထက် တစ်နာရီလောက်
တက်ကျပြီးသွားမယ်"

"ဒါဆို တစ်ခုခုစားရအောင်။ မင်း ထမင်းစားပြီးပြီမဟုတ်လား"

"ပြီးပြီ မင်းရော"

သူ ပြန်မပြောတော့ တိုးအောင်လှည့်ကြည့်သည်။

"ထမင်းစားချိန်တော့ စားပါကွာ။ သိပ် စိတ်ညစ်မခံပါနဲ့။ မင်းတို့ကိစ္စ
ပြေသွားမှာပါ။ အန်တီလည်း သူ့စကားနားထောင်လိုက်တဲ့အတွက်
နောင်တရနေပါပြီ"

တိုးအောင်ပြောမှပင် ဒီတစ်မနက်လုံး မေမေသူ့ကိုအရိပ်လိုလိုက်ကြည့်
တာ သတိထားမိသွားသည်။

"ဒါနဲ့ အန်ကယ်ကရော ဘာမှမပြောဘူးလား"

"ဘာတစ်ခွန်းမှကို ဝင်မပြောလို့ ငါလည်းအံ့သြနေတာ"

"အခုအချိန်မှာ အန်တီ့ကို ဘယ်သူဝင်ပြောပြောလည်း တိုးမှာမဟုတ်
တာ အန်ကယ်သဘောပေါက်မှာပေါ့။ အန်ကယ်က တွေးတောတတ်
သည်"

"အဲဒါတော့ ဟုတ်တယ်။ ဖေဖေက ငယ့်ကိုလည်း သိပ်ချစ်တယ်"

"မင်း ထမင်းမစားရသေးရင် ရှေ့က စားသောက်ဆိုင်မှာပဲ ရပ်လိုက်
"

စားသောက်စရာမျိုးစုံအပြင် လက်ဖက်ရည်၊ အအေးပါရသော ဆိုင်
ဆိုင်ရှေ့ ကားပါကင်မှာ ကားထိုးရပ်လိုက်သည်။
ရပ်ပြီးသူနှင့်တိုးအောင် စားသောက်ဆိုင်ထဲဝင်ခါနီးမှာ စားသောက်
ထွက်လာသော မမျှော်လင့်သည့်သူတွေကိုတွေ့တော့ သူ အံ့တသြ
သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ကိုဘုန်း"

"ဩော်...ဓါတုတင်"

သူ့ကိုတွေ့တာနှင့် သူရဲ့သဘက်တွေ့သလို သွေးပျက်သွားသောမျက်

ကြီးနှင့် ဓါတုတင်နှုတ်ဆက်လိုက်သည်။ ဓါတုတင်ဘေးက မှုဒြာက

အပြုံးလေးဖြင့်သာ။ ဓါတုတင် မှုဒြာနှင့်အတူ နောက်တစ်ယောက်ပါ

သည်။

"နေကောင်းတယ်နော် အန့်တီဝင်း"

"ကောင်း...ကောင်းပါတယ်ကွယ်"

သူ့မျက်နှာကို စေ့စေ့မကြည့်ရဲဘဲ အန့်တီဝင်း အထစ်ထစ်အငေ့

ဖြေသည်။

"မုန့်လာစားတာလား ကိုဘုန်း"

ဓါတုတင်အမေးကို သူလုံးဝအရေးမလုပ်။ မြန်မြန်သွားချင်နေ

သော အန့်တီဝင်းဆိုသော ပွဲစားဒေါ်ဝင်းဝင်းမျက်နှာကိုသာ စေ့စေ့ကြ

"ငြိမ်လှချည်လား အန့်တီဝင်းရဲ့၊ ကျွန်တော့်ကိုတောင် စကား

နိုင်တော့ဘူးလား။ အန့်တီဝင်းက အရမ်း အာဝဇ္ဇန်းကောင်းတဲ့

ဘာလဲ နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွယ်...သွားမယ်၊ သွားမယ်"

ဖွတ်ပင် သွားတော့မည့်အန့်တီဝင်းရှေ့က သူပိတ်ကာပြီး

"ဖြည်းဖြည်းပေါ့ အန့်တီဝင်းရယ်၊ သွားရမှာပေါ့။ မိတ်ရင်း

တွေ့တွေ့တာကို မကောင်းဆိုးဝါးတွေ့တဲ့အတိုင်းပဲ"

"မဟုတ်ပါဘူး"

အန့်တီဝင်း ခါးခါးသီးသီးပြောသလို ဓါတုတင်နှင့် မှုဒြာတို့

ဘယ်လောက်ပင်ဟန်ဆောင်ပျက်နေသောမျက်နှာက ဖုံးဖိမရ

"အဆင်ပြေကြရဲ့လား"



"ဘာကိုလဲကွဲ့"

ဓါတုတင်နှင့် အန့်တီဝင်းမျက်နှာကို တစ်လှည့်စီကြည့်ပြီး သူမေး

တော့ သုံးယောက်လုံးမျက်နှာတွေသည် မည်းရာကနေ ပြာတောင်

ကြသည်။ ဒါတောင် ဓါတုတင်က အပြစ်မရှိပုံနှင့် မျက်မှောင်တောင်

ထားသေးသည်။

"အန့်တီဝင်းနဲ့ ဓါတုတင်ကိစ္စကိုပြောတာပါ"

"ကိုဘုန်း ဘာတွေပြောနေတာလဲ"

ဓါတုတင် မလုံမလဲဝင်ပြောတော့ သူမပြုံးချင်ဘဲ ပြုံးလိုက်ပြီး

သူ ဒါပဲပြောပြီး အားလုံးကို ခပ်စူးစူးကြည့်ကာ သူမတို့နားက

လာခဲ့သည်။

"ဝက်သားနဲ့ ထမင်းကြော်တစ်ပွဲ အရင်ပေးပါ"

စားပွဲထိုးလေးကိုမှာပြီးမှ စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

ဝင်ထိုင်သည့်တိုးအောင်ကိုကြည့်ပြီး

ခင်း ဘာမှာမလဲ တိုးအောင်။ စားရင်းသောက်ရင်း ပြောပြမယ်။

ချင်နေပြီ မဟုတ်လား"

အား...အဲဒီတစ်ယောက်က ဓါတုတင်ဟုတ်လား"

ဟုတ်တယ်လေ"

ချောတော့ တော်တော်ချောတယ်နော်"

ရုပ်ချောတာလေးတစ်ခုပဲ ရှိတယ်။ အကျင့်စာရိတ္တရော၊ စိတ်ဓါတ်

နိမ့်းပဲ"

ဒီလောက်လှတဲ့မိန်းမရဲ့ မာယာကနေ လွတ်အောင်ရုန်းထွက်နိုင်တဲ့

တော့ မချီးကျူးဘဲမနေနိုင်တော့ဘူး"

အောင် မြှောက်ပြောတာမဟုတ်ပေမယ့် သူဘယ်လိုမှ မနေ။

ဒါနဲ့ အန့်တီဝင်းဆိုတဲ့မိန်းမကြီးက"

အမေ့မိတ်ဆွေဆိုပါတော့၊ အိမ်ပွဲစား၊ စိန်ပွဲစားလေ။ မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



ငယ်နဲ့ပတ်သက်ပြီး မဟုတ်တာတွေပြောတာ သူပေါ့"

"ဟုတ်လား"

"ငါလည်း အခုမှသိရတာပါ"

"အဲဒီအန်တီဝင်းနဲ့ ဓါတုတင်က အစကတည်းက သိကြတာလ

"အစကတည်းက သိလား၊ အခုမှ သိလားဆိုတာတော့ ငါလ

မသိဘူး။ သေသေချာချာသိပြီး ပြောရဲတာတစ်ခုကတော့ မေမေနဲ့

ငွေမက်တဲ့အန်တီဝင်းကို ဓါတုတင်က ဝေလုကိုဆေးပေးခိုင်းသလ

အန်တီဝင်းကိုလည်း ငွေပေးပြီးစည်းရုံးမှာပေါ့။ ဒါပေမဲ့ ဝေလုလိုအန်တီ

ကို မလိမ့်တစ်ပတ်လုပ်လို့ရမှာ မဟုတ်ဘူး။ တတ်လည်းတတ်နိုင်

မိန်းမပဲ။ အကွက်ကိုစေ့နေတာပဲနော်"

"သူ့ဟာသူ ဘယ်လောက်အကွက်စေ့စေ့ မဟုတ်တာလုပ်တဲ့

နောက်ဆုံးတော့ ပေါ်တာပါပဲ"

"အခုလောက်ဆို သူတို့အကြောင်းတွေပေါ်ပြီး ဒေါသတွေဖြ

လောက်ပြီ"

တိုးအောင် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

အခုမှပင် သူ့ရင်ထဲကအလုံးကြီးကို ဆယ်ရာခိုင်နှုန်းလောက် ကျ

ာသည်။

နှစ်ယောက်သား မြန်မြန်စားသောက်ပြီးတာနှင့် ဝေလုတို့နှင့်ဆို

တဲ့ဆီရောက်လာကြသည်။ ဝေလုနှင့်သူ့အဖော်ကောင်လေးက လမ်း

ငုတ်တုတ်ထိုင်ပြီး သူတို့အလာကိုစောင့်နေပုံရသည်။

"ဒီကောင်လေးတွေအဖြစ်က တော်တော်ဆိုးတာပဲ"

"ရှက်ရမှန်း၊ ကြောက်ရမှန်းလည်း မသိတော့ဘူး။ ငါတို့နဲ့သာ

မိမတွေ့ရင် ဆေးပေါက်ပြီးမသေဘဲ ဓါတုတင်တို့ လက်ချက်နဲ့သေနိုင်

"သိပ်သေချာတာပေါ့၊ အခုဆို သူတို့ မဲစရာဓာရားခံက တေ

တော့တာကို"



သူတို့ကိုတွေ့တာနဲ့ ဝေလုနှင့်သူ့အဖော်ကောင်လေးထလာကြသည်။

"အစ်ကိုပါလား"

"ဘာလဲ"

"ဆေးလေဗျာ၊ အစ်ကိုပဲ ဆေးယူလာမယ်ဆို။ ဆေးမပါရင်လည်း

ခံပေးဗျာ"

"ပေးပါ့မယ် ဝေလုရယ်"

"မြန်မြန်ပေးပါဗျာ၊ ကျွန်တော်တို့ နေလို့မရတော့ဘူး"

ဝေလုနှင့်သူ့အဖော်ကောင်လေး အသံတုန်တုန်လက်တုန်တုန် ဖြစ်နေ

ကိုကြည့်ပြီး နှစ်ယောက်သား သက်ပြင်းချလိုက်သည်။ ဝေလုတို့

ယောက်စလုံး၏မျက်လုံးတွေက ကားအက်ရှ်ဘုတ်ပေါ်ရှိ ပိုက်ဆံဆီသို့သာ။

ဒီလိုမျိုးတွေသည် ဘာကိုမှအကြောက်အလန့်မရှိတော့။ တောင်းတာ

လျှင် လုဖို့လည်းဝန်မလေး။ ဝေလုနှင့်အဖော်ကောင်လေးကိုကြည့်ပြီး

ထဲထိထိနိုက်နိုက်ကို ခံစားသွားရသည်။

"အစ်ကိုပေးလေဗျာ၊ အစ်ကိုကတိပေးထားပြီး ပေးစရာရှိတာပေးပါ။

ကိုကရက်စက်တတ်တဲ့သူမဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်"

"ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်တို့ကိုသနားပါနော်"

"ရှိနိုးပါတယ်ဗျာ"

ပြောရင်းကပင် နှစ်ယောက်သား ထိုင်ရှိခိုးနေကြတော့ မျက်ရည်ဝဲတဲ့

ကို ခံစားသွားရသည်။ တိုးအောင်ကလည်း မကြည့်ရက်ပုံနှင့် မျက်နှာ

တစ်ဖက်လှည့်နေသည်။

ထိုအချိန်မှာပဲ ကိုယ်ပိုင်ကားတစ်စီး တက္ကစီတစီးအနားမှာရပ်သွား

ကားပေါ်ကဆင်းလာသည့်သူတွေကိုလည်း ဝေလုတွေ့ရော

"ဟင်…အမေ၊ မမကြီး၊ မမလေး"

ဝေလု မျက်လုံးကြီးအပြူးသားနှင့်လှမ်းခေါ်ပြီးထွက်ပြေးဖို့ ကြိုးစား

သူ အချိန်မီလှမ်းဆွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်တာလဲဗျာ၊ လွှတ်...ကျွန်တော့်ကိုလွှတ်ပါ"

ဝေလုက ပါးစပ်ကပြောသလို ရုန်းကန်နေပေမယ့် အင်အားချင်း

သည့် သူ့လက်ထဲကလွတ်လို့တောင်မရ။

ဝေလုအမေနဲ့အစ်မတွေ အနားရောက်လာကြပြီး

"သားလေး မပြေးပါနဲ့တော့ သားလေးရယ်"

အဘွားကြီးပြောရင်းက သားဖြစ်သူကိုဖက်ငိုသည်။

"မောင်လေး...မမကြီးတို့နဲ့ ပြန်လိုက်ခဲ့နော်"

"ဟုတ်တယ်၊ မောင်လေးလိုချင်တာ လုပ်ပေးမယ်"

"မယုံဘူးဗျာ၊ မယုံဘူး"

ဝေလုအတင်းရုန်းကန်နေသလို သူ့အဖော်ကလည်း ဆူညံစွာရုန်းက

နေသည်။ ပါလာသောလူလေးယောက် ဝေလုနှင့် သူ့အဖော်ကို လ

ပြောင်းယူလိုက်ပြီး ရုန်းကန်နေသည့်ကြားကပဲ ကားပေါ်အတင်း တင်

သည်။

"မလိုက်ဘူး လွှတ်"

"ဆေးဝေးပါ"

နောက်ဆုံးတော့ ရုန်းရင်းကန်ရင်းကပဲ ဝေလုနှင့်အဖော်ကောင်ဆ

ပါသွားသည်။

"သမီးရယ် ကျေးဇူးတင်တယ်ကွယ်"

"ရပါတယ် အန်တီရယ်"

"နောက်မှ အေးအေးဆေးဆေးလာတွေ့ဦးမယ် ညီမလေး"

"ဟုတ်ကဲ့ပါ အစ်မ"

"အမေ...သွားမယ်။ နောက်မှ ညီမလေးကို ကျေးဇူးဆပ်မယ်

"အေး...အေး သမီး"

ဝေလုအမေနှင့်အစ်မတွေ ပျာယာခတ်ပြီး ကားပေါ်တက်ရင်း လ

တပြုံပြုံနှင့် ပါသွားသည်။

ယယ် လက်ပြန်ပြရင်း မျက်ရည်တွေသုတ်နေသည်။ ချစ်သူလေး



ကြည့်ပြီး သူပြုံးလိုက်သည်။

"ယယ် သိပ်ခံစားနေရလားဟင်"

"ဝေလု သနားပါတယ် မောင်ရယ်"

"သနားလို့ သူ့ဆန္ဒကိုဖြည့်ပေးလိုက်ရင် အဆိပ်ပင်ကိုရေလောင်း

လို ဖြစ်သွားမှာပေါ့ယယ်ရဲ့၊ ဝေလုကို လူကောင်းလေးတစ်ယောက်အဖြစ်

ယ်မတွေ့ချင်ဘူးလား"

"တွေ့ချင်တယ်"

"မောင်တို့အခုလိုလုပ်လိုက်တာ သူ လူကောင်းလေးပြန်ဖြစ်ဖို့ပဲ၊ ဝေလု

အတွက် အချိန်မီသွားတာကိုက ကံကောင်းတာပဲ"

ယယ်က သဘောပေါက်စွာ ခေါင်းလေးညိတ်ပြသည်။

"သူ့ကို အခုဘယ်ခေါ်သွားမှာလဲ ဟင်"

"မူးယစ်ဆေးဝါးဖြုတ်တဲ့ဆေးရုံကို ခေါ်သွားတာ"

"ထောင်ရောကျမှာလား"

"နည်းနည်းပါးပါးတော့ ကျမှာပေါ့"

ချစ်သူစိတ်ချမ်းသာအောင် လျှော့ပြောလိုက်ခြင်းပါ။

သက်ဆိုင်ရာက မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်

ားနေချိန်မှာ သုံးစွဲသည့်အတွက် ငါးနှစ်ထက်မနည်း။

"သူ့ပုံစံလေးနဲ့ ထောင်ထဲမှာဖြစ်ပါ့မလား မသိဘူးနော် မောင်"

သူ့မိသားစုက သက်သာတဲ့နေရာမှာ ထားမှာပါယယ်ရယ်"

သနားတတ်၊ အားနာတတ်၊ ချစ်တတ်လွန်းသည့် ချစ်သူလေး၏

လေးကိုဖက်ပြီး နှစ်သိမ့်လိုက်သည်။

သူ ယယ့်ကိုဖက်ပြီး ကားဆီလျှောက်လာခဲ့သည်။

တိုးအောင် မောင်းသူနေရာမှာ အလိုက်တသိဝင်ထိုင်တော့ သူနှင့်

ယ်က နောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

"မေမေလိုက်ချင်တာ၊ ယယ် မခေါ်ခဲ့ဘူး"

"မခေါ်တာ ကောင်းပါတယ်ယယ်ရယ်၊ အန်တီတွေ့ရင် စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါ့မယ်''

''ဘယ်ကို မောင်းရမလဲ ရတု''

ကားမောင်းရင်း တိုးအောင်လှမ်းမေးနေသည်။

''အိမ်ကိုပဲမောင်း တိုးအောင်''

သူ့အဖြေကြောင့် ငယ် မျက်လုံးလေးပြူးကြည့်ပြီး

''ငယ့်ကို အရင်လိုက်ပို့ဦးလေ မောင်''

''အိမ်ခဏလိုက်ခဲ့ဦးလေ ငယ်၊ မေမေက ငယ့်ကိုတွေ့ချင်လို့တဲ့''

ခေါင်းညိတ်ပြသောချစ်သူလေးကိုကြည့်ပြီး မချင့်မရဲဖြစ်ကာ တိုးအောင် အလစ်မှာ နိုးနမ်းလိုက်သည်။

''မောင်နော်''

ရန်တွေ့တော့မည့် သူမပါးစပ်လေးကို လက်ဝါးနှင့်အသာလေးပိတ် လိုက်တော့ စိတ်ဆိုးတာလည်းမဟုတ်တဲ့ ပိတ်ထားသောလက်ဝါးကို အတင်း ဆွဲယူပြီး နှုတ်ခမ်းကြီး စူထားသည်။

''မောင့်ကို မချစ်ဘူးလား''

''မချစ်ပါဘူး''

''တကယ်လား''

ထစ်ခနဲလုပ်တော့မှာကိုသိသော ငယ်က

''ချစ်တယ် ချစ်တယ်''

ဒီတော့မှ ကျေနပ်သောမျက်နှာကြီးနှင့် ချစ်သူမျက်နှာကိုကြည့်မရ စိုက်ကြည့်နေမိသည်။

✿ ✿ ✿

# အခန်း (၃၃)

''ဟယ်...သမီးလေးပါလာတယ် ဖေကြီးရေ''

သူ့ကားလေး ခြံထဲဝင်လာနှင့် ရပ်တောင်မရပ်ရသေး၊ မေမေကြည့် ပြီး ဖေဖေရှိရာအိမ်ထဲသို့ ဝမ်းသာအားရလှမ်းအော်နေသည်။

''လာ...သမီးလေး''

''အန်တီနေကောင်းတယ်နော်''

''နေကောင်းတယ်။ သမီးက သိပ်နေနိုင်တာပဲ။ အခုမှပဲ ရောက်လာ တော့တယ်၊ မေမေတို့က အမြဲတမ်းမျှော်နေတာ''

''ခွင့်လွှတ်ပါ အန်တီရယ်၊ သမီး နောက်ဆိုရက်ခြားလောက် လာခဲ့ ပါ့မယ်''

''တကယ်နော် သမီး''

''ဟုတ်ကဲ့''

ငယ့် ပခုံးလေးဖက်ပြီး မေမေအိမ်ထဲဝင်သွားတော့ သူနှင့်တိုးအောင် မျက်လုံးချင်းဆုံသွားသည်။ ဘာမှမဖြစ်သည့်အတိုင်း မေမေငယ့်ကို ဆက်ဆံနေတော့ တိုးအောင်တအံ့တဩဖြစ်နေတာ။

''အန်တီ တစ်ခုခုသိသွားလို့ဖြစ်မယ်''

တိုးအောင် တိုးတိုးလေး ကပ်ပြောတော့ သူခေါင်းညိတ်လိုက်သည်။

''အန်ကယ် နေကောင်းတယ်နော်''

အခုမှ အိမ်ထဲကထွက်လာသည့် ဖေဖေက အပြုံးလေးဖြင့်

''ကောင်းတယ် သမီးရေ။ သမီးလာမလည်လို့ သမီးအမေက တဖျစ် ဖျစ်နဲ့ပြောနေတာ''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အခုနောက်ပိုင်း သမီးအားသွားပါပြီ"

"ဒါနဲ့ သွယ်သွယ်နဲ့ နွယ်မာတောင်မလာတာ ကြာပြီနော်"

"ဟုတ်တယ် အန်ကယ်ရေ့ အလုပ်အားတဲ့နေ့ဆို မိငယ်အိမ်မှာ စုနေကြလို့"

"ဟုတ်လား၊ သားတို့လက်ထပ်ပြီးရင်တော့ ဒီမှာပဲစုတော့"

"ဟုတ်ကဲ့ အန်ကယ်"

"ဒါနဲ့ မောင်တိုးအောင်ကရော ဘယ်တော့လဲ"

"ဗျာ...ဘာကိုလဲအန်တီ"

မေမေ ရုတ်တရက်မေးတော့ တိုးအောင်နားမလည်တဲ့ ကြောင်တောင်တောင်ကြီးဖြစ်နေသည်။

"မင်းကို လက်မထပ်သေးဘူးလားလို့ မေမေကမေးတာ"

ဒီတော့မှ တိုးအောင်မျက်နှာကြီးရဲတက်လာပြီး

"ဟာ...အန်တီကလည်း ချစ်သူတောင်မရှိသေးတာ၊ ဘယ်သူနဲ့လုပ် လက်ထပ်မလဲ"

"ဟင်...ချစ်သူမရှိသေးဘူးလား"

"ဘုရားပေးပေး ကျမ်းပေးပေးပါ အန်တီရယ်"

တိုးအောင် ရှုံ့ရှုံ့မဲ့မဲ့နှင့် ကျိန်တွယ်ပြောတော့ အားလုံးဝိုင်းရယ်ကြသည်။

မေမေ ငယ့်ပခုံးလေးကို ဖက်ထားတော့ ဘယ်သူမှမမြင်အောင် သူ့ကို ဖေဖေလက်မထောင်ပြသည်။ မေမေ ငယ့်ကို အမြင်ကြည့်သွားသည့် အဓိပ္ပါယ်ပင်။

သူ အပြုံးလေးနှင့် ဖေဖေ့ကို ခေါင်းညိတ်ပြတော့ ဖေဖေတိုးအောင်ဘက် လှည့်လိုက်ပြီး

"အန်ကယ့်တူမောင် တိုးအောင်က လူချောတစ်ယောက်ပဲ။ ချစ်သူမရှိသေးတာကလည်း အချစ်ရေးကို စိတ်မဝင်စားသေးလို့ မဟုတ်လား"

"ဘယ်ကလာ ဖေဖေရယ်၊ စိတ်ဝင်စားတာမှ တစ်ပိုင်းကိုသေနေတာပဲ မပြောရဲသေးလို့"



တိုးအောင် ပါးစပ်အဟောင်းသားနှင့် ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ သူဝင်ပြောလိုက်ခြင်းဖြစ်သည်။

ဒီတော့မှ ဖေဖေ မေမေအပြင် ငယ်ပါစပ်စုသောအကြည့်တွေဝိုင်းကြည့်ကြသည်။

"ဘယ်သူလဲ မောင်၊ ငယ်တောင် မသိရပါလား"

ငယ်က သူ့ကိုပြောပြီးတာနှင့် တိုးအောင်ဘက်လှည့်ကာ

"ဟုတ်လားတိုးအောင်။ ဘယ်သူလဲဆိုတာ ငါတို့လည်းပြောပါဦး"

"အလကားပါ မိငယ်၊ ဒီကောင်ပြောတိုင်း လိုက်ယုံမနေနဲ့"

"မရှက်ပါနဲ့ဟာ၊ ငါတို့က တခြားသူတွေမှ မဟုတ်တာ"

"ဟုတ်သားပဲ မောင်တိုးအောင်ရယ်၊ ချစ်တာဟာ ရှက်စရာမှ မဟုတ်တာ"

အားလုံး ဝိုင်းကျပ်နေတော့ တိုးအောင်မျက်နှာကြီးရဲတက်လာကာ သူ့ကိုအံကြိတ်ကြည့်ပြီး မကျေမနပ်ဖြစ်နေသည်။

"မင်းနာမယ် ရတု"

"ငါက အမှန်ပြောတာပဲ၊ ရှက်ရမ်း ရမ်းမနေပါနဲ့ကွာ"

"ဟေ့ကောင်"

တိုးအောင် ရှက်ဒေါသနှင့် သူ့ကိုထိုးဖို့အနားကပ်လာတော့ သူပတ်ပြေးလိုက်သည်။ တိုးအောင် တရှူးရှူးနှင့်နောက်က လိုက်၊ သူကရှေ့ကပြေးနှင့် သူတို့နှစ်ယောက်ကိုကြည့်ပြီး အားလုံးဝိုင်းရယ်ကြသည်။

ထိုအချိန်မှာပဲ ဖုန်းဝင်လာတော့ အနီးဆုံးဖုန်းနားရောက်နေသော တိုးအောင်က ကိုင်လိုက်သည်။

"ဟယ်လို"

"..."

"မဟုတ်ပါဘူး"

အားလုံး၏အာရုံတွေက ဖုန်းဆီရောက်ကုန်သည်။

"ဪ...ဟုတ်ကဲ့ရှိပါတယ်၊ ဘယ်သူလို့ပြောလိုက်ရမလဲ"

"..."

www.burmeseclassic.com

www.burmeseclassic.com



တိုးအောင် ဖုန်းခွက်ကိုလက်နှင့်ပိတ်လိုက်ပြီး မေမေ့ဘက်လှည့်ကာ

"အန်တီ...ဓါတုတင်တဲ့"

မေမေ ကွက်ကနဲ မျက်နှာပျက်သွားပေမယ့် ချက်ချင်းထလာသည်။

ဘာမှမဖြစ်သလို ငယ်မသိဟန်ဆောင်နေပေမယ့် စိတ်ထဲမှာတော့ စနိုးစနောင့်ဖြစ်နေမှာ သူသိသည်။ ဒီမိန်းမ ဘာကြောင့်ဖုန်းဆက်ရတာလဲ။ သူမ အကြောင်းတွေ ဝေလုဖော်လိုက်တာ သိပုံမရသေး။

"ဟယ်လို"

"..."

"ဟုတ်ပါတယ်"

"..."

"အင်း...ပြောပါ ဓါတု"

"..."

"ဩော်...ကျေးဇူးတင်ပါတယ်၊ အန်တီမလိုက်အားပါဘူး။ ဒီမှာ သမီးငယ်ငယ်လည်း ရောက်နေတယ်လေ"

"..."

"အေးကွယ်၊ မလိုက်ဖြစ်တော့ပါဘူး။ ဘာပြောစရာရှိသေးလဲ"

"..."

"ဒါဆို ဒါပဲနော်"

မေမေ ဖုန်းချပြီးတာနှင့် အားလုံးကြားအောင်

"ပဲခူးကို ဘုရားဖူးသွားဖို့ ခေါ်တာလေ"

ပြောပြီးတာနှင့် ငယ့်ဘေးမှာ မေမေဝင်ထိုင်လိုက်သည်။

ဓါတုတင်နှင့်ပတ်သက်ပြီး မေမေ တစ်ခုခုတော့ သိသွားတာသေချာပါပြီ။ အခုမှပင် သူ့ရင်ထဲ တစ်စို့စို့ကြီးဖြစ်နေသော အလုံးကြီးကျသွားတော့သည်။

တိုးအောင်ပြန်မယ်ဆိုတော့ အိမ်ကကောင်လေးကိုပဲ ပို့ခိုင်းလိုက်သည်။ အိမ်ဝထိလိုက်ပို့သော သူ့ကိုတိုးအောင် အံကြိတ်ကြိတ်ပြီး

"မိငယ်ကို ပေါက်ကရတွေ သွားမပြောနဲ့နော်"



"ပေါက်ကရတော့ ပြောမလား၊ တကယ့်အကြောင်းပဲပြောမှာပေါ့"

"ဟေ့ကောင်"

ဒီတစ်ခါတော့ သူရှောင်ချိန်မရတော့ပါ။ သူ့ရင်ဘတ်က အင်္ကျီစကို ဆုပ်ကိုင်ပြီး

"ဟေ့ကောင် အင်္ကျီတွေကြေကုန်ပြီနော်"

"ကြေပါစေ"

"မင်း မပြောနဲ့ဆို မပြောပါဘူး"

ဒီ့တော့မှ ဆွဲထားသော အင်္ကျီစကို တိုးအောင်လွှတ်ပေးပြီး

"ပြီးရော၊ ပြောလို့က မင်းနဲ့ငါ အသိပဲ"

သူ့ကိုကြိမ်းပြီး တိုးအောင်ကားပေါ်တက်သွားတော့မှ

"ငယ့်ကို မပြောဘူး သိလား တိုးအောင်၊ ကာယကံရှင်ကိုပဲ သွားပြောလိုက်မယ်"

ကားပေါ်က တိုးအောင်လက်သီးထောင်ပြသွားသည်။

သူ အိမ်ထဲဝင်လာတော့ ဖေဖေနှင့်မေမေမရှိတော့ဘဲ ငယ် တစ်ယောက်တည်း ထိုင်နေသည်။

"မေမေတို့ရော"

"အိမ်ထဲဝင်သွားကြပြီ"

"အဲဒါ မောင်နဲ့ငယ် လွတ်လွတ်လပ်လပ် စကားပြောဖို့ ရှောင်ပေးတာ"

"ဟုတ်ပါလိမ့်မယ်"

"ဟုတ်တာပေါ့ ငယ်ရဲ့"

ပြောပြောဆိုဆို သူက ချစ်သူ ငယ့်ကို လှမ်းဖက်လိုက်သည်။

"မောင် မလုပ်နဲ့"

"ဘာလုပ်လို့လဲ"

"ဖယ်ပါ"

ငယ်က သူ့လက်ကို အတင်းဖယ်ချနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငယ်ကလည်းကွယ်၊ ကိုယ့်ချစ်သူကိုတောင် မဖက်ရတော့ဘူးလား"

"လူကြီးတွေ ထွက်လာလို့တွေ့သွားရင် မကောင်းဘူး"

"တမင် ရှောင်ပေးသွားတာကို ထွက်လာမလား ငယ်ရဲ့"

ဒီတော့မှ သူမ မရဲတရဲနှင့် သူဖက်ထားတာကို ငြိမ်ခံနေသည်။

"ငယ့်ကို မေမေတို့ဘာတွေ ပြောသွားသေးလဲ"

ငယ် မပြောဘဲ အကြည့်ကိုလွှဲလိုက်သည်။

"ငယ်...မောင်မေးတာကို ဖြေဦးလေ"

ဒီတော့မှ ငယ်က ရှက်မျက်နှာလေးဖြင့်

"မြန်မြန် လက်ထပ်ကြတော့တဲ့"

"ဟာ...ပျော်တယ်ကွာ"

သူထ အော်ပြီးတော့ သူမ ပါးပြင်လေးကို အားရပါးရနမ်းပစ်လိုက်သည်။

"မောင်ကလည်း ဘာမှန်းလည်းမသိဘူး"

သေချာပါပြီ။ မေမေ ဓါတုတင်အကြောင်း သိသွားပြီဆိုတာ။

ဓါတုတင် ပယောဂကြောင့် ငယ့်အပေါ် မေမေအချစ်တွေလျော့သွားသေးသည်ဆိုတာကိုတော့ သူက လျှို့ဝှက်ထားလိုက်ပါတော့မည်။

စောငယ်ငယ်ဆိုသော ကောင်မလေးကို ဖေဖေနှင့်မေမေက သားဖြစ်သူနည်းတူ အရင်ကလည်း ချစ်၊ အခုလည်းချစ်၊ နောက်ကိုလည်း တစ်သက်လုံး ချစ်သွားမည့်သူတွေအဖြစ်ပဲ ချစ်သောငယ့်ကို သိထားစေပါမည်။

သူက အရှက်သည်းနေသည့် ချစ်သူလေးပါးပြင်ဆီ ထပ်ခါထပ်ခါ အနမ်းများစွာဖြင့်...။

လုံမ



စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း – သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် – အောင်သီရိဗီဒီယို
၅။ ခြယ်သမဓိ တိမ်ပန်းချီ – အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် – အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည – မာန်ထက်ချီဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ – အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင် –
၁၀။ မိန်းမလှဦ်ကာ – အောင်သီရိဗီဒီယို
၁၁။ အနာတရလေပြည် – ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် –
၁၃။ ပန်းနုရောင်နိဒါန်း – မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ –
၁၅။ ရင်ခုန်သံအမိပ္ပါယ် – ရူပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း – Heart & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် – သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရွှေဆက်ခွင့်ပြုပါ – အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ – ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား – အောင်သီရိဗီဒီယို
၂၁။ မင်းအတွက်ဆို – မာန်ထက်ချီဗီဒီယို
၂၂။ သက်တမ်းရှင့်သမုဒယ – သစ္စာနှင်းဆီဗီဒီယို

www.burmeseclassic.com